

### ပညာပါရမီဆရာတော်

## ဦးဉာဏာဝရ

# မင်္ဂလာတရားတော်



သာသနာ ၂၅၆၃ ကောဇာ ၁၃၈၁ ခရစ် ၂၀၁၉

# ပုံနှိပ်မှတ်တမ်း

ပုံနှိပ်သူ
ဒေါ်ခင်အေးမော် (မြဲ - ၀၀၂၆၀)
ဂုဏ်သီရိပုံနှိပ်တိုက်
အမှတ်-၅၂၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၅၀၀၂၅၇၅ ၊ ၀၉-၄၄၅၀၀၂၅၇၅

ထုတ်ဝေသူ
ဒေါ်ခင်အေးမော် (မြဲ - ၀၂၅၆၅)
ဂုဏ်သီရိစာပေတိုက်
အမှတ်-၅၂၊ လမ်း၃၀၊ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသည့်ခုနှစ် နှင့် အုပ်ရေ
၂၀၁၉ ၊ ပထမအကြိမ် ၊ ၁၀၀၀ အုပ်

တန်ဖိုး
ဓမ္မဒါန

# မာတိကာ


- မိတ်ဆက်
- ပရိတ်ကြီး ၁
- ပရိတ်ကြီးရွတ်ဆိုခြင်းဖြင့် ပါရမီ ၁၀-ပါး ပြည့်စုံခြင်း ၂
- ပရိတ်နာသည့်ပုဂ္ဂိုလ်၌ ပြည့်စုံရမည့်အင်္ဂါရပ်များ ၅
- ပရိတ်ရွတ်သည့်ပုဂ္ဂိုလ်၌ရှိရမည့် အင်္ဂါရပ်များ ၆
- ပရိတ်ကြီး ၁၁-သုတ် ပူဇော်နည်း ၇
- နတ်ပြဟ္မာများကို ပရိတ်တရားနာရန် ဖိတ်ခေါ်ခြင်း ၁၁
- ဘုရားရှစ်ခိုးခြင်း ၁၃
- နတ်ပြဟ္မာတို့အား ပြုထားသော ကုသိုလ်ကို အမျှပေးဝေ၍
  ပရိတ်ရွတ်သည့်ပုဂ္ဂိုလ်များကို စောင့်ရှောက်ရန်ပြောကြားခြင်း ၁၆
- မင်္ဂလသုတ်နိဒါန်း ၂၅
- အသေဝနာစ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ၊
  ပူဇာစ ပူဇနေယျာနံ ဧတံ မင်္ဂလမုတ္တမံ။ ၂၈
- ပတိရူပ ဒေသဝါသော စ၊ ပုဗ္ဗေစ ကတပုညတာ၊
  အတ္တ သမ္မာ ပဏိဓိ စ၊ ဧတံ မင်္ဂလမုတ္တမံ။ ၃၇
- ဗာဟုသစ္စဉ္စ သိပ္ပဉ္စ၊ ဝိနယော စ သု သိက္ခိတော၊
  သုဘာသိတာ စ ယာဝါစာ ဧတံ မင်္ဂလမုတ္တမံ။ ၅၀
- မာတာပိတု ဥပဋ္ဌာနံ၊ ပုတ္တဒါရဿ သင်္ဂဟော၊
  အနာကုလာ စ ကမ္မန္တာ၊ ဧတံ မင်္ဂလမုတ္တမံ။ ၆၂
- ဒါနဉ္စ ဓမ္မစရိယာ စ၊ ဉာတကာနဉ္စ သင်္ဂဟော၊
  အနဝဇ္ဇာနိ ကမ္မာနိ ဧတံ မင်္ဂလမုတ္တမံ။ ၈၆

- အာရတီ ဝိရတီ ပါပါ၊ မဇ္ဇပါနာစ သံယမော၊
  အပ္ပမာဒေါစ ဓမ္မေသု၊ ဧတံ မင်္ဂလမုတ္တမံ။ ၉၉
- ဂါရဝေါ စ နိဝါတော စ၊ သန္တုဋ္ဌိ စ ကတညုတာ၊
  ကာလေန ဓမ္မသာဝနံ ဧတံ မင်္ဂလမုတ္တမံ။ ၁၀၉
- ခန္တီ စ သောဝစဿတာ၊ သာမဏာနဉ္စ ဒဿနံ၊
  ကာလေန ဓမ္မသာကစ္ဆာ၊ ဧတံ မင်္ဂလမုတ္တမံ။ ၁၂၂
- တပေါ စ ဗြဟ္မစရိယဉ္စ၊ အရိယ သစ္စာန ဒဿနံ၊
  နိဗ္ဗာန သစ္ဆိကိရိယာ စ၊ ဧတံ မင်္ဂလမုတ္တမံ။ ၁၃၂
- ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံယဿ နကမ္ပတိ။
  အသောကံ ဝိရဇံခေမံ၊ ဧတံ မင်္ဂလမုတ္တမံ။ ၁၃၉
- ဧတာဒိသာနိ ကတွာန၊ သဗ္ဗတ္ထ မပရာဇိတာ။
  သဗ္ဗတ္ထ သောတ္ထိံ ဂစ္ဆန္တိ၊ တံ တေသံ မင်္ဂလမုတ္တမံ။ ၁၄၃
- မင်္ဂလာတရားတော်အကျဉ်းချုပ် ၁၄၇

# မိတ်ဆက်

ကောင်းတာကို နှစ်သက်၊ ကောင်းတာကိုပဲ မြတ်နိုးတတ်တဲ့ လူသား တစ်ယောက်အနေနဲ့ အကောင်းတွေစု၊ ကောင်းမှုတွေကို ဘယ်လိုပြုရမယ် ဆိုတာကို မှန်ကန်စွာသိရှိနိုင်ကြစေဖို့ ဗုဒ္ဓဘုရားမှ မင်္ဂလာတရားတော်ကို ဟောကြားရင်း အသိပေးခဲ့ပါတယ်။ လူမှုရေး၊ စီးပွားရေးနဲ့ ဘာသာရေးအပြင် လွတ်မြောက်ရေးကိုပါ သိစေနိုင်တဲ့ တရားတော်ဟာ မင်္ဂလာတရားတော်ပါ။ ငယ်ငယ်ကတည်းက ရင်းနှီးခဲ့တဲ့ "လူမိုက်ကိုကွယ် ရှောင်သွေလွှဲလို့ မမှီဝဲနဲ့ ကင်းအောင်နေ"စတဲ့ မင်္ဂလာကဗျာကပေးတဲ့ အသိကို ထပ်ဆင့်ပွားပြီး နားလည်ထားရမှာက အသက်ရလာပြီး အသိလိုအပ်နေတဲ့ လူသားများ လူမိုက်ဆိုတာ ကြားဖူးရုံနဲ့ သိနိုင်တာမဟုတ် တရားတော်က ပြပေးတဲ့ အတိုင်း နားလည်မှသာ ဘယ်လိုလူမျိုးကို လူမိုက်လို့ ခေါ်လဲဆိုတာ သိနိုင်တဲ့အဖြေကို မင်္ဂလာတရားတော်က တိကျစွာ ထုတ်ပေးသွားမှာမို့ သိသင့်တဲ့ တရားတော်ပါ။

ဆားမပါတဲ့ ဟင်းဟာ အရသာပေါ့တဲ့အတွက် ခံတွင်းမတွေ့နိုင်သလို ခန္ဓာကိုယ်အတွက် အာဟာရလည်း နည်းစေတတ်ပါတယ်။ ဒီလိုပါပဲ မင်္ဂလာ တရားတော်နဲ့ပတ်သက်ပြီး တိတိကျကျ သိမထားခဲ့ဘူးဆိုရင် ဘဝဟာ ပေါ့ပျက် ပျက်နဲ့ အနှစ်မရှိဘဲ ဖြစ်တတ်ပါတယ်။ အရသာရှိရှိနဲ့ အနှစ်သိပြီး အားရှိလို သူများ နေ့တိုင်းမှီဝဲနေရမှာကတော့ မင်္ဂလာတရားတော်ပဲလို့ပြောရင် လွန်အံ့ မထင်ပါ။ ပြောမယုံ ကြုံဖူးမှသိသူတွေဟာ စားသုံးဖူးသူတွေသာ ဖြစ်တာကြောင့် စာဖတ်သူလဲ ဘဝခံတွင်းပျက်နေတယ်ဆိုရင် မင်္ဂလာတရားတော်ဟင်းကောင်း တစ်ခွက်ကို ခဏလောက် အရသာခံပြီး စားသုံးကြည့်လိုက်ပါ။ အရသာသိပြီး အမြဲစွဲသုံး သွားမှာကို မြင်ယောင်မိနေပါတယ်။ ဗုဒ္ဓတရားတော်တွေ ဘယ်လောက် ကောင်းတယ်၊ ဘယ်လိုရှိတယ်ဆိုတာ ပြောရလောက်အောင်

အသိပြည့်သူတစ်ယောက် မဟုတ်တဲ့အတွက် ချီးမွမ်းခန်းတွေ အများကြီး မဖွင့်နိုင်ပေမယ့် တရားတော်တစ်ပါးစီတိုင်းဟာ အနှစ်ပြည့်တဲ့အသိကို ပေးနိုင်တယ်ဆိုတာကိုတော့ သံသယ လုံးဝမရှိပါဘူး။ အနှစ်ရှိ အသိပြည့်စေတယ်ဆိုတဲ့ ယုံကြည်ချက်လေးနဲ့ တစ်ခါလောက် စားသုံးမိရုံနဲ့ တစ်သက်စွဲသွားမှာကတော့ ဗုဒ္ဓတရားတော်ပါပဲ။

ကောင်းမှုမြတ်နိုးလို့ ကောင်းအောင် ကြိုးစားနေသူတစ်ယောက် ဖြစ်နေပါသလား။ ရလာတဲ့ ကောင်းကျိုးများ ကိုယ်နဲ့မကွာ တည်နေစေချင်ပါသလား။ မိမိနဲ့လည်းရင်းနှီး လွယ်လဲလွယ်ကူတဲ့ မင်္ဂလာတရားတော်ကိုသာ လေ့လာကြည့်လိုက်ပါ။ ဘဝအတွက် ထာဝရစွဲသွားစေမယ့် အရသာများနဲ့ ပြည့်စုံနေတဲ့ တရားတော်ဆိုတာ လက်တစ်ကမ်းမှာရှိနေတဲ့ မင်္ဂလာတရားတော်မို့ ဖြစ်အောင်သာ မြည်းစမ်းကြည့်ပါလို့ ညွှန်းလိုက်ပါရစေ။

မေတ္တာဖြင့်

**ဦးဉာဏဝရ**

**ပညာပါရမီဆရာတော်**

၂၇. ၀၂. ၂၀၁၉ (ဗုဒ္ဓဟူးနေ့)

# ပရိတ်ကြီး

ပရိတ်ကြီးဆိုတာ ငယ်ငယ်လေးကတည်းက ရင်းနှီးပြီးသားဖြစ်တယ်။ မိဘတွေက နေမကောင်းလို့ပဲဖြစ်ဖြစ်၊ ထူးခြားတဲ့အခမ်းအနား ရှိရင်ပဲဖြစ်ဖြစ်၊ နှစ်သစ်ကူးလို့ပဲဖြစ်ဖြစ်၊ အဲဒီမှာ သံဃာတော်များကို ပင့်ပြီးတော့ ပရိတ်ကြီး ရွတ်ဖတ်သရဇ္ဈာယ်လေ့ရှိတယ်။ ပရိတ်ဆိုတာ "အရံအတား" ဆိုတဲ့ စကား အဓိပ္ပါယ်ရပါတယ်။ အဲဒီမှာ 'ကြီး' တစ်ခုထည့်တာက အခြားကြောင့် မဟုတ်ဘူး။ မင်္ဂလသုတ်၊ ရတနသုတ် အစရှိတဲ့ ၁၁-သုတ်ကို စုပေါင်းထားတဲ့အတွက် ပရိတ်ကြီးလို့ ခေါ်တယ်။ ပရိတ် ၁၁-သုတ်လုံးဟာ ဘုရားဟောထဲမှာ ပါတာ ရှိသလို ဘုရားဟောတာတွေကို လိုက်စုပြီးတော့ သီးသန့်ထုတ်ထားတာလဲ ရှိတယ်။ ပုဗ္ဗဏှသုတ်ကို ဘုရားက တစ်သုတ်လုံး ဟောခဲ့တာမဟုတ်ဘူး။ ဘုရားဟောတာတွေထဲကနေပြီး လိုက်ယူပြီးတော့ စုထားတာ။ မင်္ဂလသုတ်၊ ရတနသုတ်၊ မေတ္တသုတ် စတဲ့သုတ်တွေကြတော့ အကြောင်းအရာ ဖြစ်စဉ်နဲ့ သုတ်လိုက် ဟောထားတာမျိုး။

ပြီးတော့ ဗောဇ္ဈင်သုတ်ဆိုရင်လဲ မောဂ္ဂလာန်ဗောဇ္ဈင်၊ ကဿပဗောဇ္ဈင် ဆိုပြီးတော့ ဗောဇ္ဈင်သုတ်တွေ သီးသန့်ရှိတယ်။ ဒါပေမဲ့ အခု ပရိတ်ကြီးမှာပါတဲ့ ဗောဇ္ဈင်သုတ်ကတော့ ပေါင်းထားတာတွေရှိတယ်။

# ပရိတ်ကြီးရွတ်ဆိုခြင်းဖြင့် ပါရမီ ၁၀–ပါး ပြည့်စုံခြင်း

ပရိတ်ကြီးရွတ်ပြီးတော့ ရလာမဲ့အကျိုးတွေနဲ့ အခြေအနေတွေကို သိထားသင့်တယ်။ ပါရမီ ၁၀-ပါးဆိုတာ ရှိတယ်။ ပါရမီ ၁၀-ပါး ဆိုတာက ဒါန၊ သီလ၊ နေက္ခမ္မ၊ ပညာ၊ ဝီရိယ၊ ခန္တီ၊ သစ္စာ၊ အဓိဋ္ဌာန၊ မေတ္တာ၊ ဥပေက္ခာ တို့ပါ။ဘုရားလောင်းများဆိုရင်တော့ ပါရမီ ၁၀ပါးကို ပါရမီ၊ ဥပပါရမီ၊ ပရမတ္ထ ပါရမီဆိုပြီးတော့ ၃-ဆင့်ကျင့်ရတယ်။ ပရိတ်ကြီးရွတ်တဲ့အခါမှာလဲ ပါရမီတွေ ထိုက်တယ်။ အရင်ဆုံး ဒါနပါရမီပေါ့။

ပရိတ်ရွတ်တော့မယ်ဆိုရင် သမန္တာစက္ကဝါဠေသု ဆိုပြီးတော့ ရွတ်လေ့ ရှိတယ်။ ဒါက အားလုံးကို ဖိတ်ခေါ်ပြီး ကုသိုလ်ပေးတာ။ ဗုဒ္ဓရဲ့ဓမ္မကို သူတို့ ထပ်တူရဖို့ ဖိတ်ခေါ်ပြီးပေးတဲ့အတွက် ဒါနပါရမီထိုက်တယ်တဲ့။ ပြီးတော့ သီလပါရမီပေါ့။ ပရိတ်ရွတ်တဲ့ပုဂ္ဂိုလ်ဟာ သီလရှိထားရတယ်တဲ့။ သီလမရှိဘဲ ရွတ်တယ်ဆိုရင် အကာအကွယ်မရှိတဲ့အိမ် ဆောက်သလို ဖြစ်နေတာပေါ့။ ဒါကြောင့်မို့ ပရိတ်ရွတ်တဲ့သူဟာ သီလပါရမီလည်း ထိုက်တယ်တဲ့။ ပြီးတော့ နေက္ခမ္မပါရမီ။ ဘုရားလောင်း အစရှိတဲ့ သူတော်ကောင်းတွေ လောကီကို စွန့်ပြီးတော့ တောထဲကို ဝင်လေ့ရှိတာကို နေက္ခမ္မပါရမီလို့ ခေါ်တယ်။ ပရိတ်ရွတ် တဲ့ ပုဂ္ဂိုလ်တိုင်းမှာ စွဲလန်းမှုမရှိဘူး။ လောကီအာရုံကနေ ခဏလောက် ရှောင် ထွက်နေလို့ ပရိတ်ကိုအသိနဲ့ရွတ်တဲ့အချိန် အဲဒီပုဂ္ဂိုလ်ရဲ့စိတ်ထဲမှာ စွဲလန်းမှု ဆိုတာ မရှိဘူးတဲ့။ ကိလေသာအာရုံ၊ ကာမဂုဏ်က လွတ်နေတာမို့ နေက္ခမ္မ ပါရမီတဲ့။

ပညာပါရမီဆိုတာက အသိနဲ့ရွတ်လို့။ ပရိတ်ကို အသိမရှိဘဲ ရွတ်လို့ မကောင်းဘူး။ ပရိတ်ကို ရွတ်မယ်ဆိုရင် ပရိတ်စွမ်းဖို့အတွက် အချက်အလက်တွေက ရှိပြီးသား။ ရွတ်တဲ့ပုဂ္ဂိုလ်များဟာ ပရိတ်ကို မှန်မှန်ကန်ကန်ရွတ်ရမယ်။ ပြီးတော့ အဓိပ္ပါယ်သိရမယ်။ မေတ္တာထားရမယ်။ ဒီအချက်တွေ ပြည့်စုံဖို့ဆိုရင် မသိဘဲနဲ့ရွတ်လို့ အဆင်မပြေဘူး။ သိပြီဆိုတာနဲ့ တိတိကျကျလုပ်တာ ဆိုတာဖြစ်လို့ ပညာပါရမီတဲ့။

နောက်တစ်ခုက ဝီရိယပါရမီ။ ပရိတ်ကို ဖြစ်ကတတ်ဆန်း ပြီးရင်ပြီးရော ရွတ်တာမျိုးမဟုတ်ဘဲ အာရုံစိုက်ပြီး ရွတ်တယ်ဆိုကတည်းက ဝီရိယပါရမီပဲ။

ပြီးတော့ ခန္တီပါရမီ။ ပရိတ်ရွတ်တဲ့နေရာမှာ သည်းခံအားရှိရမယ်။ ပရိတ်ရွတ်တာ တစ်နာရီလောက်ကြာမယ်ဆိုရင် အဲဒီအတွင်းမှာ ပေါ်လာတဲ့ ဝေဒနာကို ခံနိုင်စွမ်းမရှိရင် သည်းခံအားလျော့တယ်။ ခံနိုင်ရည် စွမ်းအားတိုးလာပြီဆိုတာနဲ့ ပရိတ်ရွတ်ခြင်းဟာ ခန္တီပါရမီလည်း ထိုက်ပြန်ရော။

သစ္စာပါရမီကတော့ သိတဲ့အတိုင်းပဲ။ ဗုဒ္ဓရဲ့ အတွေ့အကြုံအားလုံးကို မှန်ကန်တဲ့အကြောင်းတရားအနေနဲ့ ရွတ်ဖတ်ပေးတာဟာ သစ္စာပါရမီပဲ။ အထူးသဖြင့် ဝဋ္ဋသုတ်။ ဝဋ္ဋသုတ်မှာ ဧသော မေ သစ္စပါရမီဆိုတဲ့ စကားက သစ္စာကို ကိုယ်စားပြုနေတာ။ ဒါကြောင့် သစ္စာပါရမီလည်း ထိုက်တယ်။ ပြီးတော့ အဓိဋ္ဌာနပါရမီ။ နေ့တိုင်းရွတ်ဖတ်ပေးဖို့တော့ လိုတယ်ပေါ့။ အဓိဋ္ဌာန် ဆိုတာ သီးသန့်လုပ်ရတာမျိုး မဟုတ်ဘူး။ နေ့စဉ်လုပ်နေတဲ့ အလုပ်မပျက်ရင် အဓိဋ္ဌာန်ပါရမီဖြစ်ပြီ။ ပြီတော့ ပရိတ်ကြီးမှာပါတဲ့ မေတ္တသုတ်က မေတ္တာပါရမီကို ကိုယ်စားပြုနေရော။

နောက်ဆုံးက ဥပေက္ခာပါရမီ။ ဥပေက္ခာရဲ့သဘာဝက ချီးမွမ်းတာ၊ ကဲ့ရဲ့တာ ဂရုမစိုက်ဘူး။ ပရိတ်ပုံမှန်ရွတ်နေလို့ သူများက ချီးမွမ်းလည်း ဝမ်းမသာ သလို တစ်ခုခုလိုချင်လို့ ရွတ်တာပါကွာလို့ ကဲ့ရဲ့ရင်လည်း ဝမ်းမနည်းမှ ဥပေက္ခာ

ပါရမီဖြစ်တာ။

ဒါဆိုရင် ပရိတ်ကြီး ၁၁-သုတ်ကို ပုံမှန်ရွတ်ရုံနဲ့ ဒီအကျိုးတွေ ရနိုင်တယ်။ မသိဘဲရွတ်ရင်တော့လဲ မရဘူးပေါ့နော်။ ဘယ်အလုပ်ပဲဖြစ်ဖြစ် မသိဘဲ လုပ်တော့ အကျိုးနည်းတာပေါ့။ ကုသိုလ်လုပ်တဲ့အခါ မသိဘဲနဲ့လုပ်တဲ့အတွက် ရလာမယ့် ရလာဒ်က မကောင်းဘူး။ ဆွံ့အ နားမကြားဘဝနဲ့ လူ့ဘဝထဲ ဝင်လာသူတွေကို တွေ့ဖူးကြမှာပါ။ ဒီလိုမျိုးဖြစ်ရတာဟာ ကုသိုလ်နဲ့ ပတ်သက်ပြီး ဃဂဏန မသိဘဲလုပ်ခဲ့တဲ့အတွက် ရလာတဲ့ ရလာဒ်တစ်ခုပါ။ ဒါကြောင့် ပရိတ်ကို ရွတ်ရင်လဲ ကောင်းကျိုးတွေရစေနိုင်တယ်ဆိုတာကို သိပြီး သတိထား အသိပွားရွတ်ဖို့ လိုအပ်တာပေါ့။ သတိထား အသိပွားသူတွေဟာ သူ့စည်း ကိုယ့်စည်း လုံအောင်စောင့်ထိန်းကြတာဖြစ်လို့ ပရိတ်က ပိုမိုစွမ်းအင်ထက်လာပါတယ်။

## ပရိတ်နာသည့်ပုဂ္ဂိုလ်၌ ပြည့်စုံရမည့်အင်္ဂါရပ်များ

ပရိတ်ပိုပြီးစွမ်းအားရှိစေဖို့ ပရိတ်နာတဲ့ပုဂ္ဂိုလ်များ ပြည့်စုံရမဲ့အင်္ဂါကို သိထားသင့်ပါတယ်။ ပရိတ်နာတဲ့နေရာမှာ အကြောင်းကြောင့် အကျိုးပေါ်စေချင်ရင် ကိုယ့်မှာ ကောင်းတဲ့အကြောင်း ရှိရမယ်။ အဲဒီလိုဆိုတော့ -

(၁) ကံ ၅-ပါး မကျူးလွန်ရဘူးတဲ့။
ကံကြီး ၅-ပါးဆိုတာ ၁။ အမေကိုသတ်တာ ၂။ အဖေကိုသတ်တာ ၃။ ရဟန္တာကိုသတ်တာ ၄။ ဘုရားကို သွေးစိမ်းတည်အောင် လုပ်တာနဲ့ ၅။ သံဃာနှစ်ဘက် ကွဲအောင်လုပ်တာ၊ ဗုဒ္ဓဘာသာ ကိုးကွယ်ဆည်းကပ်နေတဲ့ သူတွေဟာ ကံ ၅-ပါးကို ကျူးလွန်ရမှာ ကြောက်ကြတော့ ကံလုံကြပါတယ်။ ပြီးတော့ ယုံကြည်မှုပေါ့။

(၂) သဒ္ဓါအားနည်းရင် ကိုယ်လုပ်လိုက်တဲ့အလုပ်က မစွမ်းဘူး။
ဒါကြောင့် သဒ္ဓါအားကောင်းရမယ်။ ပြီးရင် -

(၃) ရိုရိုသေသေ နာရမယ်တဲ့။ အဲဒီသုံးချက်မပြည့်စုံရင် ပရိတ်က မစွမ်းတော့ဘူး။
ဒါက ပရိတ်နာသူဖက်က လိုက်နာရမယ့် အင်္ဂါတွေပေါ့။

## ပရိတ်ရွတ်သည့်ပုဂ္ဂိုလ်၌ရှိရမည့် အင်္ဂါရပ်များ

ရွတ်သူဘက်ကလဲ တစ်မျိုးရှိသေးတယ်။ ပရိတ်ရွတ်မဲ့ပုဂ္ဂိုလ်သည် -

၁။ ပါဠိကို မှန်မှန်ကန်ကန် ရွတ်နိုင်ရမယ်။ ပြီးတော့ အဓိပ္ပါယ်ကို သိနေရမယ်။ နံပါတ်(၁)အချက်ဖြစ်တဲ့ ပါဠိကိုမှန်မှန်မရွတ်နိုင်ရင် ပရိတ်က စွမ်းဖို့ခက်သွားပြီ။ အခုက သူများအတွက် သွားရွတ်ရမှာလေ။ ပါဠိ မှန်မှန်ကန်ကန် ရွတ်ပြီးတော့ အဓိပ္ပါယ်လည်း သိရမယ်ပေါ့။ ပြီးတော့

၂။ မေတ္တာထားရမယ်တဲ့။ မေတ္တာမထားရင် သစ္စာတရားဖြစ်တဲ့ ပရိတ်က မစွမ်းပြန်ဘူး။ ဗုဒ္ဓရဲ့သစ္စာတရားကို ရွတ်တဲ့အချိန်မှာ မေတ္တာမပါဘဲ ရွတ်လို့မရဘူး။ နူးညံ့ယဉ်ကျေးပြီး မာန်မာနကင်းမှ စွမ်းတာ။ ဒါပရိတ်ရဲ့ အစွမ်းတစ်ခု။ ပြီးတော့

၃။ ပရိတ်ရွတ်ပေးသူက ဘာကိုမှလိုချင်စိတ်မရှိရဘူးတဲ့။ လိုချင်မှု လောဘမပါဘဲ ရွတ်ဖတ်ပူဇော်ပေးရမယ်။

ဒါတွေရွတ်တဲ့သူဘက်က ပြည့်စုံရမဲ့အင်္ဂါပါ။ အားလုံး ၃-ချက်။ ဒါဆို နာသူဘက်က ၃-ချက်။ ရွတ်သူဘက်က ၃-ချက်။

## ပရိတ်ကြီး ၁၁-သုတ် ပူဇော်နည်း

အဲဒီမှာ ပရိတ်ကို ရွတ်ချင်ရာ မရွတ်ကြဖို့ လိုအပ်တယ်။ ဝေသာလီမှာ ရွတ်တဲ့ ရတနသုတ်ဆိုတာက အန္တရာယ်ကြုံလို့ ရွတ်ရတာပါ။ ကိုယ့်အိမ်မှာ အန္တရာယ်မှမရှိဘဲ မေတ္တာထားတဲ့အနေနဲ့ ပရိတ်ကိုရွတ်ရင် ရတနသုတ်ချည်းပဲ ရွတ်လို့မရသလို အာဋာနာဋိယသုတ်ချည်းပဲ ရွတ်နေလို့ မရပါဘူး။ ဒီမှာပါတဲ့ အာဋာနာဋိယသုတ်က မူရင်းမဟုတ်ဘူး။ မဟာအာဋာနာဋိယသုတ် ဆိုတာ ရှိသေးတယ်။ ဆရာတော်ကြီးတွေကိုယ်တိုင် ရွတ်လေ့မရှိဘူး။ တတ်နိုင်သလောက် ဦးဇင်းလေးတွေကို ဆုံးမကြတယ်။ မရွတ်ကြဖို့ပေါ့။ သူက အာဏာပြဋ္ဌာန်းထားတဲ့ စကားတစ်ခု။ အဲဒီအာဏာကို ချိုးဖောက်ရင် နတ်အချင်းချင်း အပြစ်ပေးလို့ရတယ်။ ဒါကြောင့် 'သာသနေ သာဓု သမ္မတေ'၊ သာသနာမှာ ကြည်ညိုတဲ့သူရှိသလို မကြည်ညိုတဲ့သူဆိုတာရှိတယ်။ မကြည်ညိုတဲ့ ပုဂ္ဂိုလ်တွေ စော်ကားခဲ့မယ်ဆိုရင် အပြစ်ပေးမယ်လို့ ဆိုထားတာ။ ဒါက အာဋာနာဋိယ သုတ်ကိုပြောတာပေါ့။

ပရိတ်ကို မှတ်ကြည့်ရအောင် -

(၁) မင်္ဂလသုတ်၊ (၂) ရတနသုတ်၊ (၃) မေတ္တသုတ်၊ (၄) ခန္ဓသုတ်၊ (၅) မောရသုတ်၊ (၆) ဝဋ္ဋသုတ်၊ (၇) ဓဇဂ္ဂသုတ်၊ (၈) အာဋာနာဋိယသုတ်။

အဲဒီသုတ်တွေကို ရွတ်တဲ့အခါ -

တစ်နေ့တစ်သုတ်ပဲ ရွတ်မယ့်အစား ၁၁- သုတ်လုံးရွတ်ရင် ပိုကောင်းပါတယ်။ ဘဝတစ်ခုကို ထိန်းတဲ့နေရာမှာ မိနစ်-၃၀ လောက်မှ ကုသိုလ်နဲ့ မထိန်း

ချင်ဘူးဆိုရင် ကောင်းကျိုးကို မတမ်းတကြဖို့ပါ။ ခဏစားရမဲ့ အစာတစ်ခု အတွက် တစ်ရက်မှာ ၈-နာရီလောက် လုပ်ရတဲ့ သတ္တိရှိသေးရင် အန္တရာယ် ကင်းစေတဲ့ ပရိတ်ကိုလည်း အာရုံစိုက် ရွတ်သင့်တာပေါ့။

ကိုယ့်ရဲ့ပတ်ဝန်းကျင်က ကိုယ့်ကို နှောက်ယှက်လာပြီဆိုရင် ကိုယ့်မှာ နေစရာမရှိဘဲ ဖြစ်တတ်တယ်။ ဒါကြောင့် ပတ်ဝန်းကျင်ကိုလည်း သိအောင် လုပ်ထားရသေးတယ်။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်တို့က ငါတို့နဲ့ မဆိုင်ဘူးဆိုတာ မဟုတ်ပါဘူး။ ပရိတ်ကြီးဆိုတာ အကာအကွယ်လုပ်ဖို့ပါ။ ဒါက ပတ်ဝန်းကျင်ကို ဂရုစိုက်ခြင်းပဲ။ ပတ်ဝန်းကျင်ကို ဂရုစိုက်ရင် အန္တရာယ်ကင်းတာပေါ့။ သူ့အကြောင်းသိသွားရင် မလုပ်သင့်တာ မလုပ်ဘူး။ မပြောသင့်တာ မပြောဘူးပေါ့။

ဒါကြောင့် **မင်္ဂလသုတ်**သည် သက်ရှိသတ္တဝါတွေထဲမှာ အဆင့်မြင့်ဆုံး ဖြစ်တဲ့ လူသားတွေကျင့်သုံးရမဲ့တရား။ မင်္ဂလသုတ်ဆိုတာ ရွတ်ပွားရုံနဲ့ တိုးတက်စရာ အကြောင်းမရှိဘူး။ နတ်ချစ်တယ်လို့ ပြောကောင်းပြောမှာပေါ့။ နတ်ချစ်ရုံနဲ့ ဘဝမှာ လွတ်မြောက်ဖို့ရာ အကြောင်းမရှိဘူး။ ဒါကြောင့် မင်္ဂလသုတ်ရွတ်တဲ့ပုဂ္ဂိုလ်တွေဟာ မင်္ဂလာတရားဆိုတာ ဘာလဲလို့ သိကို သိထားရပါမယ်။ ပြီးတော့ ကျင့်နိုင်အောင် ကြိုးစားရပါမယ်။

ပြီးတော့ **ရတနသုတ်**၊ အဓိပ္ပါယ်က တန်ဖိုးရှိတာ။ တန်ဖိုးရှိ တဲ့အရာကို တွေ့ကရာနေရာ မသုံးရဘူး။ ဟိုနားလေးမှာလည်း ရတနာ၊ ဒီနားမှာလည်း ရတနာဆိုရင် ရတနာတန်ဖိုး ကျသွားမှာပေါ့။ ရတနသုတ်က အန္တရာယ်ကို ကာကွယ်တဲ့နေရာမှာ၊ အန္တရာယ်ကြုံတဲ့အချိန်မှာ ရွတ်တာ ကောင်းတယ်။ ရောဂါဖြစ်တဲ့အချိန်၊ ကျန်းမာရေးမကောင်းတဲ့အချိန်၊ ဒုဗ္ဘိက္ခန္တရကပ် တကယ့်ကို ငတ်မွတ်ခေါင်းပါးဘေး ကြုံတဲ့အချိန်ဆိုရင်တော့ ဒါကို သုံးသင့်တာပေါ့။ ပြီးတော့ သတ္ထန္တရကပ် အခုလို တိုက်နေတဲ့အချိန်ဆိုရင်တော့ ဒါကို ရွတ်သင့်တာပေါ့။ အဲဒီမှာ မသုံးမဖြစ် မရွတ်မဖြစ်က **မေတ္တသုတ်**၊ မေတ္တသုတ်ကတော့ သုံးကိုသုံးရမှာ။ ကိုယ့်ရဲ့ပတ်ဝန်းကျင်၊ ကိုယ့်ရဲ့ သားသမီး၊ ကိုယ့်ရဲ့ဆွေမျိုး ဘေးကင်း ကျန်းမာစေချင်ရင်ပေါ့။ ပြီးတော့ **ခန္ဓသုတ်**၊ ခန္ဓသုတ်ဆိုတာ အဆိပ်ကို

ပြေစေတဲ့ သုတ်တော်ကြီး။ သစ္စာတရားပေါ့နော်။

ပြီးတော့**မောရသုတ်**၊ မောရသုတ်ဆိုတာ အဖမ်းအဆီးခံရတဲ့ အချိန်မှာ လွတ်မြောက်အောင် လုပ်ပေးတတ်တာ။ လူသားတွေက စီးပွားရှာတဲ့အချိန်မှာ အမှားဆိုတာ မကင်းကြပါဘူး။ အဲဒီအမှားကို ကာကွယ်ဖို့အတွက် မောရသုတ်ကို မနက်၊ ညရွတ်။ ပြီးရင် **ဝဋ္ဋသုတ်**။ ရေ၊ မီး၊ မင်း၊ ခိုးသူ ပြီးတော့ အမွေခံဆိုး၊ မချစ်မနှစ်သက်သောသူ၊ အဲဒီအခြေအနေကို ကာကွယ်ဖို့ ဝဋ္ဋသုတ်ကို ရွတ်ရပါတယ်။ ပြီးတော့ ဘယ်နားသွားသွား ကြောက်တတ်တဲ့အကျင့် ရှိတယ်မို့လား။ အမှောင်ဆိုရင် ကြောက်တတ်၊ သရဲဆိုရင် ကြောက်တတ်၊ အဲဒီကြောက်တတ်တဲ့အဖြစ်တွေကို ကာကွယ်ဖို့ **ဓဇဂ္ဂသုတ်**ရှိတယ်။ ဓဇဂ္ဂသုတ်က အကြောက်တရားကို ကာကွယ်ပေးတယ်။ 'လောမဟံသော န ဟေဿတိ' ဆိုတဲ့ စကားပါတယ်။ ကြက်သီးတောင် မထဘူးတဲ့။ ကြောက်တယ်ဆိုတဲ့ပုဂ္ဂိုလ်တွေက အမှောင်ထဲ ရောက်တောင် ကြောက်တယ်။ အဲဒီအဖြစ်ကို ကာကွယ်ပေးတာက ဓဇဂ္ဂသုတ်။ ပြီးတော့ **အာဋာနာဋိယသုတ်**။ အဲဒီသုတ်က အန္တရာယ်တွေ တကယ်ကြုံလာတဲ့ အခါ ကာကွယ်ပေးတယ်။ လူ့အန္တရာယ်တော့မဟုတ်ဘူး။ နတ်အန္တရာယ်ပေါ့။

ပြီးရင် **အင်္ဂုလိမာလသုတ်**။ အင်္ဂုလိမာလသုတ်ဆိုတာ မိခင်တွေ ရည်ရွယ်တာ။ ဒါပေမယ့် ဗိုက်ရှိသူများနဲ့လည်း သက်ဆိုင်ပါတယ်။ ဗိုက်နာရင် နေလို့ထိုင်လို့ မကောင်းဘူးလေ။ ဗိုက်မကောင်းရင် ရွတ်ရမယ့်သုတ်မျိုးပေါ့။ ပြီးတော့ **ဗောဇ္ဈင်သုတ်**။ ဗောဇ္ဈင်ဆိုတာက ဗောဓိ အင်္ဂ။ တကယ်က ဆေးကို ပြောတာ မဟုတ်ဘူး။ လွတ်မြောက်မှုလမ်းကြောင်းကို ဗောဇ္ဈင်လို့ခေါ်တယ်။ ဗောဇ္ဈင်က ၇-ပါး ရှိတယ်။ အဲဒီ ၇-ပါးကိုသာ ရသွားခဲ့မယ်ဆိုရင် ရောဂါတွေ ကင်းပျောက်သွားသတဲ့။ စိတ်သန့်ရှင်းသွားလို့လေ။ စိတ်က သန့်ရှင်းလေလေ ရောဂါကင်းလေလေပဲတဲ့။ အခု ရောဂါထူပြောတာ တခြားကြောင့်မဟုတ်ဘူး။ စိတ္တဇကြောင့်၊ စိတ်ကဖိစီးရင် သွေးက ကို့ရို့ကားယား ဖြစ်သွားတယ်။ သွေးကြောင့်မို့ ရုပ်ပြောင်းတဲ့အချိန်မှာ သွေးသွားတဲ့လမ်းကြောင်းက မမှန်တော့ဘူး။ အဲဒါဟာ ရုပ်ကိုဆိုးစေသလို ကျန်းမာရေးကိုလည်း ထိခိုက်စေတယ်။

အဲဒါကြောင့် အဲဒီအဖြစ်အပျက်ကို ပယ်ဖျောက်ဖို့ ဗောဇ္ဈင်သုတ်ကို ရွတ်ရတာ။

ပြီးရင် **ပုဗ္ဗဏှသုတ်**။ ပုဗ္ဗဆိုတာ မနက်ခင်းလေးကို ပြောတာ။ နေ့တစ်နေ့ဆိုတာ မနက်ကစတာ။ မနက်ကနေ ညနေအထိ ကောင်းမွန်တာ 'သုနက္ခတ္တံ'တဲ့။ 'သုနက္ခတ္တံ၊ သုမင်္ဂလံ၊ သုပ္ပဘာတံ၊ သုဟုဋ္ဌိတံ'= အချိန်တိုင်း အချိန်တိုင်း ကောင်းသောအချိန်ဖြစ်နေပါစေတဲ့။ တောင်းဆုပြုပေးတာ။

ဒါကြောင့် ပရိတ်ရွတ်တာ ဘယ်သူ့ကို အဓိကဦးစားပေးပြီး ဘယ်နေရာမှာ ရွတ်မှာလည်းဆိုတာ သိထားရပါမယ်။ ဘုရားစင်ရှေ့မှာ သီးသန့်ရွတ်တာ ဆိုရင်တော့ ၁၁-သုတ်လုံး ရွတ်သင့်တာပေါ့။ အဲဒီလိုမဟုတ်ဘဲနဲ့ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး စသည်ဖြင့် ရေးပေါင်းများစွာရှိတဲ့အချိန်မှာ ဆိုင်ရာသုတ်ကို ရွတ်ဖို့ပါ။

## နတ်ပြဟ္မာများကို ပရိတ်တရားနာရန် ဖိတ်ခေါ်ခြင်း

ပရိတ်ရွတ်တော့မယ်ဆိုရင် -

**'သမန္တာ စက္ကဝါဠေသု၊ အတြာ ဂစ္ဆန္တု ဒေဝတာ၊**
**သဒ္ဓမ္မံ မုနိရာဇဿ သုဏန္တု သဂ္ဂမောက္ခဒံ'။**

အဲဒီမှာ ဘာကြောင့် ဒီစကားကိုဆိုတာလည်းဆိုရင် နတ်ပြဟ္မာတွေကို ပင့်ဖိတ်ဖို့ပါ။ 'သမန္တာ စက္ကဝါဠေသု' ဆိုတာ ထက်ဝန်းကျင် စကြာဝဠာ တိုက်တစ်သောင်းတဲ့။ နတ်ပြဟ္မာတွေကို ဘာကြောင့် ပင့်ဖိတ်ရတာပါလိမ့်။ သမန္တာ စက္ကဝါဠေသု၊ ထက်ဝန်းကျင် စကြာဝဠာတစ်သောင်း မှာနေတဲ့ ဒေဝတာ နတ်အပေါင်းတို့၊ အတြာ ဒီနေရာကို အာဂစ္ဆန္တု လာကြပါ။ မုနိရာဇဿ = မုနိထွဋ်ဖျားတင်ဘုရားရှင်၏။ သဂ္ဂမောက္ခဒံ = နတ်ပြည်နဲ့နိဗ္ဗာန်ကို ရောက်စေတတ်တဲ့၊ သဒ္ဓမ္မံ = သူတော်ကောင်းတရားကို။ သုဏန္တု = နာကြားကြ ပါတဲ့။

စကြာဝဠာ တိုက်တစ်သောင်းမှာရှိတဲ့ နတ်ဒေဝါတွေ ဒီနေရာကို လာကြ ပါတဲ့။ သဂ္ဂ - ပရိတ်ကြီးရွတ်တဲ့အတွက် နတ်ပြည်ကိုလည်းရောက်စေ သလို၊ မောက္ခဒံ နိဗ္ဗာန်ကိုလည်း ရောက်စေနိုင်ဖို့ပါ။ တရားနာဖို့အတွက် ဖိတ်ခေါ်ခြင်း။ အဲဒါကို ဒါနပါရမီလို့ခေါ်တယ်။

ဒါကြောင့် ဒီစကားကို ဘယ်ပရိတ်ကြီးကိုရွတ်ရွတ် ပရိတ်ကြီး ၁၁-သုတ် မှာ သုတ်တိုင်းသုတ်တိုင်း ထည့်ရွတ်သင့်တယ်။ တစ်ခုတော့ရှိတာပေါ့။ ၁၁-သုတ် လုံးရွတ်မယ်ဆိုရင် အားလုံးမလိုဘူး။ 'သမန္တာစက္ကဝါဠေသု' စတဲ့စကားနဲ့

ဖိတ်ကြားလိုက်တာ။ ဖွင့်ပွဲတွေမှာ ဆိုင်ရာလူကြီးတွေဖိတ်ကြားသလိုပေါ့။ ဘာပွဲဖြစ်ဖြစ် သူနဲ့ဆိုင်ရာလူကြီး ဖိတ်တယ်မို့လား။ အနှောက် အယှက်ကင်းချင်လို့ပေါ့။ လောကရဲ့သဘာဝလို ဓမ္မရဲ့ သဘာဝအရ ကိုးကွယ်တဲ့ ပုဂ္ဂိုလ်တွေရှိနေတဲ့အတွက် သူတို့ကို ခေါ်လိုက်ခြင်းဟာ အန္တရာယ်ကင်းခြင်းပါပဲ။

ပရိတ်ကြီးဘယ်လောက်ထိစွမ်းသလဲဆိုရင် သဂ္ဂရယ်မောက္ခရယ် စကား ၂-ခုကိုမှတ်ထားလိုက်ပေါ့။ 'သဂ္ဂ'ဆိုတာ နတ်ပြည်ကိုရောက်စေတယ်။ ဒါဆို အပါယ်ကျမှာ ကြောက်နေတဲ့ ပုဂ္ဂိုလ်တွေ ပရိတ်ရွတ်ပေါ့။ 'ဓမ္မဿဝနကာလော အယံ ဘဒ္ဒန္တာ'၊ အို သူတော်ကောင်းတို့ ဒီအချိန်ဟာ ပရိတ်နာရမဲ့အချိန်ဖြစ်ပါတယ်တဲ့။

## ဘုရားရှစ်ခိုးခြင်း

**'နမောတဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ'။**
'နမော'ဆိုတာ ရှိခိုးတာ။ 'တဿ'ဆိုတာ ထိုလို့ ပြောလို့ရတယ်။ ထို ဆိုတာက 'The' အာတီကယ်နဲ့ တူတယ်။ 'The' နဲ့ 'A' မတူသလိုပေ့ါ။ 'တဿ'ဆိုတာ သေချာတာကိုပြောတဲ့အတွက် 'The' နဲ့တူတယ် လို့ပြောတာပါ။ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ ဆိုပြီး စကား ၃-လုံးရှိတယ်။ ဘဂဝတောကို ဘာသာပြန်မယ်ဆိုရင် ဘုန်းတော်၆-ပါးနှင့် ပြည့်စုံတော်မူသော၊ အရဟတော ဆိုတာက ကိလေသာကင်းစင်တော်မူသော၊ စိတ်ကွယ်ရာမှာ မကောင်းတာကို လုပ်တော်မမူသော။ ပြီးတော့ ပူဇော်အထူးကို ခံယူတော်မူ ထိုက်သော၊ သမ္မာသမ္ဗုဒ္ဓဿ ဆိုတာက ကိုယ်တိုင် ထိုးထွင်းသိတော်မူသော။ တဿက ထိုဗုဒ္ဓမြတ်စွာ။ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံခြင်းဂုဏ်၊ ကိလေသာ ကင်းစင်ကာ ပူဇော်အထူးကို ခံတော်မူထိုက်ခြင်းဂုဏ်နှင့် ပြည့်စုံပြီး ဆရာမကူဘဲ အလိုလိုသိတော်မူသော မြတ်စွာဘုရားကို ရှိခိုးပါ၏တဲ့။ ဘုရားရှိခိုးလိုက်တာနဲ့ ဗုဒ္ဓါနုဿတိဘာဝနာကို ပွားပြီးသား ဖြစ်နေတာ။

ပရိတ်ရွတ်တာ ဘာကြောင့် နိဗ္ဗာန်နဲ့နတ်ပြည်ကို ရောက်စေတာလဲ ဆိုတာ ရိပ်မိရောပေ့ါ။ **ဗုဒ္ဓါနုဿတိ ဂုဏ်တော်ဟာ နိဗ္ဗာန်အထိ ရောက်စေနိုင်ပေမယ့် ဈာန်ကိုတော့ မရစေဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဗုဒ္ဓဂုဏ်တော်ဟာ ပညတ်မဟုတ်ဘဲ ပရမတ်ဖြစ်နေလို့။ ပရမတ်ကို အာရုံပြုနေတဲ့ ပုဂ္ဂိုလ်အတွက် ရစရာဟာ နိဗ္ဗာန်ပဲရှိတယ်။ မရရင် ဈာန်ကိုတောင် မရဘူး။ ရရင် နိဗ္ဗာန်ထိရစေတယ်။**

ဥပမာတစ်ခုပြရမယ်ဆိုရင် ဖုဿဒေဝမထေရ်အကြောင်း ပြောရမှာပါပဲ။ သူဟာ အမြဲတမ်း ဗုဒ္ဓါနုဿတိ ဂုဏ်တော်ကိုပွားနေတဲ့ မထေရ်တပါး။ ရဟန္တာ မဖြစ်သေးဘူး။ အဲဒီမှာ မာရ်နတ် အဖျက်အဆီး ရောက်လာတော့ မာရ်နတ်ကို တောင်းပန်တယ်။ ငါ့ကို ဘုရားဖန်ဆင်း ပြပါလားတဲ့။ မာရ်နတ်ကပြောတယ်။ တူမှာမဟုတ်ဘူးတဲ့။ မတူလည်း ကိစ္စမရှိဘူး။ အတုလေးပဲ ဖူးပါရစေတဲ့။ အဲဒါနဲ့ ဖန်ဆင်းပြရော။ ဖန်ဆင်းတော့ ကိလေသာများနေတဲ့ မာရ်နတ်တောင်မှ ဒီလောက်ကြည်ညိုစရာကောင်းနေရင် ကိလေသာကင်းစင်တဲ့ မြတ်စွာဘုရားဆိုရင် ဘယ်လောက်ကြည်ညိုစရာ ကောင်းမလဲပေါ့။ ဘုရားဂုဏ်တော်ကိုပွားပြီး ကျေနပ်နေတာ။ ကိလေသာကို ကင်းစင်စေတာဟာ အရဟံဂုဏ်တော်ပဲ။ အဲဒီဂုဏ်တော် ၁-ချက်ထဲနဲ့တင်ပဲ သူရဲ့ခန္ဓာမှာ ပီတိတွေ ပေါ်ပြီး ပီတိရဲ့အဖြစ်အပျက်ကိုရှုရင်း ရဟန္တာ ဖြစ်သွားတာ။ အဲဒါကြောင့် သဂ္ဂမောက္ခဒံဆိုတာ ဘာမှခက်ခဲတဲ့ အရာ မဟုတ်ဘူး။ မသိဘဲနဲ့ရွတ်ရင် သဂ္ဂပဲ။ သိပြီးရွတ်ရင်မောက္ခပဲ။ ဒါကိုယ့်မှာ ရပိုင်ခွင့် ၂-ခုရှိတယ်။ သိပြီးရွတ်မှာလား၊ မသိဘဲနဲ့ ရွတ်မှာလား။ အချိန်ကုန်မဲ့အတူတူ သိပြီးရွတ်တော့ ပိုပြီးကျေးဇူးများတာပေါ့။

ဒါ ပရိတ်ကြီးမရွတ်သေးဘူး။ ပရိတ်ကြီးရွတ်ဖို့ အခြေခံမှာတင် အပါယ်လွတ်နေပြီ။ သိပ်တန်ဖိုးရှိတယ်။ ပရိတ်အမွှန်းမှာတင်ပဲ ပြည့်စုံ လုံလောက်နေပြီ။ ဒါကြောင့်မို့ နောက်နောင်ကာလတွေမှာ ပရိတ်ကြီးကို ရွတ်ဖတ်သရဇ္ဈာယ်မယ်ဆိုရင် တစ်သုတ်ရွတ်ရွတ်၊ နှစ်သုတ်ရွတ်ရွတ် ပရိတ်ကြီးရဲ့ အမွှန်းဖြစ်တဲ့ 'သမန္တာ စက္က ဝါဠေသု' ရယ်၊ 'နမောတဿ ဘဂဝတော'ရယ်၊ အဲဒါကိုထည့်ပြီး ရွတ်မယ်ဆိုရင် ပရိတ်အမွှန်းမှာပါတဲ့ 'သဂ္ဂမောက္ခဒံ'၊ နတ်ပြည်ကိုလည်း ရောက်စေနိုင်သလို နိဗ္ဗာန်ကိုလည်း အရောက်ပို့နိုင်တယ်တဲ့။

ဒါကြောင့် တရားချစ်ခင် သူတော်စင်များ ဘုရားရှင်ဟောကြားထားတဲ့ ပရိတ်ကြီးကို ရွတ်တဲ့အခါမှာ နတ်ပြည်ကို ရောက်တဲ့အထိ သမာဓိကိုထား

ရင်းနဲ့ ပရိတ်ကို ရွတ်ပွားကြပါ။ သမာဓိအားကောင်းပြီးတော့ ရုပ်နာမ်ပေါ်ဖြစ် ပျက်မြင်ပြီး ဆက်လက်ရွတ်ပွားရှုမှတ်ရင်းနဲ့ တရားထူးရမယ်ဆိုရင်တော့ မောက္ခဒံ ဆိုတဲ့အတိုင်း နိဗ္ဗာန်ကို ရောက်သွားပါလိမ့်မယ်။ ဒါကြောင့်အန္တရာယ် ကင်း၊ ရန်စွယ်ရှင်းပြီးတော့ နိဗ္ဗာန်ထိရောက်အောင် ပရိတ်တော်များကို အသိနဲ့ ရွတ်ပွားနိုင်ကြ ပါစေကုန်သတည်း။

သာဓု . . . သာဓု . . . သာဓုပါဘုရား။

## နတ်ပြဟ္မာတို့အား ပြုထားသောကုသိုလ်ကို အမျှပေးဝေ၍ ပရိတ်ရွတ်သည့်ပုဂ္ဂိုလ်များကို စောင့်ရှောက်ရန် ပြောကြားခြင်း

ပရိတ်ရွတ်တဲ့နေရာမှာ ဘုရားရှိခိုးတဲ့အကြောင်း ပြောပြီးပြီဆိုတော့ အခု နတ်ပင့်တာနဲ့ ပတ်သက်ပြီးတော့ ပြောမယ်။

**'ယေ သန္တာ သန္တ စိတ္တာ၊ တိ သရဏ သရဏာ၊**
**ဧတ္ထ လောကန္တရေ ဝါ၊ ဘုမ္မာဘုမ္မာစဒေဝါ၊**
**ဂုဏ ဂဏ ဂဟဏ၊ ဗျာဝဋာ သဗ္ဗကာလံ**
**ဧတေ အာယန္တု ဒေဝါ၊ ဝရကနက မယေ မေရုရာဇေ**
**ဝသန္တော၊ သန္တော၊ သန္တောသ ဟေတုံ၊**
**မုနိဝရ ဝစနံ၊ သောတုမဂ္ဂံ သမဂ္ဂါ'။**

အရင်က နတ်ကို ပင့်ထားပြီသား။ ပင့်တယ်ဆိုတာ ဖိတ်ခေါ်ထားတာ။ ကောင်းမှုလုပ်တဲ့နေရာမှာ ကောင်းတဲ့ပုဂ္ဂိုလ် ရှိနေမယ်ဆိုရင် မကောင်းတဲ့ပုဂ္ဂိုလ် မရှိနိုင်ဘူးပေ့ါ။ ဒါကြောင့် သူက နောက်တစ်ခါပြန်ပြောတာ။ 'ယေ'ဆိုတာက နတ်ကိုပြောတာ။ သန္တာ စိတ္တာမှာ သန္တက သူတော်ကောင်း၊ သန္တစိတ္တာ ငြိမ်သက်တဲ့စိတ်၊ တိသရဏ သရဏာက သရဏဂုံ၃-ပါး။ ဘယ်သူလဲဆိုရင် ဧတ္ထ ဒီလောကကြီးမှာဘဲဖြစ်ဖြစ်၊ လောကန္တ ရေဝါ အခြားလောကမှာရှိတဲ့ သတ္တဝါတွေမှာပဲဖြစ်ဖြစ် အဲဒီပုဂ္ဂိုလ်တွေဟာ သန္တာ ငြိမ်သက်တဲ့စိတ်ရှိတယ်။ သန္တစိတ္တာ ကောင်းတဲ့စိတ်ရှိတယ်။ ပြီးတော့ တိသရဏ သရဏာ သရဏဂုံ ၃-ပါး တည်ကြတယ်။

ဘုမ္မာဘုမ္မာ စ ဒေဝါ, ဘုမ္မာဆိုတာ ဘုမ္မာစိုး မြေမှာရှိတဲ့နတ်တွေ၊

အဘုမ္မာဆိုတာ မြေမှာနေတာမဟုတ်ဘူး။ အာကာသရှိ ကောင်းကင်မှာနေတဲ့ နတ်တွေ။ ဒါကြောင့်မို့ မြေမှာနေသောနတ်၊ ကောင်းကင်မှာနေသောနတ်၊ အဲဒီနတ်တွေရဲ့ ဂုဏ်တွေက ဘာတွေလဲဆိုတော့ သူတော်ကောင်းဖြစ်ပြီးတော့ ငြိမ်သက်တဲ့စိတ်နဲ့ သရဏဂုံတည်တဲ့နတ်တွေ။ ဂုဏ ဂဏ၊ ဂဟဏ ဗျာဝဋ္ဌာ၊ သဗ္ဗကာလံ၊ သဗ္ဗကာလဆိုတာ အမြဲတမ်း၊ ဂုဏ ဂဏ၊ ဂဟဏ ဗျာဝဋ္ဌာ ဂုဏ်အပေါင်း ကို ရယူခြင်းနဲ့ပတ်သက်ပြီးတော့ အားသွန်ခွန်စိုက်လုပ်နေတဲ့ တေဒေဝါ= ထိုနတ်အပေါင်းတို့ အာယန္တု ဒီအနားကို လာကြပါတဲ့။ သာမာန်နတ်တွေကို ခေါ်တာမဟုတ်ဘူး။ စိတ်ကောင်းရှိတဲ့၊ ငြိမ်သက်တဲ့၊ သရဏဂုံနဲ့ ပြည့်စုံတဲ့ မြေမှာရှိသောနတ်၊ ကောင်းကင်မှာရှိသော နတ်၊ ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာ့ဂုဏ်နဲ့ပတ်သက်ပြီး ကြိုးစားရှာဖွေနေတဲ့နတ်တွေ ဒီပရိတ်ရွတ်တဲ့နေရာကို လာကြပါတဲ့။

ဧတေ အာယန္တု ဒေဝါ၊ ပြီးတော့ ဝရ ကနက မယေ၊ မေရုရာဇေ ဝသန္တော၊ သန္တော သန္တောသဟေတုံ၊ ဝရ ကနက မယေ ဆိုတာ မြင့်မြတ်တဲ့ ဂုဏ်နဲ့ပြည့်စုံတဲ့၊ မေရုရာဇေ-မြင့်မိုရ်တောင်မှာ ဝသန္တော နေကြကုန်သော သန္တော- သူတော်ကောင်းနတ်တွေ၊ ဧတေဒေဝါ-အဲဒီနတ် တွေဟာ၊ သန္တော သဟေတုံ-လွန်စွာနှစ်သက်ခြင်း အကြောင်းဖြစ်တဲ့၊ အယံ- ဤမြင့်မြတ်တဲ့၊ မုနိဝရဝစနံ- မြတ်စွာဘုရားရှင် ဟောထားတဲ့တရားတော်ကို၊ သမဂ္ဂါ- ညီညီညွတ်ညွတ်နဲ့၊ သောတုံ - နာကြားကြပါ။ အဲဒါက မြင့်မိုရ်တောင် မှာနေတဲ့ သူတော်ကောင်းနတ်တွေ ဘုရားရှင်ရဲ့တရားတော်ကို နာကြားကြပါတဲ့။ အဲဒါက လောကကြီးတစ်ခုလုံးမှာ ရှိတဲ့နတ်တွေကို ဖိတ်ခေါ်လိုက်တာပဲ။

အဲဒါဆိုရင် ကိုယ်အန္တရာယ်ကင်းတာ ပြောစရာ မလိုတော့ဘူး။ အဲဒါကြောင့် ပရိတ်ရွတ်တဲ့နေရာမှာ ကိုယ်က ဘာလုပ်တယ်ဆိုတာ သိဖို့ အရေးကြီးတယ်။ ကိုယ်က ဖိတ်စာတော့ ပို့လိုက်ပါရဲ့။ မွေးနေ့မှန်းမသိ၊ ဘာမှန်းမသိရင် အဆင်မပြေဘူးလေ။ အခု ပရိတ်ရွတ်တဲ့အတွက် ပရိတ်သည် အရံအတား၊

အကာအကွယ်ကို ပေးနေတယ်ဆိုတာကို သိနေတဲ့ပုဂ္ဂိုလ်တစ်ယောက်၊ ဘယ်သူ့ကိုဖိတ်တယ်ဆိုတာ ကိုယ်ကသိရတယ်။ သူတို့က ဘာလဲ။ သရဏဂုံနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်၊ ပြီးတော့ စိတ်ထားကလည်း သန့်ရှင်းစင်ကြယ်ပြီးတော့ ငြိမ်သက်တဲ့ပုဂ္ဂိုလ်၊ အဲဒီပုဂ္ဂိုလ်အားလုံးက ဘုရား၊ တရား၊ သံဃာ အစရှိတဲ့ ဂုဏ်နဲ့ပတ်သက်ပြီးတော့ ကောင်းတာကိုပဲ ရှာဖွေနေတဲ့ပုဂ္ဂိုလ်၊ အဲဒီပုဂ္ဂိုလ်အားလုံးဟာ ဘုရားဟောတဲ့တရားကို လာနာကြားကြပါတဲ့။ ပြီးတော့ အမျှဝေတဲ့တိုက်တွန်းချက်။ သဗ္ဗေသု စက္ကဝါဠေသု၊ ယက္ခာဒေဝါစ ဗြဟ္မနော၊ စကြာဝဠာတိုက်တစ်သောင်းမှာနေကြတဲ့ ယက္ခာ- ဘီလူးတွေ၊ ဒေဝါ-နတ်တွေ၊ ဗြဟ္မာနော-ဗြဟ္မာတွေ၊ ယံ အမှေဟိ ကတံပုညံ သဗ္ဗသမ္ပတ္တိ သာဓကံ- လိုတာကို ရစေနိုင်တဲ့ ကောင်းမှုကို အမှေ-ငါတို့သည်၊ ကတံ-ပြုလေပြီတဲ့။ လိုတာကို ရစေနိုင်တဲ့ကုသိုလ်ကောင်းမှုကို ငါတို့ ပြုနေကြတယ်တဲ့။

**သဗ္ဗေ တံ အနုမောဒိတွာ၊ သမဂ္ဂါ သာသနေရတာ၊**

**ပမာဒရဟိတာ ဟောန္တု** တဲ့။ သဗ္ဗေ- အဲဒီနတ်အားလုံးဟာ၊ တံ- အခု၊ လိုတရစေမဲ့ကောင်းမှုကို၊ အနုမောဒိတွာ- ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ပြီးတော့ သမဂ္ဂါ သာသနေရတာ- မြတ်စွာဘုရားရဲ့ သာသနာတော်မှာ ညီညီညွတ်ညွတ်နဲ့ ပျော်ပျော်ရွှင်ရွှင် နေကြပါတဲ့။ ပမာဒ ရဟိတာ ဟောန္တု၊ **အာရက္ခာ သု ဝိသေ သတော၊** အထူးသဖြင့် ပမာဒ ရဟိတာ - မမေ့မလျော့မပေါ့မဆနဲ့တဲ့။ အာရက္ခာ သု ဟောန္တု- စောင့်ရှောက်ကြပါလို့ပြောတာ။ ဒါကသူတို့ကို ကိုယ်လုပ်ထားတဲ့ကုသိုလ်ကို အမျှပေးဝေလိုက်တာ။ ပြီးတော့ သာသနာမှာ ညီညီညွတ်ညွတ် ပျော်ပျော်ရွှင်ရွှင်နေကြပါ။ အထူးအားဖြင့် ပရိတ်ရွတ်တဲ့ပုဂ္ဂိုလ်တွေကို မမေ့မလျော့ စောင့်ရှောက်ကြပါ။

**သာသနဿစ လောကဿ၊ ဝုဍ္ဍီ ဘဝတု သဗ္ဗဒါ၊**

**သာသနမ္ပိစ လောကဉ္စ၊ ဒေဝါ ရက္ခန္တု သဗ္ဗဒါ။**

သာသနဿစ လောကဿ၊ သာသနာ ပဲဖြစ်ဖြစ် လောကကြီးတစ်ခု

လုံးပဲဖြစ်ဖြစ်၊ သဗ္ဗဒါ-အမြဲတမ်း၊ ဝုၑိ-တိုးပွားခြင်းသည် ဘဝတု-ဖြစ်ပါစေတဲ့။ သာသနာတစ်ခုတည်း တိုးတက်နေလို့ မရဘူး။ လောကကြီးတစ်ခုလုံး အေးချမ်းပြီး တိုးတက်နေမှ သာသနာက တိုးတက်လိမ့်မယ်။ မြန်မာလူမျိုးတွေ သာသနာ တိုးတက်အောင် သိပ်ပြီးလုပ်ကြတယ်။ ဒါပေမယ့် လောက တိုးတက်အောင် လုပ်ဖို့ အားတက်သရော မရှိကြဘူး။ ဒါဆိုရင် အတ္တဟိတ၊ ပရဟိတ ၂-ခု တွဲပြီးလုပ်ရမှာပေါ့။ သာသနာကို ကိုးကွယ်နေတဲ့ ပုဂ္ဂိုလ်အားလုံးသည် အတ္တဟိတနဲ့တူတယ်။ ဘာလို့လည်းဆိုတော့ သဘောတူတွေ သီးသန့်ပေါင်းနေလို့။ ဒါပေမယ့် သဘောမတူတဲ့ ပုဂ္ဂိုလ်တွေများတယ်။ အခု ဦးဇင်းတို့ သိရသလောက် ဗုဒ္ဓဘာသာအမည်ခံထားတာက ထေရဝါဒနဲ့ မဟာယန။ အဲဒါသန်း -၅၀၀ ပဲရှိသေးတာ။ ကမ္ဘာမှာ လူဦးရေသည် သန်း-၇၀၀၀ တွက်ကြည့်ပါ။ ဒါဆိုရင် ဗုဒ္ဓဝါဒကို ကိုးကွယ်နေတဲ့ ပုဂ္ဂိုလ်တွေက သန်း-၅၀၀ပဲဆိုရင် မကိုးကွယ်တဲ့ပုဂ္ဂိုလ် ဘယ်လောက်ရှိနေပြီ ထင်လဲ။ သန်း-၆၅၀၀။ ဒါကြောင့် လောကဿ သူတို့လည်း တိုးတက်ပါစေလို့ ဆုတောင်းပေး ရတာ။

ဗုဒ္ဓက မုဒိတာ၊ ကရုဏာထားတတ်အောင် လုပ်ပေးသွားတာ။ ကိုယ်တစ်ယောက်တည်း ကြီးပွားတာမဟုတ်ဘဲ လောကကြီးတစ်ခုလုံး ကြီးပွားပါစေ။ ခဏမဟုတ်ဘူးနော်။ သဗ္ဗဒါ-အခါခပ်သိမ်း အမြဲတမ်း၊ ဝုၑိ ဘဝတု - တိုးပွားပါစေ။ သာသနမ္ပိစ လောကဉ္စ ဒေဝါရကန္တု သဗ္ဗဒါ နတ်တွေဟာ အမြဲတမ်း သာသနာတော်ကို စောင့်ရှောက်ကြပါစေ။ လောကကြီး တစ်ခုလုံးကိုလည်း စောင့်ရှောက်နိုင်ကြပါစေ။ ဒါကြောင့် မေတ္တာသုတ်ရွတ်တဲ့ ပုဂ္ဂိုလ်တွေ၊ ပရိတ်ရွတ်တဲ့ပုဂ္ဂိုလ်တွေ ငါ့အတွက်ပဲ မရွတ်ကြပါနဲ့။ လောကကြီး တစ်ခုလုံးအတွက် တွေးပေးပါ။ ငါက အိမ်မှာလုပ်တာတော့ မှန်တာပေါ့။ ငါအန္တရာယ် ကင်းနေတာနဲ့ မရဘူး။ အားလုံး အန္တရာယ်ကင်းနေမှ။
ဒါကြောင့် -

**သဒ္ဓိံ ဟောန္တု သုခီ သဗ္ဗေ၊ ပရိဝါရေဟိ အတ္တနော၊**
**အနီဃာ သုမနာ ဟောန္တု သဟ သဗ္ဗေဟိ ဉာတိဘိ။**

အဲဒါမှာ သဗ္ဗေ-အားလုံးသော သတ္တဝါတွေဟာ၊ အတ္တနော-မိမိ၏၊ ပရိဝါရေဟိ-အခြံအရံတွေနဲ့၊ သဒ္ဓိံ -တကွ၊ သုခီ-ချမ်းသာခြင်းသည်၊ ဟောတု-ဖြစ်ပါစေ။ ဆိုလိုတာက ကိုယ် ချစ်တဲ့သူနဲ့ ပျော်ပျော်ရွှင်ရွှင် နေနိုင်ကြပါစေတဲ့။ ဓမ္မစကြာမှာ အပ္ပိယေ ဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခောတဲ့ အခု သုခီဆိုတဲ့ စကားလုံးဟာ ဒုက္ခကို ဆန့်ကျင်တာ။ ကိုယ်ချစ်တဲ့ သူနဲ့နေရတာ သိပ်ပျော်စရာကောင်းတယ်တဲ့။ အဲဒါကြောင့် သဒ္ဓိံဟောန္တု သုခီ သဗ္ဗေ၊ ပရိဝါ ရဟိအတ္တနော ကိုယ့်ရဲ့ ခင်မင်ရင်းနှီးတဲ့ပုဂ္ဂိုလ်တွေနဲ့ ချမ်းချမ်းသာသာ နေနိုင်ကြပါစေတဲ့။

အနီဃာ သုမနာ ဟောန္တု၊ သဟ သဗ္ဗေဟိ ဉာတိဘိ။ သဗ္ဗေ-အားလုံးသော ဆွေမျိုးတို့နှင့်တကွ၊ အနီဃာ- ဆင်းရဲခြင်းမရှိ ကုန်သည်၊ သုမနာ-စိတ်ကောင်းရှိကြကုန်သည်၊ ဟောန္တု-ဖြစ်ကြပါစေတဲ့။ အဲဒါ မေတ္တာပို့တာနဲ့ တူတူပဲ။ အဲဒီဆွေမျိုးအားလုံး၊ ကိုယ်သိတဲ့ပုဂ္ဂိုလ်အားလုံးဟာ ဆင်းရဲခြင်းမရှိဘဲ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာ ရှိနိုင်ကြပါစေတဲ့။ ဒါကြောင့်မို့ ပရိတ်က စွမ်းတာ ပေါ့။ ပရိတ်ကိုမရွတ်ခင် ကြိုတင်မေတ္တာပွားနေတာကိုး။

**ရာဇတောဝါ၊ စောရတောဝါ။** ဒါကတော့ မလိုချင်တဲ့အရာကို ကာကွယ်ဖို့အတွက် တောင်းဆိုတဲ့အရာ။ ရာဇတောဝါ ဆိုတာ မင်းဆိုးဘေး၊ မကောင်းတဲ့မင်းဆိုတာ မင်းမှမဟုတ်ပါဘူး။ ရပ်ကွက်မှာ အုပ်ချုပ်တဲ့သူကြီး မကောင်းဘူးဆိုရင်လည်း ရာဇတောဝါပဲ။ ဘာကြောင့်လဲဆိုရင် အုပ်ချုပ်သူ လူတန်းစား မကောင်းရင် လောက သမ္ပတ္တိမဟုတ်ဘူး။ လောကဝိပတ္တိ-လောကကြီးပျက်စီး နေတဲ့အတွက် တရားလုပ်ရတာလည်း အဆင်မပြေသလို ကုသိုလ်လုပ်တဲ့နေရာမှာလည်း အခက်အခဲအများကြီး ကြုံရတယ်။ ဒါကြောင့် ရာဇတောဝါ-မင်းဆိုး မင်းညစ်အုပ်ချုပ်သူ ဘေးမှလည်းကောင်း၊ စောရတောဝါ-

သူခိုးဘေး။ ဒါကတော့ ရှင်းပါတယ်။ တော်ရုံတန်ရုံ ဒီမှာတော့ စောရတောဝါ မတွေ့ရသေးဘူး၊ ပြီးတော့ **မနုဿတောဝါ**- လူဆိုးဘေး။ မကောင်းတဲ့ လူတွေကလည်း ရှိတယ်ဗျ။ ဘယ်လောက်ထိလဲဆိုရင် ကိုယ့်ရဲ့မိတ်ဆွေထဲမှာ တောင် မကောင်းတဲ့သူရှိတာ။ ကောင်းတာကိုလုပ်တာ လက်မခံဘူး။ မင်းဟာ မင်း တခြားမှာသွားလုပ်ပါ။ ငါဒီမှာ ပျော်ချင်လို့လုပ်တာ။ အေးအေး ဆေးဆေး နေတဲ့ အချိန်မှာ မင်းလည်းပဲ ငါ့ကို မနှောက်ယှက်နဲ့ကွာဆိုတဲ့ အဲ့ဒီလို လူမျိုးတွေလဲရှိသေးတယ်။ အဲဒါမျိုးဟာ **မနုဿတောဝါ** လူဆိုးဘေးပဲ။ ဒါကြောင့် ကောင်းတာလုပ်ပြီး ကောင်းတဲ့ဘုံကို ရောက်ဖို့ဆိုရင် ကောင်းတဲ့ သူတွေ ကိုယ့်အနားမှာရှိနေမှ။ ပြီးတော့ **အမနုဿတောဝါ**-ဒါက ဘီလူးနတ်ဆိုးဘေး၊ **အဂ္ဂိ တောဝါ**-မီးဘေး၊ **ဥဒကတောဝါ-** ရေဘေး၊ **ပိသာစတောဝါ-** မြေဘုတ် ဘီလူးဘေး၊ **ခါဏုကတောဝါ**-သစ်ငုတ်ဘေး၊ ဘာကြောင့်လဲဆိုတော့ လမ်းတွေ ဘာတွေလျှောက်ရင် ခလုတ်တိုက်တာတွေ ရှိတာကိုး။ အဲဒါကြောင့်မို့ ခလုတ်တိုက်တာတွေ မရှိရအောင် တောင်းဆိုတဲ့ တောင်းဆိုချက်တစ်ခုပါပဲ။ **ကဏ္ဍကတောဝါ-** အငုတ်တွေ ဆူးတွေ ဘာတွေ၊ ပြီးတော့ **နက္ခတ္တတောဝါ-** ဒါက ဗေဒင်ယုံတဲ့ ပုဂ္ဂိုလ်တွေနဲ့ ပတ်သက်တာပေါ့။ နက္ခတ္တဆိုတာ ကောင်းတဲ့နက္ခတ်၊ နက္ခတ်ဆိုရင် သုနက္ခတ္တံ၊ သုမင်္ဂလံ၊ သုပ္ပဘာတံ၊ သုဟုဋ္ဌိတံ၊ သုခဏော၊ သုမုဟုတ္တောစ၊ သုယိဋ္ဌံ၊ ဗြဟ္မစာရီသု။ ဆိုလိုတာက ကောင်းတဲ့ အရာတွေကို ကျင့်ဖို့အတွက်ဆိုရင် လောကီနဲ့ ပေါင်းနေတဲ့အတွက် လောကသည် ကောင်းဖို့လိုအပ်တာကိုး။ မကောင်းတဲ့ လောကနဲ့ သွားကြုံပြီဆိုရင် လုပ်ရတာလည်း ခက်ခဲတယ်။ နက္ခတ္တ တောဝါ- မကောင်းတဲ့နက္ခတ်မှလည်းကောင်း၊ **ဇနပဒရောဂါတောဝါ**- ဇနပုဒ် ရောဂါဘေးမှလည်းကောင်း၊ မကောင်းတဲ့ နေရာကလည်းလွတ်၊ ပြီးတော့ မကောင်းတဲ့ရောဂါလည်းမရှိ၊ အသဒ္ဓမ္မတောဝါ- မသူတော်တရားမှလည်း ကောင်း၊ ကိုယ်နဲ့ပေါင်းတဲ့ပုဂ္ဂိုလ် စိတ်ကောင်းမရှိရင် လုပ်ရခက်တာ အမှန်ပါပဲ။

အဲဒီပုဂ္ဂိုလ်မျိုးဟာ လူလည်း ဆိုးသလို၊ အကျင့်လည်း ဆိုးနေတာမို့ ဒါက မကောင်းတဲ့အရာပေါ့။

တခါတလေကျရင် ပြောတာရှိတယ်။ ဒါလုပ်စရာမလိုဘူး။ စိတ်ကောင်းရှိရင်ပြီးတဲ့ကိစ္စတစ်ခု၊ အဲလိုပြောတာ။ လူတွေမှာ စိတ်ရှိတယ်။ အိပ်ပျော်အောင် အိပ်လို့ရတယ်။ ဘာဖြစ်လို့ ဘာမီတွန်သောက်ရတာလဲ။ တစ်ခါတစ်လေကျရင် အကူကလိုတယ်။ အဲဒါကို သူတို့ကပြောတယ်။ မလိုပါဘူးကွာ ကိုယ့်စိတ်ကောင်းရင်ပြီးတာပဲ ဆိုတာမျိုး အဖျက်က ဝင်တတ်သေးတယ်။ ဒါ အသဒ္ဓမ္မပဲ။ ကောင်းတာကိုလုပ်တဲ့ပုဂ္ဂိုလ်တစ်ယောက် မကောင်းတဲ့လမ်းကို ရောက်အောင် တွန်းပို့တဲ့ပုဂ္ဂိုလ်တွေရှိတယ်။ ပြီးတော့ **အသန္နိဋ္ဌိတောဝါ**- မိစ္ဆာအယူ၊ **အသပ္ပုရိသ တောဝါ**- သူယုတ်မာမှလည်းကောင်း၊ **စဏ္ဍာ**ဆိုတာ ကြမ်းတမ်းတာ၊ **ဟတ္ထိ**- ဆင်၊ **အဿ**- မြင်း၊ **မိဂ**- သားရဲ **ဂေါဏ**- နွား၊ **ကက္ကုရ**- ခွေး၊ **အဟိ**- မြွေ။ **ဝိစ္ဆိက**- ကင်းမြီးကောက်၊ **ဒီပိ**- ကျားသစ်၊ **အစ္ဆ-** ဝံ၊ **တရစ္ဆ**- အောင်း၊ **သူကရ**- ဝက်။ **မဟိံသ**- ကျွဲ၊ **ယက္ခ**-ဘီလူး၊ **ရက္ခသာ**- ရက္ခိုက်၊ ဘီလူးနဲ့ ရက္ခနဲ့ မတူဘူး။ ရက္ခုက်က ပိုကြမ်းပုံရတယ်။ ဦးဇင်းတို့ မမြင်ဘူးပါဘူး။ ဒါပေမယ့် ခွဲပြောထားတယ်။ **နာနာဘယတောဝါ**- ဘေးအမျိုးမျိုးတို့မှလည်းကောင်း၊ **နာနာဥပဒ္ဒဝတောဝါ**- ဥပဒ္ဒဝ အမျိုးမျိုးမှလည်းကောင်း၊ **အာရက္ခံ** - စောင့်ရှောက်ခြင်းကို၊ **ဂဏှန္တု**- ပြုကြပါတဲ့။

ဘာကြောင့် ဒါကိုလုပ်တာလဲ။ မေးစရာရှိပါတယ်။ ပရိတ်ရွတ်တဲ့ပုဂ္ဂိုလ်တစ်ယောက် ဒီအန္တရာယ်ကိုကင်းအောင် နတ်တွေက လုပ်ပေးနိုင်မှာမို့လား။ ရှိခဲ့ဖူးပါတယ်။ ဗုဒ္ဓသာဓကတွေရှိတယ်။ ကဿပဘုရားရှင် ပရိနိဗ္ဗာန် စံပြီးတဲ့နောက်မှာ ကြုံဖူးခဲ့တဲ့ပြဿနာရှိတယ်။ ကြားဖူးကြမှာပေါ့။ ခွေးနက်ကြီးအကြီးကြီး ဖန်ဆင်းပြီးတော့ လူတွေကောင်းအောင် ပြန်ပေးသွားတဲ့ အဖြစ်အပျက်တစ်ခု။ ခွေးက မာတလိနတ်သား၊ အဲဒီမှာ ခွေးထိန်းက သိကြား၊ လောကကြီးက အကျင့်ပျက်စီးနေတာ၊ ပျက်စီးကုန်တော့ ကောင်းတဲ့လူတွေက

ကောင်းတာကို လုပ်လို့မရတော့ဘူး။ ကောင်းတာလုပ်လို့မရတော့ ဘယ်လိုနည်းနဲ့မှ နေရထိုင်ရတာ အဆင်မပြေတော့ဘူး။ အဆင်မပြေတော့ ခုနပြောသလို ရာဇတော၀ါ၊ စောရတော၀ါ၊ ဒါပေမဲ့ ဘာမှမလုပ်ဘဲနဲ့တော့ သွားမတောင်းနဲ့၊ ရှေ့မှာ ဘာလုပ်ထားတာလဲ။ စကြာ၀ဠာ တိုက်တစ်သောင်းမှာရှိနေတဲ့ သူတော်ကောင်းနတ်တွေကို စိတ်ပါလက်ပါနဲ့ ကိုယ်က ဖိတ်ထားတာ။ ပြီးတော့ သာသနဿစ လောကဿ ၀ုဍ္ဍိ ဘ၀တု သဗ္ဗဒါ။ သာသနာမှာပဲ ဖြစ်ဖြစ်၊ လောကကြီးတစ်ခုလုံးဖြစ်ဖြစ် တိုးတက်ပါစေ။ သာသနမ္ပိစ လောကဥ္စ၊ ဒေ၀ါ ရက္ခန္တု သဗ္ဗဒါ၊ သာသနာတော်ကိုပဲဖြစ်ဖြစ် လောကြီးတစ်ခုလုံးကိုပဲဖြစ်ဖြစ်တဲ့ သဗ္ဗဒါ-အမြဲတမ်း၊ ဒေ၀ါ-နတ်တွေက ရက္ခန္တု စောင့်ရှောက်ကြပါ။ အဲဒါတွေ အားလုံးပြောပြီးမှ ဘာလုပ်တာလဲ  ရာဇတော၀ါ  စောရတော၀ါ၊ ကိုယ်က ဘာမှ မလုပ်ရသေးဘူး၊ ဘေးကင်းရပါလို၏၊ ရန်ရှင်း ရပါလို၏၊ သွားလုပ်လို့ မရဘူး။

ကိုယ့်နားမှာ အဲဒီပုဂ္ဂိုလ်တွေ ပြည့်စုံနေတဲ့အချိန်မှ ဘာလုပ်ရင် ကောင်းလဲ၊ တောင်းဆုပြုရင် ကောင်းမယ်။ ဒါကြောင့် အလုပ်မလုပ်ဘဲနဲ့ မတောင်းနဲ့။ အခုက အလုပ်က ပြည့်စုံသွားပြီ။ ဘယ်လောက်ထိပြည့်စုံလည်းဆိုရင် အမျှလည်းဝေထားတယ်။ ကုသိုလ်ကို အကုန်ပေးထားတယ်။ ကိုယ်လုပ်တဲ့ ကုသိုလ်ကို သူထပ်တူရပါစေလို့ ပေးထားတဲ့အတွက် ကိုယ်နဲ့သူသည် တသားတည်း ဖြစ်သွားတယ်။ အားလုံးအဆင်ပြေမှ ဘာလုပ်တာလဲ တောင်းဆိုမှုပြုတာ။ မရင်းနှီးခင် မပိုင်ခင် သွားတောင်းရင် အရှက်ကွဲတတ်တယ်။ လူတွေက အခွင့်အရေးကို တောင်းတယ်လေ။ အခွင့်အရေးဆိုတာ နောက်မှ တောင်းရတာ။ အဲဒါက အာရက္ခ ဂဏ္ဍုန္တုဆိုတာ ဘေးအမျိုးမျိုးမှ ကင်းပါစေဆိုတဲ့အရာကို တောင်းဆိုမှုပြုတာ၊ ဒါမျိုး သာဓကတွေ အများကြီးရှိတယ်။ နာရဒဇာတ်ဆိုရင် ဒီအတိုင်းပဲ။ ဘုရင်က အသန္ဓိဋ္ဌိ မကောင်းတဲ့အယူကို ယူပြီးတဲ့အချိန်ကစပြီး နိုင်ငံမှာရှိတဲ့ အပျိုစင်တွေအားလုံး ဖျက်ဆီးတာ။ သူ့ရဲ့အယူက နောင်ဘ၀ဆိုတာ

မရှိဘူး။ ကောင်းတဲ့အကျိုး၊ ဆိုးတဲ့အကျိုးဆိုတာ မရှိဘူး။ ဘာမှ လုပ်နေစရာ မလိုဘူး။ ကောင်းတာ မကောင်းတာမျိုးမရှိတဲ့အတွက် ငါလုပ်ချင်တာလုပ်မယ် ဆိုတဲ့ အတွေးတွေ ရလာတဲ့အချိန်မှာ ရာဇ တောဝါဖြစ်လာတယ်။ နိုင်ငံမှာနေတဲ့သူတွေ နေလို့မရတော့ဘူး။ မရတော့ ဘာလုပ်လဲ၊ အာရကံ့ ဂဏ္ဍူ နတ်မြတ်၊ နတ်ကောင်းတွေ စောင့်ရှောက်ပါလို့ ဆုတောင်းတာ။ တောင်းတာက အရှင်အာနန္ဒအလောင်း ရုစာမင်းသမီးက တောင်းဆိုမှုပြုတာ။ အဲဒါကြောင့် နတ်တွေက ပြဟ္မာတွေက လာပြီးတော့ ကူပေးရတာ။ ပြီးရင် မင်္ဂလသုတ်စပြီ။ ခုနက ဘယ်ဟာပဲရွတ်ရွတ် ပရိတ်ရွတ်ရင်ရော အကာအကွယ် တွေနဲ့ လုပ်ထားရတဲ့အရာ။

## မင်္ဂလာသုတ်နိဒါန်း

မင်္ဂလသုတ်ရဲ့ နိဒါန်းကို ပြောပြပေးမယ်။ **ယံ မင်္ဂလံ ဒွါဒသဟိ စိန္တယိံသု သ ဒေဝကာ။** သ ဒေဝကာ- နတ်နဲ့တကွသော လူသားများဟာ ယံမင်္ဂလံ- အဲဒီ မင်္ဂလာဆိုတဲ့စကားကို (သို့) မင်္ဂလာတရားကို ဒွါဒသဟိ-၁၂ နှစ်ပတ်လုံး စိန္တယိံသု- ကြံကြတယ်၊ ပြောကြတယ်တဲ့။ ဘုရားရှင်ပွင့်ပြီးတဲ့နောက်မှ ဘုရားရှင်က တရားဟောတာသာရှိတာ၊ မင်္ဂလာကို မပြောသေးဘူး၊ မပြော သေးတော့ လူတွေက ဒိဋ္ဌမင်္ဂလာ- မြင်တာကိုကောင်းတယ်။ သုတမင်္ဂလာ-ကြားတာကို ကောင်းတယ်လို့ အမျိုးမျိုး ပြောနေကြတာ။ ဘာက မင်္ဂလာလို့ သူတို့အဓိပ္ပါယ်မဖွင့်နိုင်ဘူး။ နောက်ဆုံး ဘယ်ရောက်သွားလဲဆိုရင် နတ်ပြည်ကို ရောက်သွားတာ။ နတ်ထဲမှာ အုပ်ချုပ်မှု လူတန်းစားအနေနဲ့ တာဝတိံသာ မှာနေတဲ့ အကြီးဆုံးသိကြားမင်းဆီကို ရောက်သွားတယ်။ သိကြားမင်းက မသိဘူးလေ။ သိကြားမင်းဖြစ်တာက မင်္ဂလာကြောင့်ဖြစ်တာမှ မဟုတ်ဘဲနဲ့၊ သူဟာ မစလရွာမှာ သူများရဲ့ကောင်းကျိုးကိုလုပ်ခဲ့လို့သာ ကုသိုလ်ကံကို သူခံစားရတာလေ။ မင်္ဂလာကိုနားလည်လို့ သိကြားမင်းဖြစ်တာ မဟုတ်ဘူး။ အဲဒါကြောင့် မင်္ဂလာတရားကို မေးတော့ ဘယ်သိမလဲ။ နောက်ဆုံး ဘုရားဆီကို ပြန်ပို့ရတယ်။

သောတ္ထာနံ နာဓိ ဂစ္ဆန္တိ အဋ္ဌတိံသဉ္စ မင်္ဂလံ။ သောတ္ထာနံ နာဓိ ဂစ္ဆာန္တိ- တကယ့်ကို မသိနိုင်ကြဘူးတဲ့။ အဋ္ဌတိံ သဉ္စမင်္ဂလံ- ၃၈ဖြာမင်္ဂလာနဲ့ ပတ်သက်ပြီးတော့ ဘယ်သူမှ မသိကြဘူးတဲ့။

**ဒေသိတံ ဒေဝ ဒေဝေန၊ သဗ္ဗပါပ ဝိနာသနံ၊**

**သဗ္ဗ လောက ဟိတတ္ထာယ မင်္ဂလံ တံ ဘဏာမဟေ။**

ဟေ- သူတော်ကောင်းအပေါင်းတို့၊ ဟေ-ဆိုတာက သူတော်ကောင်းကို ပြောတာ။ သူက အာမေဋိတ် လို့ပြောတာ။ ဟေ - ဆိုတာက သူတော်ကောင်းတို့ ဒေဝ ဒေဝေန-နတ်တကာတို့ထက် မြတ်တဲ့ ဘုရားရှင်ဟာ။ သဗ္ဗပါပ ဝိနာသနံ မကောင်းတဲ့အရာအားလုံးကို ဖျက်ဆီးနိုင်စွမ်းရှိတဲ့။ သို့မဟုတ် ပျက်စီးစေတဲ့ မင်္ဂလံ- မင်္ဂလာတရားတော်၊ ဒေသိတံ-ဟောတော်မူပြီ။ တံ-ထိုမင်္ဂလာတရားတော်ကို ဘဏာမ-ရွတ်ဆိုကြပါကုန်စို့။

ဒါဆိုရင် မင်္ဂလာတရားတော်မှာ ဂုဏ်ထူးတစ်ခုရှိတယ်။ အဲဒါက သဗ္ဗဒါပ ဝိနာသနံ- မကောင်းတဲ့အရာအားလုံးကို ဖျက်ဆီးနိုင်စွမ်းရှိလို့ သူ့ကို မင်္ဂလာခေါ်တာ။ မင်္ဂလာရဲ့အဓိပ္ပါယ်က သဗ္ဗပါပဝိနာသနံ- မကောင်းတဲ့အရာအားလုံးကို ဖျက်ဆီးနိုင်စွမ်းရှိတဲ့အရာသည် မင်္ဂလာပဲ။ ကောလဟလနှင့် ပတ်သက်ပြီး လူတွေရဲ့ ပါးစပ်ဖျားမှာ ဘုရားဖြစ်မယ်ဆိုတဲ့ ကောလဟလက နှစ်ပေါင်း -၁၀၀၀ကြာတာ။ စကြာမင်းဆိုရင် နှစ်-၁၀၀၊ ကမ္ဘာပျက်ခါနီးဆိုရင် ကောလဟလက နှစ် ၁-သိန်း၊ မင်္ဂလာက ၁၂-နှစ် ကြိုဖြစ်ကြတာတဲ့။ ၁၂-နှစ် အတွင်းမှာ ဖြစ်ပျက်နေတဲ့ ကောလဟာလစကား အားလုံးနဲ့ပတ်သက်ပြီး တော့ ဖြေရှင်းဖို့ဆိုပြီး သိကြားမင်းက သူ့ရဲ့အစေတော်ကို လွှတ်လိုက်တာ။ အဲဒီမှာမှ မင်္ဂလာကပေါ်မှာ။

**ဧဝံမေသုတံ၊ ဧကံ သမယံ၊ ဘဂဝါ သာဝတ္ထိယံ**

**ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ**

**အထ ခေါ အညတရာ ဒေဝတာ၊ အဘိက္ကန္တာယ ရတ္တိယာ၊**

**အဘိက္ကန္တဝဏ္ဏာ ကေဝလကပ္ပံ ဇေတဝနံ သြဘာသေတွာ၊**

**ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ၊**

**ဘဂဝန္တံ အဘိဝါဒေတွာ၊ ဧကမန္တံ အဋ္ဌာသိ၊**

အဲဒါကို အရှင်အာနန္ဒာ ပြောပြတာ။ မင်္ဂလာတရားတော်ကို ဟောပြတဲ့နေရာ။

ဧဝံမေသုတံ- တပည့်တော် ဒီလိုကြားခဲ့ရပါတယ်ဘုရားတဲ့။ ဒါက ရှင်အာနန္ဒာက နေပြီးတော့ ရှင်မဟာကဿပကို လျှောက်တဲ့စကား။ ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ- အခါတပါးမှာ ဘုရားရှင်က အနာထပိဏ်လှူထားတဲ့ ဇေတဝန်ကျောင်းမှာ သီတင်းသုံးနေတုန်းကတဲ့။ အထခေါ အညတရာ ဒေဝတာ - အဲဒီအချိန်မှာ မထင်မရှား နတ်တစ်ပါးက။ အဘိက္ကန္တာယ ရတ္တိယာ သာလွန်တဲ့ အရောင်နဲ့။ ဘယ်အချိန်မှာလဲ၊ ရတ္တိယာ- ညအခါမှာ။ မင်္ဂလာတရားတော်ကို မနက်ဟောတာလဲ မဟုတ်ဘူး။ နေ့ဟောတာလဲ မဟုတ်ဘူး၊ ညမှာ။ အဘိက္ကန္တဃ- တကယ့်ကို တောက်ပတဲ့ အရောင်အဆင်းနဲ့၊ ကေဝလကပ္ပံ၊ ဇေတဝနံ၊ ဩဘာသေတွာ- ဇေတဝန်ကျောင်းတော်ကြီးတစ်ခုလုံးကို ထွန်းလင်း တောက်ပစေပြီးတော့တဲ့၊ ယေနဘဂဝါ တေ နုပသင်္ကမိ- ဘုရားရှိတဲ့နေရာကို ကပ်သွားတယ်။ ဒါဆိုရင် ဇေတဝန်ကျောင်းကို ရောက်ခဲ့တဲ့ ပုဂ္ဂိုလ်ဆိုတာ သိတယ်။ အဲဒိနတ်က ဘုရားရှိတဲ့နေရာကို သွားတယ်ဆို ကတည်းက ဘယ်နေရာဆိုတာ ဦးဇင်းတို့ မျက်စိထဲတန်းမြင်ပြီ။ ဘုရားရှင် လောကကို ကြည့်တဲ့ နေရာတစ်ခုရှိတယ်၊ အဲဒီနေရာက စေတီသေးသေးလေး၊ အဲဒီနေ ရာမှာ ဘုရားနေတာမဟုတ်ဘူး။ ဘုရားနေတာက ဦးဇင်းတို့ မင်္ဂလသုတ်တော်ကို ရွတ်ခဲ့တဲ့ ကုဋီချရာနေရာ၊ အဲဒီနေရာကိုသွားတယ်ဆိုတာ ပြောစရာမလိုဘဲ မျက်စိထဲမှာ တန်းမြင်သွားပြီ။ အဲဒါက ဘုရားပွင့်တဲ့နေရာကို သွားဖူးကြတဲ့ သူတွေ ဘုရားရဲ့တရားကိုရွတ်တဲ့ အချိန်မှာ တန်းပြီး ကုသိုလ်ပွားနိုင်တဲ့ အချက်။ ဒါက ဘာဝေတဗ္ဗံ၊ ပွားစရာရှိလို့ ပွားရတာ။

အခုကြည့်လိုက်လေ ယေန ဘဂဝါ တေနုပသင်္ကမိ- ဘုရားရှင်ရှိတဲ့ နေရာကို သူသွားတယ်တဲ့။ ဘယ်နေရာမှာလဲဆိုတာ မသိမှာစိုးလို့ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ၊ သာဝတ္ထိမှာရှိတဲ့ ဇေတဝန်ကျောင်းတော်၊ ဥပသင်္ကာမိတွာ၊

ဘဂဝန္တံ အဘိဝါဒေတွာ- ဘုရားဆီရောက်တဲ့အချိန်မှာ မြတ်စွာဘုရားကို အဘိဝါဒေတွာ- ရှိရိုသေသေရှိခိုးပြီးတော့ ဧကမန္တံ အဋ္ဌာသိ- သင့်တော်တဲ့ နေရာရွေးပြီး နေလိုက်ပါတယ်တဲ့။

**ဧကမန္တံ ဌိတာခေါ သာ ဒေဝတာ**

**ဘဂဝန္တံ ဂါထာယ အဇ္ဈဘာသိ-** နေရာအတိအကျရှိသွားပြီဆိုမှ အဲဒီနတ်က မြတ်စွာဘုရားကို ပါဠိကဗျာနဲ့ လျှောက်ထားပါတယ်။ ဒါဆိုရင် အတုယူစရာ တစ်ခု ရှိတယ်။ ကိုယ်ကလိုချင်ပြီဆို အဲဒီနေရာသွားရပါမယ်။ သွားတဲ့အချိန်မှာ တွေ့တာနဲ့ စကားကို အော်ပြီးမပြောရဘူး၊ အဲဒီနေရာကို ရောက်အောင်သွား၊ နေရာယူ၊ ယူပြီးလို့ အဆင်သင့်ဖြစ်မှ ဧကမန္တံ ဌိတာ ခေါ သာ ဒေဝတာ-နေရာကျသွားပြီဆိုမှ ဘဂဝန္တံဂါထာယ အဇ္ဈဘာသိ- ဘုရားရှင်ကို လျှောက်ထားစရာ စကားများနဲ့ လျှောက်ကြားလိုက်ပါတယ်တဲ့။ အဲဒါက ရှင်အာနန္ဒာ ပြောတဲ့စကား။ နောက်ထပ်လာမှာက မြတ်စွာဘုရားရှင် ကိုယ်တိုင် မင်္ဂလာဆိုတာ ဘာပါလိမ့်ဆိုတာ မေးလာတဲ့စကားကို တိတိကျကျ ပြောပြတဲ့စကား။ မင်္ဂလသုတ်စတင်တယ်ဆိုတော့ မင်္ဂလာလေးကို ပြောပေးသွားရမှာပဲ။

**ဗဟူ ဒေဝါ မနုဿာစ၊ မင်္ဂလာနိ အစိန္တယုံ၊**

**အာကင်္ခမာနာ သောတ္ထာနံ ဗြူဟိ မင်္ဂလမုတ္တမံ။**

ဒါက နတ်သားလျှောက်တဲ့စကား။ ဗဟူဒေဝါ မနုဿာစ၊ လူအများ နတ်များဟာ မင်္ဂလာနိ အစိန္တယုံ- မင်္ဂလာနဲ့ပတ်သက်ပြီး တွေးကြ၊ ကြံကြ ပြောနေကြပါတယ်ဘုရားတဲ့။ အာကင်္ခမာနာ သောတ္ထာနံ ဗြူဟိ မင်္ဂလမုတ္တမံ- အရှင်ဘုရားအနေနဲ့ ယုံမှားမှုကင်းရလောက်အောင် ဖြေကြားပေးပါ အရှင်ဘုရားတဲ့။ ဗြူဟိဆိုတာ ဟောတော်မူပါတဲ့။ မင်္ဂလာ တရားဆိုတာ ဥတ္တမံ- မြတ်တယ်။ တကယ့်ကို မြင့်မြတ်တဲ့ဂုဏ်တွေနဲ့ ပြည့်စုံနေတဲ့ မင်္ဂလာ တရားတော်ကို အရှင်ဘုရားဟောပြပေးပါဘုရားတဲ့။

အဲဒီမှာ ဘုရားရှင်က . .

**အသေဝနာစ ဗာလာနံ၊ ပဏ္ဍိတနဉ္စ သေဝနာ၊**

**ပူဇာစ ပူဇနေယျာနံ ဧတံ မင်္ဂလမုတ္တမံ။**

အသေဝနာစ ဗာလာနံ၊ ဗာလာနံဆိုတဲ့အတိုင်း လောကမှာ လောဘ၊ ဒေါသ၊ မောဟများတဲ့ပုဂ္ဂိုလ်တွေပေါင်းမယ်ဆိုရင်တော့ မှားမှာစိုးလို့ အသေဝနာ အဲဒီပုဂ္ဂိုလ်တွေကို မပေါင်းနဲ့တဲ့။ ဒုတ်ကိုင် ဓားကိုင်တဲ့ လူမိုက်တွေကို ပြောတာ မဟုတ်ဘူး။ အဲဒါက အစကတည်းက ပါပြီးသား။ ရာဇဝေါဝ်ါ စောရဝေါဝ်ါ၊ အဲဒါက ရှောင်ပြီးသား။ ဘာမှပြောစရာမလိုတော့ ဘူး။ အသေဝနာစဗာလာနံ၊ လူမိုက်ကို ရှောင်စရာမလိုဘူးရယ်။ ဘာကို ရှောင်ရမှာလဲ၊ **ဗာလဆိုတဲ့အတိုင်း ကုသိုလ်စကားထက် အကုသိုလ် စကားအပြောများတဲ့ပုဂ္ဂိုလ်၊ ကုသိုလ်တရားထက် အကုသိုလ်တရားကို အပြောများတဲ့ ပုဂ္ဂိုလ်ဟာ ဗာလကိုး။** အသေဝနာ အဲဒီလူကို မပေါင်းနဲ့။ ဒုတ်ကိုင် ဓားကိုင်ထားတဲ့ သူနဲ့ပေါင်းရင် တစ်ဘဝပဲ သေမှာ။ အကုသိုလ်ဒုတ်၊ အကုသိုလ်ဓားကို ကိုင်ထားတဲ့ပုဂ္ဂိုလ်ကို သွားပေါင်းရင် တစ်သံသရာသေမှာ။ အဲဒါကြောင့် အဲဒီ ပုဂ္ဂိုလ်ကို မပေါင်းနဲ့ကွ။ အဲဒါ ဧတံမင်္ဂလမုတ္တမံ- အဲဒါလည်း မင်္ဂလာတစ်ခု။ ဘာကြောင့်လဲ ဘုရားရှင်ပြောတာ မင်္ဂလာ ဘာကြောင့်ပြောနေ တာလဲ၊ သဗ္ဗပါပ ဝိနာသနံ မကောင်းတဲ့ အရာအားလုံးကို ပယ်နိုင်စွမ်းရှိလို့။ ဟုတ်မဟုတ် ကြည့်လေ။ ဗာလကို ဦးဇင်းတို့ ငယ်ငယ်က ရခဲ့ဖူးပါတယ်။

လူမိုက်ကိုကွယ် ရှောင်သွေလွဲလို့ မမှီဝဲနဲ့ ကင်းအောင်နေဆိုတာပေါ့။ လူမိုက်ဆိုတာ ဦးဇင်းတို့ နားလည်ခဲ့တာ ဒီလိုမျိုးမဟုတ်ဘူးရယ်။ ဘယ်လိုနား လည်ခဲ့တာလဲ၊ ဒုတ်ကိုင်၊ ဓားကိုင် အဲဒီမှာ ဘယ်မှာသွားပါခဲ့တာလဲ။

**ရာဇဝေါဝ်ါ၊ စောရဝေါဝ်ါ၊ မနုဿဝေါဝ်ါ၊**

မနုဿဆိုတာ ဘာကိုပြောတာလဲ။ လူဆိုးကို ပြောတာ။ အဲဒါ မင်္ဂလာမှာ ထည့်ပြောစရာမလိုတော့ဘူး၊ ပယ်ပြီးသား၊ ဘယ်သူ့ကို ပယ်ရမှာလဲ၊ ဒုတ်မကိုင် ဓားမကိုင်ဘဲ မိုက်တဲ့ပုဂ္ဂိုလ်တွေ သူ့ကို မင်္ဂလာတရားတော်နဲ့

ပယ်ဖို့ပြောတာ။ ဘာကြောင့်လဲ မိဘနဲ့ပတ်သက်ပြီး ဦးဇင်းတို့ ကြည့်ကြည့်လိုက်။ လောဘ ဒေါသမောဟများနေတဲ့ မိဘတွေ မင်္ဂလာမထိုက်ဘူး။ ဘာကြောင့်လဲ သဗ္ဗပါပဝိနာသနံ ဆိုတဲ့ စကားနဲ့ဆန့်ကျင်ပြီး သူတို့သည် မကောင်းမှုအားလုံးကို ပယ်ပြီး နိဗ္ဗာန်ကို ရောက်စေမှာလည်း မဟုတ်ဘူး။

ပြီးတော့ အပါယ်ကလွတ်စေမှာလဲ မဟုတ်ဘူး။ သားရေစီးပွားရေးနှင့် ပတ်သက်ပြီး လုပ်သာလုပ်၊ မလုပ်ရင် မင်းတို့ အောက်တန်းကျမှာပေါ့ကွ အဲဒီ စကားကို ပြောပြီဆိုရင် လောကစကားခေါ်တယ်။ အဲဒါဘာလဲ၊ သဗ္ဗပါပဝိနာ သနံ မဟုတ်ဘူး။ မကောင်းတဲ့အရာကို ဖိတ်ခေါ်ခြင်းပဲ။ ဒါဆိုရင် စီးပွားရေး ကြီးပွားရေး မပြောရတော့ဘူးလား၊ ပြောရတယ်။ လောကီ လောကုတ်နှစ်ခု ပုံစံနှစ်မျိုးပြောရတယ်။ မိဘပြောရမှာက စီးပွားရေးဟာ မင်းရဲ့ဘဝမှာ အသုံးအဆောင် တစ်ခုပဲဖြစ်ပါစေ၊ ဘဝကို ပျက်စီးလောက်အောင် မင်းရှာစရာမလိုဘူး၊ ဘာကြောင့်လဲဆိုတော့ ဘဝဆိုတာ တိုတိုလေးမဟုတ်ဘူး ကွ။ ဘဝဆိုတာ အရှည်ကြီးမို့လို့ မင်းသေပြီးရင် မင်းဘာဖြစ်မလဲ မင်းသိဖို့ ကောင်းတယ်။ အဲဒါ **သဗ္ဗပါပ ဝိနာ သနံ - မကောင်းတဲ့ အကုသိုလ်ကို ပယ်နိုင်တာ။** အဲလိုမဟုတ်ရင် လောဘ ဒေါသမောဟနဲ့ သေမယ်ဆိုရင် သူလည်းပဲ အပါယ်ကျ၊ ကိုယ်လည်း အပါယ်ကျ ဆိုရင် ဗာလပဲဖြစ်နေမှာ ပေါ့တဲ့။ အဲဒါ မင်္ဂလသုတ်မှာ အားသာချက်တစ်ခုပဲ၊ ဒါကို သိကိုသိရတယ်။ ဒါ့ကြောင့် ကိုယ်ရဲ့ပတ်ဝန်းကျင်နဲ့ ကိုယ့်ရဲ့အပေါင်းအသင်း၊ ကိုယ့်ရဲ့မိတ်ဆွေ၊ ကိုယ့်ရဲ့ သူငယ်ချင်း၊ ကိုယ်ပိုင်တယ်လို့ပြောတဲ့ ယောက်ျား၊ ကိုယ့်ရဲ့မိန်းမ၊ အဲဒီပုဂ္ဂိုလ် အားလုံးသည် အချိန်မရွေး ဗာလဖြစ်သွားနိုင်တယ်။ ဒါဆိုရင် အသေဝန အဲဒီလိုပုဂ္ဂိုလ်မျိုး ကြာရှည်မပေါင်းနဲ့။ ပေါင်းမယ်ဆိုရင် ကိုယ်ပေါင်းစိတ်ခွာ၊ စိတ်က အကုသိုလ်စိတ်ရှိတယ်။ ကိုယ်က အကုသိုလ်ကိုယ် မရှိဘူးရယ်။ အကုသိုလ်စိတ်ကြောင့်ရလာတဲ့ ကိုယ်ကို အပါယ်လေးဘုံသားလို့ ပြောတယ် လေ။ ဒါပေမယ့် လူသားထဲမှာ အကုသိုလ်ကိုယ်ဆိုတာမရှိဘူး။ ကုသိုလ်ကိုယ်ပဲ ရှိ တယ်။ ဒါပေမယ့် ဘာစိတ်ရှိလဲ၊ အကုသိုလ်စိတ်တော့ရှိတယ်။ အဲဒီပုဂ္ဂိုလ်နဲ့

ဆိုရင် ကိုယ်ပဲပေါင်းပါ၊ စိတ်ကိုခွာထားလိုက်ပါ။ အဲဒါ အသေဝနာတဲ့။ မပေါင်းနဲ့၊ ဘာကြောင့်လဲ၊ မကောင်းတဲ့အရာတွေ ကိုယ့်ဆီရောက်လာမှာစိုးလို့။ ဒါကြောင့် ဘဝရှင်သန်တာ တခဏရှင်သန်တာ မဟုတ်ပါဘူး။ တစ်သံသရာရှင်သန်ဖို့ အတွက် မကောင်းတဲ့အရာကိုဖျက်ဆီးပြီး ရှေ့ကို ဆက်လျှောက်မယ်ဆိုရင် ဦးဇင်းတို့ ကောင်းတာနဲ့ ရှိနေဖို့လိုတယ်။ အဲဒါက မင်္ဂလာပဲကွတဲ့ ဘုရားရှင်က တစ်လုံးချင်း ရှင်းပြသွားတာပေါ့။

**ပဏ္ဍိတာနဉ္စ သေဝနာ၊ ပဏ္ဍိတဆိုတဲ့နေရာမှာ လောကက သတ်မှတ်ထားတဲ့ လောကီပညာတတ်တဲ့ ပုဂ္ဂိုလ်မဟုတ်ဘူးရယ်၊ ခုနက ဗာလကို ဆန့်ကျင်လိုက်ရင် ပဏ္ဍိတဖြစ်ပြီပေါ့။ မကောင်းတာကို လမ်းပြနေတဲ့ပုဂ္ဂိုလ်သည် ဗာလဆိုရင် ကောင်းတာကိုလမ်းပြတဲ့ပုဂ္ဂိုလ်သည် ပဏ္ဍိတပေါ့။** ပဏ္ဍိတက လူတိုင်း ဖြစ်ခွင့်ရှိပါတယ်၊ ကိုယ့်နားမှာ နေတဲ့ ပုဂ္ဂိုလ်မှမဟုတ်ဘူး၊ အဲဒီမကောင်းတဲ့အရာတွေဟာ မကောင်းတဲ့ပုဂ္ဂိုလ်ဖြစ်စေတဲ့အတွက် မကောင်းတာကို မလုပ်ကြဖို့ ပြောနေတဲ့အသံများ ကြားကောင်း ကြားပါလိမ့်မယ်။ ဒါကြောင့် မြင်ဆရာ၊ ကြားဆရာဆိုတာ ဗုဒ္ဓဝါဒမှာ နေရာတိုင်း မှာရှိနေလိမ့်မယ်။ ယူတတ်ဖို့ပဲ လိုတာ၊ သူပေးတဲ့စကားတစ်ခု ကိုယ့်ရဲ့နားထဲမှာ ရောက်သွားတဲ့အချိန်မှာ ပြောင်းလဲဖို့ ကြိုးစားရင် ကိုယ်လည်းပညာရှိ သူလည်း ပညာရှိ ဒါကြောင့် အဲဒီပုဂ္ဂိုလ်မျိုးကို သေဝန ပေါင်းထားလိုက်ပါ။ ဘယ်လောက် ပဲ ဝေးနေပါစေ အဲဒီပုဂ္ဂိုလ်ကျတော့ စိတ်ပေါင်းကိုယ်ကွာ၊ တခါတလေကျရင် ကိုယ်ကပေါင်းလို့မရဘူးရယ်။ သူက တစ်နေရာ၊ ကိုယ်ကတစ်နေရာ နေရတာမျိုး ရှိတယ်။ သူကတစ်အိမ်၊ ကိုယ်က တစ်အိမ် နေတာမျိုးရှိတယ်။ အဲဒီလိုပုဂ္ဂိုလ် မျိုးဆိုရင် စိတ်အမြဲတမ်း ပေါင်းထားရတယ်တဲ့။ ဘယ်လောက်ပဲဝေးနေနေ စိတ်ပေါင်းနေတဲ့အတွက် ဘာပဲလုပ် လိုက်လုပ်လိုက် တစ်နေရာထဲမှာ စုမိတယ်။ စုမိပြီဆိုရင် ကုသိုလ်တူတူလုပ် ဖြစ်တာပေါ့။ တစ်ယောက်တည်းလုပ်နိုင်တဲ့ကိစ္စ မဟုတ်ဘူးဆိုရင် ဘယ်လိုလုပ်မလဲ။ ဒါကြောင့်မို့ သေဝန ပေါင်းထားလိုက်ပါ။ ခုနက အသေဝန မပေါင်းနဲ့။ ဒါဆိုရင် အဘိဓမ္မာသင်ထားတဲ့ပုဂ္ဂိုလ်တွေဆိုရင်

အကျယ်တဝင့် နားလည်လောက်ရောပေါ့။

**ပူဇာစ ပူဇနေယျာနံ** - ပူဇော်သင့် ပူဇော်ထိုက်တဲ့ပုဂ္ဂိုလ်ကို ပူဇော်ခြင်းဟာလည်း မင်္ဂလာတစ်ပါးပဲ။ ပဏ္ဍိတ ကောင်းတဲ့ အရာကို ကိုယ့်အတွက် သင်ပေးတဲ့ပုဂ္ဂိုလ်ဟာ ပူဇာစ ပူဇနေယျပဲ။ ပူဇော်သင့် ပူဇော်ထိုက်တယ်။ ကိုယ့်မှာ ရလာတဲ့ပစ္စည်းတစ်ခုကို လှူဒါန်းပေးကမ်းခြင်းဟာ ကိုယ့်မှာ မာနမရှိဘူးလို့ ပြရာရောက်သလို ကိုယ့်မှာ လောဘမရှိဘူးလို့ ပြရာလည်း ရောက်တယ်။ ရှေ့ဆုံးက စကားလုံးကို ပြန်ကြည့်လိုက်၊ လောဘ ဒေါသ မောဟကို ကောက်လိုက်ပြီဆိုလျှင် အဲဒီပုဂ္ဂိုလ်ဟာ ဗာလဖြစ်လို့ ပေါင်းလို့ မရတော့ဘူး။ လောဘ ဒေါသမောဟကင်းတာနဲ့ အဲဒီပုဂ္ဂိုလ်ဟာ ပဏ္ဍိတ၊ အဲဒီပုဂ္ဂိုလ်ဟာ ပေါင်းလို့ရလာတယ်။ ပေါင်းလို့ရပြီဆိုရင် ပူဇာစ ပူဇော်ရမယ်။ အဲဒီ၃-လုံးက တန်းစီနေတာနော်။ ဘာကြောင့်ပူဇော်သင့်တာလဲ။ ငါ့ရဲ့လောကီစည်းစိမ် သက်သက်ကို လုပ်ပေးလို့ ပူဇော်သင့်တာလား (သို့မဟုတ်) ပါမစ်ရအောင်လုပ်ပေးလို့ ပူဇော်ရတာလား၊ မဟုတ်ဘူးရယ်။ ပဏ္ဍိတ ဖြစ်နေလို့ကို ပူဇော်သင့်တာ။ ငါ့အမေမို့လို့ ငါ့အဖေမို့လို့ မဟုတ်ဘူး။ ဒါကြောင့်မို့ ကောင်းတဲ့ အရာနဲ့ပတ်သက်ပြီး သင်ပေးတဲ့ ပြပေးတဲ့ စွမ်းဆောင်ပေးတဲ့ အဲဒီပုဂ္ဂိုလ်သည် ပူဇော်ထိုက်တယ်။ ကိုယ်က အဲလိုမျိုး မာနကိုလျှော့၊ ဒေါသကို လျှော့၊ လောဘကိုလျှော့ပြီး သူ့ကိုပူဇော်ပေးတဲ့အတွက် ကိုယ့်ကို သူက အမြဲတမ်း အကြံပေးနေမှာပေါ့။ အဲဒါကြောင့် ဒါက မင်္ဂလာပဲ။ ဘာကြောင့်လဲ၊ အဲဒီပုဂ္ဂိုလ်က မကောင်းတာအားလုံး သူပြောလိမ့်မယ်နော်။ ဟေ့ သူငယ်ချင်း၊ ဟေ့ မိတ်ဆွေ၊ ဒါတွေက မကောင်းဘူး၊ ဒီဘဝတင်မဟုတ်ဘူး၊ သံသရာထိပါ မကောင်းတဲ့အရာမို့လို့ ဒါမျိုးဟာ မလုပ်သင့်ဘူး။ ဘာကြောင့်လဲ၊ ပူဇော်ခဲ့လို့။ ဒါ မင်္ဂလာတရားတော်ပဲ။

အဲဒါကို လေ့လာ၊ လိုက်နာ၊ ကျင့်သုံးခဲ့မယ်ဆိုရင် လောကမှာ မကောင်းတဲ့အရာ မတွေ့နိုင်သလို လောကက ထွက်သွားဖို့ ကြိုးစားမယ်ဆိုရင်လည်း မကောင်းတဲ့အရာဆိုတာ တွေ့မှာမဟုတ်ပါဘူး။ ဒါကြောင့်မို့ တရား

ချစ်ခင်သူတော်စင်များအနေနဲ့ ဘုရားရှင်ဟောကြားခဲ့တဲ့ ၃၈-ပါးသော မင်္ဂလာထဲက ဒီနေ့သင်ပြီးသွားတာ ၃-ခုတည်းပါ။ မကောင်းတဲ့ပုဂ္ဂိုလ် မပေါင်းပါနဲ့။ ကောင်းတဲ့ပုဂ္ဂိုလ် ပေါင်းပါ။ ကောင်းတဲ့ပုဂ္ဂိုလ်ကို ပူဇော်ဖို့ မမေ့ပါနဲ့တဲ့။ အဲဒီမှာ မကောင်းဘူးဆိုတဲ့ စကားတစ်ခွန်းကို ပြောလိုက်တဲ့နေရာမှာ အဘိဓမ္မာနဲ့ ပြန်ကြည့်မယ်ဆိုရင် အကုသိုလ်၊ လောဘ၊ ဒေါသ၊ မောဟစကားပဲ ပြောနေမယ်ဆိုရင် အဲဒီပုဂ္ဂိုလ်နားမှာ ကြာကြာမနေပါနဲ့၊ လောဘ ဒေါသမောဟ ကူးစက်သွားရင် မတော်တဲ့အရာတွေ ကိုယ့်ဆီကို ရောက်လာမှာစိုးလို့။ ကောင်းတဲ့စကားကိုပြောပြီးတော့ ကုသိုလ်နဲ့ပတ်သက်ပြီး အလောဘ လှူဒါန်းပေးကမ်းဖို့၊ အဒေါသ မေတ္တာထားပြီး ခွင့်လွှတ်နားလည်ပေးဖို့၊ အမောဟ ကုသိုလ်ကို လုပ်ရင်းနဲ့နိဗ္ဗာန်ထိရောက်အောင် ကြိုးစားဖို့ ပြောနေတဲ့ပုဂ္ဂိုလ်တွေကို ကြုံခဲ့မယ်ဆိုရင် သေဝန- မခွာပါနဲ့။ အမြဲတမ်း ခေါင်းထဲထည့်ထားလိုက်ပါတဲ့။ အဲဒါကိုက ပူဇော်ခြင်းတစ်ခုပါပဲတဲ့။ သူက ကိုယ့်ကို ကောင်းတာနဲ့ပြောတာဆိုရင် အဲဒီကောင်းတဲ့တရားတွေ ကိုယ့်ရဲ့ခေါင်းထဲမှာ အမြဲထည့်ထားပြီး ကျင့်သုံးခဲ့မယ်ဆိုရင် သူ့ကို ပူဇော်ခြင်းတစ်မျိုးပါပဲတဲ့။ ဒါကြောင့် တရားချစ်ခင် သူတော်စင်များ မကောင်းတဲ့အကုသိုလ်တွေနဲ့ မပေါင်းမိပါစေနဲ့၊ ကောင်းတဲ့ကုသိုလ်များကို ခေါင်းထဲမှာပေါင်းထားပြီးတော့ အမြဲတမ်း ဗုဒ္ဓရဲ့တရားတော်ကို ပူဇော်နေမယ်ဆိုရင် မကောင်းသူရှောင်၊ ကောင်းသူဆောင်၊ ကောင်းတဲ့ဓမ္မကို ပူဇော်ပြီး နိဗ္ဗာန်ကို အမြန်ရောက်အောင် အားထုတ်နိုင်ကြပါစေသတည်း။

သာဓု . . . သာဓု . . . သာဓုပါဘုရား။

ယခုလက်ရှိသင်နေတာက မင်္ဂလသုတ်ဆိုတော့ အရမ်းကာရော သွားပြီး ပြောရမဲ့သုတ်တော့မဟုတ်ဘူး။ သူက ကိုယ်ကျင့်တရားပိုင်းဆိုင်ရာကို ပြပေးတဲ့နေရာမှာ နတ်ပြည်ရော၊ နိဗ္ဗာန်ကိုပါ ရောက်စေနိုင်တာမို့ အနည်းဆုံး နတ်ပြည်ကတော့ ကျန်ရမှာပေါ့နော်။ အဲဒါကြောင့် ကျော်ပြီးသွားလို့မရဘူး။ အဲဒီမှာ သိသင့်သိထိုက်တာအားလုံးကို ပြောပေးဖို့က မင်္ဂလသုတ်ရဲ့ဂုဏ်တော် တစ်ခုပဲ။ မင်္ဂလသုတ်ဆိုတာ ကိုယ်ကျင့်တရားကို ဖော်ပြပေးတဲ့ သုတ်-၁သုတ်။

သူက ရွတ်နေရုံနဲ့ အဆင်ပြေတဲ့သုတ် မဟုတ်ဘူး။ ရတနသုတ်ဆိုရင်တော့ ဟုတ်တာပေါ့။ ရတနသုတ်ဆိုတာ ရွတ်ရတာ။ ခန္ဓသုတ်၊ မောရသုတ်တို့ဆိုတာ ရွတ်ရတာ။ ဒါပေမဲ့ မင်္ဂသုတ်ဟာ အဲဒီလိုမျိုး မဟုတ်ဘူး။ နားလည်အောင် လုပ်ရတယ်။ ပြီးရင် ကျင့်ရတယ်။ အဲဒါဆိုတော့ အချိန်တော့ နဲနဲကြာမှာပေါ့လေ။ ဦးဇင်းတို့ ပညာပါရမီကျောင်းရဲ့ထုံးစံကိုက အသိကိုဖြည့်ပေးတဲ့အရာ။ ကိုယ့်ဖာသာ ကိုယ့်အိမ်မှာ တရားထိုင်လည်း ရတာပဲ။ လုပ်ချင်တဲ့ဆန္ဒရှိရင်ပေါ့။ ဒါပေမဲ့ မင်္ဂလာတရားတော်ကို အိမ်မှာလာဟောဖို့ကတော့ မလွယ်တာအမှန်ပဲ။ ဒါကြောင့်မို့ မင်္ဂလသုတ်က ကြာကောင်းလည်းကြာမယ်။ ရတနသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်က မကြာဘူး။ ဒါတွေက ကျင့်ရမယ့်သုတ် မဟုတ်ဘူး၊ လေ့လာရမယ့် သုတ်။ ဦးဇင်းတို့ ပြီးခဲ့တဲ့အပတ်က ပြောခဲ့ပြီးပါပြီ။ အသေဝနာစ ဗာလာနံဆိုတာ ကာယကံ၊ ဝစီကံ၊ မနောကံတွေနဲ့ပတ်သက်ပြီး တော့ အကုသိုလ်တွေကိုပဲ ဖြစ်စေမယ့်ပုဂ္ဂိုလ်ဟာ ဗာလ။ အဲဒီပုဂ္ဂိုလ်ကိုပေါင်းလို့ ဘာအကျိုးမှမရနိုင်ဘူး။ ဘာကြောင့်လဲဆိုတော့ မင်္ဂလာဆိုတဲ့ တရားတော်ရဲ့ ထုံးစံကိုက မကောင်းတာကိုပယ်ပြီး ကောင်းတာရောက်လာမှ အနည်းဆုံး နတ်ပြည်ကိုရောက်မှာပေါ့။ ဒါ မင်္ဂလာရဲ့ဂုဏ်တော်ပဲ။

ပြီးတော့ ပဏ္ဍိတာနဉ္စ သေဝနာ၊ ပဏ္ဍိတဆိုတာ ကာယကံ ဝစီကံ မနောကံနဲ့ ပတ်သက်ပြီး ကောင်းတာကို ပြောဆိုဆက်ဆံနေတဲ့ပုဂ္ဂိုလ်များ၊ ကောင်းတာကိုပြော ကောင်းတာကိုကျင့် ကောင်းတာကိုလုပ်တဲ့ပုဂ္ဂိုလ်များ

ပေါ့နော်။ ဒါကြောင့်မို့ ဆရာတော့် ဆရာတော်များအပါအဝင် ပညာရှိသူတော်ကောင်းများ ပြောလေ့ရှိတယ်။ သူ့ဖာသာသူ ရာထူးတွေကြီးပါစေ ပစ္စည်းဥစ္စာရှိတဲ့ပုဂ္ဂိုလ်များဖြစ်ပါစေ၊ ဘယ်လိုပုဂ္ဂိုလ်မျိုးပဲဖြစ်နေပါစေ ကာယကံလည်း ကြမ်းနေမယ်၊ ဝစီကံလည်း ကြမ်းနေမယ်၊ မနောကံလည်း ကြမ်းနေမယ်၊ တစ်နည်းအားဖြင့် အကုသိုလ်တွေပဲဖြစ်စေမယ်ဆိုရင် အဲဒါဟာ ဗာလတဲ့။ အဲဒါရဲ့ ပြောင်းပြန်ဆိုရင် ပဏ္ဍိတပေါ့။ ဒါကြောင့်မို့ ပူဇာစ ပူဇနေယျာနံ - ပူဇော်သင့် ပူဇော်ထိုက်တဲ့ ဆိုတာနဲ့ပတ်သက်ပြီး သူ့မှာ ဂုဏ်ရှိတာမျိုးပေါ့။ ဘုရားရှင်နဲ့ပတ်သက်ပြီး ပူဇော်တာ၊ အဲဒါ အမြင့်ဆုံး။ ပြီးတော့ ရဟန်းသံဃာနဲ့ပတ်သက်ပြီး ပူဇော်တာ၊ ဒါက ဒုတိယ။ ပြီးတော့ လူထဲမှာ ကိုယ့်ရဲ့ မိဘနဲ့ပတ်သက်ပြီး ပူဇော်တာ၊ ပူဇော်တယ်ဆိုတာ ကိုယ့်ရဲ့မာန်မာနကိုချ လိုက်တာ။ ဒါဆိုရင် အောက်ဆုံးကနေ ချပြရတာပေ့ါ၊ လူလူချင်း ပူဇော်စရာလိုလို့လား၊ မေးစရာဖြစ်လာတယ်။ ပူဇော်တယ်ဆိုတဲ့နေရာမှာ မာန်မာနကိုချခြင်းလို့ အဓိပ္ပါယ်ရပါတယ်။ ကိုယ့်မှာ မာနရှိနေတယ်ဆိုရင် ပူဇော်ခွင့် မရှိတော့ဘူး။ အဲဒီပုဂ္ဂိုလ်တစ်ယောက် တရားလည်း မရနိုင်တော့ဘူး။ ဗုဒ္ဓဝါဒရဲ့ ရည်မှန်းချက်ပန်းတိုင်သည် တရားအားထုတ်ပြီးတော့ နိဗ္ဗာန်ရောက်ဖို့။ တရားအားထုတ်ပြီးတော့ ဗြဟ္မာ့ပြည်ရောက်ဖို့ မဟုတ်ဘူးနော်။ အဲဒါကိုတော့ လုံးဝအတွေးမလွဲစေနဲ့။ ဘုရားမပွင့်လည်းပဲ ဗြဟ္မာ့ပြည်ကို ရောက်နိုင်တယ်။ ဘာကြောင့်လဲဆိုတော့ သမာဓိတရားက ဘုရားပွင့်ပွင့် မပွင့်ပွင့် ရှိနေတာမျိုး၊ ဒါကြောင့်မို့ ပူဇာစ ပူဇနေယျာနံဆိုတဲ့နေရာမှာ ဂုဏ်ကြီးသူများဆိုတာ ကိုယ့်ပေါ်မှာ ကျေးဇူးရှိတဲ့ပုဂ္ဂိုလ်တွေလည်း ဂုဏ်ကြီးတာပေ့ါ။ ဂုဏ်ကိုကြည့်မယ်ဆိုရင် ဂုဏဝုဍ္ဍ်၊ ဝယဝုဍ္ဍ်ဆိုပြီး ၂-မျိုးရှိတယ်။ ဂုဏဝုဍ္ဍ်ဆိုတာ သီလ သမာဓိ ပညာနဲ့ ပြည့်စုံနေတဲ့ပုဂ္ဂိုလ်တွေက ဂုဏ်အားဖြင့်ကြီးသူ၊ ဝယဝုဍ္ဍ်ဆိုတာ အသက်အရွယ်အားဖြင့် ကြီးရင့်သူ၊ အဲဒီပုဂ္ဂိုလ်နဲ့ပါတ်သက်ပြီး အားလုံးသည် ကိုယ့်အပေါ်မှာ ကျေးဇူးရှိမယ်ဆိုရင် ပူဇာစ- ပူဇော်လိုက်ပါ။

ပြောမှာပေါ့၊ တပည့်တော် ဘာနဲ့ပူဇော်ရမှာလဲ၊ ပေးစရာမရှိရင် မာနချပြီး ကူလိုက်ပေါ့။ ဒါက အောက်ထစ်ဆုံး၊ ကိုယ့်ရဲ့ဆွေမျိုးတွေရှိမယ်၊ ကိုယ့်ရဲ့အသိုင်းအဝိုင်းရှိမယ်၊ ကိုယ့်ရဲ့ပတ်ဝန်းကျင်ရှိမယ်။ အဲဒီထဲမှာ အသက်ကြီးတဲ့ပုဂ္ဂိုလ်တွေဆိုရင် မာနချပြီးပူဇော်လိုက်၊ ကိုယ်နဲ့တန်းတူဆိုရင်လည်း ပုခုံးမတိုက်နဲ့၊ ကိုယ့်အောက်ဆိုရင်လည်း ကရုဏာထားပြီး ကူလိုက်။ အဲဒါ ပူဇာစ ပူဇနေယျာနံ၊ ဒါက အောက်ထစ်ဆုံး၊ ပြီးတော့ ရဟန်းသံဃာနဲ့ပတ်သက်ပြီး ပူဇော်တယ်ဆိုတာက ဗုဒ္ဓဘာသာဝင်တွေအားလုံး သိပြီးသားပါ။ ဘုန်းကြီးလာပြီဆိုရင် ရှိရှိသေသေရှိခိုးကြတယ်။ ရှိခိုးနည်းကတော့ ရှိပြီးသားလေ။ ခြေ လက် နဖူး တတောင်ဒူး ၅-ဦးကြမ်းမှာတည် ဆိုပြီးတော့ အဲဒါတွေနဲ့ ရှိခိုးတယ်။ ဒါပေမယ့် ဘုရားရှင်ကို ပူဇော်တယ်ဆိုတာ ဘုရားရှင်မိန့်တာတော့ သတိထား။ ပန်းတွေ၊ နံ့သာတွေနဲ့ ပူဇော်တာဟာ ဘုရားရှင်ကိုပူဇော်ရာ မရောက်ဘူးတဲ့။ ဘုရားရှင်ပရိနိဗ္ဗာန်မစံခင် ၄-လလောက်အလိုမှာ ရဟန်း ၃-ပါး တိုင်ပင်ကြတယ်။ အတ္တဒတ္တဆိုတဲ့ ရဟန်းရယ်၊ တိဿဆိုတဲ့ ရဟန်းရယ်၊ ဓမ္မာရာမဆိုတဲ့ ရဟန်းရယ်၊ အဲဒီရဟန်း ၃-ပါးက ဘုရားရှင်ကို ငါတို့ ပူဇော်ရအောင်။ လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ခဲ့တဲ့ ဘုရားရှင်ကို ပူဇော်တဲ့နေရာမှာ သူများမပူဇော်တဲ့အရာနဲ့ပူဇော်မှသာ ပူဇော်ရာရောက်မယ်။ ငါတို့ ရဟန္တာ မဖြစ်မချင်း တရားအားထုတ်မယ်။ အဲဒါက ဘုရားကိုပူဇော်တဲ့နေရာမှာ အမြင့်ဆုံးသော ပူဇော်မှုပဲတဲ့။ အဲဒါနဲ့ ပုထုဇဉ်အပါအဝင်ပေါ့လေ။ အားလုံးသော ပုဂ္ဂိုလ်တွေပေါ့ လူရော၊ ဘုန်းကြီးရောပါ ဘုရားရှင် ပရိနိဗ္ဗာန်စံရင် ဘုရားရှင်ကို ပူဇော်ဖို့ စီမံနေလိုက်ကြတာ အဲဒီထဲမှာမှ အဲဒီရဟန်း ၃-ပါး မပါဘူး။ မပါတော့ ဘုရားရှင်ကို သွားလျှောက်တယ်။ အရှင်ဘုရားတဲ့ အရှင်ဘုရားလိုပုဂ္ဂိုလ်ကြီးကိုတောင်မှ ဂရုမစိုက်ဘဲနဲ့၊ မလာဘဲနဲ့နေတဲ့ ရဟန်းတွေလည်း ရှိနေပါတယ်တဲ့။ ကဲ ပြောစမ်းပါအုံး ဘယ်သူတွေလဲတဲ့၊ ခေါ်လိုက်စမ်းတဲ့၊ အဲဒါနဲ့ ရဟန်း ၃-ပါးလည်း ရောက်လာရော မြတ်စွာဘုရားက ကိုင်း အတ္တဒတ္တ တိဿ ဓမ္မာရာမ သူတို့ကတော့ ဒီလိုပြောတယ်ကွ၊ ပန်းတွေနဲ့ ဘာတွေနဲ့ ငါဘုရား ပရိနိဗ္ဗာန်စံတဲ့အချိန်မှာ

ပူဇော်ဖို့လုပ်တယ်။ မင်းတို့ ဘာလို့မပါဝင်တာလဲ။ အရှင်ဘုရားတဲ့ ဘုရားတစ်ဆူ တစ်ဆူပွင့်ပြီး ပူဇော်ဖို့ဆိုတာ လွယ်ကူတဲ့ကိစ္စတော့ မဟုတ်ဘူးတဲ့။ မလွယ်တဲ့ ကိစ္စတစ်ခုကို လွယ်လွယ်ကူကူ မရနိုင်တဲ့ကိစ္စတစ်ခုနဲ့ ပူဇော်မှသာ ပူဇော်ရာ ရောက်တယ်ဆိုတာ ခံယူတာမို့ ရဟန္တာမဖြစ်ရင် မပူဇော်ဘူး၊ ရဟန္တာ ဖြစ်ပြီးမှ တရားနဲ့ပူဇော်ချင်လို့ တပည့်တော်တို့ တရားအားထုတ်နေလို့ အရှင်ဘုရားဆီကို မရောက်တာပါဘုရားတဲ့။ အဲဒါနဲ့ ဘုရားရှင်က သာခု ၃-ကြိမ် ခေါ်ပါတယ်။ ပြီးတော့ ပုထုဇဉ်အပါအဝင် လူသားအပါအဝင်အားလုံးကို ငါဘုရားကို ပူဇော် ချင်ရင် နံ့သာတွေ ပန်းတွေနဲ့ပူဇော်နေတာ ဘာမှမထူးဘူး။ တရားနဲ့ပူဇော်တာ အမြင့်ဆုံးတဲ့။

ဒါဆိုရင် ပြောစရာတစ်ခု ဖြစ်လာပြန်ရော၊ ဘုရားကို ပန်းလှူတဲ့အချိန် မှာ ဘယ်လိုလုပ်မလဲ၊ မှန်တာပေါ့။ နောက်ဆုံးပန်းတိုင်ကို ကြည့်ပြီးပြောမယ် ဆိုရင် အမြင့်ဆုံးပူဇော်ခြင်းသည် အရဟတ္တမဂ် အရဟတ္တဖိုလ်နဲ့ ပူဇော်ခြင်း၊ ဒါပေမယ့် ချက်ချင်းမရနိုင်တဲ့အတွက် နေ့တိုင်းပူဇော်တဲ့အခါမှာ ဆီမီးနဲ့ ပူဇော်မယ်၊ ပြီးရင် ပန်းနဲ့ ပူဇော်မယ်တဲ့။ ဒါမျိုးကတော့ရှိမယ်၊ ခုနက နောက်ဆုံး သေခါနီးမှာ မိဘတွေမှာမယ်ဆိုရင် အမြင့်ဆုံးစကားကို ပြောလေ့ရှိတယ်။ အကျိုးမဲ့စကားကို ပြောဖို့ဆိုတာ အချိန်မရှိတဲ့အတွက် ဘုရားရှင်က အရဟတ္တမဂ် အရဟတ္တဖိုလ်နဲ့ ပူဇော်ကြောင်းကို ပြောသွားတာ။ ဒါကြောင့်မို့ လူသားများဟာ ပူဇော်စရာအများကြီးရှိတယ်။ ကိုယ့်ထက် အသက်အရွယ်ကြီးတဲ့ပုဂ္ဂိုလ်တွေ၊ ဂုဏ်သိက္ခာရှိတဲ့ပုဂ္ဂိုလ်တွေ၊ ကိုယ်နဲ့တန်းတူပုဂ္ဂိုလ်တွေ၊ ကိုယ့်အောက်နိမ့်တဲ့ ပုဂ္ဂိုလ်တွေ၊ ပြီးတော့ သာသနာနဲ့ကြုံနေတာဖြစ်တဲ့အတွက် အရဟတ္တမဂ် အရဟတ္တဖိုလ်ဂုဏ်နဲ့ ပူဇော်လို့ရပါတယ်။ ဒါက ပူဇာစ ပူဇနေ ယျာနံ ဧတံ မင်္ဂလ မုတ္တမံ၊ မင်္ဂလာထဲမှာ ဥတ္တမံ အမြင့်ဆုံး၊ အမြတ်ဆုံးပါပဲတဲ့။ အဲဒါက မင်္ဂလာ ၃-ပါး။

ပြီးတော့ နောက်ထပ်လာတာက

**ပတိရူပ ဒေသဝါသော စ၊ ပုဗ္ဗေစ ကတပုညတာ၊**

**အတ္တ သမ္မာ ပဏိဓိ စ၊ ဧတံ မင်္ဂလ မုတ္တမံ။**

**ပတိ** ရူပဒေသဝါသ ဆိုတာ အဆင်ပြေတဲ့နေရာမှာနေခြင်း၊ ပုဗ္ဗေစ ကတ ပုညတာ ဆိုတာ အတိတ်ဘဝက လုပ်ခဲ့ဖူးတဲ့ ကုသိုလ်ရှိခြင်း၊ အတ္တ သမ္မာ ပဏိဓိ ဆိုတာ ကိုယ်ရောစိတ်ပါ ကောင်းကောင်းမွန်မွန်ထားခြင်း၊ ဒါက အလွယ်ကူဆုံး ဘာသာပြန်ပေးတာ။ ပြန်ပြောပြပေးမယ်၊ ပတိရူပဒေသဝါသ ဆိုတာ သင့်တော်တဲ့နေရာမှာနေခြင်း၊ ပုဗ္ဗေစ ကတ - ပုညတာဆိုတာ အတိတ်ဘဝကလုပ်ခဲ့တဲ့ ကုသိုလ်နဲ့ပြည့်စုံခြင်း၊ အတ္တသမ္မာ ပဏိဓိ ဆိုတာ ကိုယ်ရော စိတ်ပါ ကောင်းစွာထားနိုင်ခြင်းဆိုတဲ့ မင်္ဂလသုံးပါး။ တစ်ခုစီပြောမယ်ဆိုရင် ပတိရူပဒေသဝါသ- ကာလတွေ ဒေသတွေက လူတွေကို ကျေးဇူးပြုတာမှ သိပ်တန်ဖိုးရှိပါတယ်။ ဥပနိဿယပစ္စည်းမျာလည်း ပါ,ပါတယ်။ သေနာသနမ္ပိ ဥပနိဿယ ပစ္စယေနပစ္စယော ဆိုတာ စကားတစ်ခုရှိပါတယ်။ ဒီအတိုင်းပါပဲ လူတစ်ယောက် မင်္ဂလာနဲ့ပြည့်စုံပြီး အနိမ့်ဆုံး နတ်ပြည်ကိုရောက်ချင်ရင် အဲဒီ နေရာဒေသသည် မကောင်းတာကိုတွေး၊ မကောင်းတာကိုပြောတဲ့ နေရာဒေသ မဖြစ်စေရဘူးတဲ့။ ကောင်းတာကိုတွေး၊ ကောင်းတာကိုပြော၊ ကောင်းတာကို လုပ်နေတဲ့ နေရာဒေသဖြစ်ရမယ်။ နေရာဒေသဆိုတာက ကိုယ့်ရဲ့ပတ်ဝန်းကျင် အားလုံးပေါ့။ ကိုယ့်အိမ်မှာနေတဲ့အချိန်တွေမှာ ကိုယ့်ရဲ့မိတ်ဆွေတွေက ကောင်းတာ မပြောဘူးဆိုရင် ပတိရူပဒေသဝါသ မဟုတ်ဘူး။ ဘာကိုပေးနေ လို့လဲ၊ အမင်္ဂလာကို ပေးနေလို့၊ မင်္ဂလာမဟုတ်ဘူး။ မင်္ဂလာရဲ့အဓိပ္ပါယ် ပြောပြီးပြီ။

**"မင်္ဂ ပါပံ လုနာတိ ဆိန္ဒတီတိ မင်္ဂလံ"** ဆိုတဲ့ စကားအတိုင်း မကောင်းတဲ့ အရာကို ပယ်ဖျောက်ပြီး ကောင်းတဲ့အရာတွေ ရောက်စေတာဟာ မင်္ဂလာ။ ဒါကြောင့် အိမ်ပိုင်ရှင်တွေက အိမ်ငှားကိုတင်တဲ့ အချိန်မှာ သတိတော့ထားပြီး

တင်သင့်တယ်။ သူတို့ကြောင့် ကိုယ်အကုသိုလ် ဖြစ်မယ်ဆိုရင် အဆင်မပြေသလို ကိုယ့်ကြောင့် သူနေရခက်မယ်ဆိုရင် မကောင်းဘူး။ ဘာကြောင့်လဲဆိုတော့ ပတိရူပဒေသဝါသ ဆိုတာက နိုင်ငံတစ်ခု သက်သက်ကို ပြောတာမဟုတ်ဘူး။ နေတဲ့နေရာအားလုံးနဲ့ သက်ဆိုင်ပါတယ်။ အဲဒီနေရာဒေသသည် ကိုယ်နဲ့ အဆင်မပြေဘူးဆိုရင် မနေတာ အကောင်းဆုံးတဲ့။ အဲဒါကို လောကီ လောကုတ်နဲ့ကြည့်မယ်ဆိုရင် အနည်းဆုံး နတ်ပြည်ကိုရောက်ရမယ်။ ဒီထက် ပိုမြင့်တဲ့ အခြေအနေကိုပြောရရင် နိဗ္ဗာန်ကိုရောက်အောင် ဖန်တီးပေးနိုင်တဲ့ နေရာဖြစ်ရမယ်။ ဘာကြောင့်လဲဆိုတော့ လောကထဲကိုဝင်လာတာဟာ ဒုက္ခခံစားချင်လို့ မဟုတ်ပါဘူး။ သုခဆိုတာ ဘယ်လိုရှာဖွေရမလဲလို့ အသိနဲ့ဝင်လာတဲ့ဘဝပဲ ဖြစ်သင့်တယ်။ အဲဒါက လောကုတ္တရာအတွက်၊ လောကီအတွက်ပြောမယ်ဆိုရင် သူက ပညာလည်း မရနိုင်တဲ့နေရာ၊ ပစ္စည်းလည်း ရှာဖွေလို့မရနိုင်တဲ့နေရာ၊ ပြီးတော့ စားစရာလည်း ရှာဖွေဖို့ခက်တဲ့ နေရာ၊ အဲဒီနေရာမျိုးက ပတိရူပဒေသဝါသ မဟုတ်ဘူးတဲ့။ ဒါကြောင့်မို့ နေရာက မွေးတဲ့နေရာနဲ့ ကြီးတဲ့နေရာ မတူကြပါဘူး။ မွေးတဲ့နေရာမှာ တချို့တွေစွဲနေကြတယ်။ ဒါ ငါတို့အဖိုးတွေ ခေါင်းချသွားတဲ့ နေရာမို့လို့ ငါတို့မပြောင်းဘူးဆိုတာ မှန်ပါတယ်။ အဲဒီနေရာသည် ကိုယ့်အတွက် အကျိုး ကျေးဇူးများမယ်ဆိုရင် နေသင့်ပါတယ်။ အစားအသောက်လည်း တိုးတက်မှုမရှိ ပညာရေးအနေနဲ့ကြည့်မယ်ဆိုရင်လည်း ဘာမှတိုးတက်မှုမရှိဘူးဆိုရင် အဲဒီနေရာဟာ မနေသင့်ပါဘူး။

ဘာကြောင့်လဲဆိုရင် လူသားတွေကောင်းကျိုးအတွက် လောကီ စည်းစိမ်ပြည့်စုံဖို့အတွက် ပေးတဲ့ကျမ်းတစ်မျိုးရှိသလို လောကုတ္တရာအတွက် ရစေနိုင်တဲ့ ကျမ်းတစ်မျိုးလည်းရှိပါတယ်။ အဲဒီကျမ်း-၂မျိုးကို ညှိပြီးပြောတာ။ သံသရာဆိုတာ ဘယ်နားမှန်းမသိသေးဘူး၊ အခု တပည့်တော်ဟာ ကြီးပွားဖို့ လိုအပ်နေတယ်ဆိုရင် ဦးဇင်းတို့ ပြောပေးဖို့လိုတယ်လေ။ အဲဒီနေရာမှာနေလို့

ဘာမှတိုးတက်မှု မရှိဘူးဆိုရင်တော့ မနေပါနဲ့တဲ့။ အဲဒါသည် ပတိရူပ ဒေသဝါသ မဟုတ်တော့ဘူး။ အမေရယ်၊ အဖေရယ်၊ ဆွေမျိုးရယ် ရှိနေပါစေ နေစရာမလိုဘူး။ ဘာဖြစ်လို့လဲ၊ ကိုယ်ချမ်းသာရင် သူတို့ကိုကူလို့ရတယ်၊ သူတို့နဲ့အတူ ဒုက္ခခံမယ်ဆိုရင် တိုးတက်မှု ဘယ်ရှိပါ့မလဲ။ ငါးရံ့ဝတ္ထုထဲကလို နွံ့တွေခြောက်ပြီးသေသွားတဲ့အဖြစ်နဲ့ ကြုံရမှာပေါ့။ ငါးရံ့တွေ ရှိတယ်လေ၊ တချို့ငါးရံ့တွေက ခေါင်းမာတယ်။ အဲဒီ ငါးရံ့တွေက ငါတို့အမျိုးတွေ ဒီနေရာမှာပဲ အရိုးကျပြီး သေသွားကြတယ်။ ငါတို့တော့ မပြောင်းဘူး၊ ငါးပြေမတို့ ဘာတို့တော့ မဟုတ်ဘူး။ အေး ငါတို့အသက်ရှင်နေသေးရင် ကျေးဇူးဆိုတာဆပ်လို့ ရတယ်ကွ၊ နေရာစွဲနေလို့ ဘာမှမထူးဘူး။ အေး မင်းတို့သွားချင်ရာသွား ငါတော့မသွားဘူး၊ ကျန်တဲ့ငါးရံ့နဲ့ ငါးပြေမတွေ ကတော့ အသက်ရှင်ခွင့်ရတယ်၊ ခေါင်းမာတဲ့ငါးရံ့ကတော့ တဖြည်းဖြည်းနဲ့ မြေခြောက်ပြီး အသက်ဆုံးရှုံးရတယ်တဲ့။

ပတိရူပဒေသဝါသ ဆိုတာ ၂-ခုနဲ့ ရွေးချယ်လို့ရတယ်။ ကိုယ့်အတွက် ကုသိုလ်မရနိုင်တဲ့ နေရာဆိုရင်လည်း ပတိရူပဒေသဝါသ မဟုတ်ဘူး။ ပြီးတော့ ပညာရေးတိုးတက်မှု မရှိဘူးဆိုရင်လည်း အဲဒီနေရာဟာ မနေသင့်ဘူး၊ တချို့ တောနယ်တွေ ရှိတယ်လေ၊ ပညာရေးကဏ္ဍအနေနဲ့ ဘာမှထူးချွန်စရာအကြောင်း မရှိဘူး။ ဘာလုပ်ရမှာလဲ၊ မြို့ပြောင်းရမယ်လေ။ တချို့တောနယ်တွေရှိတယ်၊ စီးပွားလုပ်လို့ အဆင်မပြေဘူး၊ မြို့ပေါ်ရောက်တော့ ချမ်းသာလေ့ရှိတယ်လေ။ အဲဒါဘာလဲ ပတိရူပဒေသဝါသကို ရွေးချယ်တယ်ခေါ်တာ။ အဲဒါက အဆင်ပြေဖို့က ဘာလိုလဲ၊ ပုဗ္ဗေစ ကတပုညတာ အတိတ်ကလုပ်ခဲ့တဲ့ ကုသိုလ်ကံလည်း လိုအပ်သေးတယ်။ အတိတ်ကလုပ်ခဲ့တဲ့ကုသိုလ်ကံ မရှိဘူးဆိုရင်လည်း တခါတလေ အဆင်မပြေတတ်ဘူး။ ဘာကြောင့်လည်းဆိုတော့ တချို့ကံတွေကို ပြန်ကြည့်တဲ့နေရာမှာ တချို့ ရုပ်လှတဲ့သူတွေရှိတယ်၊ ရုပ်လှရင်လည်း ဘဝမှာ ချမ်းသာလွယ်တယ်။ ပညာမတတ်ပေမဲ့လို့ လက်ဆော့တဲ့လူတစ်ယောက်ရဲ့

ခေတ်ပုံကြောင့်မော်ဒယ်ဖြစ်သွားတဲ့သူတွေရှိတယ်။ ပညာတတ်ဖို့မလိုဘဲနဲ့ လမ်းလျှောက်တတ်ရင်လည်းမော်ဒယ်ဖြစ်တတ်တာပဲ၊ ဒါလွယ်လွယ်လေး ရယ်၊ ပညာတတ်ဖို့မလိုဘူး။ ဒါဆိုရင် ရုပ်လှခြင်းဟာလည်း ပုဗ္ဗေစ ကတပုညတာပဲ။ အတိတ်က ကုသိုလ်ပဲ။ ဒါပဲလားဆိုတော့ မဟုတ်ဘူး၊ ပညာနဲ့ပြည့်စုံတာလည်း ပုဗ္ဗေစ ကတပုညတာပဲ။ ဒါတွေက ကိုယ့်ကိုကိုယ် ပြန်ကြည့်ပေါ့။ ငါ အတိတ်က ကံမရှိဘူး၊ အဲဒီလိုလည်း မတွေးနဲ့လေ။ အတိတ်ကံ ပါမပါသိချင်တယ်ဆိုရင် ဒီဘဝမှာ ကြိုးစားကြည့်ရတယ်။ နေရာလည်း ရွေးချယ်မှုမရှိဘူး။ အတိတ်ကံကြောင့် ဒီတိုင်းထိုင်နေမယ်ဆိုရင်တော့ ဒုတ်စာပဲမိသွားမယ်၊ ဒါရှင်းရှင်းပြောတာ၊ နေရာရွေးရတယ်၊ ဒါကံလား။ မဆိုင်ဘူး၊ နေရာရွေးတတ်တဲ့ အသိမရှိတာ ဒုတ်နဲ့ရိုက်တဲ့နေရာမှာနေရင် ဒုတ်နဲ့ရိုက်ခံရမှာပဲ။ ဒါက အတိတ်က ကံလားဆိုတော့ မဟုတ်ဘူး။ ပုဗ္ဗေစ ကတပုညတာ သိချင်တယ်ဆိုရင် နေရာပြောင်းပြီး အသိနဲ့ရှာဖွေကြည့်ပါ။

အဲဒါဆိုရင် ဘဝတစ်ခုပြောင်းလဲတာ ဘာကြောင့်လဲဆိုရင် အဘိဓမ္မာသင်ထားတဲ့ပုဂ္ဂိုလ်တွေပဲ၊ လူတိုင်းမှာ အပရာပရိယ ဝေဒနိယကံ ခေါ်တယ်။ ဘဝပေါင်းများစွာက လုပ်ခဲ့တဲ့ကံဆိုတာ ရှိတယ်။ ဒီဘဝမှာတော့ ဟုတ်တယ်၊ ရုပ်ဆိုးတာ ဖြစ်ကောင်းဖြစ်မှာပေါ့၊ ရုပ်ဆိုးတာ ဘဝလား၊ မဟုတ်ဘူး။ ပညာကိုတတ်အောင်လုပ်ထား။ ဒါကို နောက်ထပ် လာလိမ့်မယ်။ ဗာဟုသစ္စဉ္စ သိပ္ပဉ္စ အကြောင်းတွေ။ အဖြေတစ်ခု ထွက်လာလိမ့်မယ်၊ အခုဟာက ပုဗ္ဗေစ ကတ-ပုညတာကို ပြောပြတာ။ အတိတ်ကံကောင်းရင်တော့ ပြောစရာမလိုဘဲ ချမ်းသာနေတာပေါ့။ အဲဒီလိုမဟုတ်ဘဲနဲ့ ဒီတိုင်းနေမယ်ဆိုရင်တော့ အရိုက်ခံရဖို့ပဲရှိတယ်။ ဒါကြောင့် ကျက်သရေမင်္ဂလာနဲ့ ပြည့်စုံခြင်းလို့ ပြောလို့ရတယ်။ ကျက်သရေမင်္ဂလာဆိုတာက တခါတလေကျရင် ပြောင်းလဲတတ်တယ်တဲ့။ နေရာပြောင်းတယ်ပေါ့နော်၊ ဘာကြောင့်လဲဆိုတော့ နေရာပြောင်းတာ တခြားကြောင့်တော့ မဟုတ်ဘူး၊ အနာတပိဏ်သူဌေးကြီးမှာ ပုညလက္ခဏာဒေဝီ

ဆိုတဲ့ မိန်းမရှိတယ်။ သူ့မိန်းမနာမည်က လုံးဝမထင်ရှားဘူး၊ အနာတပိဏ်ပဲ ထင်ရှားတယ်။

အဲ့ဒီမှာဗေဒင်နဲ့ပတ်သက်ပြီး ကျက်သရေကို မြင်တတ်တဲ့သူ တစ်ယောက် ပုဏ္ဏားပေါ့လေ။ အနာတပိဏ်သူဌေးအိမ်ကို လာပြီး ကျက်သရေ လာရှာတာ၊ တွေ့တော့ သူတို့အိမ်မှာရှိတဲ့ ကြက်တူရွေးကြီးရဲ့ခေါင်းမှာ တွေ့တယ်။ အဲဒီတော့ ကြက်တူရွေးကို ဖမ်းဖို့သွားရော၊ ကျက်သရေက ပြောင်းသွားတယ်။ ပတ္တမြားဆီကို အဲဒီတော့ ပတ္တမြားအလှူခံတော့ လှူတာပေါ့။ သူအလှူ ခံတာက ပတ္တမြားကို အလှူခံတာမဟုတ်ဘူး၊ ကျက်သရေကို လိုချင်တာ။ အဲဒါနဲ့ ဘာဖြစ်လဲဆိုတော့ ပတ္တမြားကနေပြီးတော့ တောင်ဝှေးကို ပြောင်းသွားတယ်တဲ့။ အဲဒါနဲ့ တောင်ဝှေးကို အလှူခံတော့ တောင်ဝှေးလှူတာပေ့ါ၊ အနာထပိဏ်ကိုး။ အဲဒီတောင်ဝှေး ယူမယ်လည်းကြံရော အဲဒီကျက်သရေက ပုညလက္ခဏာဒေဝီဆီကို ပြောင်းသွား တယ်တဲ့။ အဲဒါနဲ့ ပုဏ္ဏားက ဒါတော့ အလှူခံလို့မဖြစ်ဘူး၊ ထွက်သွားရောတဲ့။ **ဒါကကျက်သရေပြောင်းပုံ လောကအနေနဲ့ မှတ်စရာပေါ့။ ဗုဒ္ဓဝါဒကျက်သရေက ကုသိုလ်ကောင်းမှု။ ဒါပေမယ့် လူတွေရဲ့ကျက်သရေက အမြင်ကောင်းမှု။**

အဲဒါမျိုးနဲ့ ပတ်သက်ပြီးတော့ ကျက်သရေပြောင်းပုံ လူတိုင်းကြားဖူး ကြမှာပါ။ ကြက်-၂ကောင် ရန်ဖြစ်တဲ့အကြောင်း အပေါ်ကကြက်နဲ့ အောက်က ကြက်၊ အောက်ကကြက်က အိပ်နေတဲ့အချိန်မှာ အပေါ်ကကြက်က မစင်စွန့်ချ လိုက်လို့လေ။ "မင်းလိုကောင်က ငါ့ကိုယ်ပေါ်ကို မစင် စွန့်ချရလား၊ ငါ့ကိုသတ်ပြီး ရောင်းရင် အသပြာတစ်ထောင်ရမယ်"တဲ့။ အဲဒီအချိန်မှာ ဗာရာဏသီမြို့ထဲ ကိုဝင်ဖို့ ကြိုးစားရင်းနဲ့ ညအိပ်လိုက်ရတဲ့ လူတစ်ယောက်ရှိတယ်။ ဆင်းရဲသား။ အဲဒါနဲ့ သူကလည်း သစ်ပင်အောက်မှာအိပ်လိုက်တဲ့အချိန်သူက အသံ ကြားတယ်။ အပေါ်က ကြက်က အားကျမခံ "မင်းလိုကောင်က ငါ့ကို ပြောစရာ လား၊ ငါ့ရဲ့အတွင်းသားကိုစားရင် ဘုရင်ဖြစ်မှာ၊ အပြင်သားကိုစားရင် စစ်

သူကြီးဖြစ်မှာ၊ ပြီးရင် အရိုး၊ အရေ၊ ခေါင်းတွေကိုစားရင် မင်းဆရာဖြစ်မှာ”တဲ့၊ ဆင်းရဲသားက မနေတော့ဘူး။ ကြက်ကိုသတ်ပြီးတော့ မိန်းမရေ ဒါလေးတော့ ချက်ပြီး သေချာလုပ်ထားပေ့ါ။ သူတို့နဲ့မထိုက်တန်တော့ ကျက်သရေက ပြောင်းသွားတယ်။ မိုးတွေရွာ၊ လေတွေတိုက်ပြီး ဂင်္ဂါမြစ်ရေကနေပြီးတော့ အဲဒီကြက်သားအိုးကြီး မျောသွားပါလေရော။ မျောသွားတော့ ဆင်ထိန်းဆီကိုရောက်သွားတယ်။ ဆင်ထိန်းကကြည့်တော့ “ဟ--- တော်တော်ကောင်းတဲ့အရာပဲ”။ အဲဒီမှာ သူတို့ကိုးကွယ်နေတဲ့ ရသေ့တစ်ပါး ရှိတယ်။ ဒိဗ္ဗ စက္ခုရသေ့တဲ့။ သူက မြင်ရတယ် သိနေတယ်။ ဒီလူတွေ ကံကောင်းမဲ့အခြေအနေ ရောက်လာပြီ။ ကျက်သရေပေ့ါလေ။

**ပုဗ္ဗေစကတ ပုညတာ** - အတိတ်ကလုပ်တဲ့ကံသည် မြင့်တက်လာပြီဆိုတာကို သိတဲ့အတွက် အဲဒီဆင်ထိန်း ရေချိုးတဲ့အချိန်မှာ ရသေ့ကြီးက ရောက်လာတယ်။ သူတို့ကိုးကွယ်တဲ့ရသေ့ဆိုတော့ ဆွမ်းကပ်တာပေ့ါ။ ရသေ့က ဒိဗ္ဗ စက္ခု ရထားတာ။ ဘုရင်အဖြစ်က ရသေ့အနေနဲ့ ဘာလုပ်မှာတုံး၊ အသုံးမကျတဲ့အရာကို မယူဘူး။ အဲဒါနဲ့ ဟင်းခွက်ထဲမှာ ဖယ်လိုက်တယ်။ အူတွေ၊ အသဲတွေ၊ အမြစ် တွေကိုတော့ ဆင်ထိန်းကို ကျွေးပြီးတော့ အပြင်သားကိုတော့ မိန်းမကိုကျွေး၊ အရိုးနဲ့ ကျန်တဲ့အရာကိုတော့ သူစားတယ်။ အဲဒါနဲ့ တိုက်ဆိုင်ချင်တော့ ကျက်သရေက ပြောင်းသွားပုံက ၃-ရက်လောက်ကြာတဲ့အချိန်မှာပေ့ါလေ၊ အဲဒီနိုင်ငံကို စစ်လာတိုက်တယ်တဲ့။ ဘုရင်က ပုံစံပြောင်းပြီးတော့ စစ်သူကြီး ပုံစံနဲ့တိုက်တာ။ အဲဒီအချိန်မှာ ဆင်ထိန်းကို ဘုရင်ပုံစံ လုပ်ပြီးတော့ တင်ထားတာ။ အဲဒီက ကံကဆိုးချင်တော့ ဘုရင်က ကျသွားတယ်။ ဆင်ထိန်းက ကြောက်စိတ်မရှိဘူးလေ။ သူသေလည်း ဘာမှမထူးဘူးရယ်။ သူက ဘုရင်မှမဟုတ်တာ။ အစကတည်းက ဆင်ထိန်းတော့ သေမထူး၊ နေမထူးမို့ အသေလိုက်တိုက်တာ။ ကံကောင်းချင်တော့ သူတိုက်လို့ စစ်ပွဲက နိုင်ပါလေရော၊ နိုင်တော့ သူက ဘုရင်ဖြစ်တယ်။ သူ့ကို

ကျွေးတဲ့ ဆရာကတော့ မင်းဆရာဖြစ်တယ်။ ဒါကြောင့် ပုဗ္ဗေစ ကတပုညတာ ဆိုတာက အသိနဲ့လည်း ဆိုင်တယ်။ ကျက်သရေ အပြောင်းအလဲက တခြားမဟုတ်ဘူး။ ကုသိုလ်ကံကို ပြောင်းလဲလို့ရတယ်ပြောတာ။ အတိတ်က ကုသိုလ်ကံ မပါပေမဲ့လို့ အခုကြည့် လာဘ်ကောင်းတဲ့အရာနဲ့တွေ့တဲ့အခါမှာ အခုဘာဖြစ်လဲ ကောင်းတဲ့အကျိုးပေး ကို ခံစားပိုင်ဆိုင်ရှိတယ်။ ရုပ်အနေနဲ့ ကြည့်လိုက်ရင် ကိုယ်က မယ်စကြာဝဠာ ဖြစ်စရာ အကြောင်းမရှိဘူး။ ဒါပေမဲ့ အရမ်းဆိုးနေလား၊ သပိတ်ရောင်ပေါက် နေတဲ့ သူတစ်ယောက်မှ မရှိပါဘူး။ အဲဒီမှာထဲက ဝဏ္ဏ အဆင်းနဲ့ ပါတ်သက်ပြီး ပုဗ္ဗေစကတပုညတာ ရှိနေတာ။ ဘာမှဝမ်းနည်းစရာ မရှိဘူး။ ပြီးတော့ အတ္တ သမ္မာမဏိဓိ ကိုယ်ရော စိတ်ကိုပါ ကောင်းစွာထား ခြင်း။ ကိုယ်ရောစိတ်ပါဆိုတာ ခန္ဓာကိုယ်နဲ့ ပါတ်သက်ပြီး (သို့) စိတ်နဲ့ပါတ် သက်ပြီး ဒုစရိုက်ဖြစ်ပေမဲ့အရာကို ရှောင်ကြဉ်နိုင်ရမယ်တဲ့။

ဒါ အတ္တသဗ္ဗာပဏာဓိ ပဲ။ ဒုစရိုက်ကို များသောအားဖြင့် တွေးကြတယ်။ များသောအားဖြင့် ပြောကြတယ်၊ များသောအားဖြင့် လုပ်ကြတယ်။ အဲဒီလို ဒုစရိုက်ကိုလုပ်ခြင်းဟာ မင်္ဂလာကို မဖြစ်စေပါဘူး။ အမင်္ဂလာကို ဖြစ်စေပါတယ်။ ဘာကြောင့်လဲ အပါယ်ကိုရောက်စေမှာမို့လို့။ ဒါကြောင့်ကိုယ်နဲ့စိတ်ကို ထိန်းပြီဆိုရင် ဝစီကံတွေက ထိန်းပြီးသား ပဲပေါ့။ အဲဒီ ၂-ခုကို ထိန်းပြီးနေမှသာ အဲဒီပုဂ္ဂိုလ်တစ်ယောက်ဟာ ကောင်းတဲ့အကျိုးကိုခံစားရတယ်။ အဲဒီမှာ ဆက်စပ်ပြီးပြောမယ်ဆိုရင် ကိုယ်ရောစိတ်ကိုပါ ထိန်းပြီးနေတဲ့အတွက် ရလာတဲ့ရလာဒ် အဲဒါက အသေဝနာစဗာလာနံ ပဏ္ဍိတာနစ္စသေဝနာနဲ့ တွဲပြီးပြောမှ အဆင်ပြေမှာ။ ကိုယ်ရလာတဲ့ကံတစ်ခုကို အကောင်းဆုံး မကြိုးစားဘဲနဲ့ မကောင်းတဲ့သူနဲ့ ပေါင်းမိလို့ လူမိုက်ဖြစ်ပြီး ဒုက္ခရောက်မဲ့ ပုဂ္ဂိုလ်များ ကောင်းတဲ့ပုဂ္ဂိုလ်နဲ့တွဲမိတဲ့အတွက် ကိုယ်နဲ့နှုတ်ကို အကောင်းဆုံး ကြိုးစားပြီးတော့ သူတော်ကောင်းဖြစ်လာတဲ့ ပုဂ္ဂိုလ်များဆိုပြီးတော့ ဗုဒ္ဓဝါဒမှာ အများကြီးရှိတယ်။

အဲဒီမှာ ကျေးညီနောင် ၂-ယောက်အကြောင်းပြောရင် ပိုထင်ရှားပါတယ်။ သူတို့ ၂-ယောက်သည် အမေတစ်ယောက်တည်းက မွေးတာပါ။ မုန်တိုင်းတိုက်လို့ တစ်နေရာဆီ လွင့်သွားတယ်။ အသေဝနဗာလ မကောင်းတဲ့သူကို မပေါင်းသင့်ပေမဲ့ မကောင်းတဲ့သူကို သွားတွေ့တဲ့အချိန်မှာ သူသည် ဗာလဖြစ်လာတယ်။ အပြောအဆို ရိုင်းစိုင်းလာတဲ့အတွက် အတ္တသမ္မာ ပဏိဓိ မရှိဘူး။ နောက် ၁-ကောင်က ပဏ္ဍိတ သေဝနာ ရသေ့နဲ့သွားပေါင်းမိတယ်။ အဲဒီအချိန်မှာ ပဉ္စာလတိုင်းမှာ အုပ်ချုပ်နေတဲ့ ပဉ္စာလမင်းကြီးဆိုတာရှိတယ်။ သူတို့ဟာ ဘုရင်ဆိုတော့ အလုပ်မရှိ၊ အကိုင်မရှိ တောလည် ကစားထွက်လေ့ရှိတာကိုး။ တောကစားထွက်တဲ့အချိန်မှာ သူက ပင်ပန်းလို့ဆိုပြီး နားနေတဲ့အချိန် အဲဒီမှာ ခိုးသားနဲ့ပေါင်းနေတဲ့ ခုနက ဗာလကျေးသားပေ့ါ။ ငမိုက်ကျေးသားက အတ္တသမ္မာ ပဏိဓိ မရှိပုံ ပြောတာပါ။ ခိုးသားကိုပြောတယ်၊ အဲဒီလူကို သတ်၊ ပစ္စည်းတွေယူပေ့ါ။ ခိုးသားတွေက ပဉ္စလမင်းကြီးမှန်းသိနေတော့ ဘုရင့်ကို ကျတော့ မထိရဲဘူး။ ဘုန်းကံအရမ်းကွာတယ်။ ဘုရင်ကိုလုပ်ကြံရဲတယ်ဆိုရင် အဲဒီဘုရင်သည် ဘုန်းကံကျသွားလို့ပဲ။ ဘုန်းကံမြင့်နေတဲ့အချိန်မှာ အဲဒီဘုရင်ကို တွေ့တောင်မတွေ့ရဲဘူး၊ မသတ်ရဲဘူး။ အဲဒီတော့ ကျေးသားက ဘာပြောလဲ။ ဟာ ခင်ဗျားမသတ်ရင် ကျုပ်ရဲ့ပိုင်ရှင်ကတော်ပေ့ါလေ သူက သူခိုးကြီးရဲ့ကတော် ဆီမှာ နေတာကိုး။ သူ့မှာ စားစရာမရှိ၊ သောက်စရာမရှိ ဖြစ်နေမှာပေ့ါ။ ဒီဘုရင်ကိုသတ်၊ ဒီဘုရင်ကိုသတ်လို့ အဲလိုမျိုးအော်တာ။ အဲဒါနဲ့ ဘုရင်က အိပ်မပျော်တပျော်ဖြစ်တဲ့အချိန်မှာ ကြားသွားတာ။ ဒီနေရာ မသန့်ရှင်းဘူးဆိုပြီး တော့ ထွက်သွားရော။

အဲဒီမှာ တအားကို သပ်ရပ်ပြီးတော့ ကောင်းလွန်းတဲ့နေရာတစ်ခုကို ရောက်တယ်။ အဲဒီနေရာမှာတင် ကျောင်းသခ်န်းလေးတွေ့တော့ ဝင်တာနဲ့ ကျေးသားက ကြိုတယ်။ အရှင်မင်းကြီးလာတာ ကောင်းသောလာခြင်းပါ၊ မင်္ဂလာရှိလိုက်လေခြင်း၊ ဒီမှာ သစ်သီးတွေလည်းစားပါ၊ ရေတွေလည်း

သောက်ပါ၊ ကျွန်တော်မှာ လက်မရှိတဲ့အတွက် မယူပေးနိုင်တာကိုတော့ ခွင့်လွှတ်ပေးပါ။ ကျွန်တော့်ရဲ့ပိုင်ရှင်ကတော့ အခုတောထဲကို သစ်သီး သွားရှာနေတာဖြစ်တဲ့အတွက် ခဏနေရောက်လာပါလိမ့်မယ်ပေါ့။ ကြည့်ဦး **ပဏ္ဍိတနဲ့ပေါင်းမိတဲ့ပုဂ္ဂိုလ်က အတ္တ သမ္မာ ပဏိဓိ ကိုယ်ရောစိတ်ကိုပါ အကောင်းဆုံး ကြိုးစားပြီးနေတဲ့အတွက် ကာယကံရော ဝစီကံရော မနောကံပါ ကောင်းနေတာ။** အဲဒီမှာ ဟောလိုက်တဲ့တရား၊ ကျေးသားက တရားက ဟောသေးတယ်၊ မကောင်းတဲ့သူနဲ့ပေါင်းမိရင် မကောင်းတဲ့အရာကို လုပ်တဲ့အတွက် မကောင်းတဲ့နေရာကို ရောက်ရတတ်ပါတယ်ပေါ့။ **ပတိရူပဒေသဝါသ - သင့်တော်တဲ့နေရာမှာနေခြင်း၊ ပုဗ္ဗေစ ကတ ပုညတာ - အတိတ်ဘဝက ကုသိုလ်ကံပါခြင်း၊** အတ္တသမ္မပဏိဓိသည် ကိုယ်ရောစိတ်ကိုပါ ကောင်းစွာထားခြင်း၊ ဒီ၃-ခုထဲကို နောက်တစ်ခု ထည့်လိုက်မယ်ဆိုရင် သမ္ပတ္တိစက်လို့ခေါ်တယ်။ ဘာထည့်မလဲဆိုတော့ သူတော်ကောင်းနဲ့ ပေါင်းဖော်ရခြင်း၊ ဒါ ပဏ္ဍိတာနဉ္စ သေဝနာပဲ။ သမ္ပတ္တိ တရားလေးပါးခေါ်တယ်။

ဘဝကလွတ်မြောက်ချင်တဲ့ပုဂ္ဂိုလ်များဟာ နံပါတ်-၁အရေးကြီးဆုံးက သူတော်ကောင်းကိုမှီဝဲခြင်း၊ ဒါနဲ့လုံလောက်ပြီလား ဆိုတော့ မဟုတ်ဘူး၊ နေရာမှန်ကို ရွေးချယ်နိုင်ခြင်း၊ ပြီးတော့ အတိတ်ကပြုလုပ်ခဲ့တဲ့ ကုသိုလ်ကံနဲ့ ပြည့်စုံခြင်း၊ ဒီဘဝမှာ ကိုယ်ရော စိတ်ကိုပါ အကောင်းဆုံး ထားနိုင်ခြင်းဆိုတဲ့ အချက်-၄ချက် ပြည့်စုံသွားတာနဲ့ အဲဒီပုဂ္ဂိုလ်တစ်ယောက် လောကီရော၊ လောကုတ္တရာပါ ပြည့်ဝနိုင်ပါတယ်တဲ့။

ဒါပေမယ့် အားလုံးလားဆိုတော့ မဟုတ်ဘူး။ အဲဒီမှာ အတ္တသမ္မာ ပဏိဓိ မရှိတဲ့အတွက် ဆုတ်ယုတ်သွားတဲ့ပုဂ္ဂိုလ်တွေ ရှိပါတယ်။ ဒေဝဒတ်၊ အဇာတသတ်၊ ပဏ္ဍိတာသေဝနခေါ်တဲ့ ဘုရားအစရှိတဲ့ သူတော်ကောင်းတွေနဲ့ နေရတာမှန်တယ်။ သူတို့ကိုယ်တိုင်က စိတ်ကောင်းမရှိတဲ့အတွက် မကောင်းတဲ့ ကံတွေကို ပြုလုပ်ပြီးတော့ ဒုက္ခရောက်သွားကြတယ်။ သူတို့မှာ ပုဗ္ဗေစ ကတ

ပုညတာ မရှိဘူးလားဆိုတော့ ရှိတာပေါ့။ အဘိဉာဉ်ကိုတောင် ရခဲ့တဲ့ဟာကို ကြည့်ရင် ပုဗ္ဗေစ ကတပုညကို ကြည့်စရာမလိုဘူး။ ဒါဆိုရင် အဲဒီ ၄-ချက်မှာ ကြည့်လိုက် ဘာအရေးကြီးဆုံးလည်းဆိုရင် အတ္တသမ္မာပဏိဓိ ဘယ်လောက်ပဲ သူတော်ကောင်းနဲ့တွေ့နေနေ၊ ကိုယ်ကိုယ်တိုင်က ကောင်းတဲ့ စိတ်နဲ့ ကောင်းတဲ့ အရာကို မယူဘူး၊ ကောင်းတဲ့အရာကို မကျင့်ဘူးဆိုရင် မလွတ်နိုင်ဘူး။ သမ္ပတ္တိစက် ၄-ပါးထဲမှာ အရေးကြီးဆုံးက အတ္တသမ္မာပဏိဓိ၊ ကိုယ့်ရဲ့ကိုယ်နဲ့ စိတ်ကို အကောင်းဆုံးထားခြင်းဆိုတာက သူတော်ကောင်းတရားကို လွယ်ကူစွာ လက်ခံခြင်း၊ မကောင်းတဲ့အရာကို လွယ်ကူစွာ ပယ်နိုင်ခြင်းပါပဲ။ လူတွေက အမှားမကင်းကြပါဘူးတဲ့၊ အဲဒီမကင်းတဲ့အမှားကို မလုပ်မိ အောင်ဘဲတား၊ ပြုလုပ်မိရင်ကုက္ကုစ္စဖြစ်နေဖို့မဟုတ်ဘူး။ တားလိုက် တားပြီး ရင် ကြိုးစား၊ ကြိုးစားတာက ကောင်းတဲ့အရာကိုး။ အဲဒီပုဂ္ဂိုလ်က အဲဒီလိုကြိုးစား နေတာ ဘာလို့လဲ။ အတ္တသမ္မာပဏိဓိ- ကောင်းတဲ့ဘက်ကို လှည့်ပေးနိုင်တဲ့စိတ် ရှိလို့ သူက ကောင်းတဲ့အရာကို သူခံစားပိုင်ခွင့်ရှိတာ။ ဒါအတုယူ စရာပေါ့၊ အခုဆိုရင်ကြည့်လိုက် ပဏ္ဍိတသေဝန ခေါ်တဲ့ သာသနာတော်မှာ ရဟန်းသံဃာများ ပြည့်စုံနေပါတယ်။ ပြီးတော့ ပတိရူပဒေသဝါသ လို့ခေါ်တဲ့ ဘာသာရေးနဲ့ပတ်သက်ပြီး အသိပညာကိုရှာရမယ့်နေရာ၊ ရနိုင်တဲ့ပတ်ဝန်းကျင် နဲ့ ကြုံနေတယ်။ ပုဗ္ဗေစ ကတပုညတာ က ပြောစရာမလိုတော့ဘူး။ အဲဒီ ၂-ခု ကြုံရပြီဆိုကတည်းက ကြိုက်ဖို့ပဲလိုတော့တာ။ စကားက ၂-လုံးတည်းဆိုပေ မယ့် အခြေအနေက မတူဘူး။ **သာသနာနဲ့ကြုံပေမယ့် သာသနာကို မကြိုက်တဲ့သူလည်း ရှိတယ်။ ဒါပေမယ့် သာသနာကိုမကြုံပေမယ့် သာသနာကြိုက်တဲ့သူလည်းရှိတယ်။ ကြုံလည်းကြုံ၊ ကြိုက်လည်း ကြိုက်တဲ့သူလည်းရှိတယ်။ ကြုံပေမယ့် မကြိုက်သူလည်းရှိတယ်။**

တချို့က **ကြုံလည်း မကြုံဘူး၊ ကြိုက်လည်း မကြိုက်တဲ့သူရှိတယ်။** အခုကြည့် တစ်ချက်စီ သွားတယ်။ မင်္ဂလသုတ်သည် ကိုယ်ကျင့်တရားကို

ပြပေးတာဖြစ်တဲ့အတွက် အကောင်းဆုံး ကာကွယ်ဖို့တော့ လိုတယ်၊ မြန်မြန်ပြီးဖို့မလိုဘူး။ မဂ်လသုတ်က အဲဒီလောက်ထိ မြန်ဖို့မလိုဘူး။ ဒါ တရားပွဲ တစ်ပွဲကျင်းပနေသလိုပါပဲ။ အစက စိတ်ကူးတယ် မိနစ်-၃၀နဲ့ဖြတ်ဖို့။ အခုက အဲဒီလိုမဟုတ်တော့ဘူး၊ စိတ်ကူးပြောင်းလိုက်တယ်၊ ဒီအသိကို များများပေးလိုက်မယ်။ ကိုယ့်ဟာကိုယ် အိမ်မှာကျင့်ကြ၊ အတ္တသမ္မာ ပဏိဓိသာရှိရင် မကျင့်နိုင်စရာအကြောင်းကို မရှိဘူး။ ပဏ္ဍိတာ နဋ္ဌ သေဝန ဆိုတဲ့အတိုင်း ဘုရားရဲ့သာသနာမှာ သံဃာတွေ ဒီလောက်ပေါနေတဲ့ကိစ္စတစ်ခု၊ ပတိရူပဒေသဝါသ ကျင့်ဖို့အတွက် ပတ်ဝန်းကျင်က တွန်းနေတဲ့အခြေအနေတစ်ခု၊ ဒါကို ပုဗ္ဗေစ ကတပုညတ မရှိဘူးလို့ ပြောအုံးမှာလား၊ မရတော့ဘူး၊ အဲဒါဆို အဆင်မပြေဘူးပေါ့။ အဲဒီမှာ ၄-ချက်ကို ရှင်းပြမယ်။ လူတွေက ကံကောင်းကံဆိုးဆိုတာကို အတ္တသမ္မာ ပဏိဓိနဲ့ ပြန်ညှိကြည့်ရတယ်။ မကြုံပေမယ့် ကြိုက်တဲ့ပုဂ္ဂိုလ်ရှိတယ်။ အဲဒါက ဘုရားရဲ့ဆရာများဖြစ်တဲ့ ပုဂ္ဂိုလ်တွေပဲ။ သူတို့က သာသနာ မကြုံရဘူး။ ဒါပေမဲ့ သာသနာနဲ့ပတ်သက်ပြီး အဲဒီအကျင့်ကို ကြိုက်တယ်။ ဘယ်လိုကျင့်ရမှန်းသာ မသိတာ၊ မရလိုက်ဘူး။ မကြုံဘူး၊ ကြိုက်တယ်၊ မရဘူး၊ ပြီးတော့ နောက်တစ်ယောက်က ကြုံတယ်၊ မကြိုက်ဘူး။ ဒါ ဗုဒ္ဓဘာသာ ခံထားတဲ့ပုဂ္ဂိုလ်တွေ အများကြီးပါ။ ဝိပဿနာတရားကို မကျင့်သေးသရွေ့ သာသနာကို ကြိုက်တယ်လို့ ပြောလို့မရဘူး။

**သာသနာဆိုတာ ဘုန်းကြီးတွေနေတဲ့နေရာကို ပြောတာမဟုတ်ဘူး။ ဗုဒ္ဓဘာသာတရားတော်များ ခန္ဓာမှာ ပြန့်ပွားနေရင် အဲဒါ သာသနာပဲ။ သာသနာဆိုတာ အဆုံးအမကို ပြောတာ။**မြန်မာတွေ တွေးတာက သာသနာပြု ဆိုတာ ဘုန်းကြီးပဲပြုရတယ်ထင်တာ၊ အဲဒါလုံးဝ မဟုတ်ဘူး။ သာသနာဆိုတဲ့ စကားလုံးက ဆုံးမခြင်းပဲ၊ ဗုဒ္ဓတရားတော်က လူတစ်ယောက်ကို ဆုံးမပေးရင် အဲဒီပုဂ္ဂိုလ်သည် အတ္တသမ္မာ ပဏိဓိ၊ ယဉ်ကျေးသိမ်မွေ့လာပြီးတော့ စိတ်ထားနူးညံ့ပျော့ပြောင်းသွားတာ။ နောက်တစ်ယောက်က

ကြုံလည်းကြုံတယ်။ ကြိုက်လည်း ကြိုက်တယ်။ သာသနာလည်း ကြုံတယ်၊ သာသနာလည်း ကြိုက်တဲ့အတွက်မြန်မာနိုင်ငံမှာ ရဟန္တာတွေပုံနေတာ။ လူဖြစ်ပြီးတော့ ဝမ်းမနည်းနဲ့။ ဦးဇင်းတို့ လေ့လာရ သလောက် ရဟန်းနဲ့ လူတွေ ကွာခြားပုံတွေကို တွေ့ရတယ်။ ရဟန်းက နည်းနည်းလေးနော်။ လူက အများကြီး။ အဲဒီမှာ လေ့လာတွေ့ရှိချက်က အတ္တ သမ္မာ ပဏိဓိရှိတဲ့အတွက် ရလာမဲ့အကျိုးက လူက ပိုများနေတာတွေ့ရတယ်။ ရဟန်းများ ရဟန္တာ ဖြစ်တယ် အရိယာဖြစ်တယ် ဆိုတာ ရာခိုင်နှုန်း အရမ်းနည်းတယ်တဲ့။ ဒါပေမဲ့ လူတွေရကများပေမယ့် သောတာပန်အရိယာဖြစ်တာက များတယ်တဲ့ ဘာကြောင့်လဲ။ အတ္တသမ္မာ ပဏိဓိရှိလို့ပဲ၊ ဘာကြောင့်လဲဆိုတာ သူက ထုတ်ပြထားတယ်။ သာဝတ္ထိနဲ့ ရာဇဂြိုလ်မှာ လူဦးရေ ၇-ကုဋေ ရှိတယ်။ ၆-ကုဋေက အရိယာတွေ။ ပြီးတော့ သာဝတ္ထိ-၅ပုံ ၄-ပုံက အရိယာ။ ကြည့်လိုက် လူတစ်ယောက်အနေနဲ့ အတ္တိသမ္မာ ပဏိဓိ ပြည့်စုံပြီးတော့ ပဏ္ဍိတသေဝနဆိုတဲ့ အတိုင်း ကောင်းတာကို မှီဝဲခဲ့မယ်ဆိုရင် လူက ဘုန်းကြီး ထက်သာတယ်။ ဟာ ဘုန်းကြီးဖြစ်တာ မြတ်တာပေါ့၊ ပြောကြတာလေ။ မြတ်အောင်လုပ်ရင် မြတ်နေမှာပဲ။ ဒါကြောင့်မို့ ကြုံလည်း ကြုံတဲ့အချိန်မှာ ကြိုက်လည်းကြိုက်ပါ။ ငါက လူဖြစ်နေလို့ ဘာမှ ဝမ်းမနည်းနဲ့။ လူဖြစ်တဲ့အတွက် အနည်းဆုံး ဘာဖြစ်မလဲ။ သောတာပန်။ သောတာပန် သကဒါဂါမ်တွေ အများကြီးပဲတဲ့။ လူတွေထဲမှာ၊ ဘုန်းကြီးထဲမှာ သောတာပန်၊ သကဒါဂါမ် နဲတယ်တဲ့။ သူကဖြစ်ပြီဆိုရင် တန်းစီပြီးဖြစ်သွားတာ။ ဒါပေမယ့် ရဟန္တာအဖြစ်များတယ် သာဆိုတာ၊ မဖြစ်တာအများကြီး ကျန်သေးတယ်။မြန်မာပြည် ပြန်ကြည့်လိုက်၊ သံဃာအရေအတွက်က ၅-သိန်း၊ လူအရေအတွက် က သန်း-၆၀၊ ယှဉ်ကြည့်လိုက်လေ။ ဒါကြောင့်မို့ ဝမ်းနည်းစရာ မရှိဘူး။ အဓိက,က အတ္တသမ္မာ ပဏိဓိပဲ။

ကိုယ်က ကောင်းတာလေးနဲ့ကြုံတဲ့အချိန်မှာ အခု ဘုရားအစရှိတဲ့

သူတော်ကောင်းများဖြစ်တဲ့ ပဏ္ဍိတရှိတယ်။ ဘုရားရှင်ရဲ့ သာသနာတော်ဖြစ်တဲ့ ပတိရူပဒေသဝါသ ကြုံနေတယ်။ အတ္တသမ္မာ ပဏိဓိ- အဲ့ဒါက ဘယ်သူမှပေးလို့ မရဘူး၊ ကိုယ်တိုင်လုပ်ရတာမျိုး ပတ်ဝန်းကျင်ဘယ်လောက်ပဲ ကောင်းကောင်း အဲဒီပတ်ဝန်းကျင်ကို ရှောင်ဖယ်ပြီးသွားတဲ့သူတွေရှိပါတယ်။ တရားဟော ဘယ်လောက်ကောင်းကောင်း တရားမနာဘဲထွက်သွားတဲ့ပုဂ္ဂိုလ်တွေ ရှိပါတယ်။ ဒါကြောင့်မို့ တရားကောင်းခြင်း မကောင်းခြင်းနဲ့မဆိုင်ပါဘူး။ ကိုယ်ကောင်းခြင်း၊ မကောင်းခြင်းနဲ့ ဆိုင်တာပါ။ အဲဒါဘာလဲ အတ္တသမ္မာ ပဏိဓိ။ အဲဒါဆိုရင် မင်္ဂလာတရားတော်မှာ ဘယ်လောက်ပြီးသွားလဲ။ **ပတိရူပဒေသဝါသော စ၊ ပုဗ္ဗေစ ကတ ပုညတာ၊ အတ္တသမ္မာ ပဏိဓိ၊ အဲဒီ ၃-ပါးထဲကို ပဏ္ဍိတ ထည့်မယ်ဆိုရင် ၄-ပါး၊ သမ္ပတ္တိစက်တဲ့၊ သမ္ပတ္တိဆိုတာ ပြည့်စုံတာ။** ပြည့်စုံသွားပြီဆိုရင် အဲဒီပုဂ္ဂိုလ်တစ်ယောက်ဟာ သံသရာစက် မလည်တော့ဘူး။ တွက်ကြည့်လေ၊ နိဗ္ဗာန်ကိုလိုချင်လို့ ကြိုးစား မယ်ဆိုရင် အဲဒီ ပုဂ္ဂိုလ်တစ်ယောက် နိဗ္ဗာန်ရောက်မှာပဲ။ အဲဒီလိုမဟုတ်ရင် ဘဝမှာ ကြီးပွားချင်တယ်ဆိုရင် သမ္ပတ္တိစက်စုံရင် ဘဝမှာ ချမ်းသာမှာပဲ။ ဦးဇင်းတို့ နိဗ္ဗာန်ကိုပြောတာမို့လို့ ဘဝမှာ မချမ်းသာစရာမရှိဘူးတဲ့။ ပေါင်းသင့်တဲ့သူကို ပေါင်း၊ ပြီးတော့ နေရာမှန်ကို ရွေးပြီးနေ။ ပြီးတော့ အတိတ်ကံကို ပြောမနေနဲ့ လုပ်သင့်တာကိုလုပ်ဖို့ပဲလိုတာ။ ဘာတွေလုပ်ရမှာလဲဆိုတော့

**ဗာဟုသစ္စဉ္စ သိပ္ပဉ္စ၊ ဝိနယော စ သု သိက္ခိတော၊**
**သုဘာသိတာ စ ယာဝါစာ ဧတံ မင်္ဂလ မုတ္တမံ။**

ဘုရားရှင်ဟောတဲ့ တရားတော်ဟာ ပြည့်စုံလွန်းတယ်။ တပည့်တော်တို့ ကြိုးစားတာ လောကမှာ မကြီးပွားပါဘူးဘုရား။ သံသရာမှာလည်း လွတ်ဖို့အကြောင်း မမြင်ပါဘူး။ လာပြီး ဆင်ခြေမပေးပါနဲ့။ ဗုဒ္ဓရဲ့ တရားတော်ကို သေသေချာချာ လေ့လာပါ။ အဲဒီလေ့လာတဲ့အတိုင်း ကျင့်သုံးကြည့်ပါ။ အရှုံးမရှိစေရဘူး။ အခုကြည့်လိုက် . .

ဗာဟု သစ္စဥ္စ သိပ္ပဥ္စ၊ ဝိနယောစ သုသိက္ခိတော၊

သုဘာသိတာစ ယာဝါစာ ဧတံ မင်္ဂလ မုတ္တမံ။

ဗာဟုသစ္စဥ္စဆိုတာက လောကီမှာ သင်ကြားနေတဲ့ စိတ်ထဲက သိတဲ့အရာ အားလုံး၊ အဲဒါကို လောကီပညာခေါ်တယ်။ အလုပ်မလုပ်သေးဘူးနော်။ သိပ္ပက အလုပ်လုပ်တာ။ ဗဟုသုတက အလုပ်မလုပ်ဘူး။ သိသင့်သိထိုက်တဲ့အရာကို သိပြီးဒါနဲ့ ဘွဲ့ရတာကို ဗာဟုသစ္စဥ္စခေါ်တယ်။ ပညာမတတ်တဲ့ပုဂ္ဂိုလ် တစ်ယောက် ကြီးပွားဖို့ခက်ခဲတာအမှန်ပါ။ ပြောမှာပေါ့ တပည့်တော် ချမ်းသာ နေပြီလို့၊ ချမ်းသာဖို့ပြောတာ မဟုတ်ဘူး၊ မမွဲဖို့ပြောတာလေ။ လူက ပထမ ဆုံးသိရမှာက မငတ်ဖို့အရေးကြီးတာ။ ပညာတတ်တဲ့ ပုဂ္ဂိုလ်တစ်ယောက် ငတ် တယ်ဆိုတာ ထုံးစံမရှိဘူး။ ဒါပေမယ့် ပတိရူပဒေသဝါသ ကိုယ်နဲ့သင့်တော်မယ့် နေရာကိုသိရမယ်။ တန်းစီပြီးတော့ သွားရမယ်၊ တကန့်စီတော့ မသွားနဲ့။ ဒုတ်ကိုင်ပြီး ရိုက်မယ့်သူရှေ့မှာ မင်းရိုက်တာ ငါမနာဘူးဆိုပြီး သွားနေလို့တော့ ခေါင်းကွဲပြီး သေမှာပေါ့။ အဲဒါ ပညာတတ်တာမဟုတ်ဘူး၊ ပညာက သတ်သွားမှာ။ ဒါကြောင့် အခြေအနေကို နားလည်တဲ့အသိက ရှိရတယ်။ ဗာဟုသစ္စဥ္စဆိုတာကတဲ့ လောကမှာရှိတဲ့ ပညာနဲ့ပတ်သက်ပြီး တစ်ခုခုကို ရနေရမယ်။ အဲဒါက သိသင့် သိနေတာမျိုးပေါ့။

နောက်တစ်ခုက သိပ္ပ၊ တော်တော်များများကတော့ ဘွဲ့လက်မှတ်ကိုရ ထားကြတယ်။ တတ်လားဆိုတော့ ပြောရခက်ကြီး၊ သိပ္ပက လက်တွေ့အသုံး ချပညာ ခေါ်တယ်။ ဒါကြောင့်မို့ ဝိဇ္ဇာသိပ္ပံဆိုတဲ့ဗမာစကားရှိပါတယ်။ ဝိဇ္ဇာဆို တာ အသိအတတ်ကိုပြောတာ။ သိပ္ပက လုပ်တာကို ပြောတာ။ ဒါကြောင့်မို့ ရှေ့စကားလုံးက ဝိဇ္ဇာ၊ တက္ကသိုလ်မှာသင်ရတဲ့ပညာအထိကို ခေါ်တာ။ ဒါဆို ရင် သူငယ်တန်းကစတာပေါ့။ စာမတတ်တဲ့ပုဂ္ဂိုလ် ချမ်းသာဖို့ဆိုရင် ပုဗ္ဗေစ ကတ ပုညတာ အရမ်းကောင်းမှ၊ တကယ်ကိုကောင်းမှ။ အခုခေတ် ပညာမတတ်တဲ့ ပုဂ္ဂိုလ်တစ်ယောက် ဒုတ်ကိုင်ပြီး ရိုက်ပဲရိုက်တတ်တယ်။ နှစ်ထောင်ပေးလည်း

ရိုက်မှာပဲ၊ သုံးထောင်ပေးလည်း ရိုက်မှာပဲ။ ဘာကြောင့်လဲ ပညာ မတတ်လို့။ သနားစရာသိပ်ကောင်းတယ်။ ဒါကြောင့် လုပ်တဲ့နေရာမှာ အသိမပါဘဲ မလုပ်ကြနဲ့လို့ အထပ်ထပ်ပြောတာ အဲဒါပဲ။ ဒါကြောင့် ဗာဟုသစ္စဥ္စ လောကမှာ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံချင်တယ်ဆိုရင်သိသင့်တာသိကိုသိရမယ်။ ဒါမှ ဒါနလုပ်လည်း အဆင်ပြေတယ်လေ၊ သီလဆောက်တည်လည်း အဆင်ပြေတယ်လေ။ လူတွေပြောတယ်မို့လား အူမတောင့်မှ သီလစောင့်မယ်၊ ဒါဘာပြောတာလဲ၊ ကြီးပွားရေး စီးပွားရေးကိုပြောတာ။ ဒါဆို မွဲနေတဲ့ပုဂ္ဂိုလ်တစ်ယောက် သီလဆောက်တည်ဖို့ဆိုတာ မလွယ်ဘူး။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ဆိုတာက စားစရာမရှိဘဲနဲ့ မမိနိုင်ပါဘူးတဲ့။ ဘုရားရှိခိုးတာ မှန်တယ်လေ။ အိမ်မှာရှိတဲ့ အိုးထဲမှာ ဆန်မရှိရင် ဘုရားရှိခိုးဖို့ အချိန်မရပါဘူးတဲ့။ ဒါဆိုရင် စဉ်းစားကြည့်ပေါ့။ လူတွေအသိမဲ့လာတာက အတတ်မရှိလို့ပါ။ အသိမဲ့လာရင် ခိုင်းတာအားလုံးလုပ်မှာပဲ။ လုပ်သင့် မလုပ်သင့် သိတာဟာ ဗာဟုသစ္စ၊ ဒါကြောင့်မို့ ကိုယ်နဲ့ပတ်သက်ပြီး စီးပွားရေး ကြီးပွားရေးက ငါဘာကိုသိပြီး ငါဘာလုပ်မှာကို သိရမယ်။ မိဘက တိုက်တွန်းလို့ သွားလုပ်တာမျိုး မလုပ်ရဘူး။ မိဘကတိုက်တွန်းလို့သာ လုပ်ရတယ်၊ ကိုယ်ဝါသနာပါလို့မဟုတ်။ ကိုယ့်ရဲ့ အတိတ်ကပါလာတဲ့ ဆန္ဒအတိုင်း လူတွေမှာ ဝါသနာဆိုတာပါတယ်။ အဲဒီဝါသနာ အတိုင်းလုပ်ခိုင်းမှ ဘဝက ကြီးပွားလွယ်တာရယ်။

အနောက်နိုင်ငံကြီးပွားတယ်ဆိုတာ အဲဒါပဲ။ သူတို့က ကလေးတစ်ယောက်ကို ပြုစုပျိုးထောင်ပေးတယ်။ ဘယ်အချိန်ထိလဲ၊ နဲနဲတွေးတတ်တဲ့အချိန်အထိ၊ တွေးတတ်ပြီဆိုရင် ဘာကြိုက်လဲ၊ ကြိုက်တာကို လုပ်ခိုင်းတာ။ စရိုက်နဲ့ ကမ္မဋ္ဌာန်းကိုက်တာနဲ့ တူတူပဲ။ စရိုက်နဲ့ ကမ္မဋ္ဌာန်းကိုက်တော့ ချွန်ရတယ်လေ။ ဒါဆို ဝါသနာနဲ့အကြိုက်တွေ့ရင် ရသွားမှာပေါ့။ အဲဒါ ဗဟုသုတခေါ်တယ်။ လူတွေမှာ မိဘကိုယ်တိုင်က ဗဟုသုတမရှိ၊ ပညာမတတ်တော့ သားသမီးကိုလည်း ဗဟုသုတနဲ့ပတ်သက်ပြီး မပြော၊ ပညာနဲ့ပတ်သက်ပြီး

မတွန်း၊ အဲဒါဆို ဘာဖြစ်မလဲ၊ မွဲမှာပေါ့။ ဒါကြောင့်မို့ လူတွေကပြောတယ်။ လက်နက်နဲ့အုပ်ချုပ်ရင် ၁၀-နှစ်လောက် အုပ်ချုပ်လို့ရမယ်။ ဒါပေမယ့် ခေါင်းထဲမှာ ပညာမတတ်တဲ့သူကို အုပ်ချုပ်ရင် တစ်သက်အုပ်ချုပ်လို့ ရမယ်။ အဲဒါ ဗဟုသုတ မင်္ဂလာမရှိလို့။ ဗဟုသုတ မင်္ဂလာမရှိသူဟာ မကောင်းတာ အားလုံးလုပ်မှာပဲ။ ဒါတင်လားဆိုတော့ မဟုတ်ဘူး၊ သိပ္ပက နောက်ကပါလာတယ်။ ဘွဲ့ရရုံ ကျောင်းတက်ရရုံနဲ့ မပြီးဘူး၊ အဲဒီလူက အဲဒီ ဗဟုသုတ၊ သိပ္ပနဲ့ ပတ်သက်ပြီး တကယ်တတ်နေမှ မကောင်းတာကို မလုပ်တာ။ ကိုယ်က ပညာတတ်ရင် ဘာဖြစ်လဲ။ ရာထူးလိုတယ် နေရာရချင်တယ်ဆိုရင် အဲဒီနေရာလိုတဲ့အတွက် သူများကို ချောက်တွန်းမှာပဲ။ကြသော၊ မစ္ဆာရိယဖြစ်လာတာဟာ သိပ္ပံ = ပညာတကယ်မတတ်လို့ပဲ။

ဗဟုသုတနဲ့ပတ်သက်ပြီး တနည်းပြောရရင် ဘွဲ့ရ ပညာတတ်နဲ့ ပတ်သက်ပြီးမြန်မာနိုင်ငံမှာ ဘွဲ့ရတွေ ၉၀% တဲ့။ ကြားဖူးတာ ပြောတာပါ။ အင်္ဂလန်မှာထက်ကို များသေးတယ်။ အင်္ဂလန်မှာ လေ့လာကြည့်တော့ ၈၅% တဲ့။ တော်တော်မြင့်တဲ့နိုင်ငံ၊ အဲဒီထက်သာတယ်မြန်မာနိုင်ငံက နည်းတာ မဟုတ်ဘူး။ ပညာတတ်လူဦးရေ အများဆုံးကမြန်မာနိုင်ငံလားမသိဘူး။ တကယ်သာ ပညာတတ်မယ်ဆိုရင် မဟုတ်တာမလုပ်ဘူး။ လုပ်မယ်ဆိုရင်တောင် နည်းသွားတာပေါ့။ ၂-ခုတွဲလိုက်၊ ဗဟုသုတရယ်၊ သိပ္ပရယ်။ ကိုယ်ကသိလည်းသိတယ်၊ တတ်လည်းတတ်တယ်ဆိုရင် အဲဒီပုဂ္ဂိုလ်တစ်ယောက် မသိတာမျိုး မတတ်တာမျိုးကို မလုပ်တော့ဘူးတဲ့။ သိတာ၊ တတ်တာကိုပဲ လုပ်တယ်၊ သိပ္ပ=တတ်တာကိုလုပ်တဲ့နေရာမှာ လူတွေကိုဒုက္ခပေးတဲ့ အတတ်ကိုပြောတာ မဟုတ်ဘူး။ နယူကလီးယားထွင်တာလေ၊ အဲဒါ မင်္ဂလာမဟုတ်ဘူး။ မင်္ဂလာဆိုတာ ဘာလဲ၊ ကုသိုလ်ကိုဖြစ်စေတဲ့အရာ၊ အသက်မွေးဝမ်းကြောင်းမှာ အလုပ်လုပ်ရင်းနဲ့ အကုသိုလ်ဖြစ်တာအများကြီး။ ကုမ္ပဏီထောင်တယ်၊ ဘာဖြစ်လဲ လောဘဖြစ်မှာပေါ့။ ဒါပေမယ့် အဲဒီလောဘကို ပြောမနေနဲ့လေ။ မင်္ဂလာဆိုတာ

ဘာပြောလဲ၊ အဲဒီလောဘကို အခြေခံပြီး ကုသိုလ်လုပ်မယ်ဆိုရင် ရနိုင်တာပေါ့။

ဆိုလိုတာက သမ္မာအာဇီဝဖြစ်ပြီး မိစ္ဆာအာဇီဝမဟုတ်ရင် ပြီးရော။ ဒါပေမယ့် အခုဟာ ဘာဖြစ်နေလဲ၊ တက္ကသိုလ်က ပညာရသလား၊ ဘယ်ကျောင်းက ဆင်းသလားတော့မသိဘူး။ ရလာတဲ့အရာတစ်ခုကို အလွဲသုံးစားလုပ်တာဟာ တကယ်မတတ်လို့ပါ။ ဒါကြောင့် ဗဟုသုတနဲ့ သိပ္ပ ၂-ခု တွဲရင် အဲဒီပုဂ္ဂိုလ်တစ်ယောက်သည် သူတတ်တဲ့ပညာနဲ့ ဘဝမှာရုန်းကန်လို့ ရတာမို့လို့ မကောင်းတာကို မလုပ်တော့ပါဘူးတဲ့။ အဲဒါကို နောက်က ထောက်ခံပေးတယ်။ ဝိနယောစ သု သိက္ခိတောတဲ့။ ဗဟုသုတပြည့်စုံတယ်။ ပညာတတ်တယ်၊ အလုပ်လည်း လုပ်နိုင်တယ်ဆိုတာနဲ့ မရဘူး။ လောကမှာ မှားနေတဲ့သူတွေ အများကြီးမှ အများကြီး။

တက္ကသိုလ်မှာ ဆရာလုပ်နေပေမယ့် အရက်သောက်နေတဲ့ ဆရာတစ်ယောက်ပဲ ဆိုပါစို့။ ဆရာသာလုပ်နေတာ ကျောင်းသားနဲ့အတူ အရက်မူးနေတာမျိုးလဲရှိနေနိုင်တာပဲ။ ဒါကြောင့် တချို့က ကျောင်းသားထက်မိုက်တဲ့ ဆရာတွေလည်း ရှိတာပေါ့။ အဲဒါ ဗဟုသုတနဲ့ သိပ္ပပဲရှိလို့ အခုနောက်တဆင့် တက်ပြီး ဆရာဖြစ်လာတယ်၊ ဝိနယောစ သုသိက္ခိတော ကိုယ်သိ ကိုယ်တတ်တဲ့ ဟာနဲ့ ပတ်သက်ပြီးတော့ ဝိနယကိုယ်ကျင့်တရားရှိနေရမယ်တဲ့။ ပညာတတ်တဲ့ ပုဂ္ဂိုလ်တစ်ယောက် ပညာလေးစားရင် မလုပ်ရဲဘူးလေ။ ငါလို ပညာတတ်တဲ့ ပုဂ္ဂိုလ်တစ်ယောက် ဒီလိုလုပ်ရင် ဆဲခံရမှာပေါ့။ ဒါ့ကြောင့် ဟိရီဩတပ္ပ အရှက်အကြောက် ဝင်လာတယ်။

ဒါကြောင့် ဝိနယ သုသိက္ခိတဆိုတာ ကိုယ်ကျင့်တရား၊ အဲဒါကို ဝိနည်းလို့ ခေါ်တယ်။ ရဟန်းဝိနည်း၊ လူ့ဝိနည်း၊ အဲဒါ တိုက်ရိုက်ဘာသာပြန် မယ်ဆိုရင် ရဟန်းကျင့်ဝတ်၊ လူ့ကျင့်ဝတ်ပေါ့။ လူက ပညာတွေတတ်၊ အလုပ် တွေလုပ်နိုင်ပေမယ့် အကျင့်မကောင်းဘူးဆိုရင် မင်္ဂလာမရှိဘူး။ အဲဒါ ပြန်ပြီး တော့ ထောက်ပေးထားတာ၊ ပြောစရာဖြစ်လာမှာစိုးလို့၊ ပညာတတ်ပြီး လူမိုက်ဖြစ်

နေရင် ဘယ်လိုလုပ်မလဲ။ ကြည့်လိုက် ဝိနယောစ သုသိက္ခိ တော သူသိ သူတတ်တာနဲ့ပတ်သက်ပြီးတော့ ကိုယ်ကျင့်တရားမပျက်ပြားဘဲ ဘဝကို ကြိုးစားနိုင်ခြင်းတဲ့။ ကျင့်ဝတ်က အမျိုးမျိုးရှိတယ်၊ အလုပ်ရှင်ကျင့်ဝတ်ရှိတယ်။ အဲဒီကျင့်ဝတ်အားလုံးသည် ဝိနယ သုသိက္ခိတ။ ဒုစရိုက် ၁၀-ပါးကို မလုပ်ရင် အဲဒါ ဝိနယ သုသိက္ခတပဲ။ ကာယကံ၊ ဝစီကံ၊ မနောကံနဲ့ပတ်သက်ပြီး ဒုစရိုက်မလုပ်ဘူးဆိုရင် အဲဒီပုဂ္ဂိုလ်သည် ဝိနယသုသိက္ခတပဲ။

ဥပမာလေးတစ်ခုရှိတယ်၊ ဝတ္ထုပေါ့နော်၊ ကန္တာရရသေ့နဲ့ ဝေဒေဟ ရသေ့ဆိုတာ ကန္တာရတိုင်းကို အုပ်ချုပ်တဲ့ဘုရင်က တောထွက်တဲ့ အတွက် ကန္တာရရသေ့လို့သုံးတယ်။ ဝေဒေဟတိုင်းကို အုပ်ချုပ်တဲ့ဘုရင်က တောထွက်တော့ ဝေဒေဟရသေ့ပေါ့။ အဲဒီမှာ အဲဒီ လူ ၂-ယောက်ပေါ့လေ။ တောထဲမှာ တရားကျင့်ကြတယ်။ တရားကျင့်တဲ့သူလဲ အစားအစာအတွက် ဆွမ်းခံသွား လေ့ရှိတယ်။ ဆွမ်းခံသွားတော့ လူဟာ ဆားနဲ့ ကင်းလို့မရတာတော့ အမှန်ပဲ။ ဆားဓာတ်ကင်းရင် သူက သေမှာပဲ။ ဒါကြောင့်မို့ ကမ္ဘာကြီးပျက်သုန်းမယ်ဆိုရင် ပထမဆုံးလျှော့တာဟာ ဆားဓာတ်ပဲ။ ဓာတ်ထဲမှာ အရင်ဆုံးလျှော့တယ်၊ ပြီးရင် အချိုဓာတ်တဲ့။ အဲဒါက အစားအသောက်ထဲမှာ မပါတော့ဘူးတဲ့။ အဲဒါ ကမ္ဘာပျက်မဲ့လက္ခဏာပဲ။ ဆားက လွန်လို့လဲမရဘူးလေ၊ သကြားက လွန်လို့ မရဘူး။ ဒါပေမယ့် သူမရှိရင်တော့ ဘဝမရှိဘူးတဲ့။ အဲဒါ ကမ္ဘာ ပျက်မဲ့လက္ခဏာ ပဲ။ ဦးဇင်းတို့ ကမ္ဘာပျက်တဲ့အကြောင်း ဖတ်ကြည့်လို့သိတာ။ အဲဒါ အရင်ပျောက်တာ၊ စားစရာထဲမှာ မရှိတော့ဘူး။ အဲဒီ ဆားဓာတ်ဆိုတာ သမုဒ္ဒရာထဲမှာလဲ မရှိတော့ဘူး။ တဖြည်းဖြည်းပျောက်တာ၊ ထူးထူးခြားခြားပဲ။

အဲဒီမှာ ကန္တာရရသေ့နဲ့ ဝေဒေဟရသေ့က ၂-ပါး ဆွမ်းခံသွားတဲ့ အချိန်မှာ ဆားတွေ ရတတ်တယ်။ ဒါပေမယ့် ဝေဒေဟရသေ့က နောက်တစ်ခါ မရရင် မစားရမှာစိုးလို့ သိမ်းထားတာ။ အဲဒါနဲ့ နောက်တစ်ရက် ဆွမ်းခံထွက် တော့ ဆားမရဘူး။ မရဘူးသာပြောတယ် လက်ထဲမှာ ဆားကပါလာတယ်။

ဘယ်ကပါလာတာတုန်း ကန္တာရရသေ့က မေးတော့ တပည့်တော် သိမ်းထားတာတဲ့။ အဲဒီတော့ ကန္တာရရသေ့က ပြောပါလေရော အရှင်ဘုရား နိုင်ငံကြီးတစ်ခု စွန့်ပြီး ရသေ့ဖြစ်နေတာတောင်မှ ဒါကိုမကျင့်နိုင်ဘူးလားဆိုတော့ ဝေဒေဟ ရသေ့က အရှင်ဘုရား တပည့်တော်ကို ဆုံးမနေတာလား။ အရှင်ဘုရား အဆုံးအမ ခံချင်လို့ တပည့်တော်ရသေ့ဝတ်နေတာမဟုတ်ဘူး၊ ဘုရင်မို့လား။ ဟိုက ကန္တာရ ရသေ့က မဖြုံဘူး။ ငါဒီလိုမှ မပြောရင် မင်းပြောင်းလဲမှာ မဟုတ်ဘူးတဲ့။ မင်း ငါ့ကို မုန်းချင်မုန်းလို့ရတယ်၊ ကိုယ်ကျင့်တရားဆိုတာ ကိုယ်ကျင့်မှ ရတဲ့တရားတဲ့။ စဉ်းစားကြည့်တဲ့ နိုင်ငံကြီးတစ်ခုလုံးကို စွန့်ပြီးလာတာ ဒီဆားထုပ်လေးကို သိမ်းထားတယ်ဆိုကတည်းက အကျင့်က သုသိက္ခိတ တကယ်ကျင့်တာ မဟုတ်သေးဘူးတဲ့၊ အဲဒီမှာ နောင်တရတယ်၊ ဟာ ဟုတ်သားပဲ၊ တော်သေးတာပေ့ါ၊ ဒီလူမို့လို့ အခုခေတ် အာဏာရှင်ဆိုရင် ထကြမ်း မလားမသိဘူး။ သူတော်ကောင်းနဲ့ပေါင်းရခြင်းဟာ သိပ်ကိုကံကောင်းပါတယ်။ ပြောတဲ့စကား နားထောင်တယ်၊ ဘာကြောင့်လဲဆိုတော့ နောက်ထပ်လာတဲ့ မဂ်လာတစ်ပါးရှိတယ်။ သူက တန်းစီသွားတာ။ အရမ်းကာရောသွားတာ မဟုတ်ဘူး။ ဒါကြောင့် လူ့ဘဝမှာ ပညာလည်းတတ်၊ အလုပ်လည်းကောင်းတဲ့ ပုဂ္ဂိုလ်ဟာ အကျင့်မကောင်းလို့ မရဘူး။

အကျင့်မကောင်းရင် ဘယ်သွားမှာလဲ၊ အဲဒါ အ မဂ်လာ။ ဒါကြောင့် ပညာဘယ်လောက်ပဲတတ်နေနေ ဒုက္ခရောက်ရတာဟာ အကျင့်မကောင်းလို့။ ပညာမတတ်ရင်နေ အကျင့်ကောင်းဖို့တော့ အရေးကြီးတယ်။ အကျင့်လည်းကောင်း၊ ပညာလည်းတတ်မယ်ဆိုရင် အကောင်းဆုံး။ ဒါ သူရဲ့မူတစ်ခုပဲ။ ဒါပေမယ့် ပညာမတတ်ရင် အငတ်ကိုတော့ ခံနိုင်စွမ်းရှိမှ အငတ်ခံနိုင်တဲ့ အစွမ်းမရှိရင်တော့ ဝိနယောစ သုသိက္ခိတ မရှိတဲ့အတွက် ခိုးဆိုးတိုက်ခိုက်တယ်။ တရားတော်က တစ်ခုစီသွားတာ၊ ပညာတတ်ရမယ်၊ အဲဒီပညာသည် တကယ်ကို တတ်ရမယ်။ တကယ်တတ်ပြီး ကိုယ်ကျင့်တရား ပြည့်စုံနေရမယ်တဲ့။

အဲဒါကြောင့် ကမ္ဘာကြီး ငြိမ်းချမ်းဖို့အတွက် လိုအပ်တဲ့တရားသည် မင်္ဂလာတရား။ ဒါက ဘုရားဟောမှ မဟုတ်ဘူး။ ဟုတ်မဟုတ် ကြည့်ကြည့်လေ။ ပညာတတ်တဲ့သူနဲ့ ပညာမတတ်တဲ့သူ ဘယ်သူက ပိုမိုက်တာများလဲ။ ပညာမတတ်တဲ့သူကများမယ် ပြောလိမ့်မယ်။ ပညာတတ်တဲ့သူမိုက်မှ ပိုဆိုးတယ်၊ တချို့ တချို့ဒီနိုင်ငံမှာနေတဲ့အတွက် ယုတ်မာတဲ့သူတွေနဲ့ တွေ့ကောင်း တွေ့မှာပါ။ ပညာလည်း တတ်တယ်၊ တကယ်လည်း လုပ်နိုင်တယ်၊ သူများကို မပေးချင်ဘူး၊ မတရားလုပ်ချင်တယ်။ ဘာမရှိတာလဲ၊ ဝိနယာစ သုသိက္ခိတ မင်္ဂလာမရှိလို့။ အဲဒါက လောကရဲ့ဓမ္မပဲ။ ဘုရားရှင်က ဟောလို့ မဟုတ်ဘူး။ လူတွေသံသယဖြစ်နေလို့သာ ဘုရားရှင်က ချပြလိုက်တာ။

ပြီးတော့ သုဘာသိတာ စ ယာဝါစာ၊ စကားကို သုဘာသိတာ အကောင်းဆုံး ပြောရမယ်တဲ့။ စကားက အမျိုးမျိုးရှိတယ်တဲ့။ ကောင်းတဲ့စကား၊ တရားတဲ့ စကား၊ ချစ်ဖွယ်စကား၊ မှန်ကန်တဲ့စကား၊ အဲဒါဘာလဲ၊ ဝစီကံ ၄-ပါး ပြောတယ်မို့လား။ ဝစီကံ ၄-ပါးကဘာလဲ၊ မုသာဝါဒ၊ ပိသုဏဝါစာ၊ ဖရုသဝါစာ၊ သမ္ဖလာပ။ မုသာဝါဒကို ဆန့်ကျင့်လိုက်ရင် မှန်ကန်တဲ့စကားပေါ့၊ ပိသုဏဝါစာကိုဆန့်ကျင်ရင် ကောင်းတဲ့စကား၊ သုဘာ သိတာဝါစာဆိုတာ ကောင်းတဲ့စကားပြောတာပါ။ ဘာကြောင့်လဲဆိုတော့ ဘုရားရှင်ရဲ့နည်းလမ်း အတိုင်း သန္ဓာတာ, တစ်ယောက်နဲ့တစ်ယောက် အမြင်စောင်းရင်တောင်မှ အဲဒီစောင်းတဲ့အမြင်ကိုဖယ်ပြီးတော့ ကောင်းအောင် လုပ်ပေးတာ။ အခုက အဲဒီလို မဟုတ်ဘူး၊ လျှော်ပေးတာ၊ ဟိုကကြားရင် ဟုတ်တာပေါ့။ ငါလည်း ဒီလိုကြားတာ၊ အဲဒါ သုဘာသိတဝါစာ မရှိတဲ့အတွက် အကုသိုလ်တွေဝင်လာတာ။ ဒါကြောင့် လူတွေဟာ ပါးစပ်ပိတ်ဖို့အတွက် သိပ်အရေးကြီးတယ်။မင်္ဂလာတရား ထဲမှာ ပါးစပ်အတွက်ကို သီးသန့်ဟောပေးတာဟာ သုဘာသိတာစ ယာဝါစာ။ ပါးစပ်အရမ်းဖွာတာကိုး။ ကောင်းတဲ့စကားကို မပြောတာဟာ ပိသုဏဝါစာ ပြောခြင်းပဲ။ အချစ်ကိုပျက်စေတယ်၊ အထင်သေးစေတယ်၊ သံသယဖြစ်စေတယ်၊ အဲဒီ

စကားအားလုံးသည် သုဘာသိတဝါစာ မဟုတ်ဘူး။ မဟုတ်ရင် ဘာဖြစ်မလဲ။ အဲဒါ အ,မင်္ဂလာ၊ အဲဒီလူဒုက္ခရောက်မှာပဲ။ ပြီးတော့ တရားသောစကား၊ တရားသောစကားဆိုတာ ကောင်းတာကိုပြောတာ။ ကောင်းတာပြောတယ် ဆိုကတည်းက ဘာဖြစ်လဲ၊ သမ္ဖပ္ပလာပ မပြောဘူး။ သမ္ဖပ္ပလာပ ကောင်းလို့လား။ အဲဒါကြောင့် ပြဿနာတက်တာမနဲဘူး။ ဒါကြောင့် သမ္ဖပ္ပလာပ မပြောခြင်းဟာ တရားသောစကား။ ပြီးတော့ ဖရုသဝါစာ ကြမ်းတမ်းတဲ့စကား၊ အဲဒီစကားကို ပြောင်းပြန်ပြောရင် ချစ်ဖွယ်သောစကား။ အဲဒီစကားကိုပြော မယ်ဆိုရင် ချစ်စရာကောင်းတဲအတွက် သုဘာသိတာဝါစာပဲ။ ပြီးတော့ မှန်ကန်တဲ့စကား၊ အဲဒီစကား၄-မျိုးကိုသာ ပြောမယ်ဆိုရင်တဲ့ အဲဒီပုဂ္ဂိုလ် တစ်ယောက် မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါပြီတဲ့ ဘယ်လောက်ထိ ပြည့်စုံသလဲဆိုတဲ့ လူတစ်ယောက်ကိုကြည့်မယ်။ ရှင်သာရိပုတ္တရာက ဆရာကို ရှိသေတဲ့နေရာမှာ ၂-ယောက် မရှိဘူး။ ပြီးတော့ ပြောလိုက်တဲ့စကားကို နားထောင်တဲ့နေရာမှာလည်း ၂-ယောက်မရှိဘူး။

စကားလေးတစ်ခုရှိတယ်။ ဒီနေ့ ကိုရင်ဝတ်တယ်၊ အသက်အနေနဲ့ ကြည့်မယ်ဆိုရင် ၇-နှစ်ပဲရှိသေးတယ်။ အဲဒီပုဂ္ဂိုလ်က သူ့ကိုဆုံးမမယ်ဆိုရင် တောင်မှ လက်အုပ်လေးချီပြီးတော့ ခံယူမယ်တဲ့။ တကယ်လည်း ရှိခဲ့ဖူးတယ်၊ သူက အလုပ်များတဲ့ပုဂ္ဂိုလ်တစ်ယောက်၊ ဘယ်လောက်ထိလဲဆိုရင် ဇေတဝန် ကျောင်းမှာနေတဲ့အချိန် သူက ဘယ်တော့မှ ဆွမ်းခံအစောကြီး သွားလေ့မရှိဘူး။ နောက်ဆုံးမှကြွတယ်။ ထိပ်ဆုံးက ဘုရားရှင်ကြွတယ်။ အဲဒီမှာ သံဃာတွေပါ သွားတယ်။ ဘာလို့လဲဆိုတော့ အရိယာတွေချည်း သီးသန့်နေတာမဟုတ်ဘူး၊ ကျောင်းဆိုတာက ပုထုဇဉ်တွေပါနေတဲ့အတွက် သက်န်းတွေခေါက်တာ မခေါက်တာ၊ အိပ်ယာသိမ်းတာ မသိမ်းတာ အကုန်လုံးရှိတယ်။ အဲဒါဆိုတော့ သူက အရမ်းအလုပ်ရှုပ်တယ်။ အကုန်လိုက်သိမ်း၊ အိပ်ယာတွေလိုက်သိမ်း၊ သက်န်းတွေခေါက်ပေး၊ နေရာအတည်တကျမရှိရင် ရှိအောင်လုပ်ပေး။ အကုန်

လုံး တစ်ကျောင်းလုံးပြီးမှ သူက ဆွမ်းခံထွက်တာ့ နောက်ကျရော။ အဲဒီလို သွား တဲ့အချိန်မှာ ကိုရင်လေးတစ်ပါးနဲ့တွေ့တယ်။ သင်္ကန်းကမညီဘူး။ ဦးဇင်းတို့ ဝိနည်းသိက္ခာပုဒ်ဆိုတာရှိပါတယ်။ ပရိမဏ္ဍလသိက္ခာပုဒ်ဆိုတာ ရှိတယ်။ ရဟန္တာ များ သိက္ခာပုဒ်ကျူးလွန်တာ တွေ့ဖူးလား။ လူတွေက ဘုမသိ ဘမသိနဲ့ ဝိနယ သုသိက္ခိတမှာ လူတွေက လူ့ဝိနည်းကိုတောင် ကောင်းကောင်းမသိဘဲ ဘုန်းကြီး ဝိနည်းနဲ့ပတ်သက်ပြီး ဘုန်းကြီးကို ဝိနည်းမညီဘူးတဲ့၊ ဘာများကြည့်ပြီး ပြောတာ လဲ။ တော်တော်ကို အံ့သြဖို့ကောင်းတယ်။ ကိုယ်နဲ့မဆိုင်တာ သွားမပြောနဲ့။ အဲဒါက အကုသိုလ်ဖြစ်စေတယ်။ ကံဆိုးရင် အရိယူပဝါဒကံထိုက်တယ်။ အခုကြည့် သိက္ခာပုဒ် ၂-ပုဒ်ကို ကျူးလွန်သွားတာ။ သူသိလိုက်လား။ မသိဘူး။

ဗုဒ္ဓရဲ့ အာဏာဒေသနာတွေကို သိသိ မသိသိ ၂-ချက်ပေးထားတယ်။ သစိတ္တက ကျူးလွန်ချင်တဲ့စိတ်နဲ့လုပ်တဲ့အတွက် ရတဲ့အပြစ်ကတစ်ခု။ အစိတ္တက ကျူးလွန်ချင်တဲ့စိတ်တော့ မရှိဘူး၊ မသိပဲနဲ့ ဖြစ်သွားတဲ့ အာပါတ်တစ်မျိုးဆိုပြီး ၂-မျိုးရှိတယ်။ သာသနာမှာ ဘုန်းကြီးတွေလိုက်နာရမှာ ၂-မျိုး၊ အခုတော့ ရဟန္တာကြီး ပြောခံရတာ။ ပြောခံရတာ အကြီးအကျယ်ကြီးတော့ မဟုတ်ဘူး။ အရှင်ဘုရား အသက်ကြီးနေပြီးတော့ သင်္ကန်းဝတ်တာ မညီဘူးတဲ့။ ကိုင်း သူသတိမထားမိတာ။ မညီရင် အပြစ်၊ အဲဒါနဲ့ ဟိုဘက်လှည့်သွားပြီးတော့ သပိတ်ကိုချ၊ သင်္ကန်းသေချာဝတ်ပြီးတော့ ပြန်လှည့်လား ကိုရင်လေးကိုပြတယ်။ ကိုရင်လေး ညီပြီလားတဲ့။ ဘယ်လောက်ထိ ကောင်းလဲဆိုတာ၊ သောဝစဿတာ ဂုဏ်တော်နဲ့ ပြည့်စုံတယ်ဆိုတာ။ ကောင်းတဲ့စကားကို လက်ခံနိုင်စွမ်းရှိတယ်။ အဲဒါနဲ့ ကိုရင်လေး ညီပြီလားဆိုပြီးတော့ ကြည့်ကြည့်တယ်။ သေသေချာချာပဲ။ အခုခေတ်များဆိုရင်လေ အဲဒီကိုရင်လေး နားရင်းပြုတ်သွားမလား မသိဘူး။ ဝိနယ သုသိက္ခိတ မရှိတဲ့အပြင် အတ္တသမ္မာ မဏိမိ မရှိပြန်ဘူး။ ငါခံယူရမယ်ဆို တဲ့ စိတ်မရှိတာကိုက ဝိနယ သုသိက္ခိတမဖြစ်ဘဲ ကိုယ်ကျူးလွန်ဖို့ အဆင်သင့် ဖြစ်သွားတာ။ အတ္တသမ္မာ ပဏမိ မရှိရင် မလွယ်ဘူး၊ လက်ခံဖို့ရာ။ စိတ်ထားက

မမှန်တာပေါ့။ အဲဒါနဲ့ ကိုရင်လေး ကျေနပ် ပြီလားဆိုတော့ ကျေနပ်ပြီတဲ့။ အဲဒါနဲ့ လက်အုပ်လေးချီပြီး ကန်တော့လိုက် သေးတယ်။ ပြောမှာပေါ့။ ကိုရင်လေးကို ကန်တော့စရာလား။ မဟုတ်ဘူး၊ ဆုံးမစကားကို ကန်တော့တာ။ အံ့ဩစရာပေါ့။ လူတွေက ကိုရင်လေးဆိုပြီး မကန်တော့ချင်ဘူး။ ရဟန်းသာ ကန်တော့ချင်တာ။

မြန်မာနိုင်ငံမှာ ရှိခဲ့ဖူးပါတယ်။ မန်လည်ဆရာတော်ကြီးဆိုတာ လူတိုင်း ကြားဖူးကြမှာပါ။ ပြီးတော့ လယ်တီဆရာတော်ကြီးဆိုတာကိုလည်း ကြားဖူး ကြမှာပါ။ ၂-ပါးစလုံးက တကယ့်ကို ပညာအရာမှာ ဒိတ်ဒိတ်ကြဲပဲ။ ဒါပေမဲ့ အဲဒီ ၂-ပါးစလုံးမှာ ပိုပြီးတော်တာ တတ်တာက မန်လည်ဆရာတော်။ လောကီရေးရာကို မသိပဲနဲ့ လောကုတ္တရာရေးရာကို သိတာက လယ်တီ။ လောကီ လောကုတ် ၂-ခု စလုံး သိတာက မန်လည်။ ဒါပေမဲ့ မန်လည်က ငယ်တယ်၊ အသက်ငယ် တယ်။ အသက်ငယ်တော့ ဝါငယ်တာပေါ့။ လယ်တီက ကြည်ညိုလွန်းလို့တဲ့။ ခက်တာက သူကလည်း အလုပ်ရှုပ်တယ်။ ဟိုကလည်း အလုပ်ရှုပ်တဲ့အချိန်၊ အဲဒီမှာ အားတဲ့အချိန်လေးကို တချက်လောက် ပင့်ပေးစမ်းပါ ဆိုပြီး ပင့်ခိုင်းတာ။ ပင့်လာပြီးတော့ ရှိခိုးတာ၊ ဟိုက ငယ်တယ်လေ။ ဒါပေမဲ့ လူတစ်ယောက်ရဲ့ စိတ်ကိုတန်းသိဖို့ကတော့ လွယ်တဲ့ကိစ္စတစ်ခုတော့ မဟုတ်ဘူး။ ဟာ အရှင်ဘုရား မရှိခိုးပါနဲ့ မလုပ်နဲ့၊ မလုပ်နဲ့တားတာပေါ့၊ မဟုတ်ဘူးတဲ့ အရှင်ဘုရားရဲ့ ခန္ဓာကိုယ်နဲ့ သီလဂုဏ်ကို ရှိခိုးတာ မဟုတ်ဘူးတဲ့။ အရှင်ဘုရားမှာရှိတဲ့ ပညာဂုဏ်ကို ရှိခိုးတာတဲ့။ ကြည်ညိုစရာကောင်းလိုက်တာ။ အခုလူတွေက ဘာနဲ့ မာန်တက် နေကြတာလဲ မပြောတတ်။ ကိုရင်လေးဆိုရင် မရှိခိုးချင်ဘူး။ အခု ရှင်သာရိပုတ္တရာ၊ ဘုရားရဲ့ လက်ျာရံ၊ ပညာအရာမှာ ဒိတ်ဒိတ်ကြဲ။ ဒါပေမဲ့ ပညာနဲ့ပတ်သက်ပြီးပြောလိုက်ရင် ကောင်းတဲ့စကားဆိုရင် အတ္တသမ္မာ ပဏိဓိ ဆိုတော့ လက်ခံနိုင်စွမ်းရှိတယ်။ လောကမှာ ဘာအဆင့်မှ မရှိတဲ့ သူတွေဖြစ်နေပါစေ ကောင်းတဲ့စကားနဲ့ပတ်သက်ပြီး ပြောလာခဲ့မယ်

ဆိုရင် နာခံဖို့ အဆင်သင့်ဖြစ်ပါစေ။ ဘာ့ကြောင့်လဲ ဆိုရင် မင်္ဂလာဖြစ်စေလို့ပါ။ အဲဒါက လူသားများအတွက် အကောင်းဆုံးအခြေအနေကို ဖန်တီးပေးမဲ့ တရားများပါပဲ။ ပြီးတော့ ကိုယ်ကပြောရင်လဲ သုဘာသိတဖြစ်ပါစေ။

ဒါကြောင့်မို့ မင်္ဂလာတရားတော်ဟာ အနည်းဆုံး ဘယ်ကိုပို့လဲဆိုတော့ နတ်ပြည်ကိုပို့တယ်။ ဒီထက်ပိုရင် နိဗ္ဗာန်ထိ ရောက်တယ်။ မင်္ဂလာတရားမပြည့်စုံ သေးပေမယ့် စစ်ကြည့်လေ အတ္တသမ္မာ ပဏိဓိ ရှိရင် ဘာဖြစ်နိုင်မလဲ၊ ရဟန္တာ တွေ ဖြစ်နိုင်တယ်။ ဒါကြောင့်မို့ တရားချစ်ခင်သူတော်စင်များအနေနဲ့ မိမိတို့ ကြုံတွေ့တဲ့အခါမှာ၊ အသေဝနဗာလ ဆိုတဲ့အတိုင်း မကောင်းတဲ့အကုသိုလ်စိတ် နဲ့ ပတ်သက်ပြီး ပြောဆိုဆက်ဆံနေတဲ့ ပုဂ္ဂိုလ်များကို ရှောင်ကြဉ်နိုင်အောင် ကြိုးစားကြပါ။ ပဏ္ဍိတာနဥ္စသေဝန ဆိုတဲ့အတိုင်း ပညာရှိသူတော်ကောင်းလို့ နာမည်ခံရမဲ့ ကောင်းတဲ့အရာကို ညွှန်ပြတဲ့ပုဂ္ဂိုလ် တွေရှိမယ်ဆိုရင် နာခံနိုင်ပါ စေ။ ပူဇာစ ပူဇနေယျာ ဆိုတဲ့အတိုင်း အဲဒီပုဂ္ဂိုလ်တွေကို ရှင်သာရိပုတ္တရာက အမြဲတမ်း သူ့ရဲ့ဆရာကို ရှိခိုးပြီးမှ အိပ်သလို ကိုယ့်ကို အသိတရားများ ပေးခဲ့တဲ့ ပုဂ္ဂိုလ်များရှိရင် ရှိခိုးပြီးမှ အိပ်နိုင်အောင် ကြိုးစားကြ။ ပြီးတော့ ပတိရူပဒေသဝါသ ကိုယ့်အတွက် ကောင်းတဲ့ပတ်ဝန်းကျင်တွေ ရတဲ့အချိန်မှာ အဲဒီပတ်ဝန်းကျင်ကို လက်ဆုတ်ကိုင်ထား၊ ပြီးရင် ပုဗ္ဗေစ ကတပုညတာ အတိတ်ကြောင့်ရလာတဲ့ အခုအခွင့်အရေးတွေကို ဆုံးရှုံးမခံပါနဲ့။ အတ္တသမ္မာ မဏိဓိ အဲဒီတရားများကို လက်ခံတဲ့နေရာမှာ ကောင်းတဲ့စိတ်နဲ့လက်ခံပါ။ လောကကို အသိနဲ့ ဖြတ်သန်းမယ်ဆိုရင် ဗဟုသုတရှိ အောင်လည်း လုပ်ကြပါ။ အဲဒီဗဟုသုတသည် တကယ်ကိုတတ် တကယ်သိပြီး လုပ်နိုင်တဲ့သိပ္ပနဲ့ ပြည့်စုံနေပါစေ။ ပညာတတ် အသိပြည့်ပြီး လုပ်နိုင်တဲ့အခါမှာ မာန်မာန မပေါ်ရလေအောင် ဝိနယသုသိက္ခိတ ကိုယ်ကျင့်တရားနဲ့ ပြည့်စုံနေပါစေ။ ကိုယ်ကျင့်တရား ပြည့်စုံတဲ့ပုဂ္ဂိုလ်တစ်ယောက်သည် သုဘာသိတာစဝါစာ ကောင်းတဲ့စကား ပြောနိုင်ရမယ်။ မှန်ကန်တဲ့စကား ပြောနိုင်ရမယ်။ ချစ်ဖွယ်

သော စကားပြောနိုင်ရမယ်။ အကျိုးရှိတဲ့စကားကို ပြောနိုင်ရမယ်။ အဲဒီနေရာမှာ အရေးကြီးဆုံးက ယောဂီ သူတော်စင်တွေ မရှိမဖြစ်လိုအပ်တာက အတ္တသမ္မာပဏိဓိ၊ မိမိရဲ့စိတ်ကို အတတ်နိုင်ဆုံး အကောင်းဆုံးထားပြီး နိဗ္ဗာန်ထိ ရောက်အောင် ကြိုးစားနိုင်ကြပါစေကုန်သတည်း။

သာဓု . . . သာဓု . . . သာဓုပါဘုရား။

ဦးဇင်းတို့ သင်နေတဲ့အထဲမှာ မင်္ဂလာတရားတော်ရှိတယ်။ မင်္ဂလာဆိုတဲ့အတိုင်း အပါယ်မကျရအောင်ပေါ့လေ။ လူ့ဘဝမှာ ရှင်သန်ရတာလည်း အကျိုးရှိအောင် ပြီးတော့ သေပြီးတဲ့အခါမှာလည်း အပါယ်မကျရအောင် ဒါအရေးကြီးတာမို့လို့ မင်္ဂလာတရားတော်ကို ဦးဇင်း အေးအေးဆေးဆေး ပြောပေးနေတယ်။ ပြီးတော့ လူ့ရဲ့ကျင့်ဝတ်ရှိတယ်။ သဂမောက္ခဒံ ဆိုတဲ့ အတိုင်း နတ်ပြည်ရော နိဗ္ဗာန်ကိုပါရောက်စေနိုင်တဲ့ အခြေအနေမို့လို့ အချိန် ယူပြီး ပြောပေးသွားမယ်။

အခု ဦးဇင်းတို့ လက်ရှိ ဒီနေ့စသင်မှာက မာတာပိတု ဥပဋ္ဌာနံ၊

**မာတာပိတု ဥပဋ္ဌာနံ၊ ပုတ္တဒါရဿ သင်္ဂဟော၊**

**အနာကုလာ စ ကမ္မန္တာ၊ ဧတံ မင်္ဂလမုတ္တမံ။**

မာတာပိတု အမေနဲ့အဖေတို့ကို ဥပဋ္ဌာနံ လုပ်ကျွေးခြင်း၊ ပုတ္တဒါရဿ သင်္ဂဟော၊ ပုတ္တမှာ သားရော သမီးပါ ပါတယ်။

ဒါရ ဆိုတာက မယား၊ သင်္ဂဟဆိုတာ ချီးမြှောက်တာ ပေးကမ်းတာ။ ဒါဆိုရင် ဒါရ မယားကို ပေးကမ်းတယ်ဆိုရင် ဒီကျင့်ဝတ်သည် ယောကျာ်းရဲ့ ကျင့်ဝတ်ပေါ့။ တကယ်လို့ မိန်းမက ပြန်ကြည့်မယ်ဆိုရင်မိန်းမရဲ့ကျင့်ဝတ်ပေါ့။ ပြီးတော့ အနာကုလာစ ကမ္မန္တ အလုပ်ရှုပ်ထွေးမှု မရှိရဘူး၊ သန့်ရှင်းတဲ့အလုပ် ရှိရမယ်တဲ့။ အဲဒါက မင်္ဂလာတရားပေါ့။ အဲဒါကို တစ်ခုချင်း ပြောပေးသွားမယ်။ မာတုဥပဋ္ဌာန ပိတု ဥပဋ္ဌာန အမေကို လုပ်ကျွေးခြင်း၊ အဖေကို လုပ်ကျွေးခြင်း၊ ဆိုပြီးတော့ လုပ်ကျွေးမှု ၂-ခု၊ အမေ့ကို လုပ်ကျွေးတယ်၊ အဖေ့ကို လုပ်ကျွေး တယ်ဆိုရင် ဒါသားသမီးကျင့်ဝတ်ပေါ့။ ဘာကြောင့် မိဘကို လုပ်ကျွေးရတာက ကျေးဇူးတရားကြီးမားလို့ပေါ့။ ရှင်းရှင်းပြောမယ် ဆိုရင် အသက်ရှင်အောင် လုပ်ပေးတဲ့ ပုဂ္ဂိုလ်တွေကို ကျေးဇူးတင်တတ်တာ လူတွေရဲ့အလုပ်တစ်ခု၊ မွေးပေးတာကို နောက်ထား၊ ရောဂါကုတဲ့နေရာမှာ၊ ရောဂါတွေ ပျောက်သွား တယ်။ ကုပေးတဲ့ ဆရာဝန်ကို ကျေးဇူးတင်လို့ မဆုံးဘူး။ သူက ကိုယ့်ကို အသက်

ဆက်ပေးတာလား။ မဟုတ်ဘူး၊ ရောဂါပျောက်အောင် ကုပေးတာပဲ။ ၁၀-လ တိတိ ဗိုက်ထဲမှာ ထည့်ထားပြီး ကုပေးနေတာလား၊ မဟုတ်ဘူး၊ မိဘရဲ့ ကျေးဇူးကြီးမားတယ်ဆိုတာ အဲဒါပဲ။ ဆရာဝန်ကိုဆို ပိုက်ဆံလဲ ပေးရသေးတယ်၊ ခလည်းခ ရသေးတယ်။ အဲဒီလို ပုဂ္ဂိုလ်မျိုးကိုတောင် ရောဂါတွေပျောက်အောင် ကုပေးလို့ ကျေးဇူးတင်ရသေးရင် အစာလဲကျွေး၊ နေရာလဲပေး၊ ဂရုလဲစိုက်တဲ့ ပုဂ္ဂိုလ်ကို ပိုပြီးကျေးဇူးတင် သင့်တာပေါ့။ လူသားတစ်ယောက်အနေနဲ့ လူသား ဆန်ဖို့အတွက် ပေးခဲ့တဲ့နည်းလမ်းတစ်ခုပဲ။ ဒါပေမယ့် လူတွေက အသိလေး ကြွယ်ဝလာတဲ့အချိန်မှာ မိဘက စာမတတ်ဘူး၊ ကိုယ်က စာတတ်လာတယ်၊ မိဘက ပညာနဲ့ပတ်သက်ပြီးတော့ နိမ့်ကျတယ်၊ မိဘက ရာထူးနဲ့ပတ်သက်ပြီး နိမ့်ကျတယ်၊ လူရာမဝင်ဘူးဆိုရင် ကိုယ့်စိတ်ထဲမှာ ဘာဖြစ်သလဲ၊ ဒီလူတွေနဲ့ ပတ်သက်လာရင် သိမ်ငယ်တယ်လို့ ခံစားရတယ်။ တကယ်တော့ စဉ်းစားကြည့်၊ လူကြားထဲကို ရောက်လာတာ၊ ဒီအာဏာကို ရလာတာ၊ ပစ္စည်းဉစ္စာတွေ ရလာတာ မိဘမမွေးရင် လူဖြစ်စရာ အကြောင်းမရှိဘူး။ အဲ့ဒါ မိဘကျေးဇူးပဲ၊ မိဘတွေ ဘယ်လောက်ပဲ မိုက်ရိုင်းနေပါစေ၊ တချို့ မိဘရှိပါတယ် သားသမီးကို ရောင်းစားတာမျိုး၊ ဒါ သူ့ရဲ့ဘဝ အခြေအနေအရ လုပ်တာပါ။ ဒါပေမယ့် ဘာပဲပြောပြော အသက်ရှင်ပြီး နေခွင့်ရတာကိုက ကောင်းနေပြီ။ လူတွေက ကိုယ့်ကို အမြဲဂရုစိုက်နေမှ ကျေးဇူးဆိုတဲ့ စကားကို ပြောချင်တာ။ အသက် ရှင်သန်နေပြီး လောကမှာ နေခွင့်ရတာကိုက ကောင်းနေပြီ။ လက်လည်း မကျိုးဘူး၊ ခြေလည်း မကျိုးဘူး၊ ခေါင်းလည်း ကောင်းနေတယ်ဆိုရင် ကိုယ့်ဟာကို ရှာစားလို့ရနေပြီပဲ။ ဘာဖြစ်လို့ မိဘဆီက နောက်ထပ်မျှော်လင့် နေသေးတာလဲ၊ လူတွေက အမြဲတမ်း မိဘဆီကမျှော်လင့်တယ်၊ မိဘကို ငါတို့ဘာလုပ် ကျွေးရမယ် ဆိုတာ ဘယ်တုန်းကမှ မစဉ်းစားဘူး။

ဘာဖြစ်လို့ ဒီလောက်ထိပြောရလဲဆိုရင် မိဘဆိုတာ ပုဗ္ဗာစရိယ လက်ဦး ဆရာဖြစ်နေလို့ပဲ။ သားရေ ဒီစကားဆို ဒီလိုပြော၊ ဟိုစကားဆို ဟိုလိုပြော၊

ဒါကို မစားသင့်ဘူး၊ ဒါကို စားသင့်တယ်၊ သူများမသင်ခင်ကတည်းက မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ပြဟ္မဝိဟာရတရားနဲ့ ကိုယ့်ကိုစောင့်ရှောက်ခဲ့တာ။ မမွေးခင် ပဋိသန္ဓေနေတဲ့အချိန်မှာလည်း သားလေး သမီးလေးမှန်း မသိခင်ကတည်းက မေတ္တာပွားလိုက်ရတာ၊ အဲဒါက မွေးဖူးတဲ့ သူမှသိတာ။ ဒါပေမယ့် ခေတ်က ဆုတ်လာတဲ့အချိန်မှာ သူတို့ပျော်ပါးမှုကြောင့် ပေါ်လာတဲ့ပြဿနာကို ရှင်းပြစ်ဖို့အဆင့် ရောက်လာရော။ အဲဒါကြောင့် မင်္ဂလာမရှိတော့ဘူး၊ မင်္ဂလာမရှိတဲ့ခေတ်ကြီးက အမင်္ဂလာ၊ သူတို့ကိုယ်တိုင် ကလည်း ကိုယ်ကျင့်တရားမကောင်း၊ သေပြီးရင်လည်း မကောင်းတဲ့နေရာ ရောက်မှာပဲ။ အဲဒါက ကိုယ်ကျင့်တရားမကောင်းတဲ့ခေတ်ကြီးကို ရောက်လာလို့ မိဘရဲ့ကျေးဇူးဆိုတာကို သူတို့မပြောတာ။ တကယ့်တကယ် ပြန်စဉ်စားကြည့် ပဋိသန္ဓေနေပြီဆိုကတည်းက သားမှန်းမသိ၊ သမီးမှန်းမသိဘဲနဲ့ မေတ္တာတွေ ထားလိုက်ရတာ၊ ဘေးရန်ကင်းပါစေဆိုတဲ့စိတ်နဲ့ အမေရော၊ အဖေရော မေတ္တာပွားသတဲ့။ သားသမီးက နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ရင်ပျော်နေမှာ၊ မိဘက ဘယ်တုန်းကမှ အိပ်မပျော်ခဲ့ဘူး၊ အိပ်ရေးပျက်ခဲ့တဲ့ ညပေါင်းများစွာကို ပိုင်ဆိုင်ခဲ့တာ မိဘတွေပါ။ **မိုးကြိုးပစ်တဲ့အသံကို ကြားတဲ့အချိန်မှာ မနိုးရင်နေ ပါလိမ့်မယ်။ ဒါပေမယ့်သားရဲ့အသံ သမီးရဲ့အသံကိုကြားတဲ့အချိန်မှာ မနိုးတဲ့မိဘဆိုတာ မရှိဘူး။** အဲဒီလောက်ထိ ကျေးဇူးကြီးမားခဲ့တဲ့ မိဘကို ပြန်လုပ်ကျွေးသင့်တာပေါ့။

ဒါကြောင့်မို့ သားသမီးကျင့်ဝတ်ဆိုတဲ့ အထဲမှာပါပြီးသားပါ။ ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လျှူမျှဝေ၍၊ စောင့်လေ မျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဖွယ်သားတို့တာ။ ဒါ မိဘအပေါ်မှာ သားသမီး ကျင့်ရမယ့်တာဝန်၊ မိဘက ဘာကြောင့် ဒီလောက်ထိကျေးဇူးကြီးမားနေလဲ၊ ခုနက မမွေးခင် **မေတ္တာ**၊ လူရာမဝင်ခင် **ကရုဏာ**၊ စဉ်းစားကြည့် လမ်းလျှောက်မတတ်ခင်မှာ လဲမှာစိုးလို့ သနားတဲ့စိတ် သူ့မှာအမြဲပွားနေတယ်၊ လမ်းလေး

လျှောက်တတ်ပါစေ၊ ဟိုဟာလေး မစားမိပါစေနဲ့၊ အဲဒီမှာ သားသမီးတွေ ဟိုကောက်စား၊ ဒီကောက်စားမိတဲ့အချိန်မှာ ဘယ်လိုနေလဲ၊ ဒုက္ခရောက် မှာစိုးတဲ့ ကရုဏာစိတ်က မိဘမှာအပြည့်၊ ပြီးတော့ ပညာတွေတတ်၊ ကြင်ယာတွေစုံ၊ လူကြားထဲရောက်လာတဲ့အချိန်မှာ **မုဒိတာ** ပွားလိုက်ရတာ၊ ဂုဏ်ယူ လိုက်ရတာ၊ သားလေးက စကားတွေတတ်၊ ပညာတွေတတ်ပြီးတော့ လူကြီးဖြစ် လာပြီဆိုတော့ ဖြစ်ရတဲ့ မုဒိတာ။ ပြီးတော့ ကိုယ့်အိမ်ကခွဲပြီးတော့ သူများအိမ်ကို လိုက်သွားရတဲ့အချိန်၊ တနယ်တကျေးသွားရတဲ့အချိန်မှာ **ဥပေက္ခာ**ပေါ့။ အချိန်ကျရင် ခွဲရမှာပါလေ ဆိုတဲ့စိတ်နဲ့ သူတို့က ဥပေက္ခာထား နိုင်ခဲ့တယ်။ ဒါကြောင့်မို့ ဗြဟ္မာနဲ့တူတယ် ပြောတာပေါ့၊ တချို့တချို့တော့ ပြောမှာပေါ့လေ တပည့်တော်မိဘက ဒီလိုမျိုး မဟုတ်ပါဘူးလို့။ ရှင်သန်ခွင့်ရတာကိုပဲ ကျေးဇူးတင်လိုက်ပါ။ အဲဒီမိဘတွေသာ ကိုယ့်ကို လူလိုမဆက်ဆံခဲ့ရင် ဒီဘဝ ထဲမှာ ကိုယ်မရှိတော့ဘူး။ ဒီလို အသိလည်း ရှာဖွေခွင့်မရတော့ဘူး။

နတ်ပြည်ဆိုတာ ဘယ်မှာလဲ၊ ဗြဟ္မာပြည်ဆို ဘယ်လိုလုပ်ရမလဲ၊ နိဗ္ဗာန် ဆိုတာ စဉ်စားကြည့်၊ အဲဒီအသိတွေကိုရအောင် မွေးပေးတာကိုက ကျေးဇူးတင် ဖို့ကောင်းနေပြီ။ သူ့ဖာသာ ဘာဖြစ်ဖြစ် ဒါက သူ့အလုပ်၊ ကိုယ့် ကိုယ်ကို လူကောင်းတစ်ယောက်ဖြစ်အောင် လုပ်တာက ကိုယ့်အလုပ်၊ ဒါ ကျေးဇူးတင်ရ မယ်။ ဒါကြောင့် မိဘသည် ဗြဟ္မာနဲ့တူတယ်တဲ့။ **မမွေးခင် မေတ္တာ၊ မွေးပြီး ကရုဏာ၊ ပြီးတော့ ကြီးပွားလာတဲ့အချိန်မှာ မုဒိတာ၊ ခွဲသွားရင် ဥပေက္ခာ၊** ဒါက မိဘတွေက သားသမီးတွေအပေါ်မှာထားတဲ့ စေတနာတွေမို့ မိဘတွေကို ပြန်လည်ကျေးဇူးဆပ်တာဟာ သားသမီးရဲ့အလုပ်၊ ဘာမဟုတ်တဲ့ နေရာ တစ်ခုကို ရောက်တဲ့အချိန်မှာ ကိုယ့်ကိုအလုပ်ပေးတဲ့ပုဂ္ဂိုလ်ကိုတောင်မှ ကျေးဇူးတင်လို့ မဆုံးတော့ဘူးဆိုရင် တချို့ဆို မန်နေဂျာတွေလေ၊ ကိုယ့်ကို အလုပ်ပေးတယ်၊ ခြေထောက်ဖက်မတတ် ကျေးဇူးတင်နေတာ၊ မန်နေဂျာ အလုပ်ပေးလို့ရအောင် လုပ်ပေးထားတာ ဘယ်သူလဲ၊ မိဘကို ခြေထောက်ဖက်

ဘယ်နှစ်ခါများ ကျေးဇူးတင်ကြောင်း ပြောဖူးလဲ။ ကိုယ့်မှာရှိတဲ့အချိန်မှ ပေါ်လာတဲ့ ကျေးဇူးရှင်ကိုတော့ ကျေးဇူးတင် လို့မဆုံးဘူး၊ လောကထဲကို မရောက်လာခင် လူဖြစ်လာအောင် ကြိုးစားပေးတဲ့ မိဘကိုတော့ ကျေးဇူးတင်ရမှန်းမသိဘူး။ အဲဒါကြောင့် လူတွေအပါယ်ကျတာ၊ မိဘရဲ့ကျေးဇူးကို မဆပ်ရင်နေအုံး၊ ဂုဏ်တစ်ခု ခေါင်းထဲ ထည့်တာနဲ့တင်ပဲ ကျေးဇူးက ဆပ်ပြီးသားဖြစ်နေပြီ၊ မိဘကျေးဇူး ဆပ်တဲ့နေရာမှာ လူကိုဥပမာမပေးဘဲ တိရစ္ဆာန်ကို ဥပမာပေးလို့ရတယ်။

ကြားဖူးပြီးသားဖြစ်မှာပါ။ ကျေးသားဆိုတာ၊ ကျေးသားဆိုတာ ကျေးကိုပြောတာပေ့ါ၊ ဘုရားအလောင်းကျေးလေ၊ ဘာလုပ်တာလဲ၊ စားလည်း စားတယ်၊ ယူလည်းယူသွားတယ်၊ စားတာက သူ့အတွက်၊ ယူသွားတာက အများကြီးပဲ၊ မိဘအတွက် လည်းပါတယ်၊ သားသမီးအတွက်လည်းပါတယ်၊ ပြီးတော့ အိုနေတဲ့ပုဂ္ဂိုလ်အတွက်လည်း ပါတယ်။ ဒါကြောင့်မို့ ကြွေးဟောင်းဆပ်၊ ကြွေးသစ်ချ၊ ရွှေအိုးမြှုပ်၊ တစ်ရက်မဟုတ်၊ နှစ်ရက်မဟုတ်၊ ရက်ပေါင်းများလာ တော့ လယ်သမားက စိတ်ပူလာတယ်။ ကျေးငှက်အုပ်ကြီးနဲ့ ဒီလောက် အများ ကြီး လာလာစားနေတော့ ဘယ်လိုလုပ် ရှင်သန်လို့ ရမှာလဲ၊ ပိုင်ရှင်ကိုပြောတော့ ပိုင်ရှင်က ဖမ်းကွာဆိုတော့ ဖမ်းလို့ မိပါလေရော၊ နေစမ်းပါဦးကွ မင်းတစ် ကောင်ပဲ ဗိုက်-၂လုံးရှိတာလား၊ သတ္တဝါတိုင်းက ဗိုက်-၁လုံးပဲရှိတာ။ မင်းက ဘာလို့ ပိုလိုချင်ရတာလဲ၊ အဲဒါနဲ့ ကျေးသားကပြောတယ် ကြွေးသစ်လည်း ချရပါတယ်၊ သူ့မှာ သားသမီးတွေရှိတယ်လေ၊ သားသမီးတွေ ကြွေးရမယ့်ကိစ္စက မိဘရဲ့အလုပ်။ တစ်ချိန်ကျလို့ပြန်ဆပ်ရင် ကြွေးသစ်ချတာနဲ့ တူတယ်။ အခု ရှင်သန်နေတာက မိဘကြောင့်။ အဲ့ဒါ ကြွေးဟောင်းဆပ်ရတာ၊ ပြီးတော့ ရွှေအိုးမြှုပ်တယ်ဆိုတာ မသွားနိုင် မလာနိုင်တဲ့ အဖိုးအိုတွေ အဖွားအို တွေရှိ တယ်။ ဒီလိုသိတတ်တဲ့ပုဂ္ဂိုလ်တွေကို ကြည့်လိုက်တဲ့အချိန် တိရိစ္ဆာန်ဘဝမှာ လည်း အလောင်းတော်တွေပဲတွေ့တယ်။ ဒါကြောင့် ဦးဇင်းတို့ဘဝမှာ ဒီထက်ပို မထူးခြားတာ၊ လူ့ဘဝတောင်မှ ဒီလိုစိတ်မျိုး မပေါ်ဘူး။ တိရိစ္ဆာန် ဘဝမှာ

ပေါ်ဖို့ဆိုတာ လွယ်ပဲ့မလား၊ တော်တော်လေးတော့ မလွယ်တဲ့ကိစ္စ။

အခုကြည့်လိုက် ကျေးသားက တိရိစ္ဆာန်ဘဝမှာ ပေါ်လာတဲ့စိတ်ဓာတ် ဘယ်လောက်မြင့်မြတ်သလဲ။ ဒါကြောင့် သူ့အလုပ် ၃-ခုလုပ်တယ်၊ သူ့အိုတွေ ကျွေးတဲ့အတွက် သူ့မှာ ဘာဖြစ်လဲ၊ အနုဂါမိက။ ခုနက အမေအဖေတို့ ပေးဆပ် တယ်ဆိုတာ ယူထားလို့ပြန်ပေးတာ၊ သားသမီးကိုလည်း ဒီအတိုင်းပဲ၊ ကိုယ့် ကြောင့်ဖြစ်ပေါ်တာမို့လို့ အကြွေးပေးတာ။ သံသရာအဆက်ဆက်ကို လိုက်မှာ ဘာလဲ၊ လျှုဒါန်းပေးကမ်းမှုပဲ အဲဒါ ဘာလဲ၊ မာတာပီတု ဥပဋ္ဌာန်။ လူသားက တိရိစ္ဆာန်ထက် ပိုပြီးသိဖို့ကောင်းတယ်၊ အရွယ်လွန်ပြီး သေသွားမှ ကျေးဇူး တင်တယ်ဆိုတဲ့စကားနဲ့ မိဘကိုကျေးဇူးဆပ်ဖို့ မလုပ်ပါနဲ့။ မိဘတွေစားနိုင်တုန်းက ကျွေးထား၊ သွားနိုင်တုန်းက သွားနိုင်အောင် လုပ်ပေးထား၊ ဒါက လောက ကျေးဇူးခေါ်တယ်။ အဲဒီကျေးဇူးက ဆပ်လို့မကုန်ဘူး။ ဒါပေမယ် ဆပ်လို့ကုန်တဲ့ နည်းနဲ့ ဆပ်ပုံဆပ်နည်းကို ဘုရားက ပေးထားခဲ့တယ်။ မိဘကို လောကီကျေးဇူး သီးသန့်နဲ့ဆပ်ဖို့ စိတ်မကူးပါနဲ့တဲ့။ မိဘတွေ အပါယ်ရောက်သွားရင် ဘယ်လို လုပ်မလဲ။ ကိုယ်ကျွေးတဲ့အစာကိုစားပြီးတော့ မာန်တက်ပြီး အပါယ်ကျသွားရင် အဲ့ဒီမိဘက ဘာအသုံးကျမှာလဲ။ တချို့မိဘတွေရှိတယ်။ သားသမီးတွေ ချမ်းသာတဲ့အတွက် ဂုဏ်ယူတဲ့အဆင့်ကိုကျော်ပြီး မာန်တက်လာတာ၊ ပြီးတော့ မိဘတွေကို ကျေးဇူးဆပ်တဲ့နေရာမှာ ပစ္စည်းဥစ္စာတွေပေးတာများတဲ့အတွက် တလွဲသုံးလာတာ၊ ဒါတွေက ကောင်းတဲ့အရာမဟုတ်ဘူး။ ဒါကြောင့်မို့ လောကီကျေးဇူးချည်းပဲ မဆပ်ပါနဲ့တဲ့၊ လောကုတ္တရာကျေးဇူးနဲ့လည်း ဆပ်ရ တယ်တဲ့။

လောကုတ္တရာကျေးဇူးက ဘာတွေလဲ၊ သဒ္ဓါ၊ သီလ၊ စာဂ၊ ပညာ။ သဒ္ဓါတရားမရှိတဲ့မိဘကို သဒ္ဓါတရား ရှိလာအောင် ကိုယ်ကိုယ်တိုင် လုပ်ပြရ တယ်။ ပြီးတော့ ကိုယ်ကျင့်တရားမပြည့်စုံတဲ့မိဘတွေကို ကိုယ်ကိုယ်တိုင် ကိုယ် ကျင့်တရားဖြည့်ရင်းနဲ့ သူတို့ကို လုပ်ပြနိုင်ရတယ်။ စာဂ ကပ်စေးနဲတယ် ဆိုတဲ့

မိဘတွေကို ပိုက်ဆံတွေပေး၊ ဥစ္စာတွေပေးပြီးတော့ လျှုတတ်၊ ပေးတတ်အောင် လုပ်ရတယ်။ ပညာအတွေးအခေါ်ပိုင်းဆိုင်ရာ ဘယ်လောက်ကောင်းကောင်း လွတ်မြောက်မှုပိုင်းဆိုင်ရာမှာ အတွေးမရှိတဲ့မိဘတွေကို လွတ်မြောက်ကြောင်း လမ်းစဉ်တွေကို ပြပေးရတယ်။ အဲဒီ ၄-ချက်က သားသမီးနဲ့ မိဘက ထပ်တူကြ ဖို့ရာ မလွယ်ဘူး။ ကံကောင်းထောက်မလို့ သာသနာနဲ့တွေ့တဲ့အချိန်မှာ ဆရာ ကောင်းတွေရပြီးတော့ သားသမီးက မိဘထက် ပိုတော်သွားတာ တွေ့ရှိတယ်။ အခုဆို လူငယ်တွေ တော်တော်များများတွေ့ရတယ်။ အဘိဓမ္မာ သင်တန်း မှာပဲဖြစ်ဖြစ်၊ ဘယ်သင်တန်းမှာပဲဖြစ်ဖြစ် အဲဒါ မိဘတွေမဟုတ်ဘူး၊ သားသမီး တွေ၊ မိဘထက် သားသမီးက အသိပိုလာတဲ့အချိန်မှာ ပိုလာတဲ့ အသိကို မျှဖို့ ဝန်မလေးကြပါနဲ့။ ဒါကြောင့် သဒ္ဓါ သီလ စာဂ ပညာဆိုတဲ့ အဲဒီ ၄-ချက်နဲ့ မိဘကို ကျေးဇူးဆပ်မယ်ဆိုရင် အဲ့ဒီမိဘသည် ကိုယ်က လောကီနဲ့ပေးတဲ့အချိန် မှာ တလွဲသုံးဦးမှာလား၊ သူက သဒ္ဓါတရား ရှိပြီဆိုတော့ စာဂ လျှုဒါန်းပေးကမ်း တော့မှာပေ့ါ။

အရင်က ပစ္စည်းဥစ္စာမရှိလို့ မလုပ်နိုင်ခဲ့တဲ့မိဘ၊ ပစ္စည်းဥစ္စာပြည့်စုံလာ တဲ့အချိန်မှာ သီလ ကိုယ်ကျင့်တရားပြည့်အောင်လည်း ကြိုးစားလို့ရသလို ပညာ, သမထပညာ ဝိပဿနာပညာကိုလည်း ရှာဖွေပိုင်ခွင့်ရလိမ့်မယ်ပေ့ါ။ ဒါကြောင့်မို့ ရှင်သာရိပုတ္တရာရဲ့ အမေပြောသလို မမြင်တတ်တဲ့မျက်စိ၊ မကြား တတ်တဲ့နား၊ မကိုင်တတ်တဲ့လက်တွေဟာ မြင်လည်းမြင်တတ်လာတယ်၊ ကြား လည်း ကြားတတ်သွားလိမ့်မယ်။ ပြီးတော့ လုပ်လည်းလုပ်တတ်သွားလိမ့်မယ်၊ အဲဒါမျိုးကိုပေးမှသာလျှင် အဲဒီသားသမီးသည် မာတာပိတု ဉပဋ္ဌာန်။ ဒါဆိုရင် ဘယ်နှစ်မျိုးနဲ့ဆပ်တာလည်းဆိုရင် ၂-မျိုး၊ လောကီ လောကုတ်၊ ဒါပေမယ့် အခုရှိတဲ့ လူတော်တော်များများက ဘာနဲ့ပဲ မိဘကျေးဇူးဆပ်တာလည်းဆိုရင် လောကီနဲ့ပဲ။ အဲဒါ အပူကိုရှာပေးတာနဲ့ တူတူပဲ။ ကျေးဇူးဆပ်တာနဲ့ မတူဘူး။ ကြွေးဟောင်းဆပ်တာပဲရှိတာ၊ သူ့ဆီကယူထားလို့ ပြန်ပေးတာပဲရှိတာ၊

သူတို့အတွက် ပညာကိုရအောင် လုပ်ပေးနေတာမဟုတ်ဘူး။

တချို့မိဘတွေ တွေ့ဖူးပါတယ်။ မြန်မာနိုင်ငံမှာ စုံတယ်လေ၊ တစ်လုံးရောဂါ၊ နှစ်လုံးရောဂါ၊ သုံးလုံးရောဂါ၊ ဟုတ်လား၊ တချို့ အမျိုးသမီးတွေက ဘောလုံးဝါသနာပါတာ ရှိတယ်၊ အဲဒါ တစ်လုံးရောဂါ။ မြန်မာနိုင်ငံမှာ အလုပ်မရှိတော့ ရှိတာလုပ်ရင်းနဲ့ မွဲနေတာ။ သားသမီးက ပင်ပင်ပန်းပန်းနဲ့ နေ့မအား၊ ညမအား အလုပ်လုပ်ကြ သူတို့က အလုပ်မရှိတော့ ရှိတာကိုလုပ်နေတာ။ တစ်လုံး ကိုလည်း လောင်းတာပဲ၊ နှစ်လုံးကိုလည်း ထိုးတာပဲ၊ သုံးလုံးကိုလည်း ထိုးတာပဲ။ ပို့သမျှပိုက်ဆံ မလောက်တာဟာ မိဘတွေအသုံးမကျလို့ပါ။ ဒါကြောင့်မို့ သား သမီးက မေးတာကြုံဖူးပါရော။ အရှင်ဘုရားတဲ့၊ မိဘရဲ့ ကျေးဇူးပဲရှိတယ်လို့ ဘုရားဟောခဲ့ပါသလားတဲ့၊ သားသမီးကျေးဇူးကော မိဘအပေါ်မှာ မရှိတော့ဘူး တဲ့လားတဲ့၊ တကာတစ်ယောက် မေးဖူးတယ်၊ မိဘထက်မြတ်တဲ့ သားသမီး ရှိတယ်၊ သားသမီးက အသိစိတ်ဓာတ်နဲ့ ပေးတဲ့ အချိန်မှာ မိဘက မသိစိတ် ဓာတ်နဲ့ခံယူရင် အဲဒီမိဘသည် သားသမီးလောက် အသုံးမကျဘူး။ ဒါပေမယ့် သားသမီးပေးတဲ့နေရာမှာလည်း လိုအပ်ချက်ရှိတယ်။ လောကီကျေးဇူးဆပ်ရုံကိုး။ ခက်တာက တနယ်တကျေးမှာ ရောက်နေတဲ့မိဘဆိုတော့ ဖုန်းနဲ့ပြော ပြီး တရားဟောဖို့ ကိစ္စက မလွယ်တဲ့ကိစ္စတစ်ခု၊ အခုကံကောင်းတာက လူငယ်တွေတော်တော်များများက ကိုယ်တိုင်လေ့လာနေတာသိတဲ့အတွက် မိဘ ဖြစ်လာတဲ့အချိန်မှာ ဘာဖြစ်မလဲ။ သားသမီးကို ပညာတတ်အောင် သက်သက်မဟုတ်တော့ဘဲနဲ့ အသိရအောင်လည်း လုပ်ပေးနိုင်တဲ့အဆင့်ကို ရောက်လာပြီ ဆိုရင် သားသမီးက မိဘကို ကျေးဇူးဆပ်တဲ့နေရာမှာ ၂-မျိုးနဲ့ ဆပ်လိမ့်မယ်။ တစ်မျိုးတည်းနဲ့ ဆပ်စရာမလိုဘူး၊ လုံးဝမဆပ်နိုင်ရင် တစ်မျိုးတည်းနဲ့ဆပ်၊ လောကုတ်နဲ့ ဆပ်ရင် အနေလည်းဖြောင့်၊ အသေလည်း ဖြောင့်တယ်။ ပြီးတော့ ပုတ္တဒါရသင်္ဂဟော၊ အဲဒီမှာ၂-ခုခွဲ။ ပုတ္တသင်္ဂဟရယ်၊ ဒါရသင်္ဂဟရယ်၊ ပုတ္တဆိုတာက

သားသမီး၊ သင်္ဂဟဆိုတာ ချီးမြှောက်ထောက်ပံ့တာ။ သားသမီးနဲ့ပတ်သက်ပြီး မိဘတွေဖြည့်ရမယ့် ကျင့်ဝတ် အဲ့ဒါလည်း မင်္ဂလာပဲ။ မိဘတွေက မာတာပိတု ဥပဋ္ဌာနံ၊ သားသမီးတွေ ဆပ်တဲ့ကျေးဇူးကို လိုချင်တယ်ဆိုရင် ပုတ္တသင်္ဂဟ ဖြစ်ဖို့ သိပ်လိုအပ်တယ်။ သားသမီးပညာတတ်ရုံနဲ့ မလုံလောက်ဘူး။ သားသမီးအပေါ်မှာ မိဘကထား ရမယ့် ကျင့်ဝတ်ကဘာလဲ၊

မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေ နှီးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်၊ ဖခင်မယ်တို့တာ။

အဲဒါက မိဘကနေပြီးတော့ သားသမီးအပေါ်မှာ ဖြည့်ရမယ့်ကျင့်ဝတ်၊ အဲဒီလိုလုပ်တဲ့နေရာမှာ မကောင်းတာလုပ်တာကို မတားနိုင်ခဲ့ဘူး၊ ကောင်းတာ ကိုလည်း မညွှန်နိုင်ခဲ့ဘူး။ ဘာကြောင့်လဲဆိုတော့ သူတို့ ကိုယ်တိုင်က ဘဝကို ဆင်းဆင်းရဲရဲနဲ့ ဖြတ်သန်းခဲ့ရတာဆိုတော့ ချမ်းသာအောင်ပဲ ကြိုးစား ကြတာ။ သူတွေးနေတာ ဘာလဲဆိုတော့ လောကီပညာမတတ်လို့ လောကမှာ ရုန်းကန်ရတာမို့လို့ သားသမီးကျတော့ ပညာတတ်အောင် သင်ပေးမယ်၊ အဲဒါ တစ်နယ်တစ်ကျေးကို ပို့လိုက်ရော၊ ဆိုပါစို့ လွယ်လွယ်ကူကူပြောမယ် အနောက် နိုင်ငံပို့လိုက်တယ်၊ အနောက်နိုင်ငံမှာ ကိုယ့်ကျင့်တရားနဲ့ပတ်သက်ပြီးတော့ မရှိတဲ့နေရာတစ်ခု။ အရှက်- ဟိရီ ၊ အကြောက်- ဩတပ္ပဆိုတာ သူတို့မှာ မရှိဘူး။ တက္ကသိုလ်မှာသင်တဲ့ပညာအားလုံးကို လေ့လာကြည့်လိုက်ပါ။ ကိုယ်ကျင့်တရားပိုင်းဆိုင်ရာ သင်ပေးတဲ့ တက္ကသိုလ်ဆိုတာ လောကမှာ မရှိသေး ဘူး။ တက္ကသိုလ်တက်ဖူး၊ ကျောင်းတက်ဖူးသူတွေ သိမှာပါ။ အရှေ့တောင်အာရှ မှာ စင်္ကာပူနိုင်ငံလောက် ပညာတွေပြည့်စုံတဲ့နိုင်ငံ မရှိဘူး။ အဲဒီနေရာမှာ တက်ခဲ့ဖူးတဲ့သူသိမှာပါ။ ဘာပညာပေးတာလဲ၊ လောဘ ပညာ၊ ဒေါသပညာကိုပဲ ပေးတာ။ ကြီးပွားကြောင်းပေါ့လေ။

သူတို့ပြောတဲ့ စကားက လောကီပညာပေါ့၊ မိဘတွေက သားသမီးကို ပေးတဲ့နေရာမှာ လွဲကုန်ပြီ။ ကိုယ့်အောက်က မထွက်ခင်မှာ မကောင်းတာကို

တားနိုင်အောင် ကြိုးစားရတယ်။ မကောင်းတာတားနိုင် အောင်တင် မလုံလောက်ဘူး။ ကောင်းတာကိုလည်း လမ်းပြပေးနိုင်ရတယ်။ ခက်တာက မိဘကိုယ်တိုင်က မကောင်းတာ ဘာလဲ၊ ကောင်းတာ ဘာလဲ မသိဘူးဆိုရင် သားသမီးကို ဘယ်လိုသင်ပေးမှာလဲ။ ဒါဆို သားသမီးဆီက ဘာမျှား မျှော်လင့်ဦးမှာလဲ၊ အဲဒါကြောင့် ဦးဇင်းတို့မြန်မာနိုင်ငံမှာ မိဘအပေါ်မှာ သားသမီးတွေ ကျေးဇူးကန်းတဲ့အဆင့်ကို ရောက်လာတာ။ မိဘတွေကိုယ်တိုင်က လောကမှာ ရုန်းကန်နေရတာ၊ သူတို့အတွေးက ပညာမတတ်လို့တဲ့။ ပညာမတတ်ရုံနဲ့ သားသမီးမွဲစရာ အကြောင်းမရှိဘူး။ ကိုယ်ကျင့်တရား မပြည့်စုံမှ သံသရာတစ်လျှောက်လုံး သားသမီးက မွဲရမှာ။ မိဘဆိုတာက တခဏမကြည့်ရဘူး၊ အဆုံးထိကြည့်ရတယ်။ ဒါကြောင့် ပုတ္တ သင်္ဂဟ ၂-ချက်ပဲလေ။

ခုနက မိဘကို ကျေးဇူးဆပ်တာ၂-ချက်ဆိုရင် သားသမီးလည်း ၂-ချက် ပဲပေါ့။ လောကီလောကုတ်၊ လောကုတ္တရာနဲ့ကြည့်မယ်ဆိုရင် မကောင်းတာကို တားကိုတားနိုင်ရမယ်။ ပြီးရင် ကောင်းတာကို ညွှန်ပြနိုင်ရမယ်။ ဘာကြောင့်လဲ ပညာတတ်ပြီး လူမိုက်ဖြစ်လာမှာစိုးလို့၊ တချို့ကြားဖူးပါတယ်၊ ပညာတတ်ပြီး မြန်မာနိုင်ငံကို ပြန်လာတဲ့ သားသမီးတွေ အနောက်နိုင်ငံကနေ ပညာတတ်လာတယ်၊ ကိုယ်ကျင့်တရားဆိုတာ လုံးဝမရှိဘူး။ သူတို့မှာ ဘာရည်ရွယ်ချက်မှ မရှိတော့ဘူး။ သူတို့အတွက် လွတ်လပ်မယ်ဆိုရင် အကုန်လုံး ကိုလုပ်လိမ့်မယ်။ အဲဒါ မကောင်းတာကို မတားခဲ့လို့၊ ပြီးတော့ ကောင်းတာကို မညွှန်ခဲ့လို့။ ဒါပေမယ့် ကောင်းမှန်းဆိုးမှန်းမသိတဲ့မိဘကတော့ အဲဒီ သားသမီးနဲ့ပတ်သက်ပြီး ဂုဏ်ယူနေတုန်းပါပဲ။ အဲဒါ မင်္ဂလာမဟုတ်ဘူး။ အ,မင်္ဂလာ။

ဘဝဆိုတာ ခဏနဲ့ ပြီးသွားတဲ့ကိစ္စ မဟုတ်ဘူး။ သံသရာတစ်လျှောက် လုံးသွားရမယ့်ကိစ္စကို ကြည့်တတ်ရမယ်။ ဒါကြောင့်မို့ သားသမီးကို ဆုံးမတဲ့ နေရာမှာ ကိုယ်ကိုယ်တိုင် အရင်သိအောင်လုပ်ထား။ ဘယ်ဟာက မကောင်းဘူး

ဆိုတာကို သိထားမှ ဘယ်ဟာက ကောင်းတယ်ဆိုတာကို ညွှန်ပြနိုင်မှာ။ အဲဒါမှ ပုတ္တသင်္ဂဟ သားသမီးကို ချီးမြှောက်ရာ ရောက်တယ်။ ကိုယ် ဘယ်လောက်ပဲ စားစရာမရှိရင် နေပါစေ သားသမီးကိုကျွေးခြင်းဟာလည်း ပုတ္တသင်္ဂဟတစ်ခုပဲ။ အဲဒီမှာ ဟာသလေးတစ်ခု မာတာပိတုဥပဋ္ဌာနံ ပုတ္တဒါရ သဿင်္ဂဟောနဲ့ ပတ်သက်ပြီးတော့ သားနဲ့အဖေ ရန်ဖြစ်တဲ့ကိစ္စ၊ သားက အရမ်းပျင်းတယ်တဲ့၊ အဖေက အမြဲတမ်း ထမင်းချက်ကျွေးရတာ။ တစ်ရက်ကျတော့ သားက အချိန် တန်လို့ပြန်မလာဘူး။ ဒီလောက်တောင်ဆိုးတဲ့သား ထမင်းအိုးကိုတော့ သွန်ပစ် လိုက်မယ်ပေါ့၊ သွန်ပစ်လိုက်တော့ သားက ပြန်လာတဲ့အချိန်မှာ ထမင်းအိုး သွားကြည့်တော့ မရှိတော့ဘူး။ အိုးကြီးပဲ တွေ့တယ်။ အဲဒါနဲ့ အဖေဒီနေ့ ထမင်းမချက်ဘူးလားမေးတော့၊ ဟော့ကောင် သားသမီးက မိဘအပေါ်မှာ ကျွေးဇူးဆပ်ဖို့ မသိဘူးလား၊ မာတာ ပိတု ဥပဋ္ဌာနံ ဆိုတာ မင်းမကြားဖူးဘူးလား၊ ဒါနဲ့ သွန်ပစ်စရာမလိုဘူး။ အဖေရော ပုတ္တ ဒါရသဿင်္ဂဟော မသိဘူးလား။ အဲဒါနဲ့ အဖေက ညည်းသတဲ့၊ အော် ဒို့ဘုရားရှင်က သားအဖကို ရန်တိုက် ပေးခဲ့တာပဲတဲ့၊ ကြည့်ဦး၊ ကိုယ်ကျင့်တရားမပြည့်စုံတာနဲ့ ဓမ္မက ဘေးကို ရောက် သွားရတာ။ အခုလည်း ကြည့်လေ အဖေလည်း အမှန်ပဲ၊ သားလည်း အမှန်ပဲ။ ဒါပေမယ့် ၂-ယောက်လုံး ကိုယ်ကျင့်တရား မရှိတာ။ ဒါကြောင့် ဘုရားက ရန်တိုက်ပေးတာ မဟုတ်ဘူး။ အကျင့်ပြည့်အောင် ဟောပေးခဲ့တာ။

အဲဒါ ပုတ္တသင်္ဂဟ၊ ဒါကြောင့်မို့ ကိုယ်ကိုယ်တိုင်ငယ်တဲ့ အချိန်တုန်းက အကောင်းဆုံးဖြစ်အောင်ကြိုးစားပါ။ သားသမီးကိုပေးမယ်ဆိုရင် မတတ်ဘဲနဲ့ ပေးလို့မရဘူး။ လောကီအတတ် ကိုယ်သင်ပေး စရာမလိုဘူး။ တက္ကသိုလ်ပို့ လိုက်ရင် တတ်မှာပဲ၊ ကျောင်းမှာ သွားထားရင် တတ်မှာပဲ။ အဲဒီမှာသင်ပေးတဲ့ ဆရာ၊ ဆရာမအားလုံးသည် ကိုယ့်ရဲ့သွေးသား တစ်ယောက်မှ မပါဘူး။ ဒါဆို ကောင်းတာ သင်ပေးမှာလား၊ မကောင်းတာ သင်ပေးမှာလား၊ သင်ရိုးညွှန်တန်း အတိုင်း သင်ပေးမှာပေါ့။ လောကမှာ ရှင်သန်ဖို့အတွက် ဘယ်လိုအသိမှ

သင်ပေးမှာမဟုတ်ဘူး။ သူသင်ပေးမှာ ဘာသင်ပေးမှာလဲ၊ မင်းစီးပွားလုပ်ရင် ဘယ်လိုလုပ်ရမလဲ၊ ရှုံးတာနဲ့တွေ့လာရင် ဘယ်လိုနိုင်အောင် လုပ်ရမလဲ၊ သည်းခံတဲ့စကား သင်ပေးမှာလား၊ မသင်ဘူး၊ မယုံမရှိနဲ့၊ တက်ကြည့်လိုက်၊ ကြိုက်တဲ့တက္ကသိုလ် သွားတတ်ကြည့်လိုက်။ ကမ္ဘာမှာ နာမည်ကြီးနေတဲ့ ဟားဗတ်တက္ကသိုလ် တက်မှာလား၊ အောက်စဖို့ဒ် တက္ကသိုလ်တက်မှာလား အတူတူပဲ။ ဘာပဲ သင်ပေးတာလဲ။ လောကီကြီးပွားရေးကိုပဲ သင်ပေးတာ။ လောကုတ္တရာကြီးပွားရေး သင်ပေးတဲ့တက္ကသိုလ်ဆိုတာ လောကမှာ မရှိသေးဘူး။ လောကမှာ မရှိတဲ့အသိကို မိဘရထားမှ သူများမပေးတဲ့အသိ သားသမီး ရမှာပေ့ါ။ ကိုယ်ကိုယ်တိုင်က မိကောင်းဖခင်မဖြစ်ရင် ကိုယ့်ကြောင့် မွေးလာမယ့် သားသမီးက သားကောင်းသမီးရတနာ ဖြစ်စရာအကြောင်း မရှိဘူး။ ပြောမှာပေ့ါ၊ မိဘဆိုးပြီး သားသမီးကောင်းတာ ရှိတယ်၊ ရှားတယ်။ ဒါပေမယ့် အဲဒီ သားသမီးက မိဘအပေါ်မှာ ကျေးဇူးမသိတတ်ဘူး။ သူ့ကိုယ်သူ ရုန်းကန်တယ်။ ဒါ အသွားအပြန်က လွဲသွားရင် အကုန်လုံး လွဲသွားတာ။ ဒါကြောင့် လောကီ လောကုတ် ၂-ချက်ညှိပြီးမှ အမေအဖေကလည်းပဲ သားသမီးကို လောကီ လောကုတ်ပေး။ သားသမီးတွေလည်းပဲ အမေအဖေကို လောကီ လောကုတ်ပေး။

ပြီးတော့ ဒါရ သင်္ဂဟ ဒါရ ဆိုတာ မယားလို့ အဓိပ္ပါယ်ရတယ်။ မိန်းမနဲ့ပတ်သက်ပြီး ယောက်ျားက ပေးဆပ်ရမယ့်အရာများ၊ ပေးဆပ်တယ် ဆိုရာမှာ စကားလုံးအနေနဲ့ ကြမ်းသွားမှာပေ့ါ။ တကယ်တော့ မဟုတ်ဘူး။ ဝတ္တရားကျေပြွန်ဖို့ပြောတာ။ ယောက်ျားတစ်ယောက်က မိန်းမကိုယူလိုက်မယ် ဆိုရင် အဲဒီမိန်းမကို ကိုယ်နဲ့ထပ်တူပြုစုရတယ်။ ချစ်ဖွယ်သောစကားကို ပြောရတယ်၊ ပေးကမ်းချီးမြှင့်ရတယ်၊ အကျိုးမဲ့အရာကို ဘယ်တော့မှမပြော ရဘူး။ ဘာကြောင့် လဲဆိုတော့ သူယုံလို့ ကိုယ့်အိမ်ထဲခေါ်ထားတာလေ။ စကားလုံးပြောမယ်ဆိုရင် ခပ်ကြမ်းကြမ်း ပြောရမှာလား။ အဲလိုပဲ ယုံကြည်လို့ အတူတူနေတဲ့နှစ်ယောက် ကြမ်းတမ်းတဲ့စကားပြောရမှာလား၊ ပြီးတော့

ကဲ့ရဲ့တဲ့စကား ဘယ်တော့မှ မပြောရဘူး။ ငါ့မိန်းမက ဒီလိုပဲကွာ ဒီလိုဒီလို လုပ်တတ်တယ်၊ ဘယ်တော့မှ မပြောနဲ့တဲ့။ အဲဒါ ဒါရ သင်္ဂဟမဟုတ်ဘူး။ ကိုယ်နဲ့ထပ်တူ ထားရတယ်။ ပြီးတော့ ပေးကမ်းဖို့လည်း ဝန်မလေးရဘူး။ ပြီးတော့ ချစ်စရာစကားကို အမြဲတမ်း ပြောပေးရတယ်တဲ့။ ဒါ ကိုယ့်ကိုယ်ကို သိကြမှာပေါ့လေ။ ဘယ်လိုပြောကြတယ်ဆိုတာ၊ ကိုယ်တိုင်မကောင်းကြလို့ လောကမှာ အိမ်ထောင်ကွဲတွေဖြစ်လာတာပဲ။ သူများထက် ပိုကောင်းပြရင် ကိုယ့်ထက်ကောင်းတဲ့သူ ရှာမှာမဟုတ်ဘူး။ ဒါပေမယ့် ကိုယ်တိုင် ကမကောင်းတော့ ကိုယ့်ထက်ကောင်းလေမလားဆိုတဲ့အတွေးနဲ့ ရှာကြံကြတာ။ ကာမဘုံမှာနေတဲ့ လူသားဟာ ကာမစိတ်ရှိတာမို့လို့ ကောင်းနိုးရာရာကို ရှာကြံတာ ကာမဘုံသားရဲ့အလုပ်။

ဗုဒ္ဓက လူသားတစ်ယောက် ဒုက္ခမရောက်အောင် နည်းပေးတဲ့နေရာမှာ ဘယ်သူမှတုလို့မရအောင် ကျွမ်းကျင်တယ်။ ဒါကြောင့်မို့ စုံတွဲ ၄-မျိုးရှိတဲ့အကြောင်း ဟောခဲ့တာ။ စုံတွဲ ၄-မျိုးဆိုတာ ဘာလဲ။ လင်နဲ့မယားပေါ့။ အဲဒီ စုံတွဲ ၄-မျိုးက **ယောကျ်ားလည်းလူသေ မိန်းမလည်းလူသေ** အဲ့ဒါက တစ်တွဲ၊ ဘယ်လိုလဲဆိုတော့ ယောကျ်ားလည်းပဲ ကိုယ်ကျင့်တရားမရှိဘူး။ မိန်းမလည်းပဲ ကိုယ်ကျင့်တရားမရှိဘူး။ အဲဒါကိုယ်ကျင့်တရားသေနေတဲ့စုံတွဲ။ သွားပြီး သူတို့ ၂-ယောက်၊ ဒီဘဝပဲကြုံတာ။ နောင်ဆိုရင် အမြဲတမ်းသေတော့ မှာ၊ သူတို့နောက်ထပ်တွေ့စရာ အကြောင်းမရှိဘူး။ သံသရာတလျှောက် သေမဲ့ အလုပ်ကို လုပ်တဲ့ပုဂ္ဂိုလ်များဟာ လူသေဘဲရှိတယ်။ လောကမှာ ၂-ယောက် စလုံး ကိုယ်ကျင့်တရားမရှိဘဲနဲ့ ပျော်ဖို့အတွက် သီးသန့်ရှာကြံပြီးတော့ ဘယ်ပွဲ ရှိတယ်၊ ဘာရှိတယ်ဆိုတာ စနေ၊ တနင်္ဂနွေ ရောက်လာပြီဆိုရင် သောကြာနေ့ ကတည်းက ပြင်ဆင်ထားကြတာ၊ အဲဒါ သေဖို့ကြံစည်ထားကြတဲ့စုံတွဲပဲ။ ယောကျ်ားတော့ သေ၊ မိန်းမလည်း သေတဲ့ စုံတွဲတဲ့။

ပြီးတော့ နောက်ထပ်စုံတွဲတစ်ခုက သူသေယောကျ်ားနဲ့ မယားနတ်

သမီး။ ယောက်ျားက ပျော်ဖို့ပါးဖို့ပဲ စိတ်ကူးတယ်။ မိန်းမကတော့ ကုသိုလ်ရေးမှာ စွမ်းစွမ်းတမံ ကြိုးစားတယ်ဆိုရင် မိန်းမနဲ့ယောက်ျား တူသေးလား။ ယောက်ျားက သေဖို့ကြံ စည်တယ်၊ မိန်းမက ကောင်းဖို့ကြိုးစားနေတာ။ ဘာကြောင့်လဲ မင်္ဂလာနဲ့ပြည့်စုံတဲ့ ပုဂ္ဂိုလ်က အနည်းဆုံး ဘာဖြစ်မလဲ သဂ္ဂ၊ အများဆုံးမောက္ခ။ သဂ္ဂမောက္ခဒံ၊ ဒါကြောင့်မို့ နတ်သမီးလို့ သုံးတာပေ့ါ။ ဒါဆို ပြောင်းပြန် ပြန်ကြည့်လိုက်။ **ယောက်ျားနတ်သားနဲ့ မိန်းမသူသေ** တချို့ရှိတယ်၊ ယောက်ျားက ကုသိုလ်ရေး စိတ်ဝင်စားတယ်၊ မိန်းမက စိတ်မဝင်စားဘူး။ ရှင်ကလည်း။ ရှင်က ဘုရားဖြစ်မယ့်အုတ်ခဲကြီးဆိုတော့လေ လုပ်ပေ့ါတဲ့။ သူကျတော့ ဆင်ခြေအမျိုးမျိုးနဲ့ သူငယ်ချင်းနဲ့ချိန်းထားလို့၊ ဘာနဲ့ချိန်းထားလို့တဲ့။ သေမင်းနဲ့ချိန်းထားတဲ့ အကြောင်း ပြောတာလား။ မပြောဘူး။ ငါ သေမင်းနဲ့ချိန်းထားလို့ သွားတွေ့လိုက်ဦးမယ်၊ ဘယ်သူမှ မပြောဘူး။ အားလုံးက သေမင်းနဲ့ အမြဲ ချိန်းထားပြီးသားပါ၊ သူငယ်ချင်းနဲ့ ချိန်းထားစရာလိုလား တစ်ယောက်နဲ့တွေ့ပြီး နောက်ထပ်သူငယ်ချင်းတစ်ယောက်နဲ့ တွေ့ရမယ့်ကိစ္စတစ်ခု၊ ဘာဖြစ်လို့ သူငယ်ချင်းက အရေးကြီးရတာလဲ။ အဲဒါ သေကြောင်းကြံစည်တာပဲ။

ဒါကြောင့်မို့ ဘယ်နှစ်တွဲရှိသွားပြီလဲ။ နတ်သားနဲ့နတ်သမီး၊ **ယောက်ျားလည်းနတ်သား မိန်းမလည်းနတ်သမီး၊** ဘာဖြစ်လို့လဲဆိုတော့ အနည်းဆုံး သူတို့နှစ်ယောက်သည် သဘောတူ ဘယ်သွားမှာလဲ နတ်ပြည်၊ ဒါလည်း ခုနကစကားလုံးနဲ့အတူတူပဲ။ သဒ္ဓါ သီလ စာဂ ပညာ ၄-လုံးမတူရင် အဲဒီ၂-ယောက်သည် နတ်သား၊ နတ်သမီး ဖြစ်ခွင့်မရှိဘူး။ တချို့ကရှိတယ်။ စုံတွဲသာပြောတာ၊ ဘာတူလို့လဲဆိုရင် တဏှာတူလို့၊ သဒ္ဓါတူလို့မဟုတ်ဘူး။ အတွဲတူတာရှိတယ်၊ တဏှာတူလို့တွဲတာ။ ဒါကြောင့် လမ်းက ကွဲနေပြီးသားပဲ။ ဘာကြောင့်ကွဲတာလဲ၊ သဒ္ဓါကွဲတာ၊ သဒ္ဓါကွဲပြီဆိုရင် သီလပါကွဲတယ်။ ယောက်ျားက တစ်မျိုး၊ မိန်းမက တစ်ဖုံ၊ သီလကွဲပြီဆိုရင် စာဂလည်းကွဲတယ်။ ပညာဆိုရင် ပြောစရာမလိုတော့ဘူး။ တချို့စုံတွဲတွေရှိတယ်။ နှစ်ယောက်စလုံး ဝါသနာတူ၊ တချို့ကတော့

ဝါသနာမတူပေမယ့် ချစ်တာကြောင့် လိုက်တာလည်း ပါ ပါတယ်။ လိုက်ရင်းနဲ့ နှစ်ယောက်စလုံး နတ်သား နတ်သမီးဖြစ်သွားတယ်။ ကောင်းတာလုပ်တာပဲ၊ ဘာများ ဆုံးရှုံးသွားလို့လဲ အသိရှာတဲ့လုပ်ငန်းတစ်ခုမှာ ဘာမှဆုံးရှုံးသွားတယ် မရှိဘူး။

သူများပျော်လို့မပျော်နိုင် ဘာမှိုင်ဆိုတာ၊ အဲလိုမျိုး သွားမတွေးနဲ့၊ တစ်ဘဝ ပျော်ချင်တာလား၊ တစ်သံသရာ ပျော်ချင်တာလား၊ တစ်သက်ပျော် ရမယ်ဆိုရင် တစ်ရက်တော့ ဒုက္ခခံသင့်ပါတယ်တဲ့။ တစ်သံသရာ ပျော်ရမယ် ဆိုရင် တစ်သက်ဒုက္ခခံသင့်ပါတယ်။ လူတွေက တစ်ခဏလောက်မှ ဒုက္ခမခံ ချင်ဘဲနဲ့ တစ်ဘဝတော့ ပျော်ချင်တယ်၊ မရနိုင်ဘူး။ အဲဒါ ဒါရသင်္ဂဟ၊ အဲဒီလို ချီးမြှောက်တဲ့နေရာမှာ သူ ငါခွဲခြားလို့မရဘူး။ မိန်းမကလည်း မိန်းမဝတ္တရား၊ ယောကျ်ားကလည်း ယောကျ်ားဝတ္တရား ပြည့်စုံသွားရင် အဲဒီအတွဲသည် အမြင့်ဆုံးဖြစ်တဲ့ နတ်သားနတ်သမီးစုံတွဲ။ ဒါဆိုရင် ကိုယ့်ကိုယ်ကိုယ် အိမ် ရောက်ရင် တွဲကြည့်ကြပေါ့၊ ဦးဇင်းဟောတာမဟုတ်ဘူးနော်၊ ဘယ်မှာပါတာလဲ၊ မင်္ဂလာတရားတော်မှာ။ အဲဒီအိမ်မှာ မင်္ဂလာတရား ပြည့်စုံတယ်ဆိုတာ ဘာပြည့်စုံတာလဲ၊ ကိုယ်ကျင့်တရားပြည့်စုံနေလို့။ ဒါကြောင့် မင်္ဂလာဆိုတာ ဘုန်းကြီးလာပြီးဟောပေးမှုမဟုတ်ဘူး။ အဲဒီအိမ်မှာ မင်္ဂလာ ပြည့်စုံအောင် ကိုယ်တိုင်ကျင့်ရတာ။

ပြီးတော့ အနာကုလာစ ကမ္မန္တာ အရှုပ်အရှင်းကင်းတဲ့အလုပ်ကို လုပ်တယ်တဲ့။ အရှုပ်အရှင်းကင်းတဲ့အလုပ်ကိုဆိုတာ ဘာလဲလို့ မေးစရာ ရှိတာပေါ့။ လောကမှာ လူတွေ အလုပ်လုပ်နေကြပါတယ်။ ရှုပ်မှန်းမသိ၊ ရှင်းမှန်း မသိ၊ အချိန်အခါ မသိတာဟာလည်း ရှုပ်အောင်လုပ်ခြင်းတစ်မျိုးပဲတဲ့။ ဘယ်အချိန်မှာ လုပ်ရမယ်၊ ဘယ်အချိန်မှာ သွားရမယ်၊ ဘယ်အချိန်မှာ စားရမယ် ဆိုတာ ဘာမှရည်မှန်းချက်မရှိဘဲနဲ့ သွားနေတဲ့ပုဂ္ဂိုလ်တစ်ယောက်ဟာ ရှုပ်တယ်၊ အဲ့ဒါရှင်းအောင် ဘယ်လိုလုပ်ရမလဲဆိုရင် အချိန်အခါသိရတယ်။ ငါ

ဘယ်အချိန်မှာ အိပ်ယာက ထပြီး ဘယ်အချိန်မှာ စားမယ်၊ ဘယ်အချိန်မှာ အလုပ်ပြီးအောင်လုပ်မယ်၊ အနာကုလာစ ကမ္မန္တာ ရှင်းအောင်လုပ်တဲ့နည်း ဘုရားရှင်ပြောထားတယ်။

နောက်တစ်ခုက ဘာလဲ။ **သင့်တော်အောင်ပြုလုပ်ခြင်း၊ ဒါ လုပ်ရင် ကောင်းတယ်၊ ဒါလုပ်ရင် မကောင်းဘူး ဆိုတာကို သိခြင်းဟာလည်း အနာ ကုလာစ ကမ္မန္တာပဲ။** ဒါလုပ်တာ ကောင်းတယ်၊ ဒါလုပ်တာ မကောင်းဘူးဆိုတာ သိခဲ့တာ ရှင်းမှာလား၊ ရှုပ်မှာလား၊ ရှင်းမှာလား။ ဒါပေမယ့် လုပ်သင့်မလုပ်သင့်ကို မသိတော့ လုပ်သင့်တာကိုမလုပ်၊ မလုပ်သင့်တာကိုလုပ်၊ အဲဒါဟာ ဘာဖြစ်လဲ၊ ရှုပ်လာတယ်။ အဲဒါ စီးပွားရှာတဲ့နေရာမှာ ပြောနေတာနော်။ ကုသိုလ်လုပ်တဲ့ နေရာမှာ ပြောတာမဟုတ်ဘူး။ အနာကုလာ စ ကမ္မန္တာ ဆိုတာ စီးပွားရှာတဲ့ နေရာမှာ စဉ်းစားကြည့်ပေ့ါ။ အလုပ်လုပ်ပြီဆိုရင် သောကဖြစ်တယ်မဟုတ်လား။ အဲဒါ သောကက ဘာလဲ၊ ဒေါသ၊ ဘယ်သွားရမှာလဲ၊ အပါယ်သွားရမှာ၊ အဲဒါ သဂ္ဂလား၊ မဟုတ်ဘူး၊ မဂ်လာပြည့်ဖို့အတွက် ဘုရားရှင်က စီးပွားရှာတဲ့နေရာ မှာတောင်မှ ဟောပေးသွားတာ။ ခေါင်းထဲကို သောကမရောက်အောင် ဒီနေ့ပြီး နိုင်တဲ့အလုပ်ကို မနက်ဖြန်မရွှေ့ပါနဲ့ဆိုတာ လူတွေပြောတယ်မို့လား။ လူတွေ ပြောတာနောက်၊ ဘုရားရှင်က ဘီစီ ၆၀၀ စုကတည်းက ဒီစကားကို ပြောခဲ့တာ။

လူတွေက ဘာဖြစ်လဲ၊ မနက်ဖြန်လည်း အားနေတာပေ့ါ။ ဒီနေ့ အလုပ်ကို ရွှေ့လိုက်တယ်၊ မနက်ဖြန်ကျတော့ ရုတ်တရက်အလုပ်တွေ ပေါ်လာရင် ဒီအလုပ်ပြီးသေးလား၊ အဲဒါ သောကကို ဖိတ်ခေါ်တာပဲ။ အနာကုလာစ ကမ္မန္တာ မဟုတ်ဘူးတဲ့။ ဒါကြောင့်မို့ -

နံပါတ်(၁) အချိန်အခါကို သိခြင်းဟာလည်း အနာကုလာစ ကမ္မန္တာ၊
နံပါတ်(၂) ပြုသင့်မပြုသင့် သိတာလည်း အနာကုလာစ ကမ္မန္တာ၊
နံပါတ်(၃) မပျင်းတာဟာလည်း အနာကုလာစ ကမ္မန္တာ။

ပျင်းတယ်ဆိုတာ ဆင်ခြေအမျိုးမျိုးလေ၊ ပူတယ်၊ အေးတယ်၊ ဆာတယ်၊ ဗိုက်ပြည့်တယ်ဆိုပြီး ဆင်ခြေတွေပေးရော။ ပျင်းပြီဆိုရင် ရှုပ်တာပဲ။ ဟုတ်တာပဲ ဦးဇင်းတို့ လောကထဲကိုဝင်လာတာ ကျောက်ရုပ်လား၊ ကျောက်ရုပ်က ဒီအတိုင်း ထားလို့ရတယ်။ လူက အလုပ်နဲ့နေရတာ။ အဲဒီအလုပ်ကို လုပ်သင့်မလုပ်သင့် သိရတယ်။ ဘယ်အချိန်ပြီးအောင် လုပ်ရမလဲဆိုတာ သိရမယ်။ အဲဒါဆိုရင် ပျင်းလို့ရသေးလား၊ ပျင်းပြီဆိုတာနဲ့ ရှုပ်တော့မယ်ဆိုရင် အနာကုလာစ ကမ္မန္တာ မဟုတ်တော့ဘူး။ မပျင်းဘူးဆိုတာနဲ့ နောက်တစ်ချက် ထပ်ထည့်ထားတယ်။ ဝီရိယ ရှိရတယ်၊ တချို့က ပျင်းတာ မပျင်းတာ ဝီရိယမရှိဘူး။ အလုပ်ချိန်မို့လို့ သွားလုပ်တာ ဘယ်သူပြောလို့လဲ၊ သူဌေးပြောထားလို့လေ။ ကိုယ့်ရဲ့ ဝီရိယ ကြောင့်လား၊ မဟုတ်ဘူး။ ဒါကြောင့် မပျင်းတဲ့အထဲမှာ ဝီရိယထည့်ကို ထည့်ရမယ်။ ဝီရိယထည့်မှသာ ပြည့်စုံတာ။ ဒီအလုပ်ဟာ သူတို့အလုပ်မဟုတ်ဘူး၊ ငါ့အလုပ်။ တချို့က ငါ့အလုပ်မို့လို့ ဘေးဖယ်ထားတာ၊ အလုပ်အားလုံးကို ငါ့အလုပ်လို့ သဘောထားရင်၊ ငါကြီးပွားမှုဖြစ်မယ်ဆိုရင် နားလို့မရဘူး။ ပြီးအောင်ကို လုပ်ရတယ်။ အဲ့ဒါက ဝီရိယ။ နောက်ထပ်မပျက်စီး စေရဘူးတဲ့။ ပျင်းတဲ့ ပုဂ္ဂိုလ်လည်းပဲ အလုပ်ကိုပျက်စီးအောင် လုပ်တာနဲ့ အတူတူပဲ။ အချို့ကတော့ မပျင်းဘူး၊ လုပ်သင့်မလုပ်သင့် မသိဘဲ အရမ်း ကာရော လုပ်တယ်ဆိုရင်လည်းပဲ အလုပ်ကို ပျက်စီးစေရာရောက်တာမို့လို့ အဲ့ဒါလည်းပဲ အနာကုလာစ ကမ္မန္တာ မဟုတ်ဘူးတဲ့။

အဲဒါဆိုရင် ဘယ်နှစ်ချက်လဲ။ အချိန်အခါသိ၊ လုပ်သင့်မလုပ်သင့်သိ၊ မပျင်းရဘူး၊ ဝီရိယရှိရမယ်၊ မပျက်စီးစေနဲ့တဲ့။ အဲဒီပုဂ္ဂိုလ်တစ်ယောက် ဆင်းရဲစရာ အကြောင်းမရှိဘူးတဲ့။ အတိတ်က ဒါနကံပါရင် အဲဒီ၅-ချက်နဲ့သွားညှိ လိုက်ရင် ချမ်းသာမှာပဲ။ နောက်ထပ် ဘုရားရှင်က နည်းလမ်းပေးပါသေးတယ်။ ဒီ ၅ချက် ပြည့်စုံတဲ့အပြင် အနာကုလာစ ကမ္မန္တာကြီးပွားချမ်းသာချင်တယ် ဆိုရင်တဲ့ ထကြွသိမ်းဆည်း၊ မျှသုံးစွဲ၊ ပေါင်းမြဲမိတ်ဆွေကောင်းဆိုတာ သမ္ပဒါ

၄-ပါး ထကြွ၊ လုံ့လ၊ ဝီရိယ ရှိရတယ်။ သူများအိပ်နေတယ်ဆိုပြီး ကိုယ်အိပ်နေလို့မရဘူး။ ဟာ ငါ့သူငယ်ချင်းက အိပ်နေတုန်းပဲ၊ အစောကြီး ရှိမှာပါလေဆိုပြီး အိပ်နေလို့မရဘူး။ သူများထက်စောစော အဲဒီအလုပ်ကို ရောက်မှ။ ဥပမာ ဆိုပါစို့။ ရောင်းတဲ့ ပုဂ္ဂိုလ်ဆိုရင် သူများထက် စောစောဖွင့်ရင် သူများထက် ပိုမိုစောစော ရောင်းရ တာပေါ့၊ ဒီအတိုင်းပဲ အလုပ်ကိုစောစောရောက်ရင် မန်နေဂျာ ပိုသဘောကျတာ ပေါ့။ ဒါကြောင့်မို့ ထကြွ လုံ့လ ဝီရိယ ရှိရတယ်။ ဥဋ္ဌာန သမ္ပဒါလို့ သုံးတယ်။ ပြီးတော့ ရလာတဲ့ပစ္စည်းတွေရှိတယ်။ အာရက္ခသမ္ပဒါ သိမ်းဆည်းရတယ်တဲ့။ သေချာတဲ့နေရာ သိမ်းရတယ်၊ မသေချာတဲ့နေရာမှာသိမ်းရင် အုပ်ချုပ်သူ မင်းနဲ့လည်း တွေ့တတ်တယ်၊ သူခိုးနဲ့လည်း တွေ့တတ်တယ်။ ဒါဆိုရင် ကိုယ်က အသိပြည့်နေမှ။ ကိုယ်က အသိမပြည့်ရင် ဒုက္ခရောက်မှာပေါ့။ ဒါကြောင့်မို့ ဒီပစ္စည်းကို ဘယ်လို သိမ်းဆည်းရမယ်ဆိုတာ အာရက္ခသမ္ပဒါ ပြည့်စုံတယ်။ ပြီးတော့ သမဇီဝိတ သမ္ပဒါ, သုံးစွဲတဲ့နေရာမှာ ဖြုန်းတာမျိုး မဖြစ်စေရဘူးတဲ့။ ဘုရားရှင်က ၄-ပုံ ပုံခိုင်း လိုက်တယ်။ တစ်ပုံက သုံးစွဲဖို့၊ နောက်တစ်ပုံကတော့ အရင်အနှီးထဲ ထည့်ဖို့ နောက် ၂-ပုံကိုကျတော့ ကျန်းမာရေးနဲ့ နောင်ရေး အတွက် သိမ်းဆည်းထားဖို့။ ပေါင်း ၄-ပုံ။ ဒါပေမဲ့ တပည့်တော် လှူဒါန်းပေးကမ်း တဲ့ နေရာမှာ ဘယ်လိုလုပ်မလဲ။ သုံးစွဲမယ့်ထဲက လှူ ပိုနေတဲ့အထဲက သွားလှူဖို့ မစဉ်းစားနဲ့၊ ပိုတဲ့ပိုက်ဆံဆိုတာ မရှိဘူးတဲ့။ သုံးနေရလို့ လည်နေတာလေ။ ၁ ကျပ်ရှိတယ် ဆိုရင် ၁ မတ်က စားမယ်လေ၊ ၁ မတ်ကို အလုပ်လုပ်မယ်လေ။ ၅ မူးကို စုထားရမယ်။ ကိုယ်လိုရင် ဘယ်သူလာပေးမှာတုန်း၊ ဒါဆိုရင် လှူတာက ဘယ်မှာတုန်း၊ ပါတယ်လေ။ ၁ မတ်ထဲကပေါ့။ စားသင့်တာစား၊ ကြိုက်တာ မစားနဲ့၊ ကြိုက်တာစားမယ်ဆိုရင် ပိုက်ဆံတောင် လောက်မှာမဟုတ်ဘူး။

ပြီးတော့ နောက်တစ်ချက်၊ မိတ်ဆွေကောင်း ။ မိတ်ဆွေကောင်းဆိုတာ ကောင်းတာကို ညွှန်ပြတဲ့ပုဂ္ဂိုလ်၊ သုံးသင့် မသုံးသင့်၊ ဖြုန်းသင့် မဖြုန်းသင့်၊

အဲဒါမျိုးကို တိတိကျကျ လမ်းညွှန်ပေးသူ ရှိတယ်ဆိုရင် ကြီးပွားမှာပဲ။ ကမ္ဘာမှာ ချမ်းသာဆုံးဖြစ်မယ်လို့ ပြောတာမဟုတ်ဘူးနော်။ ကြီးပွားတာကိုပဲ ပြောတာ၊ ဒါနကံမပါဘဲနဲ့ ကြီးပွားဖို့ဆိုတာ လွယ်တဲ့ကိစ္စမှ မဟုတ်တာ၊ အဲဒါမှ အနာကုလာစ ကမ္မန္တာ၊ အဲဒီပုဂ္ဂိုလ်ဟာ ဘဝမှာ မဆင်းရဲတဲ့အတွက် (သို့မဟုတ်) ချမ်းသာနေတဲ့အတွက် တွေးလိုက်တိုင်း ကျေနပ်တယ်။ အော် ငါ့မှာ ပစ္စည်းဥစ္စာ ရှိနေသားပဲဆိုတော့ စိတ်ဆင်းရဲသေးလား။ အဲဒါချမ်းသာမျိုးတစ်ခု၊ ဒါကြောင့် ဘုရားရှင်က သုခ ၄- မျိုးကို ထုတ်ပြတာ။ နံပါတ်(၁) အဲဒီလိုသာ ကြိုးစားလို့ ရလာတဲ့သုခက အတ္ထိသုခတဲ့၊ ရှိခြင်းသုခ။ သူ့မှာ အနည်းဆုံး ၁ပုံစာ ကျန်တယ်လေ။ ပြီးတော့ အရင်း ထဲထည့်ထားတဲ့ ၁-ပုံရော ဆုံးသွားသလား၊ မဆုံးဘူး၊ အခြေအနေမသိဘဲနဲ့တော့ ကိုယ့်အရင်းအနှီးငွေကို သွားမထည့်နဲ့။

ဘောဘီလုံမှာ အချမ်းသာဆုံးပုဂ္ဂိုလ်ဆိုတဲ့ စာအုပ်ဖတ်ဖူးတယ်။ အဲဒီ သူဌေးကြီး သူဌေးမဖြစ်ခင်တုန်းက သူက စာလုံးထွင်းသမားတစ်ယောက်၊ စာလုံးလေးတွေ ထွင်းရတာ၊ တစ်နေ့မှ တစ်မတ်ပဲရတယ်။ သူနဲ့တူတူ လုပ်တဲ့သူက တစ်နေ့မှာ ၂-ကျပ်ရတယ်။ ဘာကြောင့် သူများ ၂-ကျပ်ရတာလဲ၊ ဘာဖြစ်လို့ ငါက တစ်မတ်ပဲရတာလဲ၊ ကြည့်လိုက်တော့ ဟိုလူတွေက အရမ်း ကျွမ်းကျင်တယ်လေ။ အော် ငါလည်း ကျွမ်းကျင်ရင် ၂-ကျပ်ရမှာပဲ။ ကျွမ်းကျင်အောင်လုပ်တယ်။ အဲဒါ ဥဋ္ဌာန သမ္ပဒါ ခေါ်တယ်၊ ဝီရိယဖြင့် ကြိုးစားခြင်း။ သူများရတာကို မနာလိုဖြစ်ပြီး ကန့်ထုတ်စရာ မလိုဘူး။ ဒါကြောင့် သင့်မသင့်ဆိုတဲ့ စကားတစ်ခု ဦးဇင်းတို့ပြောတဲ့အထဲမှာ ပါသွားတယ်၊ အနာကုလာစ ကမ္မန္တာ ဆိုတာ။ အဲဒီလို ကြိုးစားတဲ့အတွက် ဥဋ္ဌာန သမ္ပဒါ ကတော့ ပြည့်စုံတယ်။ ပြီးတော့ သူပြောတဲ့ စကားတစ်ခု၊ လူတစ်ယောက် ပိုက်ဆံတွေ ဘယ်လောက်ပဲ ရနေပါစေ၊ လက်ထဲမှာ ပိုက်ဆံမရှိရင် အဲဒီလူက လူဆင်းရဲပဲတဲ့။ ၁-မတ်ရတယ်ပဲ ထားအုံး၊ ကြိုက်သလောက်စား လက်ထဲမှာ အနည်းဆုံး ၅-ပြားကျန်ရင် အဲဒီလူက လူချမ်းသာတဲ့၊ ကြိုက်တာစား၊

ကြိုက်တာသုံး၊ ဒါပေမဲ့ အနည်းဆုံး လက်ထဲမှာ ကျန်နေရမယ်။ အာရက္ခ သမ္ပဒါ, သမ္မဇီဝိတ သမ္ပဒါ ပေါ့။ ထိန်းသိမ်းထားရတယ်။ ကိုယ်ရလာတဲ့ လခ ကိုယ်မထိန်းရင် ဘယ်သူထိန်းမှာလဲ၊ ကိုယ်မှာပြစရာမရှိဘူးဆိုရင် အဲဒီလူက ဆင်းရဲတာပဲ။ တနေ့မှာ သန်း ၁၀၀ ဝင်နေပါစေ။ တစ်ရက်မှာ ပြစရာတစ်ပြားမှ မရှိရင် အဲဒီလူဟာ လူဆင်းရဲပဲ။ ဒါလောကီဘက်က ကြည့်ပြောတာ။

အခုဦးဇင်းတို့ ပြန်ညှိပြတာ၊ ဘုရားရှင်ရဲ့ စကားနဲ့ ပြီးတော့ လုပ်သင့် မလုပ်သင့် နားမလည်တဲ့ အချက်တစ်ချက်ကြောင့် ဘာဖြစ်လဲ သူက ဆင်းရဲသွားတာ။ အိုးဖုတ်တဲ့လူတစ်ယောက်နဲ့တွေ့ပြီး ယုံကြည်စွာနဲ့ အိုးဖုတ်တဲ့လုပ်ငန်းမှာ ရင်းနှီးမြှုပ်နှံလိုက်တယ်။ ဒါပေမယ့် အိုးဖုတ်တာနဲ့ပတ်သက်ပြီး သူက နားမလည်ဘူး။ နားမလည်တော့ သူများကို ယုံပြီး စုထားတဲ့ ငွေတွေကို ရှယ်ယာထည့်လိုက်တယ်။ ရှုံးပြီးပေါ့။ ဟိုလူက လိမ်ပြီး ထွက်ပြေးသွားတယ်။ အဲဒီမှာ သူသိလိုက်တာက မိတ်ဆွေကောင်းကို ပေါင်းတယ်ဆိုတာပဲ။ မိတ်ဆွေကောင်းကို ပေါင်းတယ်ဆိုတဲ့နေရာမှာ အလုပ်အခြေအနေကို သိဖို့အတွက် ကိုယ်ကိုယ်တိုင် ကျွမ်းကျင်ရတယ်။ ကိုယ်မကျွမ်းကျင်တဲ့ အလုပ်ကို ရှယ်ယာထဲထည့်ဖို့ ဘယ်တော့မှ စိတ်မကူးနဲ့။ ဘာဖြစ်လို့လဲ၊ မိတ်ဆွေဆိုတာ နဖူးမှာ စာတမ်းထိုးထားတာ မဟုတ်ဘူး။ ဒါကြောင့် မကျွမ်းကျင်တဲ့ အလုပ် တစ်ခုနဲ့ ပတ်သက်ပြီး ငွေထည့်ဖို့ စိတ်မကူးနဲ့တဲ့။ အဲဒါကျွမ်းကျင်မှုပဲ။

သမ္မဇီဝိတဆိုတာ အဲဒါပြောတာ။ ငွေကိုထည့်တာ မှန်တယ်။ ထည့်တတ်ဖို့။ ကိုယ်က ထည့်တတ်ဖို့ဆိုရင် သင့်မသင့် သိရတယ်။ တပည့်တော် မှာ ငွေမလောက်ပါဘူးဆိုပြီး ဆင်ခြေပေးမနေနဲ့။ လောက်အောင်သုံးရင် လောက်တယ်။ သူတောင်းစားတောင် ကိုယ့်လောက် ပိုက်ဆံရနေတာ မဟုတ်ဘူး။ သူ့မှာ အစားပျက်ရဲ့လား၊ အအိပ်ပျက်ရဲ့လား။ စဉ်းစားကြည့်၊ စက်ရုံမှာ ရာထူးရပြီးတော့ လုပ်နေတဲ့ ပုဂ္ဂိုလ်၊ လစဉ် ဝင်ငွေရှိတဲ့သူက သူတောင်းစားထက် ငြီးသံ ပိုများနေမယ်ဆိုရင်တော့ သူတောင်းစားလောက် အသုံးမကျလို့နေမှာပေါ့။ စုမှ

မစုထားတာ၊ အခု ထိုင်းမှာ သူတောင်းစား တစ်ယောက် ဖမ်းခံရတယ်။ ဘတ်သန်းချီ ပြီးရှိတယ်။ လယ်ဧကပေါင်း မနည်းဘူးတဲ့။ သူတောင်းစားနော်၊ သူက စုထား တာလေ။ ဒါပေမယ့် သူက အဲဒီငွေနဲ့ ရှင်သန်ဖို့မကြိုးစားဘဲနဲ့ သူများဆီက တောင်းဖို့ ကြိုးစားလို့ အစိုးရက စစ်ဆေးတဲ့အခါမှာ အဖမ်းခံရတာ။ တောင်းစား တဲ့ပုဂ္ဂိုလ်တောင် ချမ်းသာတာ။ နဲတာမဟုတ်ဘူး။ ဘတ် သန်းရာနဲ့ ချီပြီးရှိ တယ်တဲ့။

ဒါဆိုရင် ခုနက သုခ အတ္ထိသုခ၊ ရှိခြင်း ချမ်းသာတစ်မျိုး၊ တွေးကြည့်၊ တွေးလိုက်တိုင်း ၁-ကျပ်ရှိ ၁-ကျပ်ပျော်ရတယ်။ ၁-ထောင်ရှိ ၁-ထောင် ပျော်ရမယ်။ ပြီးတော့ ဘောဂသုခ၊ ဘောဂသုခဆိုတာက သုံးဆောင်တဲ့အတွက် ချမ်းသာတာ။ ပိုက်ဆံရှိတော့ သုံးတာပေါ့၊ သုံးတော့ စိတ်ချမ်းသာတာ။ ဖြုန်းတာကိုပြောတာ မဟုတ်ဘူးနော်။ သုံးတာကိုပြောတာ။ တချို့က ပစ္စည်းဥစ္စာ ရှိတယ်။ အတ္ထိသုခ။ ဒါပေမယ့် ဘောဂသုခ မသုံးတတ်ဘူး။ ကိုယ်ကိုယ်တိုင်လည်း မစားရက်၊ သူများကိုလည်း မကျွေး။ အဲဒါက ဘာကံပါလာလည်းဆိုရင် မစ္ဆရိယကံရယ်၊ ပရစေတနာပျက်ခဲ့တာရယ်။ ဒါနဥ္စ ဓမ္မစရိယာစ မင်္ဂလာ ရောက်ရင် အဖြေတစ်ခုထွက်လာလိမ့်မယ်။ လူတွေက လွယ်လွယ်ကူကူ ကုသိုလ်လုပ်ပေမယ့်လို့ လွယ်လွယ်ကူကူ အဲဒီကုသိုလ်ကို မထိန်းနိုင်ကြဘူး။ မထိန်းနိုင်ရင် သူ့မှာ ဘောဂသုခကို မရနိုင်ဘူး။ ဘယ်လောက်ချမ်းသာချမ်းသာ မသုံးရက်ဘူး။ ဘုရားရှင်လက်ထက်ကလည်း ရှိတာပဲ။ ကုဋေ-၈၀ ကြွယ်ဝ ချမ်းသာတဲ့ သူဌေးကြီးတွေ ဆန်ကွဲထမင်းကို စားပြီးတော့ ဘဝကို ရှင်သန်ရတာ။ သူ့ကို ကြည့်လိုက်တော့ ပရစေတနာပျက်ခဲ့လို့။ အဲဒါ ဘောဂသုခ မသုံးရက် တော့တာ။ အတ္ထိရှိလည်း ရှိရမယ်။ ဘောဂ သုံးလည်းသုံး နိုင်ရမယ်။ ပြီးတော့ အနဏျသုခ အကြွေးကင်းတယ်တဲ့။ ရှိခြင်းသုခရရှိအောင် အနာကုလာစ ကမ္မန္တာမှာ စုနိုင်အောင်ကြိုးစား။ တစ်လမှာ ဒေါ်လာ(၁၀၀) လောက်တော့ စုနိုင်အောင်ကြိုးစားရမှာပေါ့။ (၁၀၀)မှ မစုနိုင်ရင်တော့ အဲဒီလူဟာ

ချမ်းသာဖို့မလွယ်တော့ဘူး။

ပြီးတော့ အနဝဇ္ဇသုခ, အပြစ်မရှိတဲ့အတွက် ချမ်းသာခြင်း၊ အပြစ်မရှိလို့ မင်္ဂလာတရားနဲ့ပြည့်စုံတဲ့အတွက် တွေးလိုက်တိုင်း ငါ့မှာ ကာယကံအပြစ်၊ ဝစီကံအပြစ်၊ မနောကံ အပြစ်မရှိဘူးဆိုတဲ့ အတွေးရောက် လာတာနဲ့ စိတ်ချမ်းသာတာရယ်၊ အဲဒီထဲမှာ အမြင့်ဆုံးကတော့ အပြစ်မရှိလို့ ချမ်းသာတာရယ်။ ဒါပေမယ့် အပြစ်ရှိတာ၊ မရှိတာကို ခဏထားလိုက်။ ဆင်းရဲတာ၊ ချမ်းသာတာက အရေးကြီးတယ်။ ခေတ်စကားနဲ့ပြောရမယ်ဆိုရင် မရှိရင် ရှိအောင်ရှာတာနဲ့တင်ပဲ စိတ်ဆင်းရဲသတဲ့။ ဒါကြောင့်မို့ ဘုရားရှင်က အနာကုလာစ ကမ္မန္တာ၊ လုပ်သင့်တဲ့အချိန်ကိုသိ၊ သင့်မသင့်ချင့်ချိန်၊ မပျင်းနဲ့ ကြိုးစား၊ မပျက်စီးရဘူးဆိုတဲ့ အချက် ၅-ချက်နဲ့ ပြည့်စုံသွားမယ်ဆိုရင် အဲဒီပုဂ္ဂိုလ် တစ်ယောက် ဆင်းရဲစရာအကြောင်းမရှိပါတဲ့။ အဲဒါဆိုရင် နေရင်းထိုင်ရင်းနဲ့ ချမ်းသာမှုတစ်ခုရတဲ့အတွက် အဲဒီပုဂ္ဂိုလ်စဉ်းစားလိုက်တဲ့ အချိန်တိုင်း ငါ့မှာ အပြစ်အနာဆာ မရှိပါလားဆိုတဲ့အတွေး ရတဲ့အတွက် မင်္ဂလာဖြစ်တယ်။ သောက မဖြစ်တော့ဘူးဆိုရင် ဘာဖြစ်လဲ၊ မေတ္တာပွား နိုင်တာပေါ့။ မေတ္တာမပွားနိုင်တာ သောကများနေလို့ပါ။ မာတာပိတု ဥပဋ္ဌာနံ၊ ပုတ္တဒါရဿ သင်္ဂဟော အနာကုလာစ ကမ္မန္တာ၊ ဧတံ မင်္ဂလ မုတ္တမံ။ မင်္ဂလာ ဘယ်နှစ်ပါး၊ ၄-ပါး။ မာတုဉပဋ္ဌာနံရယ်၊ ပိတုဉပဋ္ဌာနံရယ်၊ ပုတ္တဒါရဿ သင်္ဂဟရယ်၊ အနာကုလာစ ကမ္မန္တာရယ်ပေါ့။

ရှုပ်ထွေးခြင်းကင်းတဲ့အလုပ်ကို လုပ်တတ်အောင်လို့ ကြိုးစားကြ။ လူ့ဘဝထဲမှာ ရှင်သန်နေရပြီ။ တချို့ မိဘမရှိတော့ဘူး။ မရှိတဲ့အတွက် မာတာပိတု ဥပဋ္ဌာနံ မင်္ဂလာလုပ်စရာ မလိုတော့ဘူး ပြောရမှာပေါ့။ ပြီးတော့ ကိုယ်က လူပျိုကြီး၊ အပျိုကြီးဆိုရင် ပုတ္တဒါရဿသင်္ဂဟလည်း လုပ်စရာ မလိုဘူးပေါ့။ တကယ်လို့ ယောကျ်ားရှိမယ်၊ မိန်းမရှိမယ်ဆိုရင် ဒါက သင်္ဂဟတော့ ရှိရမယ်။ ယောကျ်ားက မိန်းမအပေါ်မှာ ကျင့်ဝတ်ရှိရမယ်။ မိန်းမကလည်း

ယောက်ျားပေါ်မှာ ကျင့်ဝတ်ရှိရမယ်။ အဲဒီကျင့်ဝတ်ရှိတာကို ထောက်ကန်ပေး ထားတာက အနာကုလာစ ကမ္မန္တာပဲ။ ရှုပ်ယှက်နေတဲ့အလုပ်ကို လုပ်တဲ့ပုဂ္ဂိုလ် တစ်ယောက် ကိုယ်ချစ်တဲ့မိန်းမ၊ ကိုယ်ချစ်တဲ့ယောက်ျားကို ဘယ်လိုနည်းနဲ့မှ အကောင်းဆုံးပြုစုဖို့ မဖြစ်နိုင်ဘူး။ ဒါကြောင့် အနာကုလာစ ကမ္မန္တာ သိပ်ကို အရေးကြီးတယ်။ လောကမှာ ချမ်းသာရင် မာတာပိတု ဥပဋ္ဌာန လုပ်လို့ရသလို ပုတ္တဒါရသ သင်္ဂဟလည်း လုပ်လို့ရတယ်။ ကိုယ်ကိုယ်တိုင်က ဆင်းရဲရင် ဘယ်သူ့ကို ဘာနဲ့သွားပေးမှာလဲ။ ကိုယ်ကိုယ်တိုင်က ပျင်းတော့ အလုပ်လည်း ပျက်စီးစေတယ်၊ အချိန်အခါလည်း မသိဘူး။ လုပ်သင့် မလုပ်သင့် နားမလည်တဲ့ အတွက် ဘယ်အလုပ်သွားလျှောက် သွားလျှောက် အလုပ်ပြုတ်တာပဲဆိုတော့ အဲဒီယောက်ျားအားကိုးပြီး ဘယ်မိန်းမက ကြီးပွားမှာလဲ။

ဒါကြောင့်မို့ ချမ်းသာဖို့ဆိုရင် အရေးကြီးတာက အနာကုလာစ ကမ္မန္တာ ပဲ။ အပြစ်ကင်းစင်တဲ့အလုပ်ကိုလုပ်မှသာ ကိုယ့်ကိုမှီနေတဲ့ သားသမီး စိတ်ချမ်း သာရမယ်။ ကိုယ့်ကို မှီနေတဲ့ယောက်ျား၊ ကိုယ့်ကိုမှီနေတဲ့မိဘအားလုံး စိတ်ချမ်း သာစေချင်တယ်ဆိုရင် ရလာတဲ့ပစ္စည်းကို သိမ်းဆည်းတတ်အောင် ရလာတဲ့ ပစ္စည်းကို သုံးစွဲတတ်အောင်၊ ပြီးတော့ မိတ်ကောင်းဆွေကောင်းတွေ ရှိနေ အောင်၊ ကိုယ်ကိုယ်တိုင်လည်းပဲ မပျင်းဘဲ လောကမှာ ဖြတ်သန်းနိုင်အောင် ကြိုးစား။ ကိုယ်တိုင်ကြိုးစား နိုင်အောင်၊ ပြီးတော့ စုနိုင်အောင်၊ သုံးနိုင်အောင်၊ ပြီးတော့ မိတ်ကောင်းကို ပေါင်းနိုင်အောင်နော်။

မိတ်ကောင်းဆိုတာ ဘာလဲလို့ မေးကောင်း မေးပါလိမ့်မယ်။ မကောင်း တဲ့ အကြံတွေပေးပြီး၊ မကောင်းတဲ့နေရာတွေကို ခေါ်သွားဖို့ ကြိုးစားနေတယ် ဆိုရင်တော့ မိတ်ဆွေကောင်းမဟုတ်တော့ဘူး။ ကောင်းတယ်၊ မကောင်းဘူး ဆိုတာကို မသိတဲ့ ကိုယ့်ရဲ့ အသိဉာဏ်နဲ့ပါးမှုကြောင့် သွားပေါင်းမိတော့ မိတ်ကျဉ်း ဆွေကျဉ်း ဖြစ်ပြီးတော့ မျက်နှာတွေငယ်ရတဲ့ ဘဝတွေရောက်တယ်။ ကုသိုလ်လဲမဲ့၊ ကံလည်းမဲ့တဲ့အတွက် ဘဝဆက်တိုင်း ဆင်းရဲတတ်ပါတယ်။

ဒါကြောင့်မို့ ဒီနေ့သင်တဲ့ ၄-ပါးထဲမှာ အရေးကြီးတာက အနာကုလာစ ကမ္မန္တာ အလုပ်ကို ရှင်းရှင်းလုပ်ပြီးတော့ ဘဝမှာ ကြီးပွား အောင်ကြိုးစားတဲ့ ပုဂ္ဂိုလ်သည် မိဘရှိတယ်ဆိုရင် မိဘကို ကျေးဇူးဆပ်နိုင်ပါစေ။ ကျေးဇူးဆပ်တဲ့နေရာမှာ လောကီ လောကုတ်၂-မျိုးနဲ့ ကျေးဇူးဆပ်နိုင်အောင် ကြိုးစားကြ။ ကိုယ်က သားသမီးရှိတဲ့ ပုဂ္ဂိုလ်ဆိုရင် ပုတ္တသင်္ဂဟ ဆိုတဲ့အတိုင်း မကောင်းတာကို တားနိုင်အောင်၊ ကောင်းတာကို ညွှန်ပြနိုင်အောင် ကြိုးစားပြီးတော့ ကိုယ်က ကြီးပွားနေတဲ့အတွက် သားသမီးကို ပညာတတ်အောင်လုပ်ပေး၊ ပြီးတော့ ဒါရ သင်္ဂဟဆိုတဲ့အတိုင်း ကိုယ်ကိုယ်တိုင်က ချမ်းသာပြီး ကိုယ်ကျင့်တရား ပြည့်စုံ နေတဲ့အတွက် ကိုယ့်မယားကို ပျော်ရွှင်အောင်ထား။ ဒီအတိုင်းပဲ ယောက်ျားကို လည်းပဲ မိန်းမက ပျော်ပျော်ရွှင်ရွှင်နဲ့ ကိုယ်နဲ့တန်းတူထားနိုင်တယ်။ အဲဒါမျိုး ထားနိုင်အောင် ဘဝမှာကြိုးစားမယ်ဆိုရင် မင်္ဂလာ၊ ကောင်းမှုတွေ ပြည့်စုံပြီး တော့ အနည်းဆုံး နတ်ပြည်ကို ရောက်ရလိမ့်မယ်။ နတ်ပြည်ရောက်မယ်ဆိုရင် စုံတွဲ ၄-ခုထဲက နတ်သား ယောက်ျားနဲ့ နတ်သမီး မိန်းမ ၂-ခု ပေါင်းပြီးတော့ နိဗ္ဗာန်ထိရောက်အောင် ကြိုးစားပြီးတော့ အရှုံးမရှိတဲ့ ဒသနနဲ့ဘဝကို ဖြတ်သန်း နိုင်ကြပါစေ။ ဒါကြောင့် တရားချစ်ခင် သူတော်စဉ်များအနေနဲ့ ဘဝကိုဖြတ်သန်း ချင်တယ်ဆိုရင် မပျင်းကြပါနဲ့၊ လုံ့လရှိပါစေ၊ လုပ်သင့်မလုပ် သင့်နားလည်၊ အချိန်သိ၊ မပျက်စီးစေပါနဲ့။ အဲဒီ ၅-ချက်နဲ့ ပြည့်စုံသွားမယ်ဆိုရင် ယောဂီသူတော်စင်များ အနာကုလာစ ကမ္မန္တာနဲ့ပြည့်စုံတဲ့အတွက် မိဘကိုလည်း ကျေးဇူးဆပ်နိုင်ပါလိမ့် မယ်။ သားသမီးကိုလည်း ထောက်ပံ့ပေးကမ်းပြီးတော့ မယားကိုလည်း ကိုယ်နဲ့ တန်းတူ၊ ယောက်ျားကိုလည်း ကိုယ်နဲ့ တန်းတူထားနိုင်ပြီးတော့ ကိုယ်ကျင့်တရားများ ကို အကောင်းဆုံးကြိုးစားရင်းနဲ့ နိဗ္ဗာန်ကို အမြန်ရောက်နိုင် ပါစေသတည်း။

သာဓု . . . သာဓု . . . သာဓုပါဘုရား။

အရင်တပတ်ကပြီးသွားတာက -

မာတာပိတု ဥပဋ္ဌာနံ ပုတ္တဒါရဿ သင်္ဂဟော

အနာကုလာစ ကမ္မန္တာ၊ ဧတံ မင်္ဂလ မုတ္တမံ။

အခုလာမှာက -

**ဒါနဉ္စ ဓမ္မစရိယာ စ၊ ဉာတကာနဉ္စ သင်္ဂဟော၊**

**အနဝဇ္ဇာနိ ကမ္မာနိ ဧတံမင်္ဂလ မုတ္တမံ။**

ဒါနဉ္စဆိုတာက ပေးကမ်းလှူဒါန်းခြင်းကိုပြောတာ။ ဓမ္မစရိယ ဆိုတာက သုစရိုက်တရား ၁၀-ပါးကိုကျင့်သုံးခြင်း၊ ဉာတကာနဉ္စ သင်္ဂဟော ဆိုတာက ဆွေမျိုးအပေါင်းအသင်းတွေကို ချီးမြှောက်ခြင်း၊ အနဝဇ္ဇာနိ ကမ္မာနိ ဆိုတာက အပြစ်မရှိတဲ့ အလုပ်ကိုလုပ်ကိုင်ခြင်းဆိုပြီးတော့ ၄-ချက်။ အဲဒီ ၄-ချက်ကို တစ်ချက်ခြင်း ပြောသွားမှာပေ့ါ။ ဒါနဉ္စ- ဆိုတဲ့နေရာမှာ အားလုံးသိပြီးသားပဲ။ လှူဒါန်းပေးကမ်းတာကို ပြောတ။ လှူဒါန်းဆိုတဲ့စကားဟာ ဘုန်းကြီး ဒါမှမဟုတ် ဂုဏ်ရှိတဲ့ သူတွေကိုပြောလေ့ရှိတဲ့စကား၊ လောဘကြောင့် ရှာလို့ရတဲ့ ပစ္စည်းတွေကို အလောဘ ကုသိုလ်ဖြစ်ချင်လို့ ဒါန ပေးကမ်းရတယ်။ နိဗ္ဗာန်ကို ရောက်ကြောင်း ၃-မျိုးရှိတယ်။ နံပါတ် (၁) ဒါန (၂) ဓုတင် (၃) ဝိပဿနာ။ ဒါနက ဘာကြောင့် နိဗ္ဗာန်ရောက်တာလဲဆိုရင် လောဘကြောင့် ရလာတဲ့ပစ္စည်းကို အလောဘနဲ့လှူလို့။

ပြီးတော့ ဓုတင်၊ ဓုတင်တည်ဆောက်တည်တယ် ဆိုတာက လောဘ ခေါင်းပါးအောင်ကျင့်တဲ့ အကျင့်တစ်မျိုး၊ ဓုတင်ရဲ့အဓိပ္ပါယ်က ကိလေသာမှ ခါထွက်ခြင်း။ ကိလေသာကင်းစင်အောင် ကြိုးစားတဲ့နေရာမှာ ဓုတင် ဆောက်တည်ရမယ်တဲ့။ ဓုတင်က ၁၃-မျိုးရှိတယ်။ ဒါကများသောအားဖြင့် ဘုန်းကြီးတွေ တည်ဆောက်လေ့ရှိတဲ့ ဓုတင်မျိုးပေ့ါနော်။ ပြီးရင် ဝိပဿနာ ရှုရတယ်တဲ့။ ဝိပဿနာရှုတဲ့ ပုဂ္ဂိုလ်တစ်ယောက် ဒေါသမပြောနဲ့၊ ဒေါသက သံသရာရဲ့ ဖြစ်ကြောင်းတရား မဟုတ်ဘူး။ လောဘသည်သာလျှင် သံသရာရှည်စေတဲ့

အကြောင်းတရားတစ်ခု။ ဝိပဿနာရှုတဲ့ ပုဂ္ဂိုလ်တစ်ယောက် ရုပ်နာမ်ကိုသာ မြင်လာပြီဆိုရင် ချစ်ခြင်း၊ မုန်းခြင်းကင်းတယ်တဲ့။ အဲဒါကြောင့် ဒါနသည် နိဗ္ဗာန်ကို ရောက်ဖို့အတွက် အခြေခံအကြောင်းတရားတစ်ခု။ အဲဒီမှာ လူတွေက ဒါနနဲ့ပတ်သက်ပြီး သံသရာရှည်စေတယ်ဆိုတဲ့ အတွေးတွေ ရှိတယ်။ ဒါနလုပ်ပြီး လူချမ်းသာ၊ နတ်ချမ်းသာကို တောင့်တတယ်ဆိုရင်တော့ ဟုတ်တာပေ့ါ။ အဲဒီလို လူချမ်းသာ၊ နတ်ချမ်းသာကို ရစေတဲ့အဖြစ်ကို မလိုဘဲနဲ့ လောဘကင်းပြီတော့ နိဗ္ဗာန်ကိုရောက်ပါစေဆိုတဲ့ ဆန္ဒနဲ့ လှူဒါန်းပေးကမ်းတာကို ဝိဝဋ္ဋဒါန သံသရာ လွတ်ကြောင်း ဒါနလို့ ခေါ်တယ်။

ဒါနက ၂-မျိုးရှိတယ်။ ဝဋ္ဋဒါနနဲ့ ဝိဝဋ္ဋဒါန။ ဝဋ္ဋဒါန ဆိုတာ သံသရာ ထဲမှာ လည်ချင်တဲ့ဆန္ဒနဲ့ ကုသိုလ်ပြုလုပ်တာ။ လူချမ်းသာ၊ နတ်ချမ်းသာ ဖြစ်ရပါလို၏ဆိုတဲ့ဆန္ဒနဲ့ အကောင်တစ်ကောင်ကို အစာကျွေးမယ် (သို့မဟုတ်) ရဟန္တာများကို လှူဒါန်းပေးကမ်းမယ် (သို့မဟုတ်) မိတ်ဆွေများကို ကျွေးမွေးမယ် ဆိုရင် အဲဒီဒါနမျိုးဟာ တမ်းတမှုတဏှာပါလို့ ဝဋ္ဋဒါနတဲ့။ ဒါပေမယ့် လူဖြစ်ချင်တာမဟုတ်ဘူး။ နတ်ဖြစ်ချင်တာမဟုတ်ဘူး။ ချမ်းသာချင်လို့ မဟုတ်ဘူး။ လောကီချမ်းသာတွေစွန့်ပြီး လောကုတ္တရာချမ်းသာကိုသာ မှန်းဆပြီး လှူတယ်ဆိုရင် ဝိဝဋ္ဋဒါန၊ ဒါဆိုရင် ဒါနက နောင်ဘဝကျမှ အကျိုးပေးမှာလားပေ့ါ၊ လူတွေမြင်တဲ့နေရာမှာ အမျိုးမျိုးမြင်ကြတယ်။ ချက်ချင်းအကျိုးလိုတဲ့ ပုဂ္ဂိုလ် ကလည်းတစ်မျိုး ပြောချင်ပြောမယ်။ အဲဒီလိုမဟုတ်ရင် တစ်ထောင်ပေးလို့ တစ်သောင်းရမယ်ဆိုရင် ငါမင်းကို တစ်ထောင်ပေးမယ်၊ ငါ့ကို တစ်သောင်း ပြန်ပေးမလားလို့ တချို့ကပြောကြတယ်။

အဲဒီ ဒါနရဲ့အကျိုးကို ပြောတဲ့နေရာမှာ အခုဘဝမှာပဲ အကျိုးပေးနိုင် စွမ်းရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ (၁) လှူဒါန်းပေးကမ်းတဲ့ ပုဂ္ဂိုလ်တစ် ယောက် (သို့) ကျွေးမွေးတဲ့ ရက်ရောတဲ့ ပုဂ္ဂိုလ်တစ်ယောက်ကို လူအများက ချစ်ခင်တယ်တဲ့။ ဒါသိပြီးသားဖြစ်မှာပေ့ါ။ လူ့လောကမှာ ပေးကမ်းရက်ရောတဲ့

ပုဂ္ဂိုလ်နဲ့ ကပ်စေးနဲတဲ့ပုဂ္ဂိုလ်က မတူဘူး။ ကိုယ်က အမြဲတမ်းကျွေးနေတယ် ဆိုရင် ကိုယ့်ကိုချစ်တာပဲ။ လူမှ မဟုတ်ဘူး၊ တိရစ္ဆာန်လည်း ဒီအတိုင်းပဲ။ ဘယ်လောက်ရိုင်းနေတဲ့ သတ္တဝါဖြစ်ဖြစ်၊ အမြဲတမ်းပုံမှန် ကျွေးပေးနေရင် ချစ်သွားတယ်။ တောထဲမှာဆိုရင် ကြက်တွေ တွေ့လိမ့်မယ်။ ကြက်ထဲမှာ ရိုင်းတာက တောကြက်။ အဲဒီကြက်က လူအတွေ့မခံဖူး။ ဒါပေမဲ့ လူနဲ့ယဉ် အောင် လုပ်လို့ရတယ်။ အစာကို ပုံမှန်သာကျွေး၊ ယဉ်လာတယ်။ ဒါနကြောင့် လူပဲချစ်တာမဟုတ်ဘူး။ တိရိစ္ဆာန်လည်း ချစ်ခင်တယ်တဲ့။ ဒါကြောင့်မို့ ဒါနပေးကမ်းလှူဒါန်းတဲ့ ပုဂ္ဂိုလ်တစ်ယောက် လက်တွေ့ရနိုင်တဲ့ အကျိုးက (၁) လူအများချစ်ခင်ခြင်း၊ (၂) သူတော်ကောင်းတွေက သူ့ဆီကို ချဉ်းကပ်ပြီး အလှူခံခြင်း၊ ဒီလူက ဒီရွာမှာ သဒ္ဓါကောင်းပြီးတော့ လှူဒါန်းပေးကမ်းတဲ့ ပုဂ္ဂိုလ်လို့သိရင် ဘုရားမပွင့်တဲ့ ကမ္ဘာမျိုးမှာဆိုရင် ပစ္စေကဗုဒ္ဓါလာတယ်။ အကျိုးများများရစေချင်လို့ပေါ့။ လှူဒါန်းပေးကမ်းတတ်တဲ့ ပုဂ္ဂိုလ်ဆီပဲ ရောက်လာ တယ်။ အဲဒါ ဒါနရဲ့အကျိုးတစ်ခုပဲ။ ဒါကြောင့် သူတော်ကောင်းတွေက လှူဒါန်းပေးကမ်းတဲ့ပုဂ္ဂိုလ် လောဘကင်းတဲ့ပုဂ္ဂိုလ်ကို ရှာဖွေလေ့ရှိတယ်တဲ့။

ဘာအတွက်လဲ။ အကျိုးရစေချင်လို့။ သာမန်ပုဂ္ဂိုလ်တွေ တွေးတဲ့ အတွေးက မတူဘူး။ သာမန်ပုဂ္ဂိုလ်တွေးရင် ငါကပေးလို့ ငါ့ဆီပဲ လာတောင်း တယ်လို့ တွေးတယ်။ ဒါပေမဲ့ သူတော်ကောင်းအတွေးက အဲလိုမျိုး မဟုတ်ဘူး။ နေ့တိုင်းနေ့တိုင်း သူတော်ကောင်းတွေ သူတို့အိမ်ရှေ့ကိုလာမယ်ဆိုရင် အဲဒီလူဟာ ရွှေထုတ်ရသလိုပါပဲတဲ့။ အဲဒါကြောင့် သူတော်ကောင်းများကလည်း သူတို့ဆီကိုချဉ်းကပ်ပြီး အလှူခံတတ် ကြတယ်တဲ့။

နံပါတ်(၃) ကောင်းသတင်းကျော်ကြားတယ်။ လုပ်ကြံပြီး လှူဒါန်း ပေးကမ်းတဲ့ပုဂ္ဂိုလ် ဖြစ်တယ်ဆိုရင်တောင်မှ လူတွေက သဘောကျတာ အမှန်ပဲ။ ဘာဖြစ်လို့လဲ။ ပေးနေလို့လေ။ အခု ခေတ်အလိုက် ပေးကမ်းတဲ့ပုဂ္ဂိုလ်တွေ ရှိပါတယ်။ အဲဒီပုဂ္ဂိုလ်က ဘယ်လောက်ဆိုးနေဆိုးနေယူတဲ့ပုဂ္ဂိုလ်က

မကောင်းဘူး ပြောလား။ မရတဲ့ပုဂ္ဂိုလ်ကသာ မကောင်းပြောချင်ပြောမှာပေ့ါ။

ပြီးတော့ နံပါတ် (၄) ပရိတ်သတ်ထဲကို ရဲရဲရင့်ရင့် သွားရဲတယ်တဲ့။ ကပ်စေးနဲတဲ့ပုဂ္ဂိုလ်နဲ့ သဘောကောင်းတဲ့ပုဂ္ဂိုလ် ၂-ယောက် သွားတဲ့နေရာမှာ မတူဘူးရယ်။ ပီယ ချစ်ခင်ဆေးဆိုတာ လူတွေပြောသလို လိုက်ရှာစရာ မလိုဘူး။ ကိုယ့်မှာရှိတဲ့ ကိုယ့်မှာပါလာတဲ့ သဒ္ဓါ တရားကို ဒါနအဖြစ် ပြောင်းလဲလိုက်ပြီ ဆိုရင် အားလုံးက ချစ်ခင်တာပဲ။ ဒါဆိုရင် ကပ်စေးနဲတဲ့ပုဂ္ဂိုလ်ဆိုရင် သိပ်ပြီး မိတ်ဆွေမလုပ်ချင်ဘူး။ သူ့ဆီက ရစရာရှိလို့သာ ဆရာတင်ကောင်းတင်လိမ့်မယ်။ ဆရာဖြစ်နေလို့။ အာဏာရှိနေလို့။ အာဏာသာမရှိတော့ရင် အဲဒီလူကို မကြည့် တော့ဘူး။ ဒါကြောင့်မို့ ဒါန ပေးကမ်းလှူဒါန်းတဲ့ပုဂ္ဂိုလ်ဟာ ပရိသတ်ထဲကို ရဲရဲဝင့်ဝင့် ဝင်ရဲတယ်တဲ့။

ပြီးတော့ နံပါတ် (၅) အဲဒီပုဂ္ဂိုလ်ဟာ သေရင် နတ်ပြည်ကို ရောက်တယ် တဲ့။ ဒါန အမှန်အကန်လုပ်တဲ့ ပုဂ္ဂိုလ်တစ်ယောက် အပါယ်ကျစရာ မရှိဘူးတဲ့။ ဒါပေမယ့် ဒါနလုပ်ပြီး အပါယ်ရောက်တဲ့ပုဂ္ဂိုလ် မရှိဘူးလားဆိုတော့ ရှိတယ်။ ဒါဆိုရင် သူသည် ဒါနအစစ် မဟုတ်သေးလို့ပဲ။ ဒါဆိုရင် ဒါနဆိုတဲ့စကားလုံးကို ၂-ချက် အဓိပ္ပါယ်ဖွင့်လို့ရတယ်။ ပေးကမ်းလှူဒါန်းစရာ ပစ္စည်းကိုလဲ ဒါန ခေါ်တယ်။ ပြီးတော့ လှူဒါန်းပေးကမ်းချင်တဲ့ အလောဘစေတသိက်ကိုလည်း ဒါနခေါ်တယ်။ ဒါဆိုရင် ကိုယ်လုပ်တဲ့အချိန်မှာ တစ်ခုခုကိုတမ်းတနေတယ် ဆိုရင် ဒါနဟုတ်သေးရဲ့လား။ သတိထားနော်။ တစ်ခုခု တမ်းတနေမယ် ဆိုရင် အလောဘ စေတနာမဟုတ်တဲ့အတွက် ဒါနအစစ် မဟုတ်တော့ဘူးတဲ့။ ဒါဆိုရင် ပေးလှူကြောင်း စေတနာဟာ ဒါနအစစ်ဆိုရင် ကိုယ်သာ ဒါနလုပ်တာ မှန်ရင် အပါယ်ကျမှာ လုံးဝကြောက်စရာ မလိုဘူး။ ဘာကြောင့်လဲ။ ဘုရားရှင်ရဲ့ မင်္ဂလာတရား တော်ကြောင့်ပဲ။

မင်္ဂလာဆိုတဲ့ အဓိပ္ပါယ်ကိုက အပါယ်မှလွတ်စေတာ။ ဒါန လုပ်နေတာ မို့လား။ ဘာဖြစ်လို့သေပြီး အပါယ်ကျမှာ ကြောက်ရတာလဲ။ စေတနာ မမှန်လို့ပေ့ါ။

ဒါမင်္ဂလာတရားတော်က နိဗ္ဗာန်ထိ ရောက်စေလိမ့်မယ်။ ဒီမှာ မင်္ဂလာ ၃၈-ပါး မပြည့်သေးဘူး။ တစ်ပါးချင်းသွားတဲ့နေရာမှာ ထူထောင်တဲ့မင်္ဂလာရယ်၊ ပြုပြင်တဲ့ မင်္ဂလာရယ်၊ ကျင့်သုံးတဲ့ မင်္ဂလာရယ်ဆို အမျိုးမျိုးရှိတယ်။ မတူဘူး။ တစ်ခုစီသွားရမယ်။ အခုဟာ ဒါနလုပ်တဲ့ ပုဂ္ဂိုလ်တစ်ယောက် ဒါနလုပ်ရဲ့သားနဲ့မှ သေပြီး အပါယ်ကျမှာ ကြောက်နေတယ် ဆိုရင် သူ့ရဲ့ဒါနသည် ဒါနအစစ်မဟုတ်လို့ဘဲ။ မင်္ဂလာတရားတော်ကိုသာ ကြည့်လိုက်။ တစ်လုံးပြည့်ရင် အဲဒီပုဂ္ဂိုလ်အပါယ်မကျဘူး။ တစ်လုံးသာပြည့်တဲ့၊ ၃၈-လုံးစလုံး ပြည့်စရာ မလိုဘူး။ ဒါဆိုရင် ဒါနရဲ့အကျိုးက လက်ရှိဘဝမှာ ရနိုင်တဲ့အကျိုးရယ်၊ သေပြီးမှ ရနိုင်တဲ့အကျိုးရယ်ဆိုပြီးတော့ အကျိုး ၂-မျိုး။ ဒါကြောင့် ဒါနလုပ်တာ အနည်းဆုံး သေပြီးနောက် အပါယ်မကျဖို့။ ဒါ ဒါနရဲ့အစွမ်း၊ အများဆုံး နိဗ္ဗာန်ရောက်ဖို့။ ဒါဆို ဒါနမှာ နောက်တစ်ခုထည့်ဖို့ပေါ့။ တစ်ခုက ဘာလဲ။ လွတ်မြောက်ရာ လမ်းကြောင်းပဲ။ တစ်ခုက စေတနာအမှန်၊ စေတနာအမှန်ဆိုပေမဲ့ ၂-မျိုး မို့လို့ ပြောတာ။ တချို့က စေတနာမှန်တာ ဟုတ်တယ်၊ ဒါပေမဲ့ ဘာကို တမ်းတနေတာ လဲ။ လူ နတ်ကို တမ်းတနေတာမို့ အဲဒီ စေတနာက တကယ့်စေတနာအမှန် မဟုတ်ဘူး။ လွတ်မြောက်ကြောင်းမပါလို့။

ပြီးတော့ ဓမ္မစရိယ။ ဓမ္မစရိယဆိုတာ သုစရိုက်။ သုစရိုက် ဘာလို့ပြောတာလဲဆိုရင် ပုညကြိယာဝတ္ထု ၁၀-ပါးဆိုတာ ရှိပါတယ်။ ပုညကြိယာဝတ္ထု ၁၀-ပါး ဆိုတာက ဒါန သီလ ဘာဝနာနဲ့သွားတာ။ ရှေ့မှာ လာကတည်းက ဒါနလာရင် ဓမ္မစရိယက ပုညကြိယာဝတ္ထု မဟုတ်တော့ဘူး။ သုစရိုက်က ၁၀-ပါးရှိတယ်။ ကာယကံ ၃-ပါး၊ ဝစီကံ ၄-ပါး၊ မနောကံ ၃-ပါး။ အဲဒီ၁၀-ပါး ကို အမှန်ကန်ဆုံးနည်းလမ်းနဲ့ ကျင့်တဲ့ပုဂ္ဂိုလ်တွေဟာ အသက်လည်း ရှည်တယ်၊ ကျန်းလည်း ကျန်းမာတယ်။ ချမ်းလည်း သာတယ်။ ငါတို့ ဘယ်တော့ သေမယ် ဆိုတာကိုလည်းပဲ ပြောနိုင်တယ်တဲ့။ အခု ဦးဇင်းတို့ပြောရဲလား။ ငါတို့အမျိုးကော ဘယ်တော့သေမယ်ဆိုတာကို ပြောရဲလား။ မပြောရဲဘူး။ ဒါကြောင့် သုစရိုက်

ကိုသာ ကျင့်နေတဲ့ ပုဂ္ဂိုလ်တစ်ယောက်သာ မှန်ပါစေတဲ့။ အဲဒီပုဂ္ဂိုလ်ဟာ အသက်နဲ့ ပတ်သက်ပြီး ပြောရဲတယ်တဲ့။ သုစရိုက် ၁၀-ပါး သိပြီးသားပဲ။ ဒါကြောင့် အဘိဓမ္မာကို သင်ထားခြင်းဟာ တရားကိုလေ့လာတဲ့ နေရာမှာ အများကြီး အထောက်အကူဖြစ်စေတယ်။

ပါဏာတိပါတ သူများအသက်ကို မသတ်တဲ့ပုဂ္ဂိုလ်။ အဒိန္နာဒါန သူများဥစ္စာကို မခိုးတဲ့ပုဂ္ဂိုလ်၊ ကာမေသုမိစ္ဆာစာရ၊ မုသာဝါဒ ပိသုဏဝါစာ ဖရုသဝါစာ၊ သမ္ပပ္ပလာပ၊ အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ။ အဲဒီ ၁၀-ပါးနဲ့ ပါတ်သက်ပြီးတော့ မကောင်းတာကို မလုပ်တာ။ ဒါဆိုရင် မကောင်းတဲ့ အကျင့်ဖယ်ပြီးတော့ ကောင်းတဲ့အကျင့် ကျင့်တဲ့ပုဂ္ဂိုလ်တွေက ဓမ္မစရိယဖြစ်တဲ့ အတွက် အဲဒီပုဂ္ဂိုလ်ဟာ သေပြီးကိုနောက်ထား၊ မသေခင် မသေနိုင်သေးဘူးလို့ ပြောရဲတယ်တဲ့။ ဇာတ်တော်အနေနဲ့ ပြောရမယ်ဆိုရင် ဓမ္မပါလဇာတ်ဆိုတာ လူတိုင်းကြားဖူးပြီးသား ဖြစ်မှာပါ။ ဘုရားလောင်း ဓမ္မပါလရှာကို အကြောင်းပြုပြီး ဟောတဲ့ ဇာတ်တော်တစ်ခု၊ ဘုရားလောင်းလေးဟာ သူတက္ကသိုလ်ပြည်ကို သွားပြီးတော့ ပညာသင်တယ်။ အဲဒီမှာ ပါမြန်မာက္ခချုပ်ရဲ့ သားတစ်ယောက် သေတော့ တော်တော်အံ့သြသွားတယ်။ သေချင်းသေရင် လူကြီးက အရင် သေရတယ်။ ဘာဖြစ်လို့ လူငယ်က သေရတာလဲ။ အံ့သြလို့မဆုံးဘူး။ အဲဒီ စကားကိုကြားတော့ အကျင့်မပြည့်တဲ့ပုဂ္ဂိုလ်က ထူးဆန်းတာပေါ့။ ဟောဗျာ မကြားဖူးဘူးလား။ ဒီလိုပဲ သေနေကြတာလေ။

မြန်မာနိုင်ငံမှာဆိုရင် ငါထက်ကြီးသူ၊ ငါ့အောက်လူ၊ သေသူ များလှပြီ။ ပုံမှန်က ဘယ်သူသေရမှာလဲ။ ကြီးတဲ့သူပဲအရင် သေရမှာ။ ငယ်တဲ့သူအရင် သေခွင့်မရှိဘူးတဲ့။ အဲဒါပြောတာကို မယုံဘူးတဲ့။ အဲဒီနိုင်ငံက။ နိုင်ငံဆိုတာ တက္ကသိုလ်ပြည် ဆိုကတည်းက ပညာရေးနဲ့ပတ်သက်ပြီးလုပ်တဲ့နိုင်ငံတစ်ခု။ လောကီပညာပေါ့။ အခု အင်္ဂလန်မှာရှိတဲ့ အောက်စဖို့ဒ်ဆိုတာ တက္ကသိုလ် နာမည်မဟုတ်ဘူး။ တက္ကသိုလ်နာမည်တစ်ခုတော့ ဟုတ်တယ်၊ ဒါပေမဲ့ မြို့ကြီး

တစ်ခုလို၊ အဲဒီနေရာ မှာ ပညာမတတ်တဲ့သူ မရှိသလို၊ စာမကြည့်တဲ့ ပုဂ္ဂိုလ်လည်း မရှိဘူး။ သစ်ပင်အောက်မှာလည်း စာကြည့်တယ်၊ နေရာတိုင်းဟာ စာကြည့်တဲ့ နေရာ တစ်ခု၊ အဲဒီလိုပါပဲ အဲဒီနေရာကိုကြည့်မယ်ဆိုရင် ငယ်တဲ့သူ အရင် မသေသင့်ဘူးပေါ့။ အခုတက္ကသိုလ်နဲ့ ညှိကြည့်တာလေ။ ငယ်တဲ့သူအရင် မသေဘူးလား။ ဒါဆိုရင် လောကီအရေးနဲ့ဘဝကို ဖြတ်သန်းတာက အသေစောမှာပဲ။ အဲဒါနဲ့ ပါမေက္ခချုပ် မယုံဘူး။ စုံစမ်းတာပေါ့။ ရွာကို အရောက်သွားပြီးတော့ ပြောတယ်။မင်းသား သေပြီဆိုတော့ ဝိုင်းရယ်ခံရတာ။ သေတယ်ဆိုတဲ့စကား သူတို့ထဲမှာ မကြားဖူး ဘူးလားဆိုတော့ ကြားဖူးတယ်။ လူငယ်အရင်သေတာသာ မကြားဖူးဘူးတဲ့။ အဲဒါနဲ့ ဝိုင်းရယ်ခံရတော့ သက်သေ အနေနဲ့ အရိုးကိုပြတော့ အဲဒီအရိုးဟာ ခွေးရိုး (သို့) ဆိတ် ရိုးသာပဲ ဖြစ်မှာတဲ့။ ဘာကြောင့် နင်တို့ရွာမှာ ဒီလိုလူငယ်တွေ မသေတာလဲ မေးတော့ ငါတို့ရွာမှာ ဓမ္မစရိယ သုစရိုက် ၁၀-ပါးပြည့်တဲ့အပြင် ဒါနလုပ်တဲ့နေရာမှာ ပုဗ္ဗ စေတနာ၊ မုဉ္စစေတနာ၊ ပရစေတနာ တစ်ချက်မှ မပျက်ကြလို့ ဒီလိုဖြစ်နေ တာလို့ ရှင်းပြတာပေါ့။

မြန်မာနိုင်ငံမှာ ဦးဇင်းတို့လဲ အလှူခံတွေပါပဲ။ပရစေတနာပျက်တဲ့ သူတွေ အများကြီးတွေ့ဖူးတယ်။ လှူတုန်းက ကျေနပ်လွန်းလို့ အရမ်းကို ကျေနပ် စရာကောင်းတယ်တဲ့။ လှူပြီးတော့ အပြစ်တွေပြောလိုက်တာ။ အသက်ရှည် မှာလား၊ အသက်တိုမှာလား။ ဒါကြောင့်မြန်မာနိုင်ငံမှာ ဦးဇင်းအပါအဝင် အသက်ကိုမမှန်းတတ်တာ။ အဲဒါပဲ။ ဘာနဲ့ဖြတ်သန်းခဲ့တာလဲ။ သုစရိုက်လား၊ ဒုစရိုက်လား။ ဒုစရိုက်။ အဲဒါဆို ဓမ္မစရိယ ရှိ မရှိ မရှိဘူး၊ ဒါပေမယ့် ဓမ္မပါလရွာမှာ သုစရိုက် ၁၀-ပါး ကျင့်သုံးနေကြလို့ အသက်-၁၀၀ မပြည့်ရင် မသေဘူး။

အသက်တိုရတဲ့ မကောင်းကျိုးတွေ များနေတာဟာ အဲဒါ ဓမ္မစရိယ အားနည်းလို့၊ ဒါဆို ဒုစရိုက်များနေတာပေါ့။ မင်္ဂလာတရား ခေါင်းပါလေလေ ဒုစရိုက်တိုးတက်လေလေ။ အဲဒါကြောင့် ဓမ္မစရိယသုစရိုက်ကို ကျင့်ခြင်းဟာ

လည်း အပါယ်မှ ကင်းလွတ်စေတဲ့ မင်္ဂလာတစ်ပါးပါပဲတဲ့။ ပြီးတော့ ဉာတကာနဉ္စ သင်္ဂဟော။မြန်မာတွေ တွေးတဲ့အတွေးနဲ့ မတွေးနဲ့နော်။မြန်မာတွေက ဆွေမျိုးဆိုရင် ကိုယ့်ရဲ့အမျိုးရင်းချာလောက်ပဲ ဆွေမျိုးလို့ထင်တာ။ ဓမ္မကို သေသေချာချာလေ့လာပါ။ ရတနသုတ်မှာပါပါတယ်။ လောကတ္ထစရိယံ ဉာတတ္ထစရိယံ ဗုဒ္ဓတ္ထ စရိယံ။ လောကတ္ထစရိယံဆိုတာလူသားကိုပြောတာလား။ မဟုတ်ဘူး။ လောကမှာ လူသားပဲ ရှိတာမဟုတ်ဘူး။ ၃၁-ဘုံသား သက်ရှိသတ္တဝါတွေအတွက် ကျင့်သုံးခြင်းဟာ လောကတ္ထစရိယ။ ဒါပေမယ့် ၃၁-ဘုံလုံးဟာ ကိုယ်နဲ့ အမျိုးတော်နေလား၊ မတော်ဘူး။ ဘာနဲ့အမျိုးတော်တာလဲ။ ဦးဇင်းတို့က လူသားမျိုးနွယ်စုတစ်မျိုး။ ဉာတ္ထစရိယ။ ဒါဆို ဉာတကာနဉ္စသင်္ဂဟောဆိုတာ ဘယ်သူ့ကို ချီးမြှောက်ထောက်ပံ့ရမှာဆိုရင် လူသားအချင်းချင်း ရိုင်းပင်းကူညီဖို့။ ဘာသာခြား၊ အင်္ဂလိပ်၊ ကုလားဆိုတာ ပြောစရာမလိုဘူး။ ဦးဇင်းတို့ မြန်မာတွေပဲ လူမဟုတ်ဘူးနော်။မြန်မာတွေပေါ်မှာ တရားဓမ္မကျင့်ရမယ်လို့ ဘုရားမဟော ဘူးနော်။ အဲ့ဒါတွေကိုတော့ နားလည်ပေးပါ။

မင်္ဂလာထွန်းကားနေတဲ့နိုင်ငံမှာ မင်္ဂလာတရားကို မကျင့်တဲ့ပုဂ္ဂိုလ်တွေဟာ ဘယ်တော့မှ ကောင်းရာဘုံကို ရောက်စရာမရှိဘူး။ ဉာတကာကိုကြည့်မယ်ဆိုရင် လူသားအချင်းချင်းပဲ၊ ကိုယ့်မှာလည်း ဘယ်ကနေမွေးတာလဲ။ လူကမွေးတာလေ။ ဦးဇင်းတို့ မြန်မာနိုင်ငံမှာလည်း ယောကျ်ားနဲ့မိန်းမ၊ နိုင်ငံခြားမှာလည်း ယောကျ်ားနဲ့မိန်းမပဲရှိတာ။ ဘယ်လိုပဲသုံးသုံးပေ့ါ ယောကျ်ားနဲ့ မိန်းမက လွဲပြီး ဖြစ်စရာအကြောင်းမရှိဘူး။ အဲဒါ ဉာတကာပဲ။ အဲဒါနဲ့ပတ်သက်ပြီး ဘုရားရှင်ဟောထားတဲ့ ဇာတ်တော်တစ်ခုရှိတယ်။ ဆွေမျိုးတွေကို ကယ်တာနဲ့ ပတ်သက်တဲ့ ဇာတ်တော်ပေ့ါ။ ကျီးမိုက်တစ်ကောင်က ပုဏ္ဏားရဲ့ခေါင်းပေါ်ကို မစင်စွန့်ချတာ။ ပုဏ္ဏားကလည်း အတွေးခေါင်ပြီး သည်းမခံတတ်တော့ ဒီကောင် တစ်ချိန်ကျတော့ ဒုက္ခရောက်စေရမယ်။ ဒါပေမယ့် ဘယ်ကျီးကန်းမှန်း သူမသိဘူး။ သူသိတာက ကျီးကန်းပဲ။ အဲဒါနဲ့ တစ်ရက်ကျတော့ ဘုရင့်

ဆင်တော်က အနာပေါက်တယ်။ အဲဒါနဲ့ ကျီးအဆီနဲ့ကုရင် ပျောက်တယ်ဆိုပဲ။ မတွေးတတ်တဲ့ဘုရင်၊ သည်းမခံတတ်တဲ့ အကြံပေး၊ ၂-ယောက်ပေါင်း လိုက်တော့ သွားရော။ ဘုရားရှင်ဟောထားတဲ့ ဇာတ်တော်ပဲကြည့်။ အကြံပေး အသုံးမကျရင် ခေါင်းဆောင်လည်း အသုံးမကျဘူး။ ကျီးတွေ အကုန်ဖမ်းပြီး တော့ အဆီထုတ်တာ။ ဘယ်လိုမှမထွက်ဘူး။ ကျီးတွေသာ မျိုးတုံးတော့မယ်။ နောက်ဆုံး ဘုရားလောင်းကျီးက မဖြစ်တော့ဘူးလို့ တွေးတယ်။ တကယ်က သူ့အမျိုးလား။ တကယ်ဆို သူ့ကိုမွေးတဲ့အမေကိုပဲ သူကယ်ရမှာပေ့ါ။ ဒါပေမယ့် ကျီးကန်းဆိုတာ မျိုးနွယ်တူနေလို ဒီအတိုင်းကတော့ မဖြစ်ဘူးဆိုပြီး နန်းတွင်း ဆီပျံသွားတယ်။ နိုင်ငံအုပ်ချုပ်နေတဲ့သူတစ်ယောက်ဟာ ကောင်းတဲ့စကား ပြောရင် လက်ခံတယ်တဲ့။ ဒါဆိုရင် ကောင်းတဲ့စကား ပြောတာကို လက်မခံရင် နိုင်ငံအုပ်ချုပ်မင်းလုပ်တဲ့ပုဂ္ဂိုလ်မဟုတ်လို့ဘဲ။

မင်းဆိုတာ ရာဇဆိုတဲ့ စကားလုံးကလာတာ။ ရာဇက ပြည်သူတွေ နှစ်သက်တာ။ ခတ္တိယဆိုတာက အခွန်စား။ ပြည်သူကသူတို့ကို ရတဲ့ငွေနဲ့ ထောက်ပံ့ပေးတာ။ ပြည်သူတွေရဲ့ အန္တရာယ်တွေကို ကာကွယ်ပြီးတော့ ပြည်သူတွေရဲ့ ကြီးပွားရာကြီးပွားကြောင်း လုပ်ပေးလို့ သူတို့ကို ခတ္တိယတဲ့။ အခု ပြည်သူက နှစ်သက်တဲ့ပုဂ္ဂိုလ်တစ်ယောက် တွေးတတ်တဲ့ ခေါင်းမရှိတာ တော့ မဖြစ်နိုင်ဘူးတဲ့။ ကျီးကန်းတွေးတာ။ နန်းတော်ထိရောက်အောင် ပျံတာ။ အဲဒါနဲ့ နန်းတော်ထဲရောက်တော့ အောက်မှာ ပုန်းနေရတယ်။ ညီလာခံက မစသေးဘူးကိုး။ မစသေးတော့ ပြူတစ်ပြူတစ်လုပ်ရင် သေမှာလေ။ ဒါကြောင့် အချိန်ကို စောင့်ရတယ်။ ဘုရင်လာတဲ့အချိန်မှာ ကျီးကန်းက မေးတာပေ့ါ ဘာကြောင့် ကျီးကန်းတွေကို သတ်တာလဲလို့။ ငါ့ရဲ့ဆင်တော် ရောဂါကုဖို့ အတွက် အဆီလိုလို့တဲ့။ အဲ့ဒါနဲ့ အရှင်မင်းကြီး မှားနေပြီ။ ကျီးကန်းမှာ အဆီ မရှိဘူး။ ဘာကြောင့်လဲ ဆိုတော့ ကျီးတွေမှာ အမြဲတမ်း ကြောက်လန့်နေရလို့တဲ့။ ကျီးကန်းက အမြဲတမ်းကြောက်လန့်နေရလို့ အဆီမရှိတာတဲ့လေ။ လူတွေလဲ

ဒီအတိုင်းပဲ သောကက များနေတဲ့ပုဂ္ဂိုလ်တစ်ယောက် အဆီခမ်းနေလို့ရုပ်မလှ နိုင်ဘူးတဲ့။

သောကဆိုတာ ဒေါသပဲ။ ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဉပါယာသ အဲဒါအားလုံးဟာ ဒေါသတွေပဲ။ အဲဒါ အဆီခမ်း စေတဲ့အချက်။ လူမှာ အဆီ ၂-မျိုးရှိတယ်။ အသိအဆီနဲ့ အသားအဆီ။ အသား အဆီက ရုပ်ကိုပျက်စေတယ်။ အသိအဆီက ဘဝကိုပျက်စေတယ်။ လူတွေက သောကဖြစ်စရာမလိုဘဲနဲ့ ဘာကြောင့် သောကဖြစ်တာလဲ။ ဒေါသ ဖြစ်စရာမရှိဘဲနဲ့ ဘာလို့ ဒေါသဖြစ်တာလဲ။ ဣဿာ၊ မစ္ဆရိယ မဖြစ်ဘဲနဲ့ဘဝကို ဖြတ်သန်းလို့ရပေမယ့် ဘာကြောင့် မဖြတ်သန်းရတာလဲ။ အဆီခမ်းချင်လို့လား။ ဒါ ကျီးကန်းကပေးတဲ့ အသိတစ်ခု။ သူတို့ရဲ့ဘဝမှာ အမြဲတမ်းကြောက်လန့် နေရလို့ အဆီခမ်းတာ။ ဒါကြောင့်မို့ အရှင်မင်းကြီး မှားနေပြီ။ အကုန်ပြန်ပြော ပြတော့ လက်ခံတာပေါ့။ ဒါဟာ ကျီးကန်းရဲ့ ဉာတကာနုဠ္ဌသင်္ဂဟော၊ လူသားဆိုရင် လူသားရဲ့အမျိုးအနွယ်ကို ကာကွယ်ပေးခြင်းဟာ ဉာတကာနုဠ္ဌ သင်္ဂဟ။ တိရစ္ဆာန်ဆိုရင် တိရစ္ဆာန်အမျိုးအနွယ်ကို ကာကွယ်ပေးခြင်းဟာ ဉာတကာနုဠ္ဌ သင်္ဂဟ။ ဒါဆိုရင် ဒီတရားကိုကျင့်ဖို့ဆိုရင် လူမှ၊ နတ်မှ၊ တိရစ္ဆာန်မှ၊ ခွေးမှဆိုတာ မရှိဘူး။ တိရစ္ဆာန်ကျင့်ရင် တိရစ္ဆာန် အပါယ်ကလွတ်မှာပဲ။ လူကျင့်ရင် နတ်ပြည်ရောက်မှာပဲ။ ဒါကြောင့်မို့ မင်္ဂလာတရားတော်ဟာ ဘယ်သူကျင့်ရမယ်ဆိုတာ မပါတာအမှန်ပဲ။ ကျီးကန်းအဆီ ရှိမရှိ သိပြီဆိုရင် အသားဆီခမ်းချင်သလား၊ ကိုယ့်ဘဝကို ပြန်မေးကြည့်ပေါ့။ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿနဲ့ ဘဝကို ဖြတ်သန်းမှာလား ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ နောင်တတွေနဲ့ ဖြတ်သန်း မှာလား။ အသားလည်း မလှ၊ အသိလည်းမရတဲ့ အဖြစ်မျိုးနဲ့ အဲဒီလူဟာ ဘဝကို ဖြတ်သန်းမယ်ဆိုရင် အဲ့ဒီပုဂ္ဂိုလ်ဟာ အပါယ် ရောက်မှာပဲ။

ပြီးတော့ အနဝဇ္ဇာနိကမ္မာနိ။ အနဝဇ္ဇ၊ ကမ္မ၊ အပြစ်မရှိတဲ့အလုပ်။

ဒါဆိုရင် စကားနှစ်လုံးထပ်တယ်လို့ ထင်ရတယ်။ အနာကုလာစ ကမ္မန္တာ အဲဒါ လည်းပဲ အပြစ်မရှိတဲ့အလုပ်။ ဒီမှာလည်း အနဝဇ္ဇ ကမ္မ အပြစ်မရှိတဲ့ ။ ဘဝမှာ ရှင်သန်နေတဲ့ပုဂ္ဂိုလ်တွေ ဓမ္မကိုဆုတ်ကိုင်ထားမယ်ဆိုရင် ဘဝမှာ ဆင်းရဲစရာ အကြောင်း မရှိဘူး။ အနာကုလကမ္မဆိုတာ အတ္တဟိတကိုပြောတာ။ ကိုယ့်အကျိုးလား၊ သူများအကျိုးလား မမေ့နဲ့နော်။ ကိုယ်ကြီးပွားအောင် လုပ်ဖို့လား၊ သူများကြီးပွားအောင် လုပ်ဖို့လား။ အချိန်အခါကို သိရမယ်၊ လုပ်သင့်မလုပ်သင့် နားလည်ရမယ်။ မပျင်းရဘူး။ ဝီရိယရှိရမယ်၊ ပြီးရင် မပျက်စီးစေရဘူး။ အဲ့ဒါ ကိုယ်အတွက် လုပ်ရမှာ။ အဲ့ဒါဆိုရင် အတ္တကြည့် ရတယ်။ ပရဟိတ လုပ်မယ့်ပုဂ္ဂိုလ်တစ်ယောက် အတ္တဟိတ မရှိဘဲနဲ့ လုပ်လို့ မရဘူးဆိုတာ မင်္ဂလာ တရားမှာ ပြပြီးသား။ ကိုယ့်မှာဘာမှမရှိဘဲနဲ့ သွားကူပေး ရင် အပြစ်ပြောခံရတတ်တယ်။ အနဝဇ္ဇ ကမ္မ ဆိုရင် ရှင်းရှင်းလေး ပရဟိတပဲ၊ အနဝဇ္ဇကမ္မ ဆိုတာ ဥပုသ်စောင့်တာရယ်၊ ဝေယျာဝစ္စလုပ်တာရယ်၊ ပြီးရင် တံတားဆောက်၊ လမ်းဖေါက်အားလုံးသည် အနဝဇ္ဇကမ္မ။ အဲဒါပရဟိတအလုပ်။ အဲ့ဒီလို ပရဟိတကို လုပ်ခဲ့တဲ့ပုဂ္ဂိုလ်တစ်ယောက်ရှိတယ်။ သူက သိကြားမင်း ပဲလေ။ သူ့ကို စံထားပြီးတော့ အားလုံးကိုနောက်က လိုက်လုပ်ဖို့ပြောတာ။ အဲဒီသိကြားမင်းက ဘုရားလောင်းမဟုတ်ဘူးနော်။ မဃလုလင်ဘဝနဲ့ သူကြီးစား ခဲ့တာ။ လူမိုက်အုပ်စုကို ပြောင်းလဲအောင် လုပ်ပေးနိုင်ခဲ့တယ်။ ပထမ သူတစ်ယောက်တည်း။ သိပ်သဘောကောင်းတဲ့သူပေါ့။ နေရာတကာ သန့်ရှင်း ရေးလုပ်ပြီးတော့ သူနေတယ်။

လူရဲ့ထုံးစံက အချောင်ရချင်တယ်။ သူ့နေရာကို လာလုတယ်။ ပေး လိုက်တယ်တဲ့။ အဲဒါနဲ့ လူတွေဟာ အကောင်းကြိုက်တတ်ပါလား သူသိသွား တယ်။ သူသိသွားတော့ အကောင်းတွေကိုပဲ လုပ်ပေးတာ။ အဲဒါ အနဝဇ္ဇကမ္မ။ အဲဒီလိုလုပ်ပေးတာ များလာတဲ့အချိန်မှာ အဲ့ဒီ မစလရွာမှာ ဆိုးနေတဲ့ပုဂ္ဂိုလ်၊ ခိုးနေတဲ့ပုဂ္ဂိုလ်တွေ ရှိတယ်၊ သောက်ပြီးမူးနေတဲ့ပုဂ္ဂိုလ်တွေ ရှိတယ်။ အဲဒါ

ဘယ်နှစ်ယောက်။ တာဝတိံသာဆိုတာသိရင် ရပါတယ်။ တေတ္တိံသ, ၃၃ လေ။ တာဝတိံသာ ဆိုတာ အခြားနာမည်ကြောင့် ပေါ်လာတာမဟုတ်ဘူး။ သူတို့ အနဝဇ္ဇကမ္မ ပရဟိတကြောင့် ပေါ်လာတာ။

အဲဒီလူတွေက တကယ့်ကိုဆိုးနေတဲ့ လူတွေပဲ။ အဲဒါကြောင့် မစလ သူကြီးက အခွန်ရတော့ ပွနေတာ။ လူမိုက်တွေရှိနေမယ်ဆိုရင် လူမိုက်တွေကို ခြိမ်း ခြောက်လို့ရတယ်လေ။ ဒါပေမယ့် ကောင်းလာပြီဆိုရင် စားစရာမရှိ တော့တဲ့အတွက် ရန်တိုက်တာ။ ပြောင်းပြန်ဖြစ်သွားတာ။ ခုနက မကောင်းဘူး။ အခုဟာက ကောင်းတာ။ ကောင်းတဲ့ပုဂ္ဂိုလ်တွေက မာဃလုလင်နဲ့ သွားပေါင်း တာကိုး။ လမ်းတွေဖောက်၊ တံတားတွေဆောက် အမျိုးမျိုးလုပ်တာ။ အဲ့ဒါနဲ့ မထူးတော့ဘူးဆိုပြီး ဘုရင်ကို အာခံဖို့ ကြိုးစားနေပါတယ်လို့ မစလသူကြီးက ရန်တိုက်တာ။ အဲဒါနဲ့ ဘုရင်ကလည်းမစဉ်းစား၊ ဘုရားလောင်းဘုရင်ကလွဲရင် စဉ်းစားတဲ့ဘုရင်က တော်တော်နဲတာကို တွေ့ရတယ်။

ပြောတာကို ချက်ချင်းလက်ခံတယ်။ မစဉ်းစားဘူး။ ဖမ်း၊ တန်းပြီးတော့ သေဒဏ်ပေးပေ့ါ။ ဒါနဲ့ မာဃလုလင်က မေးတယ် မင်းတို့ ဒီအချိန်ထိ ငါ့ကို ယုံသေးလားတဲ့။ သေဒဏ်ကျနေပြီ အသတ်ခံရတော့မယ်။ ခင်ဗျားကိုယုံလို့ပဲ အခုသေဒဏ်ကျခံရတော့မယ်လေ။ သေတဲ့အထိ ယုံတယ်တဲ့။ အဲဒီလောက်ထိ သတ္တိရှိတာ။ ခင်ဗျားကြောင့် ကျုပ်သေဒဏ်ကျတော့မယ်ဆိုရင် ထွက်ပြေးမယ့် သူတွေချည်းပဲ။ ပရဟိတက အဲ့လိုမျိုးမဟုတ်ဘူး။ အတ္တသမားက ထွက်ပြေး တယ်။ ပရဟိတ အစစ်က ထွက်မပြေးဘူး။ သေချင်သေ။ အဆုံးထိပေး ဆပ်တာ က အနဝဇ္ဇကမ္မပဲ။ အခုခေတ်က အဲဒီလိုမျိုး မဟုတ်ဘူး။ နာမည်ကြီးရင် ဝိုင်းလာကြ တယ်။ နာမည်ပျက်လုလုဆိုရင် မသိမသာနဲ့ ထွက်ခွာ သွားတယ်။ သံဝေဂရစရာပေ့ါ။ မာဃလုလင် ကမေးတော့ ခင်ဗျားယုံလို့ ကျုပ်တို့ အခု သေတော့မယ်။ သေမှာကို မကြောက်ဘူးတဲ့။ ဒါဆိုရင် ငါပြောတာ မင်းလက်ခံ မှာလား။ လက်ခံမယ်တဲ့။ ဒါဆိုရင် ငါတို့ကိုချောက်တွန်းတဲ့ မစလရွာ

သူကြီးကိုလည်း မေတ္တာမပျက်နဲ့။ မတွေးမခေါ်ဘဲနဲ့ သေဒဏ်ချတဲ့ ဘုရင်ကို လည်းပဲ မေတ္တာမပျက်နဲ့တဲ့။ အခု ငါတို့ကို နင်းမယ့်ဆင်ကိုလည်း မေတ္တာ မပျက်နဲ့တဲ့။ အက္ကောခေနေ ဇိနေ ကောဓံ ဒေါသများပြီး ကြသာများတဲ့ ပုဂ္ဂိုလ်ကို ဒေါသမထွက်ဘဲ မုဒိတာပွားရင် ပိုကောင်းတာပေါ့။ ဒေါသထွက်စရာ မလိုဘူး မေတ္တာပွားပေးရတယ်။ ကြသာများသူကို မုဒိတာ ပွားပေးရတယ်။ အဲဒီလိုလုပ်ပေးတော့ ဆင်က မနင်းတော့ဘူး။ ဆင်မနင်းတာဟာ သူတို့ရဲ့ မန္တာန်ကြောင့်ဆိုပြီး ဆင်ကို မျက်လုံးပိတ်ပြီး နင်းခိုင်းတာ ဆင်ကမနင်းဘူး။ ဆင်ကို အရက်တိုက် နင်းခိုင်း၊ မနင်းဘူး။ အဲဒါမှ ဘုရင်ရဲ့အခန်းကဏ္ဍက အခုမှပြန်ပေါ်တာ။ ဒါဆိုရင် ထူးတော့ထူးဆန်းနေပြီ။ ငါ သူများပြောတိုင်း ယုံခဲ့တာလေ။ အကြံပေးတွေက အကျန်ကိုပဲပေးတာဆိုတော့ ငါ အကျန် ပဲရမယ်ဆိုတော့ ပြန်ပြီးတော့ မေးကြည့်တယ်။ ကိုင်း နေစမ်းပါဦး။ မင်းတို့ ဘာအတတ်များ တတ်နေလို့ သတ်လို့မရတာလဲတဲ့။ ဘာအတတ်မှ မတတ် ပါဘူးတဲ့။ ဒါပေမယ့် မေတ္တာကိုတော့ ပွားနေပါတယ်တဲ့။ အော် တိရစ္ဆာန် တောင်မှ နင်တို့ရဲ့ကျေးဇူးကို သိတတ်သေးတာ။ ငါက ဘာဖြစ်လို့ နင်တို့ရဲ့ ကျေးဇူးကို မသိတတ်ရတာလဲတဲ့။ ကောင်းတဲ့စကားနဲ့ပြောဆိုရင် လက်ခံတာ လူကြီး၊ အဲဒါကို ခေါင်းဆောင်ခေါ်တယ်။ ခေါင်းဆောင်နဲ့ ခေါင်းရှောင်က မတူဘူး။ ကောင်းတဲ့ စကားအားလုံးကို လက်ခံနိုင်တာ ခေါင်းဆောင်ပဲ။ ဒါနဲ့ မကောင်းတဲ့သူကို ဖယ်ပြီး ကောင်းတဲ့သူကို နေရာပေးလိုက်တာ။ အဲဒီမှာ မဃလုလင်က သိကြားမင်းဖြစ်တဲ့အထိ ပရဟိတလုပ်သွားတာ။ အဲဒါ အနဝဇ္ဇကမ္မပဲ။ ဒါဆိုရင် ဒါနဥ္စ ဓမ္မစရိယာစ၊ ဉာတကာနဥ္စ သင်္ဂဟော၊ အနဝဇ္ဇကမ္မ၊ ဘယ်နှစ်လုံးလဲ၊ (၄)မျိုးပြည့်သွားတာပေါ့။ သူတော်ကောင်းများလဲ ပရဟိတကို လုပ်နိုင်သူများ ဖြစ်ကြပါစေ။

သာဓု . . . သာဓု . . . သာဓုပါဘုရား။

နောက်ထပ်

**အာရတီ ဝိရတီ ပါပါ၊ မဇ္ဇပါနာစ သံယမော။**
**အပ္ပမာဒေါစ ဓမ္မေသု၊ ဧတံမင်္ဂလမုတ္တမံ။**

ပါပါနဲ့ အာရတီတွဲ၊ အာရတီပါပါ၊ ဝီရတီပါပါ၊ ပါပဆိုတာ မကောင်းမှု။ အာရတီက ရှောင်ကြဉ်တာ။ ဝိရတီလည်း ရှောင်ကြဉ်တာပဲ။ ရှောင်ကြဉ်မှု ၂-ခု ရှိတယ်။ အာရတီပါပါ၊ ဝိရတီပါပါ။ အဘိဓမ္မာ သင်တဲ့အတွက် ဘယ်လောက်ထိ အကျိုးရှိတယ် ဆိုတာကို စမ်းကြည့်တဲ့နည်း တစ်ခု။ ဝိရတီ ဘယ်နှစ်မျိုးရှိလဲ။ ၃-ပါးရှိတယ်။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ ၃-ပါး။ ကံအနေနဲ့ ကြည့်မယ်ဆိုရင် သမ္မာဝါစက ဝစီကံ သမ္မာကမ္မန္တက ကာယကံ။ သမ္မအာဇီဝက ကာယကံနဲ့ ဝစီကံ။ ကံ၂-ပါးပဲရှိတယ်။ အဲဒါဆိုရင် အာရတီက မနောကံ။ လွယ်လွယ်လေးရယ်။ ဒါကြောင့် ဓမ္မတစ်ခုကိုသိတာ ရလာမယ့်အကျိုးက အများကြီးရယ်။ ဒါပေမယ့် အချိန်တော့ပေးရတယ်။ ဝိရတီတစ်လုံးသိတာနဲ့ အာရတီက ဘာလဲဆိုတာ ဦးဇင်းတို့သိရတယ်။ ဒါဆိုရင် အာရတီက စိတ်နဲ့ မကောင်းမှုမှ ရှောင်ကြဉ်ခြင်း၊ ဝိရတီက ကိုယ်နဲ့နှုတ်ဖြင့် မကောင်းမှုမှ ရှောင်ကြဉ် ခြင်း။ ပြီး မဇ္ဇပါန မူးယစ်သောက်စားခြင်းမှ သံယမော ရှောင်ကြဉ်ခြင်း။ အပ္ပမာဒေါစ ဓမ္မေသု ကုသိုလ်တရားနဲ့ပတ်သက်ပြီး မမေ့ခြင်းတို့ပါ၊ အာရတီက စိတ်နဲ့ကောင်းမှုမှ ရှောင်ကြဉ်ခြင်း။ ဝိရတီက ကိုယ်နဲ့နှုတ် ဖြင့် မကောင်းမှု ရှောင်ကြဉ်ခြင်း။ ပြီး မဇ္ဇပါန မူးယစ်သောက်စားခြင်းမှ သံယမော ရှောင်ကြဉ် ခြင်း။ အပ္ပမာဒေါစ ဓမ္မေသု ကုသိုလ်တရားနဲ့ ပတ်သက်ပြီး မမေ့ခြင်းတို့ပါ။ အာရတီက စိတ်နဲ့ ရှောင်ကြဉ်တာ။ ဝိရတီက ကိုယ်နဲ့နှုတ် မဇ္ဇပါနာစ သံယမောက အရက်မသောက်၊ ဆေးမရှူ၊ ဘီယာမသောက်၊ ဝိုင်မသောက်တာကိုပြောတာ။ အပ္ပမာဒေါစ ဓမ္မေသုက ကုသိုလ်မမေ့တာကို ပြောတာပါ။ အာရတီပါပါ မကောင်းမှုကို စိတ်နဲ့တောင်မတွေးဘူးတဲ့။ အဲဒါလည်း မင်္ဂလာတစ်ပါးပဲ။ ဒါဆိုရင် မနောကံမှာ ဘာတွေရှိလဲဆိုတော့ အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိပေါ့။

အကုသိုလ် မပေါ်ဘူးလို့ပြောတာလား။ မဟုတ်ဘူးနော်။ မကောင်းတာကို စိတ်နဲ့တောင် မကြံဘူးဆိုတာ ဒုစရိုက်လုပ်ဖို့ စိတ်နဲ့တောင် မကူးဘူးလို့ပြောတာ။ ဒုစရိုက်ဘယ်နှစ်ပါးလဲ။ ၁၀-ပါး။ အဲဒါဆိုရင် အာရတီ ပြောတာ ဘယ်နှစ်ပါးရှိမှာလဲ။ အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ။

ဒါဆိုရင် အကုသိုလ်စိတ် မဖြစ်နဲ့လို့ပြောတာလား။ အကုသိုလ်မလုပ်နဲ့လို့ပြောတာလား။ ဒုစရိုက်မှာ မနောကံ၃-ပါးပါတယ်။ အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ။ အဲဒါက ကံကိုမြောက်နေတဲ့ အလုပ်တစ်ခု။ သူများရဲ့ ပစ္စည်းဥစ္စာကို အချောင်လိုချင်တဲ့စိတ်။ ဗျာပါဒ၊ သူများကို နှိပ်စက်ဖို့ဖြစ်နေတဲ့စိတ်။ နှိပ်စက်ဖို့ဆိုရင် ကြံသာလည်း ပါတယ်လေ။ ပြီးရင် မဇ္ဈရိယလည်း ပါတယ်။ ကြံသာ မဇ္ဈရိယ ဖြစ်နေတဲ့သူ တစ်ယောက် မကောင်းတာကို လုပ်ကိုလုပ်တော့မှာ။ ဒါကြောင့် လုပ်ကိုလုပ်ရမှာမို့လို့ မနောကံလို့ခေါ်တယ်။ ပြီးတော့ မိစ္ဆာဒိဋ္ဌိ၊ တလွဲယူထားတဲ့ပုဂ္ဂိုလ်။ တလွဲယူထားမှတော့ တလွဲလုပ် မှာပေါ့။ အဲ့ဒါ အကုသိုလ်စိတ်လား၊ အကုသိုလ်အလုပ်လား။ အကုသိုလ်လုပ်မှာ ဘယ်ထဲမှာဖြစ်နေတာလဲ။ စိတ်ထဲမှာဖြစ်နေတာ။ စိတ်ထဲမှာဖြစ်နေတာနဲ့တင် အဲ့ဒါက ကံမြောက်လို့ မနောကံပြောတာ။ အဲဒီကံမျိုးကို စိတ်ထဲမှာတောင် မထားပါနဲ့တဲ့။ အကုသိုလ်စိတ်မဖြစ်နဲ့လို့ ပြောတာမဟုတ်ဘူးနော်။

အာရတီပါပါဆိုတာ ဘာပြောတာလဲ။ မနောကံကို ပြောတာ။ မနောကံက အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ။ အဘိဇ္ဈာက လောဘဖြစ်ရုံသက်သက် မဟုတ်တော့ဘူး။ အဲဒါ ဝိသမလောဘကို ပြောတာ။ လောဘက ကိုယ့်သားနဲ့ တွေ့ချင်တာ၊ ကိုယ့်သမီးနဲ့တွေ့ချင်တာ၊ ဟိုပစ္စည်းဝယ်ချင်တာ။ စားစရာ စားချင်တာ။ အဲဒါ လောဘသက်သက်။ အဘိဇ္ဈာ မဟုတ်ဘူး။ ပြီးတော့ ဗျာပါဒ။ ကိုယ့်ကိုယ်ကို တခါတလေကျ ခလုတ်တိုက်လို့ ဒေါသ ထွက်တာ။ ကွာ . . . . . အဲဒါ ဒေါသသက်သက် ဗျာပါဒမဟာတ်ဘူး။ သူများကို နှိပ်စက်ဖို့၊ သူများ ဂုဏ်သိက္ခာ ထိခိုက်ဖို့ အဲ့ဒါတွေက ဗျာပါဒ။ အဲဒါ အကုသိုလ်စိတ် မဟုတ်တော့ဘူး။

အကုသိုလ်အလုပ် ဖြစ်လာတာ။ စိတ်နဲ့ လုပ်နေတာ။ ဒါကြောင့် ဗျာပါဒ နှိပ်စက်ဖို့ စဉ်စားနေတဲ့ပုဂ္ဂိုလ်တစ်ယောက် မကြာမကြာ စဉ်းစားတာ၊ ဣဿာမစ္ဆရိယ ဖြစ်နေသူတွေက မဟုတ်တာကို အမြဲတွေးနေတာဖြစ်လို့ ကံမြောက်တယ်ခေါ်တာ။ အဲဒီကံမျိုးလည်း စိတ်ထဲမှာ ထည့်မထားပါနဲ့တဲ့။ ဒါဆိုရင် အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ မရှိတော့ဘူးဆိုရင် မင်္ဂလာတစ်ပါး ဖြစ်တဲ့အတွက် အပါယ်လွတ်ဖို့ လမ်းကြောင်းပေါ်လာတယ်။ သာမာန် ဒေါသရှိတာလောဘရှိတာနဲ့ မဆိုင်ဘူး။ အဲဒီ လောဘက ဝိသမလောဘ ဖြစ်လာပြီဆိုရင် အမင်္ဂလာ။ သာမန်လောဘက အမင်္ဂလာမဖြစ်သေးဘူး။ဝိသမလောဘ နဲ့ သာမာန်လောဘ မတူဘူးနော်။

ဝိရတီပါပါ။ ကိုယ်နဲ့နှုတ်။ ကိုယ်က ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသု မိစ္ဆာစာရ။ နှုတ်က မုသာဝါဒ၊ ပိသုဏာဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပ။ အကုသိုလ်ဒုစရိုက် ကျူးလွန်တာတွေပေ့ါ။

ပြီးတော့ မဇ္ဇပါနာစ သံယမော။ ဒါ အရက်သမားတွေ သိထားသင့်တဲ့ အချက်တစ်ချက်။ ငါးပါးသီလမှာ အရက်မပါဘူး ဆိုတဲ့စကားကို ပြောကြတယ်။ ဝိရတီက ဘယ်နှစ်ပါးထွက်သွားပြီလဲ။ ၃-ပါးလို့ မပြောနဲ့နော်။ ငါးပါးသီလ ကိုပြောမယ်။ ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသု မိစ္ဆာစာရ၊ မုသာဝါဒ၊ သုရာမေရယ ဆိုပြီး ငါးပါးပါရှိတယ်။ ငါးပါးမှာ ဝိရတီမှာ ဘယ်နှစ်ပါး ပါလဲ။ ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရပါတယ်၊ အဲဒါ ကာယကံ။ ဒါပေမယ့် ဘာကျန်၊ မုသာဝါဒ၊ ဘာဖြစ်လို့ မုသာဝါဒပဲ ထည့်ထားတာလဲ။ တကယ်က ဝစီကံ ၄-ပါးရှိတယ်။ ဒါဆိုရင် ဘယ်နှစ်ပါးကျန်သေးတာလဲ။ ၃-ပါး ကျန်သေးတယ်။ တကယ်ဆိုရင် ထည့်ထားသင့် တာပေ့ါတဲ့။ ဒါပေမယ့် မုသား မပြောတဲ့ပုဂ္ဂိုလ်က ဘယ်တော့မှ ပိသုဏာဝါစာ မပြောဘူး။ ဖရုသဝါစာ သုံးဖို့ဆို ပိုမဖြစ်နိုင်။ သမ္ဖပ္ပလာပ အကျိုးမရှိတဲ့ စကားကိုလည်း မပြောဖြစ်တော့ဘူးတဲ့။

အဲဒါ ကြောင့် ကံ၅-ပါးမှာ မုသာဝါဒကံ တစ်ခုပြောရင် ကျန်တဲ့ ကံ၃-ပါးက ပြည့်စုံ သွားပြီးတဲ့။ လူတွေက မုသာဝါဒ မပြောဘူး ဆိုပြီး ဝစီကံလုံသွားပြီ ထင်တာ။ ဝိရတီကို ပြောထားတာလေ။ ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသု ဆိုတာ ကာယကံအနေနဲ့ဆိုတော့ သမ္မာ ကမ္မန္တဝိရတီ။ မုသာဝါဒကံက သမ္မာဝါစာဝိရတီ။ ဝိရတီဆိုပြီးတော့ တစ်ပါးထဲ ရှောင်လို့မရပါဘူး။ ငါးပါးသီလ ထဲမှာက ဝစီကံအတွက် မုသာဝါဒ တစ်ပါးတည်း ထည့်ထားပေမယ့် မုသား တောင်မပြောသူဟာ ပိသုဏဝါစာ၊ တစ်ယောက်နဲ့တစ်ယောက် အထင်လွဲစေတဲ့ စကားမပြောဘူးလေ။ ဒါဆိုရင် တစ်ယောက်နဲ့ တစ်ယောက် အထင်လွဲစေတဲ့ စကားပြောတဲ့ ပုဂ္ဂိုလ်က မုသားကိုပြောမှာပဲ။ ဒီအတိုင်းပဲ ကြမ်းတမ်းတဲ့စကား ပြောတဲ့ ပုဂ္ဂိုလ်က မုသားကို ပြောမှာပဲ။ မုသားရှောင်တာနဲ့ ပိသုဏဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပ ရှောင်ပြီးသားမိုလို့ ကံ၅-ပါးမှာ တစ်ပါးတည်း ပေါင်းထားတာ။ ဝိရတီမှာ သုရာမေရယ မပါဘူး။ ဒါပေမယ့် မင်္ဂလာတစ်ပါး အဖြစ်နဲ့ သီးသန့်ကိုဟောပေးတာ။ မဇ္ဇပါနာစ သံယမော အရက်သောက်တဲ့ ပုဂ္ဂိုလ်ဟာ ဘယ်တော့မှ မင်္ဂလာမရှိတဲ့အတွက် အပါယ်ပဲ။ မူးယစ်စေတတ်တဲ့ အရာကို သုံးစွဲသူ အပါယ်က လွတ်လာတဲ့အချိန်မှာ အနည်းဆုံးခံရမဲ့ အပြစ်က ရူးသွပ်ခြင်း တဲ့။ အဲဒါကိုများ လူတွေက သောက်ချင် သုံးချင်ကြသေးတာ။ ကံ ၅-ပါး အပါအဝင်ဖြစ်တဲ့ မင်္ဂလာတရားကို မလေ့လာလို့ဖြစ်မှာပေါ့။

အခုကြည့်လိုက်လေ၊ ဝိရတီပါပါရယ်၊ မဇ္ဇပါနာစ သံယမောရယ်၂-ခု ပေါင်းလိုက်ရင် ကံ၅-ပါး။ အဲဒါ ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသု မိစ္ဆာစာရ၊ မုသာဝါဒ၊ သုရာမေရယ။ အဲဒါ မင်္ဂလာ၂-ပါးတည်း။ အဲဒီ ကံ၅-ပါး မှာ ၄-ပါး တစ်အုပ်စု မင်္ဂလာ ၁-ပါးလို့ ပြောပြီး သုရာမေရယရှောင်တဲ့ ၁-ပါး ကိုတော့ မင်္ဂလာတစ်ပါးအဖြစ် ဟောတယ်။ ဒါဆိုရင် သုရာမေရယ ဘယ်လောက်ထိ အပြစ်ကြီးတယ်ဆိုတာ မှန်းကြည့်လိုက်။ ရှောင်လိုက်တာနဲ့ အလိုလို မင်္ဂလာတစ်ပါး။ အဲဒီမှာ သုရာမေရယကံကို ဘုရားက အများကြီး

ဟောခဲ့ပါတယ်။ သေပြီး အပါယ်မရောက်တာကို ခဏထားဦး။ လူ့ဘဝမှာ ရှင်သန်နေတုန်းမှာတောင်မှ သူ့ရဲ့ဂုဏ်သိက္ခာအားလုံး ဆုံးရှုံးရတယ်။ ပစ္စည်းတွေလည်း တဖြည်းဖြည်းနဲ့ ပျက်ပြုန်းလာတယ်။ ပြောမှာပေါ့။ တပည့်တော် အပျော်သောက်တာ။ အဲဒီ အပျော်သောက်ရင်တော့ ငရဲမှာ အပျော်ခံရမှာပဲ။ ပြီးတော့ ပြောကြဦးမယ် နဲနဲလေးသောက်ရုံနဲ့ ဒီဘဝစည်းစိမ်မပျက်ပါဘူးလို့။

ဒီဘဝအတွက်ပဲ ရှင်သန်နေတာမဟုတ်ဘူး။ ဒီဘဝရတာက နောင်ဘဝကောင်းဖို့အတွက်ပဲ ကြိုးစားဖို့။ ဒီနေ့အလုပ်လုပ်နေတာဟာ မနက်ဖြန်အတွက်။ လူတွေက ဒီဘဝကို ဒီနေ့နဲ့မနှိုင်းဘူး။ ဒီဘဝဟာ ဒီနေ့နဲ့နှိုင်းရင် ဒီနေ့အတွက် အကောင်းဆုံး နေမှာပဲ။ မဇ္ဈပါနာစ သံယမော ဒီအရက်နဲ့ပတ်သက်ပြီး ပြောစရာတွေကတော့ အများကြီးပဲ။ ဒါဆိုရင် ဒီမှာအရက်သောက်တဲ့ သူ မပါဘူးလို့ ယုံကြည်တယ်။ ဒါပေမယ့် တချို့လူတွေ ငါတို့က ဗုဒ္ဓဘာသာတွေဖြစ်လို့အပါယ်မကျတော့ဘူးလို့ ထင်နေလား မသိဘူး။ မင်္ဂလာ ၃၈-ပါးကိုသာ လေ့လာကြည့်လိုက်ပါ။ အနည်းဆုံး အဲဒီပုဂ္ဂိုလ်ဟာ အပါယ်လုံးဝ မကျစေရဘူး။ ငါဘာလဲဆိုတာ သိစေတယ်။ ပြီးတော့ အပ္ပမာဒေါစ ဓမ္မေသု လုပ်ထားတဲ့ ကုသိုလ်နဲ့ပတ်သက်ပြီး အပ္ပမာဒ မမေ့ရဘူးတဲ့။ ဆိုလို တာက သတိရှိနေပါ။ ဘုရားရှင်က နေ့တိုင်း နေ့တိုင်း ပေးခဲ့တဲ့ ဩဝါဒဟာ အပ္ပမာဒဩဝါဒ ဗုဒ္ဓဂယာကို ရောက်ဖူးတဲ့ ပုဂ္ဂိုလ်တွေသိတယ်။ ဇေတဝန် ကျောင်းတော်ကြီး ခြေဆေးတဲ့နေရာမှာ အခုထိ ရေတွင်းကြီးရှိတုန်း။ အဲဒီနေရာ မှာပြောခဲ့တဲ့ စကားက အပ္ပမာဒစကားပဲ။ ဘုရားရှင်က နေ့တိုင်းဆွမ်းခံ ထွက်တယ်။ တစ်ပါးတည်း ဆွမ်းခံထွက်တဲ့အချိန်ရှိတယ်။ အများနဲ့ထွက်တဲ့အချိန်လည်း ရှိတယ်။ ဘယ်လိုဘဲထွက်ထွက် ပြန်လာရင် ခြေထောက်ဆေးရတာပဲ။ ဒါဆိုရင် ခြေထောက်မဆေးတဲ့နေ့ မရှိဘူး။ ခြေထောက်ဆေးရင်းနဲ့ ရဟန်းတော်များကို အပ္ပမာဒတရားကို ဟောတယ်။ ပရိနိဗ္ဗာန်မစံခင် အချိန်လေးမှာတောင် အပ္ပမာဒေန သမ္ပါဒေထတဲ့။ သတိကို ဆောင်ပြီးတော့ ဘဝကိုဖြတ်သန်းပါတဲ့။

မသေခြင်းရဲ့အကြောင်းသည် သတိတဲ့။ ဒါကြောင့် သတိနဲ့နေလို့ အထပ်ထပ် မှာရတာပေ့ါ။

သတိမမြဲတာနဲ့ အပါယ်ကဆွဲတာပါ။ ဘုရားတို့ကျတော့ နတ္ထိ သတိယာဟာနိ တဲ့။ သတိလျော့တယ် ဆိုတဲ့အချိန် မြတ်စွာဘုရားမှာမရှိဘူးတဲ့။ ဒါဆို ပုထုဇဉ်တွေ လုပ်ထားတဲ့ကုသိုလ်နဲ့ပတ်သက်ပြီး သတိ အားနည်းနေတယ် ဆိုရင်။ အပါယ်ကဆွဲမှာပဲ။ သတိမနည်းစေနဲ့တဲ့။

သုတ္တန်လေးတစ်ခုရှိတယ်။ ယက္ကန်းသည်ဝတ္ထုလေး ကြားဖူးကြမှာပါ။ ဘုရားရှင်ဟာ လွန်ခဲ့တဲ့ ၃-နှစ်လောက်က မရဏာ နုဿတိကမ္မဋ္ဌာန်းကို ပေးခဲ့ဖူးတယ်။ အဲဒါနဲ့ နောက်ထပ်၃-နှစ် ကြာပြီးမှ ဘုရားရှင် ထပ်သွားတယ်။ ဒါပေမယ့် ကောင်းတာကိုယူတဲ့သူက နည်းတယ်။ မကောင်းတာကိုယူတဲ့သူက များတယ်။ အဲဒီ တစ်မြို့လုံးမှာ တရားရမယ့်သူဟာ အဲဒီတစ်ယောက်ပဲရှိတယ်။ ၃-နှစ်ကြာလို့ ပြန်သွားတာတောင်မှ အပ္ပမာဒေါ စ မေ့သုဆိုတာ သတိထားဖို့။ ဘယ်လောက်တရားနာနာ၊ ဘယ်လောက်တရားကို အားထုတ်ထုတ် သတိမရှိ ရင် ခံရတယ်ဆိုတာ အဲဒီဝတ္ထုက ပြသွားတာပဲ။ အဲဒီမြို့က ဘုရားရှင်ရှိတုန်းက ပေါ်ခဲ့တဲ့မြို့ဆိုတော့ တရားတော့ အပြည့်ရမှာပါပဲ။ ဒါပေမယ့် ပြည့်တဲ့တရားက ယိုပေါက်ရှိနေတယ်။ သတိမရှိရင် ယိုထွက်သွားတယ်။ အဲဒါနဲ့ ဘုရားရှင်က နောက်တစ်ကြိမ်သွားတဲ့အချိန်မှာ တရားဟောဖို့ စောင့်ရ တယ်။ ပရိသတ်တွေ ဒီလောက်များတာကို သောတာပန်ဖြစ်မယ့်သူတစ် ယောက်မှမပါဘူးတဲ့။ အဲ့ဒါနဲ့ ယက္ကန်းသည်မလေးက ဘုရားကြွလာတာကို သိတော့ ငါလည်း ဘုရားဖူးရရင် ကောင်းမှာပဲ ဆိုတဲ့စိတ်ရှိတယ်။ ခက်တာက သူ့အိမ်မှာပဲ ဒီနေ့ အထည်ကိုအပ်ရ မှာမို့ ဒီနေ့မှမပြီးရင် မရဘူး။ အဲဒါနဲ့ မြန်မြန်လုပ်ရတာပေ့ါလေ။ အဲဒါနဲ့ ဘုရားရှင် အနားရောက်တဲ့အချိန်မှာ ဘုရားရှင်က ကြည့်လိုက်တယ်တဲ့။ သူသဘောပေါက် သွားတယ်။ ဒီ တရားပွဲဟာ ငါ့အတွက်လို့၊ သူသွားထိုင်တဲ့အချိန်မှာ ဘုရားရှင်က စဟောတယ်။ ဘယ်ကလာတာလဲ၊ ဘယ်ကိုသွားမှာလဲ၊ သိသလား။

မသိဘူးလား။ စကား၄-ခွန်းနဲ့ တရားကို စတင်တာ။ သူမဟာ ၃-နှစ်လုံးလုံး မရဏာနုဿတိနဲ့ ပတ်သက်ပြီး သတိမပျက်ခဲ့ဘူး။

သေခြင်းတရားနဲ့ပတ်သက်ပြီး နေ့တိုင်းပွားနေတာ။ သေမျိုးကိုး။ ဦးဇင်းတို့လဲ အပ္ပမာဒေါစ ဓမ္မေသု၊ အနည်းဆုံး သေမယ့်အကြောင်းကိုတော့ တွေးထားသင့်နေပြီ။ ဦးဇင်းတို့က ဓမ္မပါလရွာမှနေတဲ့ပုဂ္ဂိုလ်တွေ မဟုတ်ဘူးနော်။ အဓမ္မပါလနေရာ ရောက်နေတယ်။ တရားစောင့်တဲ့နေရာမှာ နေရင် ဘယ်အချိန်ဆိုပြီး အချိန် တိတိကျကျပြောလို့ရတယ်။ တရားမစောင့်တဲ့နေရာမှာ မနက်ဖြန်လား၊ သန်ဘက်ခါလား ပြောလို့မရဘူး၊ ကိုယ် လုပ်ထားတဲ့ဒါနတွေ သီလတွေ အားထုတ်ထားတဲ့ ဘာဝနာ တွေရှိတယ်။ အဲဒါတွေလည်းပဲ မမေ့နဲ့။ ပြီးတော့ မေ့လို့ မရတဲ့ခန္ဓာကြီး။ ခန္ဓာကိုယ်ကို ထားခဲ့လေ့ရှိလား။ ခန္ဓာကိုထားခဲ့တဲ့ နေ့လည်း မရှိဘူး။ ထားခဲ့တဲ့နေရာလည်း မရှိဘူး။ သွားတိုင်း ပါနေတယ်။ အဲဒီခန္ဓာက နေတဲ့ခန္ဓာလား၊ သေတဲ့ခန္ဓာလား၊ သေတဲ့ခန္ဓာ။ ဘာဖြစ်လို့ သေဖို့ မေ့နေကြတာလဲ။ ဒါဆို အပ္ပမာဒ မရှိလို့ဘဲ။ ဒါဆိုရင် ပမာဒေါ ပစ္စုနောပဒံ။ ကိုယ့်ကိုယ်ကို သေကြောင်း ကြံနေတာပဲ။ အပါယ်သွားဖို့ သေကြောင်းကြံတာဟာ သတိမရှိလိုပေ့ါ။ မှန်တာပေါ့။ လမ်းကူးကြည့်ပါလား။ သတိမရှိဘဲကူးရင် သေမှာပဲ။ ဒီအတိုင်းပဲ ဘဝဆိုတဲ့လမ်းကို ကူးတဲ့နေရာမှာ သတိမရှိရင် ဘယ်သွားမှာလဲ။ အပါယ်ပဲ။ အဲဒါဆို သတိထားဖို့။

ဒါဆို ဒီနေ့က ၂-ပိုဒ် ပြီးသွားတယ်ဆိုပါတော့။ အဲဒီ၂-ပိုဒ်ရယ် အရင်က အပိုဒ်တွေရယ် ပြန်ပေါင်းပေးမယ်။ မင်္ဂလာတရားတော်ကို လေ့လာတဲ့အခါမှာ ထူထောင်ရေးရယ်၊ ကျင့်သုံးရေးရယ်၊ ပွားများရေးရယ် ဆိုပြီးတော့ အရေးတွေ ရှိတယ်။ လူတွေမှာ စားဝတ်နေရေး၊ လူမှုရေးရှိတယ်။ ဘာသာရေးရှိတယ်။

နံပါတ်(၁) ထူထောင်ရေး နဲ့ကြည့်မယ်၊ ဘယ်ကစလဲ ဆိုရင် အသေဝနာစ ဗာလာနံ၊ ပဏ္ဍိတာနဉ္စသေဝနာ၊ ပူဇာစ ပူဇနေယျာနံ။ အဲဒီမှာ မင်္ဂလာ ၃-ပါးကို ကြည့်လိုက်မယ်ဆိုရင် လူတစ်ယောက် လောကထဲကို ရောက်လာတဲ့အချိန်မှာ

ကြီးပွားဖို့ဆိုရင် မသိတဲ့ပုဂ္ဂိုလ်၊ မတတ်တဲ့ပုဂ္ဂိုလ် ပေါင်း လို့မရဘူး။ သိတတ်တဲ့ ပုဂ္ဂိုလ်ပေါင်းပြီးရင် ကျေးဇူးကန်းလို့ မရဘူး။ ပေးကမ်းရမယ်။ ဒါကပူဇာစ ပူဇနေယျာနံပဲ။ ဒါနဲ့ လုံလောက်လား ဆိုတော့ မလုံလောက်ဘူး။

ပတိရူပဒေသဝါသ။ ဒါက ဘဝထူထောင်ဖို့အတွက် လိုအပ်တာ။ ကိုယ့်မှာ ဘာမှမရှိဘဲနဲ့ ဘာမှလုပ်လို့မရဘူး။ ဒါကြောင့်မို့ နေရာဒေသရွေး ပြီးတော့ ပုဗ္ဗေစ ကတ ပုညတာ ကံကိုလည်း ပြန်ပေါ်နိုင်အောင် ကြိုးစား။ အတ္တသမ္မာပဏိဓိ ကိုယ်နဲ့စိတ်ကို အကောင်းဆုံးထား။ ပြီးတော့ လူတစ်ယောက် ကြီးပွားဖို့ အဲဒီလောက်နဲ့ မလုံလောက်ဘူး၊ ဘာလိုမလဲ။ ဗာဟုသစ္စဥ္စ။ တော်တော်လေး အသိများရမယ်။ သိပ္ပဉ္စတတ် လည်းတတ်နေရမယ်။ ပြီးတော့ ဝိနယောစ သု သိက္ခိတော။ သင်ထားတဲ့အရာနဲ့ပတ်သက်ပြီး ကျွမ်းကျင်အောင် လုပ်ထားရမယ်။ သုဘာသိတာစ ယာဝါစ စကားကို အကောင်းဆုံး ပြောပေးရ မယ်။ အဲဒါဆိုရင် အဲဒီလူဟာ တဖြည်းဖြည်းနဲ့ လူကောင်းဖြစ်လာပြီ။လူဖြစ်လာ တော့ မာတာပိတု ဥပဋ္ဌာနံ၊ အမေ အဖေကို ကျေးဇူးဆပ်။ ကိုယ်က တစ်ယောက် တည်း မနေတတ်ဘူး။ မိန်းမယူမယ်၊ ယောကျ်ားယူမယ်။ ပုတ္တဒါရသင်္ဂဟော။ ဒါဆို ဒီလိုမင်္ဂလာတွေ လုပ်ချင်တဲ့ သူဟာ အတ္တဟိတခေါ်တဲ့ အနာကုလာစ ကမ္မန္တာပျင်းနေလို့မရဘူး။ ကြီးပွားအောင်ကိုလည်း လုပ်ရမယ်။

ကြီးပွားဖို့အတွက် အသေဝနစ ဗာလာနံ ပဏ္ဍိတ သေဝန။ ပတိရူပ ဒေသဝါသ။ ပုဗ္ဗေစ ကတ ပုညတာ။ အဲဒါတွေက လူတစ်ယောက်ကို ထူထောင် ရေးမှာ ချမ်းသာဆုံးအထိ လုပ်ပေးတယ်။ ဒါနကို အားရပါးရ လုပ်ခွင့်ရအောင် အနာ ကုလာစ ကမ္မန္တ။ ကိုယ်တိုင်ကြီးပွားချမ်းသာတဲ့အချိန်မှာ လာပြီ။ ဒါနဉ္စ ဓမ္မစရိယာစ မင်္ဂလာကို ထပ်ဖြည့်ဖို့ကြိုးစား။ ဒါက လူမှုရေးလို့ ပြောလို့ရတယ်။ ခုနကတည် ထောင်ပြီးသွားပြီဆိုရင် ပြန့်ပွားအောင်လုပ်ရမယ်။ ဒါကြောင့်မို့ ကိုယ့်မှာရှိတာလေးကို အလှူပေး (ဒါန)ပြီးတော့ ဓမ္မစရိယ သုစရိုက်ကျင့်ပြီး ဉာတကာ နဉ္စ သင်္ဂဟ ဆွေမျိုးတွေကို ထောက်ပံ့။ ကိုယ်နဲ့နီးစပ်တဲ့ ပုဂ္ဂိုလ်တွေကို

ရှိသမျှချီးမြှောက်။ ပြီးတော့ အနဝဇ္ဇာ နိ ကမ္မာနိ၊ ပရဟိတလဲလုပ်။ပရဟိတ လုပ်တဲ့နေရာမှာ အာရတီ ဝိရတီ၊ ကာယကံ၊ ဝစီကံ၊ မနောကံ သန့်ရှင်းပါစေ။ မဇ္ဇပါနာစ သံယမော၊ သောက်စား မူးယစ်ပြီး မလုပ်နဲ့။ ကိုယ်လုပ်တဲ့အလုပ်နဲ့ ပတ်သက်ပြီး အပ္ပမာဒေါစ ဓမ္မေသု သတိတော့ထား။ ကောင်းတာကို လုပ်တဲ့ ပုဂ္ဂိုလ်တွေ အတ္တဟိတ သက်သက် လုပ်တယ်ဆိုရင်လည်းပဲ သူများကဲ့ရဲ့ခံရပြီး ကိုယ်တိုင် စိတ်ချမ်းသာမှုမရှိဘူး။ ပရဟိတသက်သက်ပဲ လုပ်တယ်ဆိုရင်လဲ ဆဲဆိုခံရပြီးတော့ စိတ်ဆင်းရဲရတယ်တဲ့။ အတ္တနဲ့ပရ ၂-ခုတွဲသွားတဲ့အချိန်မှာ အပ္ပမာဒဓမ္မ သတိရှိနေမယ်ဆိုရင် အဲဒီပုဂ္ဂိုလ်ဟာ ဝမ်းနည်းမှု မကြုံရဘူးတဲ့။

မင်္ဂလာတရားကိုသာ အဲဒီလိုနာပြီး မှန်ကန်စွာ ကျင့်သုံးမယ်ဆိုရင် အတ္တဟိတ၊ သူ့အတွက် မပြည့်စုံဘူးလား။ မင်္ဂလာအားလုံး မပြည့်စုံသေးဘူး။ အခု ထူထောင်ရေးမှာတင် ပြည့်စုံအောင် နည်းလမ်းပေးထားတယ်။ ကျင့်သုံး ရေးမှာလည်း တစ်ချက်မလွဲစေရဘူး။ ပေးကမ်းရမယ်။ ဒါပေမယ့် တချို့ ပေးကမ်းမဲ့နေရာမှာ ဒုစရိုက်နဲ့ ပေးကမ်းတာမျိုးရှိတာမို့လို့ ဓမ္မစရိယကို ထောက်ပေးထားတယ်။ ပြီးတော့ ကိုယ့်ရဲ့ဆွေမျိုးတစ်ခုပဲ ပေးမှာစိုးလို့ ဉာတကာနဉ္စ သင်္ဂဟော၊ မျိုးစုတူ တစ်ခုလုံးကို ပေးခိုင်းထားတယ်။ အဲဒါဟာ အနဝဇ္ဇာနိ ကမ္မာနိ, ပရဟိတတဲ့။ အဲဒီလို ပရဟိတလုပ်တဲ့ ပုဂ္ဂိုလ်တွေဟာ တခါတလေ ကြီးပွားလာလို့ရှိရင် မတရားတဲ့စိတ်တွေ ပေါ်လာတတ်တာ မို့လို့ သူ့ကို ဘာနဲ့ ထိန်းထားလဲဆိုရင် အာရတီ ဝိရတီ ပါပါ ထိန်းပေးတယ်။ အခုဆိုရင် လူကြီးလူကောင်းနဲ့ လက်မှတ်လေး ထိုးရမယ်ဆိုရင် အရက်လေး ရတယ်တဲ့။ အဲဒါကို ထိန်းဖို့အတွက် မဇ္ဇပါနာစ သံယမောကို ဟောပေးထားတာ။ ပြီးတော့ မကောင်းတာလုပ်မှာစိုးလို့ အပ္ပမာ ဒေါစ ဓမ္မေသု လောကထဲမှာ ရှင်သန် နေမယ်ဆိုရင် သတိတော့ထားတဲ့။ သိပ်ကောင်းပေ့။ မင်္ဂလာတရား တွေလဲ။ အဲဒီအတိုင်းသာကျင့်သုံး။ ပုဂ္ဂိုလ်အပါယ်မကျဘူးတဲ့။

ဒါဆို ဘာဖြစ်လို့ အပါယ်ရောက်မှာ ကြောက်နေတာလဲဆိုရင် ပမာဒ ဓမ္မရှိနေလို့ ကိုယ်လုပ်တာ ကိုယ်မသိ၊ ဘာလုပ်မှန်းလည်းမသိ။ ဘယ်လောက်ထိ စွမ်းမှန်းလည်းမသိ။ သတိပျောက်နေတာ။ သတိပျောက်နေတဲ့ပုဂ္ဂိုလ် ဘာကိုလုပ်လုပ် အတ္တဟိတပဲ လုပ်လိုက်လုပ်လိုက်၊ ပရဟိတပဲ လုပ်လိုက် လုပ်လိုက် အဲဒီပုဂ္ဂိုလ်ဟာ အပါယ်ကျဉ်းမှာပါပဲ။ သတိမရှိလို့ တရားက တကယ် ကောင်းတယ် ထူထောင်ရေးမရှိဘဲနဲ့ ဖြန့်ဖြူးရေးလုပ်လို့ မရနိုင်ဘူးတဲ့။ လက်ထဲ မှာ တစ်ပြားမှမရှိဘဲနဲ့ ဒါနလုပ်ချင်တယ်ဆိုရင် ခိုးမှရတော့မှာ။ ဒါကြောင့်မို့ အတ္တဟိတအနေနဲ့ ကိုယ့်မှာရှိအောင် အရင်လုပ်။ ပရဟိတအနေနဲ့ ရှိပြီးမှလုပ်။ အဲဒါ အဆင့်ဆင့် သွားတဲ့နေရာမှာ အဆင့်ကျော်ပြီးသွားချင်တဲ့ စိတ်မရှိနဲ့။ သူ့အဆင့်နဲ့သူသွား မယ်ဆိုရင် အဲဒီပုဂ္ဂိုလ်တစ်ယောက် လောကီမှာလည်း ချမ်းသာမယ်၊ လောကုတ္တရာမှာလည်း အောင်မြင်လိမ့်မယ်။ ဒါကြောင့်မို့ တရားချစ်ခင် သူတော်စင်များအနေနဲ့ မိမိတို့ဘဝကို ရတဲ့အခါမှာ နေ့တိုင်း သန့်ရှင်းတဲ့ကာလမှာ တိုးတက်ရေး၊ ထူထောင်ရေး၊ ပြီးတော့ ပြန့်ပွားရေး ဆိုတဲ့ အရေးတွေမှာ တိုးတက်အောင်လည်း လုပ်နိုင်ကြပါစေ။ ပြန့်ပွားအောင်လည်းပဲ လုပ်နိုင်ကြပါစေ။ တိုးတက်ပြီး ပြန့်ပွားအောင်လုပ်တဲ့ အခါမှာ အပ္ပမာဒေါစ ဓမ္မေသုဆိုတဲ့အတိုင်း မိမိလုပ်တဲ့ကုသိုလ်နဲ့ ပတ်သက်ပြီး သတိထားပြီးတော့ အသိပွားလုပ်နိုင်ကြပါစေ ကုန်သတည်း။

သာဓု . . . သာဓု . . . သာဓုပါဘုရား။

အရင်အပတ်က

အာရတီ ဝိရတီ ပါပါ၊ မဇ္ဇပါနာစ သံယမော၊

အပ္ပမာဒေါစ ဓမ္မေသု ဧတံ မင်္ဂလ မုတ္တမံ ပြီးသွားပြီ။

ဒီတစ်ပတ်က

**ဂါရဝေါ စ နိဝါတော စ၊ သန္တုဋ္ဌီ စ ကတညုတာ။**

**ကာလေန ဓမ္မဿဝနံ ဧတံ မင်္ဂလ မုတ္တမံ။**

ဂါရဝေါ စ

ရိုသေထိုက်သူကို ရိုသေခြင်း၊ နိဝါတောစ မိမိကိုယ်ကိုနှိမ့်ချခြင်း၊ သန္တုဋ္ဌီ ရောင့်ရဲ လွယ်ခြင်း၊ ကတညုတာ ပြုဖူးသောကျေးဇူးကို သိတတ်ခြင်း။ ကာလေန ဓမ္မ ဿဝနံ အဆင်သင့်တဲ့အချိန်၊ အခါအခွင့်သင့်တဲ့အချိန်မှာ တရားတော်ကို နာကြားခြင်း၊ ဧတံ အဲဒီသဘောတရားတွေဟာ ဥတ္တမံ မြင့်မြတ်တဲ့ မင်္ဂလံ မင်္ဂလာတရားတွေပါတဲ့။ ဒါဆိုရင် တစ်လုံးစီရဲ့ အဓိပ္ပါယ်ကို ပြောရမှာပေ့ါ။

ဂါရဝေါ စ ရိုသေလေးစားခြင်း၊ မြန်မာတွေမှာ စကားရှိတယ်။ ချစ်ခင်လေးစား ဆိုတာလေ၊ ချစ်ခင်ရင် လေးစားရတယ်။ ဒါပေမယ့် မြန်မာတွေမှာ ထုံးစံလေး တစ်ခုရှိနေလားမသိပါဘူး။ ချစ်ခင်လာပြီဆိုရင် ရင်းနှီးပြီဆိုရင် လေးစားမှုတော့ နဲနဲလေးလျော့တယ်။ တကယ်က အဲဒီလိုမဟုတ်ရဘူး။ ဂါရဝ ရိုသေ လေးစားတဲ့နေရာမှာ မာနကျစေဖို့ လေးစားရတာ။ သူများကို ဘာကြောင့် မလေးစားတာလဲဆိုရင် ကိုယ့်မှာ မာနရှိနေလို့ သူများကို မလေးစားတာ။ ဂရုမစိုက်တာ။ ကိုယ်ကိုယ်တိုင်က မာနကင်းသူများကလည်း ကိုယ့်ကို လေးစားတယ်။

ဒါကြောင့် ဂါရဝ မင်္ဂလာတစ်ခုက ဓမ္မစရိယ မြတ်တဲ့အကျင့်ကို ကျင့်တာနဲ့တူတယ်။ သို့မဟုတ် ပြဟ္မာတွေနေတဲ့ပုံစံနဲ့တူတယ်လို့ သုံးထားတယ်။ သူ့ကို ကိုယ်က လေးစားပြီဆိုရင် သူကကိုယ့်ကို ပိုချစ်ခင်တယ်။ လူတွေရဲ့ ထုံးစံပေ့ါနော်။ ချစ်ခင်တယ်ဆိုတာ မေတ္တာဝင်တာပေ့ါ။ သူနဲ့ကိုယ် ရင်းနှီးပြီး ချစ်ခင်နေပြီဆိုရင် အဆင်မပြေတာများတွေ့ရင် နားလည်ပြီး ကရုဏာ

ဖြစ်တယ်တဲ့။ အဆင်ပြေတာ  အောင်မြင်တာတွေ့ရင်လည်းပဲ ဝမ်းသာတယ်တဲ့။ ကိုယ်က လေးစားနေတဲ့ပုဂ္ဂိုလ် မှားတာများ ရှိမယ်ဆိုရင် အလိုလိုခွင့်လွှတ်ပြီးသားဖြစ်တယ်တဲ့။ ဘယ်နှစ်ချက်လဲဆိုတော့ ၄-ချက်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတဲ့။ အဲဒါ ဂါရဝ ရှိတဲ့ပုဂ္ဂိုလ်တွေ ရနိုင်တဲ့ အကျိုးတရားပဲ။ အထူးအားဖြင့် ဘာမရှိတာလဲဆိုရင် မာနမရှိတာ။ ဂါရဝလေးစားတဲ့နေရာမှာ ရှင်သာရိပုတ္တရာကိုပဲ ဦးဇင်းတို့ ဥပမာပေးကြပါစို့။ ရှင်သာရိပုတ္တရာက သူ့ဆရာကို သိပ်လေးစားတာ။ ဘုရားကို လေးစားတာက တမျိုးပေ့ါ။ ဘုရားက ဆရာတစ်မျိုး၊ ပြီးတော့ ရှင်အဿဇိက ဆရာတစ်မျိုး၊ ရှင်သာရိပုတ္တရာ အရိယာဖြစ်တာ ဘုရားကြောင့် မဟုတ်ဘူး။ ဒါကြောင့် ဗုဒ္ဓ မောနေယျ၊ ဘုရားဟောလို့ ကျွတ်တမ်း ဝင်တဲ့သူရှိသလို၊ သာဝကမောနေယျ သာဝကဟောလို့ ကျွတ်တမ်းဝင်တဲ့သူရှိတယ်။ ပြီးတော့ ယောက်ျားပြောတဲ့တရားနာပြီး တရားရတဲ့ ပုဂ္ဂိုလ်ရှိသလို မိန်းမပြောတဲ့တရား နာပြီး တရားရတဲ့ပုဂ္ဂိုလ်တွေရှိတယ်။ တစ်ယောက်နဲ့ တစ်ယောက်က မတူကြဘူး။ သူ့ရဲ့ အဇ္ဈာသယ အလိုလိုက်ပေ့ါနော်။ အဲဒီမှာ ရှင်အဿဇိကို တွေ့ပြီးတဲ့ နောက်မှာ ရှင်သာရိပုတ္တရာအလောင်း ဥပတိဿဟာ  သောတာပန်ဖြစ်သွားတယ်။

**ယေဓမ္မာ ဟေတုပ္ပဘဝါ တေသံ ဟေတုံ တထာ ဂတောအာဟ၊**

**တေသဉ္စ ယောနိရောဓေါ၊ ဧဝံ ဝါဒီ မဟာသမဏောဆိုတဲ့**

စကားကိုကြားပြီးသွားတဲ့အခါမှာ အကြောင်းကြောင့် အကျိုးဖြစ်ပုံကို ကြားလိုက်တဲ့အတွက် သူရလိုက်တာက သောတာပတ္တိမဂ်၊ သောတာပတ္တိဖိုလ်။ အဲဒီအချိန်ကစပြီး သူ့ဆရာကို လေးစားတာ ပရိနိဗ္ဗာန်စံတဲ့အထိပဲ။

ရှင်သာရိပုတ္တရာက တခါတလေကျရင် ခရီးသွားတဲ့နေရာမှာ နေရာရွေးလေ့မရှိဘူး။ သူ အိပ်တာက ဘယ်နေရာမဆို အိပ်တယ်။ ဒါပေမယ့် အိပ်ခါနီးကျရင် သူ့ဆရာကို ဘယ်လောက်လေးစားလဲဆိုရင် အဘိညာဉ်နဲ့ ပြန်ကြည့်တယ်တဲ့။ ဆရာက ဘယ်နေရာမှာ အိပ်ပါလိမ့်။ ဆရာအိပ်တဲ့ဘက်ကို

ခြေထောက်ထားပြီး အိပ်မိမှာစိုးလို့တဲ့။ ဆရာက အနီးအနားမှာ မဟုတ်ဘူး အဝေးမှာ။ ဆရာအိပ်တဲ့ဖက်ကို ခြေထောက်ထားပြီး ဘယ်တော့မှ မအိပ်ဘူးတဲ့။ ဆရာကို လေးစားတာ။ အဲဒါဆို တချို့ပုဂ္ဂိုလ်တွေက ပြောတာပေါ့နော်။ ရှင်သာရိပုတ္တရာ ဘယ်လိုပါလိမ့်။ တကယ်ဆိုရင် သူများနဲ့ဆန့်ကျင်ဘက် အိပ်နေတာလေ။ သူများနဲ့ ဆန့်ကျင်ပြီး အိပ်တာမဟုတ်ဘူး။ သူများကိုဆန့်ကျင် ပြီး အိပ်တာလည်း မဟုတ်ဘူး။ ဂါရဝ။ ဆရာကို လေးစားလွန်းလို့ပါတဲ့။ ဒါကြောင့်မို့ ဘုရားရှင်က ဥပမာပေးပြီဆိုရင် ရှင်သာရိပုတ္တရာကို အမြဲတမ်း ဥပမာပေးတယ်။ ခွင့်လွှတ်နိုင်စွမ်းနဲ့ပတ်သက်ပြီး ဥပမာပေးရင်လည်း ရှင်သာရိပုတ္တရာပဲ။ လေးစားမှုနဲ့ ပတ်သက်ပြီးလည်း ရှင်သာရိပုတ္တရာပဲ။ အခု ကြည့်လိုက်ပါလား။ ဘယ်လောက်ထိ လေးစားလဲဆိုတာ။ ဒါကြောင့်မို့ လူသား အချင်းချင်းလေး စားတတ်ဖို့ လိုအပ်တယ်။ ငြိမ်းချမ်းတဲ့ကမ္ဘာကြီးဖြစ် ချင်ရင် တစ်ယောက်နဲ့တစ်ယောက် လေးစားပါတဲ့။ လေးစားမှုများလေလေ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတိုးလေလေ။ ဟုတ်တာပေါ့ ရင်းနှီးတဲ့ပုဂ္ဂိုလ် တစ်ယောက်ရဲ့ ခေါင်းကိုပုတ်သွားရင် ဒေါသ ဖြစ်လား၊ မဖြစ်ပါဘူး။ ဥပေက္ခာ ဖြစ်တာ အဲဒါ ရင်းနှီးမှုရဲ့အခြေအနေ။ လေးစားမှုရဲ့ ပြယုဂ်ပဲ။

ပြီးတော့ နိဝါတ ကိုယ့်ကိုယ်ကိုယ်နှိမ့်ချတာ၊ နိဝါတမင်္ဂလာနှင့် ဂါရဝမင်္ဂလာက တွဲလျက်။ တကယ်က တစ်လုံးစီပဲ။ ဒါပေမယ့် ကိုယ့်ကိုယ်ကိုယ်မှ မနှိမ့်ချတဲ့ပုဂ္ဂိုလ်က သူများကိုလေးစားဖို့ဆိုတာ မဖြစ်နိုင်ဘူးတဲ့။ အဲဒါကြောင့် သူကိုတွဲပြီး ပြောထားတာ။ မြောက်ကြွ မြောက်ကြွလုပ်နေတဲ့ ပုဂ္ဂိုလ်တစ်ယောက် သူများရဲ့အမြင်ထဲမှာ ကိုးလို့ကန့်လန့် ဖြစ်တဲ့အတွက် အောင်မြင်ဖို့ ခက်ခဲတယ်။ အောင်မြင်တယ်ဆိုတာတောင်မှ ကျသွားတယ်။ ပုဂ္ဂိုလ် တစ်ယောက် ဘဝကိုရ တဲ့အချိန်မှာ မာနသာ တက်နေမယ်ဆိုရင် သူ့ရဲ့သွားရာလမ်းဟာ အဓိပ္ပါယ် မဲ့တယ်။ တကယ်လို့ ချော်ချက်ပြီး ကံကောင်းထောက်မစွာနဲ့ လူဖြစ်လာခဲ့မယ် ဆိုရင်တောင်မှ အဲဒီပုဂ္ဂိုလ်က အမျိုးယုတ်တဲ့ဘဝကိုရတယ်။ ယုတ်ညံ့တဲ့ဘဝ၊

သူများက အထင်မကြီးတဲ့ဘဝပေါ့။ အဲဒီစကားနဲ့ ပတ်သက်ပြီးတော့ မေးတဲ့ ဝတ္ထုတစ်ခု ရှိခဲ့ဖူးတယ်။ ဘုရားရှင်လက်ထက်က တောဒေယျ ပုဏ္ဏားရဲ့ သား သုဘလုလင် ဆိုတာ၊ ဘုရားရှင်ကို မေးတဲ့အထဲမှာ လူတွေကတဲ့ အမျိုးမြတ် တာနဲ့ အမျိုးယုတ်တာ ဘာကြောင့်လဲဆိုတာ။ အမျိုးမြတ်တာ နိဝါတမင်္ဂလာ ကြောင့်ပဲ။ ကိုယ့်ကိုယ်ကို နှိမ့်ချမှုမရှိဘဲ မာန်ကြီးတထောင်ထောင်နဲ့ သွားနေမယ် ဆိုရင် အဲဒီပုဂ္ဂိုလ်က ဘာဖြစ်မလဲ။ အမျိုးယုတ်တတ်ပါတယ်တဲ့။

ဘုရားရှင်လက်ထက်က တစ်ယောက်ရှိခဲ့ဘူးတယ်။ သုပ္ပဗုဒ္ဓနူနာတဲ့။ သူက ဘဝတစ်ခုမှာ ပစ္စေကဗုဒ္ဓါကိုတွေ့ပြီး ပြစ်မှားခဲ့တယ်တဲ့။ အဲဒီ ကံက သောတာပန်ဖြစ်တဲ့အထိ မပျောက်တော့ဘူး။ အဲဒါ နိဝါတမင်္ဂလာ မရှိခြင်းရဲ့ မကောင်းကျိုး။ ဘာလဲဆိုတော့ သူက ဘုရင့်သားဖြစ်တာ။ ဘုရင့်သားဆိုတော့ ချောလည်းချောပုံရပါတယ်။ ခုခေတ်ပြောမယ်ဆိုရင် ဥစ္စာပေါ ရုပ်ချောပေါ့။ သူက ဆင်နဲ့ အမြဲတမ်းလှည့်လည်လေ့ရှိတော့ အဲဒီရပ်ကွက်၊ အဲဒီမြို့၊ အဲဒီပြည် က ပြည်သူတွေသူကို အမြဲတမ်း ကြည့်နေတော့ မာန်တက်နေတာ။ နိဝါတ မင်္ဂလာမရှိဘူး။ ကိုယ့်ကိုယ်ကိုယ် နှိမ့်ချမှုဆိုတာ မရှိဘူး။ တစ်ရက်ကျတော့ ပစ္စေကဗုဒ္ဓါ ဆွမ်းခံကြွလာတာနဲ့ သွားတိုးရော။ ဒါပေမယ့် အဲဒီမြို့က ပစ္စေက ဗုဒ္ဓါကို ကြည်ညိုတဲ့သူတွေဆိုတော့ ဆွမ်းလောင်းတဲ့အခါ ဂရုစိုက်ပြီး လောင်းတာ ပေါ့။ သူလာတဲ့အချိန် သူ့ကိုကြည့်မယ့်သူမရှိတော့ဘူး။ စိတ်ထဲက မကျေနပ်တာနဲ့ ဆင်နဲ့လိုက်တိုက်ပြီး တံတွေနဲ့ ထွေးတာတဲ့။ လူတွေဟာ ကိုယ့်ကိုကိုယ် မြင့်တယ် ထင်ရင်သူများကို နိမ့်တယ်လို့ ထင်တာ။ စော်ကားတဲ့ စကားမှားတဲ့အမှားတွေ ကြောင့် ကျလိုက်တဲ့အပါယ်။ လွတ်လာတော့လည်း သူတောင်းစားဖြစ်တာ။ ဂေါတမဗုဒ္ဓလက်ထက် ရောက်တဲ့အချိန်တောင်မှ သူတောင်းစားပဲ။ မတက်တော့ ဘူး။ ဒါပေမယ့် သူကဉာဏ်လေးပါလို့ တော်သေးတယ်။

ဝိပဿနာဉာဏ်ရဲ့ ထူးဆန်းပုံပေါ့။ ဘယ်လောက်ပဲ ဘဝတွေနိမ့်နေ ပါစေ အဲဒီဉာဏ်က ဆွဲတင်သွားတယ်။ ရာဇဂြိုဟ်မှာ တရားပွဲတစ်ခုနဲ့ကြုံတယ်။

သူက တရားပွဲလို့မထင်ဘူး။ ကျွေးတဲ့ပွဲလို့ ထင်တာ။ အဲဒီပွဲမှာ ဘုရားရှင်က စောင့်နေတာ။ အဲဒီပွဲက သူ့အတွက်ပဲ၊ ဒါပေမယ့် သူသွားတော့ ကျွေးတဲ့ပွဲ မဟုတ်ဘူးလေ။ အသိပေးတဲ့ပွဲ ဖြစ်နေတာ။ သာမန်သူတောင်းစား ဆိုရင် ထွက်လာမှာ။ တော်တော်များများက ထွက်လာမှာပဲ။ ရစရာမရှိရင် ထွက်လာမှာ။ ဒါပေမယ့် သူမထွက်ဘူး။ ဝိပဿနာကံပါလို့။ ဝိပဿနာကံက အဲဒီလိုကြုံရင် ဘယ်တော့မှ နောက်မဆုတ်ဘူးတဲ့။ ဒါကြောင့်မို့ ဝိပဿနာ ဉာဏ်နဲ့ပတ်သက်ပြီးတော့ ၄-ဆင့်ပြောထားတယ်။ တကယ်လို့များ ဒီဘဝမှာ မရခဲ့ဘူးဆိုရင် နောက်ဘဝ နတ်သားဖြစ်တာနဲ့ နတ်သားလဲဖြစ်၊ သောတာပန် လည်း ဖြစ်မယ်တဲ့။ အဲဒါက အမြင့်ဆုံးရမယ့် ဉာဏ်တစ်မျိုး။

ပြီးတော့ နောက်တစ်ခုက ရှင်သာရိပုတ္တရာ၊ ရှင်မဟာမောဂ္ဂလန်တို့လို ပုဂ္ဂိုလ်ထူးတွေက နတ်ပြည်ကို တရားလာဟောရင် တရားရတယ်တဲ့။ အဲဒါက ဒုတိယဆင့်။ တတိယဆင့်အနေနဲ့ နတ်ပြည်တွေမှာ ဗိမာန်တစ်ခုရှိတယ်။ အဲဒီဗိမာန်တွေဟာ တရားဟောဇရပ်ပဲ။ တာဝတိံသာနဲ့ ပြောမယ်ဆိုရင် သုဓမ္မာဇရပ်ပေါ့။ အဲဒီဇရပ်မှာ တရားဟောတဲ့ ပုဂ္ဂိုလ်တွေရှိတယ်။ အဲဒီပုဂ္ဂိုလ် တွေဟောရင် အဲဒီတရားနာပြီး သောတာပန်ဖြစ်တယ်တဲ့။ တကယ်ဆိုရင် အဲဒီတရား သွားမနာဖြစ်ဘူးဆိုရင်တောင်မှ မိတ်ဆွေသူငယ်ချင်းတွေ ပြောတဲ့ စကားကိုကြားပြီး တရားရကိုရတယ်တဲ့။ ဝိပဿနာကို အားထုတ်တဲ့ ပုဂ္ဂိုလ် တစ်ယောက် တရားမရဘူးဆိုတာ လုံးဝမရှိဘူးတဲ့။ ဒါပေမယ့် သူက ဘဝရတဲ့ အချိန်မှာ မာနတက်ခဲ့တယ်။ တက်ခဲ့တဲ့ မာန ဘယ်လောက်ပဲရှိရှိ ဘယ်လောက်ပဲ ဘဝနိမ့်ကျနိမ့်ကျ ဉာဏ်ကပြန်ပေးတယ်။ ကံတော့ မပေးနိုင်ဘူး။ သူကျူးလွန် ထားတာ ကံကျူးလွန်ထားတာ။ ဒါကြောင့်မို့ ဘဝနိမ့်ကျတယ်ဆိုတာ ကံပါ။ ဘယ်လောက် ပဲနိမ့်ကျနေ နိမ့်ကျနေ အဲဒီကံကို ထိန်းထားတဲ့ ဉာဏ်တစ်ခု ရှိနေတယ်ဆိုရင် အဲဒီဉာဏ်နဲ့ ကောင်းအောင်လုပ်လို့ရတယ်။ အခု နိဝါတ မင်္ဂလာမှာ ကိုယ့်ကိုယ်ကိုယ် နှိမ့်ချမှုမရှိဘူးဆိုရင် အဲဒီပုဂ္ဂိုလ်တစ်ယောက်

ကံလည်းကောင်းဖို့ ခက်သလို ဉာဏ်လည်းကောင်းဖို့ ခက်ခဲတယ်တဲ့။

နှိမ့်ချတဲ့နေရာမှာ ဘုရားရှင်ရဲ့သားတော်ကို လူတိုင်းချီးကျူးကြတယ်။ ရှင်ရာဟုလာပေါ့။ ရှင်ရာဟုလာက သံဃာကြားထဲမှာဆိုရင် ရေပန်းစားတဲ့ ကိုရင်တစ်ပါး။ သူက ရဟန်းပြုပြီး သိပ်မကြာဘူး ပရိနိဗ္ဗာန်စံတယ်။ သူက အသက်သိပ်မရှည်ဘူး။ ဒါပေမယ့် ရဟန္တာဖြစ်လာတယ်။ ရဟန်းဖြစ်မှ ရဟန္တာ ဖြစ်တာ။ ကိုရင်ဝတ်နဲ့ ရဟန္တာမဖြစ်ဘူး။ သူက ငယ်ငယ်လေးကတည်းက ကိုရင်ဖြစ်တာ။ သူဟာ ဘယ်လောက်ထိနှိမ့်ချလဲဆိုရင် သူများလုပ်ထားတဲ့အပြစ် တစ်ခုကိုတောင်မှ သူလုပ်သလို ခံယူပြီး ပြင်ပေးတယ်တဲ့။ အဲဒီလိုမျိုး နာမည်ကြီးနေတော့ ရှင်ရာဟုလာ ဟုတ်မှဟုတ်ရဲ့လား။ လူတွေပြောတာ နဲနဲများ ပိုနေမလား။ အဲဒါနဲ့ ရဟန်း၂-ပါးက စမ်းသပ်ရော။ တစ်ပါးကတောင်း တစ်ခုယူတယ်။ တစ်ပါးက တံမြက်စည်းတစ်ခုယူတယ်။ သူတို့စောင့်နေကြတာ။ ရှင်ရာဟုလာ ဖြတ်လာတဲ့အချိန်မှာ သူတို့ကတွေ့တာနဲ့ တောင်းချ၊ တံမြက်စည်း ချပြီးတော့ ဒါ အရှင်ဘုရားလုပ်တာလို့ ငြင်းနေတာ။ အဲဒါနဲ့ ရှင်ရာဟုလာလေးက လာပြီးတော့ သူတို့ကို တောင်းပန်တယ်တဲ့။ အရှင်ဘုရား အဲဒါဘယ်သူမှလုပ်တာ မဟုတ်ဘူး။ တပည့်တော်ပဲ ရှင်းပါရစေ ဆိုပြီး အကုန်လုံး သူရှင်းသွားတယ်တဲ့။ အဲဒီမှာမှ အံ့သြကုန်တယ်တဲ့။ သူက စကြာဝတေးမင်းဖြစ်မဲ့ မင်းသားတစ်ပါး။ ပြီးတော့ သူ့ရဲ့အဖေဟာ အားလုံးရဲ့ ကိုးကွယ်ခံပုဂ္ဂိုလ်တစ်ယောက်။ ပြီးတော့ သုဒ္ဓေါဒနမင်းကြီးဆိုတာ အများကမော်ကြည့်နေရတာ။ သူ့အဖိုးကိုကြည့်လည်း နိမ့်တဲ့အထဲမှာမပါဘူး။ ပြီးတော့ သူရဲ့အဖေကိုကြည့်၊ သူရဲ့အမေကိုကြည့်။ အကုန်လုံးက မင်းမျိုးမင်းနွယ်၊ သူကိုယ်တိုင်က စကြာဝတေးမင်း ဖြစ်မယ့်ကံပါ တယ်။ ဒါပေမယ့် ဉာဏ်နဲ့ထိန်းထားတော့ နိဝါတ၊ ကိုယ့်ကိုယ်ကိုယ် နှိမ့်ချပြီး နေတယ်တဲ့။ အဲဒါဟာ မင်္ဂလာ တစ်ပါးပါပဲ။

ဒါကြောင့်မို့ ကိုယ်က ဘာအဆင့်မှမဟုတ်ဘူးဆိုရင် ရှင်ရာဟုလာနဲ့ ယှဉ်ကြည့်လိုက်။ ကံနဲ့ ကြည့်မလား၊ ဉာဏ်နဲ့ကြည့်မလား၊ တစ်ခုမှ ယှဉ်စရာ

မရှိဘူး။ ကံနဲ့ကြည့်မယ်ဆိုရင်လဲ သူ့ရဲ့ကံက သာမန်လူတွေ လိုက်လို့မမီတဲ့ ကံမျိုး။ အဖေရယ်၊ ဦးလေးရယ်၊ သူရယ် ကံချင်းတူပဲ။ အဖေလည်းပဲ စကြာဝတေးမင်းလောင်း၊ ဦးလေးဖြစ်တဲ့ နန္ဒမင်းသားလည်း စကြာဝတေးမင်းလောင်း၊ သူကိုယ်တိုင်လည်း စကြာဝတေးမင်းလောင်း။ ကံနဲ့ကြည့်မယ်ဆိုရင် အဆင့်အမြင့်ဆုံးကံကို ရထားတယ်။ ဉာဏ်နဲ့ကြည့်မယ်ဆိုရင် အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကို ရထားတယ်။ ဒါဆိုရင် ကိုယ့်ကိုယ်ကိုယ်ကြည့်ပေါ့။ ကိုယ့်အဆင့်က ကံနဲ့ကြည့်လည်း ဘာအဆင့်မှမရှိဘူး။ ဉာဏ်နဲ့ကြည့်မယ်ဆိုရင်လဲ ဘာအဆင့်မှမရှိဘူး။ အဆင့်မရှိဘဲနဲ့ အဆင့်ရှိတယ်ထင်တာဟာ မှားတာပဲ။ အဲဒါဟာ သံသရာခရီးသွားတဲ့အချိန်မှာ ကိုယ့်ကိုယ်ကို အခက်ခဲဆုံးအခြေအနေတစ်ခုကို ဖန်တီးတာပဲ။ ဒါကြောင့် ငါဘာမှမဟုတ်ဘူးထင်ရင် လူရှေ့မှာကြွားကြွားမလုပ်ကြဖို့ဘဲ။ အဲဒါက နိဝါတမင်္ဂလာ။ ဂါရဝ နိဝါတက တွဲလျက်ပဲ။ ကိုယ့်ကိုယ်ကိုယ် နှိမ့်ချရင် သူများကို လေးစားတာပဲ။ သူများကိုလေးစားပြီဆိုရင် ကိုယ့်ကိုယ်ကိုယ် နှိမ့်ချပြီးသားပါပဲ။

ပြီးတော့ သန္တုဋ္ဌိ။ သန္တုဋ္ဌိက ရောင့်ရဲလွယ်တာ၊ အဲဒီမှာ လောကနဲ့ဓမ္မ ၂-ခုခွဲပြီး နားလည်ဖို့လိုအပ်တယ်။ မြန်မာတွေ ပြောလေ့ရှိတယ်။ ပျင်းလာပြီဆိုရင် ဆက်မလုပ်တော့ဘဲနေတာကို ရောင့်ရဲတာတဲ့၊ အဲဒါဆင်းရဲခြင်းအကြောင်းပဲ။ ပစ္စည်းရှာတဲ့နေရာမှာ ရပ်နေလို့မရဘူး။ ဘာဖြစ်လို့လဲဆိုတော့ သားရှိတယ်၊ သမီးရှိတယ်၊ မိဘရှိတယ်၊ ဆွေမျိုးရှိတယ်၊ ဝတ္တရားတွေပြည့်ဖို့အတွက် ဖြည့်ရတဲ့ကိစ္စတစ်ခုကို ဒါလောက်နဲ့ တော်ပြီဆိုတာ မဟုတ်ဘူး။ မတရားလုပ်တာ မဟုတ်ဘူးနော်။ တရားသောအားဖြင့် ရှာနေသောပုဂ္ဂိုလ်တစ်ယောက် သန္တုဋ္ဌိဖြစ်ကိုဖြစ်တယ်တဲ့။ ဒါနဲ့ ငါကျေနပ်တယ်။ ဒီထက်ပိုပြီးမလိုဘူး။ ပိုလိုတယ်ဆိုတာ ဘာဖြစ်လဲ၊ မတရားလိုချင်တာကိုပြောတာ။ မတရားလုပ်တာကို ပြောတာ။ သူ့ဟာသူ သူ့ပညာနဲ့သူ၊ သူ့အလုပ်ကို သူလုပ်ပြီးတော့ သူ့ဘဝကို ဖြတ်သန်းဖို့ကြိုးစားတယ်ဆိုရင့် အဲဒီပုဂ္ဂိုလ်က သန္တုဋ္ဌိတဲ့။

အဲဒါလောက။ ဓမ္မမှာဆိုရင်တော့ အဲလိုရပ်လို့မရဘူး။ ဓမ္မမှာဟာ ဒါတော်ပြီလေ။ သောတာပန် ဖြစ်တော်ပြီပေါ့။ ဝိပဿနာလေး တစ်ခါ အားထုတ်ရပြီပေါ့၊ အဲဒါမျိုး သန္တုဋ္ဌိဖြစ်လို့မရဘူး။ သန္တုဋ္ဌိဆိုတာ တကယ့်ကို ဥစ္စာတစ်ခုပဲတဲ့။

လူတစ်ယောက်ဟာ ဥစ္စာနဲ့ ပတ်သက်ပြီး ရောင့်ရဲလွယ်တဲ့ပုဂ္ဂိုလ်ဖြစ်မယ်ဆိုရင် ဘဝမှာမကျေနပ်စရာ မရှိဘူးတဲ့။ ဘာကြောင့်လဲဆိုတော့ စားပွဲပေါ်မှာရှိတဲ့ အစာတစ်ခုကို စားမယ်ဆိုပါစို့၊ ငါက ကောင်းတာမှ စားချင်တာဆိုရင် မကျေနပ်တော့ဘူး။ အဲဒါနောက်ထပ် ကောင်းတာရှာစားမယ်။ ရမှန်းသိရင် ထပ်လိုက်တယ်။ အဲဒီပုဂ္ဂိုလ်တစ်ယောက် ရောင့်ရဲလွယ်တာ မရှိဘူးတဲ့။ ဒါကြောင့် ရှိတာနဲ့ စားတတ်ရမယ်။ ရှိတာကို သုံးတတ်ရမယ်။ ရှိအောင်လည်း ကြိုးစားရမယ်။ အဲဒါက လောက။ ဓမ္မကြည့်မယ်ဆိုရင်တော့ အဲဒီလိုမဟုတ်တော့ဘူး။ ငါဖြင့် တရား၁-ခါထိုင်ပြီးပြီ၊ တော်ရောပေါ့၊ မရဘူး။ အဲဒီမှာတော့ သန္တုဋ္ဌိမရှိဘူးနော်။ ငါရိပ်သာ ၁-ခါဝင်ပြီးပြီ၊ တော်ပြီပေါ့၊ အဲဒါဆို အပါယ်ကျဦးမှာပေါ့။ တရားမှာ သန္တုဋ္ဌိသွားမလုပ်နဲ့၊ ဒါဆို သန္တုဋ္ဌိရဲ့အဓိပ္ပါယ် ကိုသိပြီပေါ့။ လူတွေက ပျင်းတာ။ တော်ပြီကွာ (၁၀)ရတာ။ မနေ့က ဆိုက်ကားနင်းလို့ (၁၀၀)ရရင် ဒီနေ့ (၁၀၀)ရအောင် နင်းပေါ့။ တချို့က တွေးကောင်းတွေးမယ်။ ဒါတော်ပြီပေါ့။ မနေ့ကထက် ဒီနေ့ပိုရတာလို့၊ မဆိုင်ဘူး။ ဒီနေ့သွားတာနဲ့ (၁၀၀)ရရင် တစ်နေ့ကုန်အောင် လုပ်ရမယ်။ မနေ့က တစ်နေ့လုပ်တယ်ဆိုရင် ဒီနေ့လည်း တစ်နေ့လုပ်ရမယ်။ မရလာတာ သူ့ကိစ္စ။ အဲဒါ ကျေနပ်မှုရှိခြင်း၊ အဲဒါကို ရောင့်ရဲလွယ်တယ် ပြောတာ။

ဒါကြောင့်မို့ ရဟန်းတွေကိုလည်း ရောင့်ရဲလွယ်အောင် ဓုတင်ဆောက်တည်ခိုင်းလေ့ရှိတယ်။ ရဟန်းတွေက သူများနဲ့မတူတဲ့ကံ ပါတာကိုး။ ပါလာတော့ ဘုန်းကြီးတတ်တယ်။ ဘုန်းကြီးရင် ဖုံးပေါက်တယ်ခေါ်တာ။ ဒါကြောင့်လည်း ဂါရဝလည်း မရှိတတ်ဘူး။ နိဝါတလည်း မရှိတတ်ဘူး။ သန္တုဋ္ဌိလည်း မရှိတတ်ဘူး။ ကိုယ်က ဘုန်းအရှမ်းကြီးသွားပြီး နာမည်ကြီးလာပြီဆိုရင်

တစ်ယောက်နဲ့တစ်ယောက် မလေးစားတတ်သလို ကိုယ့်ကိုယ်ကိုယ် နှိမ့်ချတဲ့စိတ် မရှိဘူး။ ပြီးရင် ကျေနပ်တယ်၊ ရောင့်ရဲတယ်ဆိုတာ မရှိဘူး။ မနေ့က ဟင်းခွက်ပြည့်နေသလို ဒီနေ့လည်း ဟင်းခွက်ပြည့်နေမှ။ ငါက ဒီလို သက်န်းမျိုးမဝတ်ဘူး။ ဟိုလိုသက်န်းမျိုးမှ ဝတ်တယ် လုပ်လာတာ။ ဘုန်းဒဏ်ကိုမခံနိုင်ရင် ပျက်စီးတယ်။ ဒါကြောင့်မို့ ဘုရားရှင်က ရဟန်းတွေကို ဓုတင်ဆောက်တည်ခိုင်းတယ်။ ဓုတင်မှာ တိစီဝရိတ်ဓုတင်ဆိုတာရှိတယ်။ သက်န်းနဲ့ပတ်သက်ပြီး ဘုန်းအရမ်းကြီးတဲ့ ပုဂ္ဂိုလ်တွေ သက်န်း အရေအတွက်လျှော့ပြီးတော့ သက်န်း ၃-ထည်နဲ့နေတတ်အောင် လေ့ကျင့်ခိုင်းတာ။ ပြီးတော့ ဆွမ်းရေး ကွမ်းရေးနဲ့ပတ်သက်ပြီး ဘုန်းအရမ်းကြီးတဲ့ပုဂ္ဂိုလ်တွေဆိုရင် ဆွမ်းကို တစ်နပ်တည်း စားနိုင်အောင်။ ပြီးတော့ ပတ်တပိုဏ် ဆိုပြီးရှိတယ်။ ရောမွှေပြီးစားရတာ။ အခုထိ အဲဒီအလုပ်ကို ဦးဇင်းတို့ မလုပ်ဖူးသေးဘူး။ ပတ်တပိုဏ် စားရတဲ့ကိစ္စ တော်တော်လေး မလွယ်ဘူး။ ဆွမ်းခံတဲ့အချိန်မှာ သပိတ်ထဲရောက်လာတဲ့ အရာအားလုံး အကုန်လုံး ပုံထားရတာ။ ဟင်းဆိုရင် ဟင်းပုံထည့်၊ ဆွမ်းခွက် မပါဘူး။ ဆွမ်းသီးသန့်၊ ဟင်းသီးသန့်ဆိုတာမရှိဘူး။ ဆွမ်းခံထွက်တဲ့အချိန်ဟာ ၉-နာရီဆိုပါစို့။ ဆွမ်းစားမှာ ၁၁-နာရီမှ။ ဆွမ်းခံထွက်ကတည်းက ဆွမ်းရတယ်၊ ဟင်းရတယ်။ ဆွမ်းရော ဟင်းရော ပုံထည့်ထားရ တာလေ။ ပြန်လာရင် အရသာရှိဦးမလား။ မလွယ်ဘူး။ အရသာမရှိတဲ့အစာကို စားရင် လောဘကင်းတယ်။ အရသာရှိတဲ့ အစာကို အစားများရင် ဒါလေးမှ စားချင်တာ။ အဲဒါက ဘုန်းကံကြီးမားတဲ့ အထဲမှာ ဆွမ်းဘုန်းကံကြီးတဲ့ ပုဂ္ဂိုလ်တွေပေးတဲ့နည်း။ ဒီအတိုင်းပဲ ကျောင်းတွေ၊ ကန်တွေ အများကြီးရတဲ့ ပုဂ္ဂိုလ်တွေရှိပါတယ်။ အဲဒါက အရညကင်ဓုတင် ဆောက်တည်သင့်တယ်။ တောရဆောက်တည်ဖို့ပေါ့။ သန္တုဋ္ဌိ ရောင့်ရဲလွယ်တဲ့ ဘဝနဲ့ အသိရှာဖို့။ လူတွေလည်းပဲ ဒီအတိုင်းပဲ။ သားရှိတယ်၊ သမီးရှိတယ်ဆိုရင် သားအတွက် သမီးအတွက်တော့ ရှာရမှာပေါ့နော်။

ဓမ္မက ကိုယ့်အတွက်ရှာ။ ပြီးရင် ကတညုတ။ ကတညုတဆိုတာက ပြုဖူးတဲ့ကျေးဇူးကို ပြန်ဆပ်ဖို့ စိတ်ကူးရှိတယ်။ ပုံဖော်တယ်။ ၂-ချက်နော်။ စိတ်ကူးရှိမှ ပုံဖော်လို့ရတယ်။ တချို့ကတော့ ကျေးဇူးတင်တယ်ကွ။ တကယ့်တကယ်အရေးကြုံလာရင် ကူလားဆိုတော့မကူဘူး။ အဲဒီပုဂ္ဂိုလ်ဟာ ကတညုတ မင်္ဂလာမရှိဘူးတဲ့။ ဟာ အဲဒီလူရဲ့ကျေးဇူး ငါ့မှာရှိတယ်ကွ။ ဒီလောက်ပဲ။ အဲဒီကျေးဇူးကိုဆပ်ဖို့စိတ်ကူးလား၊ မကူးဘူး။ ဒါကြောင့် မြန်မာတွေပြောတဲ့စကားထဲမှာ လိုအပ်ချက်ရှိတယ်ထင်တာပဲ။ ကျေးဇူးတင်ပါတယ်ဆိုတာ တကယ်တော့ ကျေးဇူးပြန်ဆပ်မယ်ပြောတာနဲ့ တူတူပဲ။ ကတညုတမင်္ဂလာ။ တကယ်ဆပ်မှာလားဆိုတော့ မဆပ်ဘူး။ ကျေးဇူးတင်တယ်နော်တဲ့။ တင်တယ်ဆိုကတည်းက ပြန်ပေးရမယ်၊ ပြန်ပေးပြီဆိုကတည်းက ဘယ်အချိန်မှာကြုံကြုံ ကူညီဖို့ အဆင်သင့် ဖြစ်နေရမယ်။ အင်္ဂလိပ် စကားတော့ရှင်းတယ်။ Thank you တဲ့။ အဲဒါကိုကျေးဇူးတင်တယ် ဘာသာပြန်တယ်မို့လား။ ဝမ်းသာလို့ပြောတာ။ အဲဒါက မုဒိတာ။ မုဒိတာက ပြန်ပေးစရာလား။ ကတညုတ ကျေးဇူးတင်တာက ပြန်ဆပ်ရတယ်။ ဒါဆိုရင် တပည့်တော်မဆပ်နိုင်ဘူး။ ဘယ်လိုလုပ်ရမလဲ။ မဆပ်နိုင်ရင် ကိစ္စမရှိဘူး။ ဆပ်ဖို့ကြုံရင် အဆင်သင့်ဖြစ်နေရမယ်တဲ့။ အများကြီးပြောတာ မဟုတ်ဘူးနော်။ နဲနဲလည်းကူရမယ်။ များများလည်း ကူနိုင်ရမယ်။ အဲဒါ ကတညုတ။ ဒါဆိုရင် ကိုယ့်ပေါ်မှာ ကျေးဇူးရှိတယ်ဆိုရင် သစ်ပင်ရဲ့ သစ်ခက်ကိုတောင် မချိုးပါနဲ့တဲ့။ အကိုရဇာတ်တော်ဆိုတာရှိတယ်။ အကိုရဆိုတာ လှည်း-၅၀၀နဲ့ကုန်သည်။ အဲဒီမှာ ပုဏ္ဏားတစ်ယောက်ပါလာတာ။ ဒါနဲ့ သူတို့က ကန္တာရဖြတ်တာဆိုတော့ ပင်ပန်းတာပေါ့။ ပင်ပန်းလွန်းတော့ နေရာလေးဘာလေးရှာ၊ ကံကောင်းချင်တော့ ညောင်ပင်ကြီးတွေ့ရော။ အဲဒီညောင်ပင်ကြီးမှာ နတ်ရှိနေတာ။ အဲဒီနတ်က လူတွေဒုက္ခရောက်ပါတယ်လေဆိုပြီးတော့ သူ့ရဲ့လက်ညှိုးလေးတစ်ချောင်းနဲ့ ရေကိုပေးတယ်။

စားစရာကို ကျွေးတယ်။ နေစရာ အကုန်ပေးတယ်။ အဲဒါနဲ့ ပုဏ္ဏားက ဘာပြောတယ်ထင်လဲ။ ဒီလောက်ကောင်းတဲ့လက်ကိုပိုင်ထားတဲ့ နတ်ကိုဖမ်းချုပ်ပြီးတော့ ငါတို့လိုတာ လုပ်ခိုင်းရရင် ကောင်းမလားတဲ့။ ယုတ်မာပုံက။ ဒါနဲ့ အင်္ကုရက ပြောတယ်။ တကယ့်တကယ် ကျေးဇူးရှိတဲ့ပုဂ္ဂိုလ်ဆိုရင် သစ်ပင်တောင်မှ အရိပ်နေနေ အခက်ချိုးချိုးမလုပ်ရဘူး။ အဲဒါနဲ့ပုဏ္ဏားက လောကီဘက်က ပြန်ကြည့်ပြောတယ်။ ကိုယ့်အတွက် အကျိုးရှိမယ်ဆိုရင် အရိပ်နေနေ အခက်ချိုးချိုးမဟုတ်ဘူး။ သစ်ပင်ခုတ်သင့်ရင် ခုတ်ရမယ်တဲ့။ အဲဒီလိုလူမျိုးက အခုမှရှိတာ မဟုတ်ဘူး။ အရင်ကတည်းက ရှိနေတာ။ အတ္တသမားတွေပေ့ါ။ ငါတို့ကြီးပွားဖို့ဆိုရင် လုပ်သင့်ရင်လုပ်ရမယ်။ အင်္ကုရက နေပြီးတော့ တရားတွေဟောတာ။ ကျေးဇူးသိတတ်တယ်ဆိုရင် ကျေးဇူးမကန်းရဘူး စသည်ဖြင့် တော်တော်လေး အကြောင်းနဲ့အကျိုး ညီညွတ်အောင်ပြောမှ အဲဒီနတ်ကို ဒုက္ခမပေးတာ။ ဒါကြောင့်မို့ ကျေးဇူးမဆပ်နိုင် နိုင်ရင်နေပါ။ ကျေးဇူးတော့ မကန်းမိပါစေနဲ့။ လူတွေက ကျေးဇူးလည်း မဆပ်ဘူး။ ကျေးဇူးလည်း ကန်းတတ်တယ်။ ကျေးဇူးက ကြီးတာမကြီးတာနဲ့ မဆိုင်ဘူး။ ကျေးဇူးရှိတာနဲ့ပဲ ဆိုင်တာ။ လိုအပ်တဲ့အချိန်မှာ ကူလိုက်တာကိုက ကျေးဇူးပဲ။ အဲဒီကျေးဇူးက သူလိုတဲ့အချိန်မှာ ကိုယ်က အဆင်သင့်ဖြစ်နေရမယ်။ ငါကူတုန်းက နဲနဲလေး။ စကားထဲထည့်ပြောစရာလား။ လူတွေက ပြောတတ်တယ်။

ပြီးတော့ ကာလေန ဓမ္မဿဝနံ။ အချိန်အခါသင့်တဲ့အချိန်မှာ ဓမ္မဿဝနံ တရားတော်ကို နာကြားပါတဲ့။ အဲဒါက တော်တော်လေးကို ပြည့်စုံတယ်ပြောရမှာပေ့ါ။ ကာလေနဆိုတော့ ဘယ်အချိန်လည်းဆိုတော့ မေးမယ်ဆိုရင် မေးစရာပေ့ါ။ အချိန်အခါကြည့်ပြီး တရားနာပါ။ ဘယ်လိုအချိန်လည်း ဆိုရင်တဲ့ ပူလောင်နေတဲ့အချိန်။ ပြီးတော့ ဒေါသဖြစ်နေတဲ့အချိန်။ နေရထိုင်ရ ခက်တဲ့အချိန်။ ဣန္ဒြေမရတဲ့အချိန်။ စိတ်တွေဂယောက်ဂယက်ဖြစ်တဲ့အချိန်။ အဲဒီအချိန်တွေလည်း ကာလေနပဲ။ အဲဒီအချိန်မှာ တရားနာတာဟာ သောကငြိမ်းတယ်။

အခုဟာက အဲလို မဟုတ်ဘူး။ အားမှ တရားနာမှာ။ စိတ်ချမ်းသာမှ တရားနာတာ၊ အရသာ ရှိတာတဲ့။ တရားမနာခင်က ဘာဖြစ်လဲ။ စိတ်ချမ်းသာပြီးသား၊ ဒါကြောင့်မို့ ဆေးတစ်ခု စွမ်းမစွမ်းသိချင်ပြီဆိုရင် ရောဂါနဲ့စမ်းရတယ်။ ရောဂါရှိတဲ့သူက တရားကို အချိန်တိုင်းလုပ်ရမှာ။ ဘာကြောင့် လဲဆိုတော့ ကိုယ့်အတွက် အချိန်တိုင်းဟာ သောကဖြစ်စရာကြီးဖြစ်နေလို့။ ဘာပဲပြောပြော သေမှာကို ကြောက်နေကတည်းက သောကဖြစ်ပြီးသား။ အဲဒါလဲ ကာလေနပဲပေါ့။ ကိုယ့်အတွက် အချိန်တိုင်း ကာလေနပဲ။ ဒါပေမယ့် တချို့ပုဂ္ဂိုလ်တွေက ပြောတယ်။ ကာလေနဆိုတာ ၅-ရက်တစ်ခါ တရားကို နာကြားခြင်းလို့ ပြောတယ်။ အဲဒါ ဘာကိုကြည့်ပြောတာလဲဆိုရင် အရှင်နရုဒ္ဓါတို့ကို ကြည့်ပြောတာ။

သူတို့ ၃-ယောက်အုပ်စု၊ ဘုရားရှင်က မေးတာကိုး၊ မင်းတို့ ၃-ပါးက ဘယ်အချိန်မှာ တွေ့လေ့ရှိလဲ၊ ဘယ်လိုလုပ်သလဲဆိုတာ မေးတော့ ၅-ရက်မှ တစ်ခါတွေ့ပါတယ် ဘုရားတဲ့။ တစ်ခါတွေ့ပြီဆိုရင် မနက်လင်းထိ တရားဆွေးနွေးတာတဲ့။ ရဟန္တာကြီးတွေနော်။ မနက်လင်းတဲ့အထိ တရားဆွေးနွေးတယ်တဲ့။ ကြည်ညိုစရာကောင်းလိုက်တာ။ ဦးဇင်းတို့ကျတော့ တရားလည်းမသိ၊ တရားလည်းမရှိ။ အဲဒီပုဂ္ဂိုလ်တွေက တရားကိုများများ ဆွေးနွေးပြီး တရားများများကျင့်ကြတယ်။ ရဟန္တာကြီးတွေက မနက်လင်းထိ တရားဆွေးနွေးတာ ၅-ရက်တစ်ခါတဲ့။ ဒါပေမယ့် စက်ာပူ ပညာပါရမီကျောင်းမှာတော့ သောကြာနေ့တိုင်းရှိတယ်။ အဲဒါ ကာလေန ဓမ္မဿဝနံပဲ။ အဲဒီလိုတရားနာကြတဲ့အတွက် ဘာအကျိုးတွေ ရမလဲဆိုရင်တဲ့ မကြားဖူးတဲ့တရားကိုလည်း ကြားရမယ်။ ပြီးတော့ ကြားဖူးပြီး သားဆိုရင်လည်း သံသယရှင်းသွားတယ်တဲ့။ ပြီးတော့ အယူဖြောင့်မတ် မှန်ကန် လာတယ်ပေါ့။

အချိန်အခါနဲ့ကိုက်အောင် တရားနာအတွက် သောကကင်းပြီးနေနိုင်ရတဲ့ ပုဂ္ဂိုလ်တစ်ယောက်ရှိတယ်။ သူက မဏ္ဍမင်းတဲ့။ နာရဒဆိုတဲ့ ဆရာရသေ့ရဲ့ အကူအညီနဲ့ တရားနာပြီးတော့ သောကကင်းသွားတာ။ ဘုရင်ကြီးဆိုတော့

မိန်းမရှိတာကိုး။ မိဖုရားဆိုတော့ အရမ်းလှတာတဲ့။ မိဖုရားက စောစောစီးစီး သေသွားရော။ အဲဒါ သူက စားလည်း မစားတော့ဘူး။ အိပ်လည်း မအိပ်တော့ဘူး။ အဲဒီအလောင်းနားမှာပဲနေတာ။ နောက်ဆုံးဘာလုပ်လဲ။ အဲဒီ အလောင်းကို ဆေးစိမ်ထားလိုက်တာ။ သူကပဒေသရာဇ်။ ဧကရာဇ်ကိုး။ ဧကရာဇ်ဆိုတော့ သူ့ရဲ့အမိန့်တစ်ခုတည်းပဲ နိုင်ငံတစ်ခုလုံးက သူမလုပ်ဘူးဆိုရင် ဘယ်သူမှ လုပ်လို့မရဘူး။ ခေတ်က ဝန်ကြီးခေတ် မဟုတ်ဘူး။ ဘုရင်ခေတ်ကိုး။ အဲဒါဆိုတော့ အမတ်တွေက နိုင်ငံကြီး ချွတ်ခြုံကျသွားမှာ စိတ်ပူတယ်။ ဘယ်လိုလုပ်ရင် ကောင်းမလဲ စဉ်းစားတယ်။ အဲဒါနဲ့ နာရဒရသေ့ကိုသွား တွေ့တယ်။ အရှင်ဘုရား ကူညီမှုဖြစ်မယ်။ ဟုတ်ပြီလေ ဆိုပြီးတော့ ဒါနဲ့ မဏ္ဍုမင်းကိုလည်းပြောတယ်။ သောကကင်းအောင် လုပ်ပေးမယ့် ပုဂ္ဂိုလ် တစ်ယောက်ရှိတယ်။ အဲဒီလိုဆိုတော့ သွားတွေ့မယ်ပေ့ါ။ သွားတွေ့ရော။ သွားတွေ့တဲ့အခါ တရားစကားနာရတာပေ့ါ။ နောက်ထပ်မရနိုင်တဲ့အရာ ၅-မျိုး ကိုဟောတယ်။ အဲဒါ ဘာလဲဆိုတော့ အိုတဲ့ဟာ မအိုပါနဲ့လို့ ပြောလို့ မရနိုင်ဘူး။ ဒီဘဝ အိုပြီးရင် သေဖို့ပဲရှိတယ်။ နောက်ထပ်အိုဦးမှာလား။ ၂-ခါအိုလား။ နုပျိုခြင်းကို မရနိုင်တော့ဘူး။ ပြီးတော့ နာခြင်းတရား။ အဲ့ဒီဟာလည်း မနာပါနဲ့ပြောလို့မရသလို ပြီးတော့ သေခြင်း တရားကိုလည်း မသေပါနဲ့ပြောလို့ မရဘူးတဲ့။

စိတ်တောင်မှ ၂-ခါမဖြစ်ဘူး။ သံသရာတစ်လျှောက်မှာ စိတ်သည်၁-ခါ ပဲဖြစ်တာ။ အဲဒါ ပစ္စည်းနဲ့ပြောမယ်ဆိုရင် အနန္တရပစ္စည်း။ အနန္တရသတ္တိကြောင့် ထပ်ဖြစ်နေတာကို အဲဒါပဲဖြစ်တယ် ထင်တာ။ တကယ်တော့အသစ်ဖြစ်တာ။ ကုန်သွားတဲ့အရာလည်း တားလို့မရဘူး။ ပြီးတော့ ပျက်စီးသွားတဲ့အရာကိုလဲ မပျက်ပါနဲ့ပြောလို့မရဘူးတဲ့။ အဲဒါနဲ့ ဘုရင်ကြီးက သဘောကျသွားတယ်။ ဒါဟုတ်သားပဲ။ မိဖုရားသေသွားပြီလေ။ နောက်တစ်ယောက်နဲ့အစားထိုး အဲဒါမှရမှာ။အရှင်ဘုရား ပြောတဲ့စကား မှန်သားပဲ။ အဲဒီတရား ဘာတရားလဲ မေးတော့ သောကပြောင့်ကို နှုတ်တဲ့တရားတဲ့။ အဲဒါနဲ့ဟာ အရှင်ဘုရားဟောတဲ့

တရားနဲ့ ပေးထားတဲ့နာမည် ကွက်တိပါပဲတဲ့။ အခု တပည့်တော်မှာ သောပြောင့် မရှိတော့ဘူးတဲ့။ သေပြီးသွားတဲ့ပုဂ္ဂိုလ်တစ်ယောက် ပြန်ရှင်လာတယ်ဆိုတာ ထုံးစံမှမရှိတာကို။ ဦးဇင်းတို့ရဲ့ အမေ အဖေ အဖိုးတွေ အဖွားတွေ မသေဘူးလား။ အစားထိုးလို့ရလား။ ကိုယ်စား အစားထိုး သေခိုင်းလို့မှမရတာ။ အဲဒါက ကာလေန ဓမ္မဿဝနံ။ သူ့ရဲ့အချိန်အခါအလိုက် တရားတော်ကိုနာကြားတဲ့ အတွက် ရလာတဲ့အကျိုးတရား။ ဂါရဝ၊ နိဝါတ၊ သန္တုဋ္ဌိ၊ ကတညုတာ၊ ကာလေန ဓမ္မဿဝန မင်္ဂလာတရား ၅-ပါး။ မင်္ဂလာတရားက လူတစ်ယောက်ကို တဖြည်းဖြည်း ရင့်ကျက်အောင် လုပ်ပေးနေတာနော်။ ပထမကဘာလဲ။ မကောင်းတဲ့သူကို ရှောင်ရုံပဲ။ အခုဟာ တဖြည်းဖြည်းနဲ့ ရှောင်ရုံနဲ့ မရတော့ဘူး။ ကိုယ်ကိုယ်တိုင် ကောင်းဖို့အတွက်ပြောတာ။

ပြီးတော့ -

**ခန္တီ စ၊ သောဝစဿတာ၊ သာမဏာနဉ္စ ဒဿနံ၊**

**ကာလေန ဓမ္မသာကစ္ဆာ၊ ဧတံမင်္ဂလမုတ္တမံ။**

ခန္တီ စ သည်းခံခြင်း။ သောဝစဿတာ သူတော်ကောင်းတွေ ပြောတဲ့ စကားကို လွယ်ကူစွာနာခံခြင်း။ သာမဏာနဉ္စဒဿနံ သာမဏ-ရဟန်းတော်များ ကို ဒဿန ဖူးမြင်ရခြင်း။ ကာလေန သင့်လျော်တဲ့အခါမှာ၊ ဓမ္မသာကစ္ဆာ တရားစကားကိုဆွေးနွေးခြင်း၊ တရားကိုဟောခြင်း။ ဧတံ အဲဒီမင်္ဂလာတရား တွေသည် ဥတ္တမံ မြင့်မြတ်တဲ့၊ မင်္ဂလံ မင်္ဂလာပါ ပဲတဲ့။ ခန္တီကတော့ လူတိုင်းသိပြီး သားပါ။ ခန္တီကတော့ ဒေါသကိုမထွက်အောင် သည်းခံခြင်းနော်။ ဆဲတာလည်း ကြုံရမယ်။ ပြောတာလည်း ကြုံရမယ်။ ပြန်ပြီး ပြောစရာမလိုဘူး။ အက္ကောခနေ ဇိနေ ကောခံ ဒေါသထွက်နေတဲ့ပုဂ္ဂိုလ်ကို ဒေါသမထွက်စေဘဲ သည်းခံခြင်းဟာ မြင့်တယ်၊ မြတ်တယ်တဲ့။ မကျေနပ်လို့ ပြန်ပြောချင်ပေမယ့် ကိုယ့်အထက်အရာ ရှိမို့လို့ ပြန်မပြောတာဟာ ခန္တီသည်းခံတာ မဟုတ်ဘူးတဲ့။ နိမ့်ကျတဲ့ ပုဂ္ဂိုလ် တစ်ယောက်၊ အသိမဲ့တဲ့ပုဂ္ဂိုလ်တစ်ယောက် ဆဲဆိုနေတဲ့အချိန်မှာ သူနဲ့တန်းတူ

စိတ်မဖြစ်တာဟာ ခန္တီပါပဲ။

အဲဒီမှာ ခန္တီနဲ့ပတ်သက်ပြီးတော့ သိကြားမင်းရဲ့ သည်းခံပုံလေး ပြော ထားတာရှိတယ်။ သိကြားမင်းက သောတာပန်ဖြစ်ပြီကိုး၊ သည်းခံမှာပေ့ါ။ သိကြားနဲ့ အသူရာစစ်ပွဲမှာ အသူရာမိပါလေရော။ မိလာတော့ သူ့ကို သုဓမ္မာ ဇရပ်မှာ ဖမ်းချုပ်ထားတယ်။ မာတလိလည်းရှိတယ်။ အဲဒီမှာ မကြားနာ၊ မကျေနပ်နိုင်လောက်အောင် ဝင်လည်း ဆဲ၊ ထွက်လည်း ဆဲတယ်တဲ့။ သိကြား မင်းက ပြုံးပြုံးပြုံးပြုံးပဲ၊ အေးအေးဆေးဆေးပဲ။ ဘေးမှာရှိတဲ့ မာတလိက သည်းမခံနိုင်တော့ဘူး။ ဒီလိုမျိုးဆဲနေတဲ့ပုဂ္ဂိုလ်တစ်ယောက်ကို ဘာလို့သည်းခံ နေရတာတုန်း။ ကြောက်လို့လား၊ ပြောစရာစကားမရှိလို့လားပေ့ါ။ ကြောက်လို့ လည်းမဟုတ်ဘူး၊ ပြောစရာစကားမရှိလို့လည်း မဟုတ်ဘူးတဲ့။ အဲဒါနဲ့ မာတလိက အကြံပေးတယ်။ ဒါဆိုရင် ဒီလူကြီးပါးစပ် ပိတ်သွားအောင် ရိုက်ပစ်လိုက်ရင် ပြီးတာပဲတဲ့။ အခုခေတ်လူလိုပဲ။ ရိုက်ရုံနဲ့ စိတ်ဆိုးသူရဲ့စိတ်တွေ ပျောက်သွားမဟုတ်ဘူး။ အဲဒါနဲ့ သိကြားမင်းက ပြောတယ်။ မင်း စဉ်းစားကြည့် ကွ။ သူမကျေနပ်လို့ဆဲနေကတည်းက သူ့ရဲ့ စိတ်ကမကောင်းဘူး။ မကောင်းတဲ့ အတွက် ငါ့ရဲ့စိတ်ကရော မကောင်းတဲ့ ပုံစံမျိုးနဲ့ တုံ့ပြန်နေရမှာလား။ တုံ့ပြန်ပြီ ဆိုရင် သည်းခံတာ ဘယ်ဖြစ်တော့မလဲ။ သူ့ဒေါသ ကိုယ့်ဒေါသတဲ့။ သူက မသိလို့ ဒေါသ ထွက်ပြီးဆဲနေတဲ့ကိစ္စကို ငါက သိရဲ့သားနဲ့ ဒေါသထွက်နေလို့ရ မလား။ ပြန် စဉ်းစားကြည့်ပေ့ါ။

လောကမှာ အော်ဟစ်ဆဲဆိုနေတဲ့ပုဂ္ဂိုလ်တွေ ရှိတယ်။ သူတို့က မသိလို့ ဆဲနေတာ။ ငါက သိနေတဲ့ပုဂ္ဂိုလ်တစ်ယောက် ဖြစ်နေရဲ့သားနဲ့ သူဆဲတာကို ငါကခံစားရင် ငါက သူနဲ့တန်းတူ ဖြစ်သွားမှာပေ့ါ။ အသူရာနဲ့သိကြားမင်းက တန်းတူမဟုတ်ဘူးကွ တဲ့။ တန်းမတူတဲ့ဟာကို သူက နိမ့်ပြီးသားလေကွာ။ ငါက ဘာလို့ တန်းသွားညှိမှာတုန်းတဲ့။ သူ့ဘာသာ ဆဲနေပါစေပေ့ါတဲ့။ ဘယ် လောက်ဆဲနိုင်မှာတုန်း။ အဲဒါက ခန္တီကို ပြောတာ။ ဒါကြောင့် အက္ကောခေနဇိနေ

ကောခံ၊ ဒေါသထွက်နေတဲ့ ပုဂ္ဂိုလ်ကို အောင်နိုင်ရမယ်တဲ့။ တန်းမတူရင် တန်းသွားမညှိနဲ့တဲ့။ အသိဆိုတဲ့ တန်းမတူရင် ကိုယ့်ရဲ့အသိကို မနှိမ့်လိုက်နဲ့တဲ့။ နှိမ့်ပြီဆိုရင် သည်းခံခြင်း မဟုတ်တော့ဘူး။

နောက်ထပ်တစ်ခု သည်းခံတာရှိတယ်။ တရားထိုင်တဲ့အချိန်။ သည်းခံရင် နိဗ္ဗာန်ရောက်တယ်ဆိုတာက တရားထိုင်တဲ့အချိန်ပဲ။ ခန္ဓာမှာ အဆိုးဆုံးက ဒုက္ခဝေဒနာ။ ဒုက္ခဝေဒနာပေါ်လာတာကို အသိနဲ့သည်းခံပြီး မရှုရင် ဒုက္ခ ပျောက်လား။ ပြောင်းရင် ကောင်းတယ်လို့ပဲထင်တာ။ ဒါကြောင့် ဒုက္ခဆိုတာ ဘယ်တော့မှ မပျောက်ဘူး။ ဒုက္ခရဲ့ သဘာဝလည်း ကိုယ်မသိဘူး။ နားလည်း မလည်ဘူး။ ဒါဆိုရင် နောက်ထပ် အဲဒီဒုက္ခပေါ်တဲ့အချိန်မှာ သဘာဝကို နားမလည်ရင် ဒုက္ခက ကိုယ့်ကိုပြန် ပေးဦးမှာပဲ။ အဲဒါကြောင့် သည်းမခံနိုင်တဲ့ အခြေအနေထိ သည်းခံပါတဲ့။ တော်တော်လေးကို မြင့်မားတဲ့စကား။ လူတွေလည်းပဲ ဒီအတိုင်းပဲ။ သည်းမခံ နိုင်လောက်တဲ့အထိ သည်းခံပြီး ပြန်ချမှာ လား။ ပြန်ချပြီဆိုကတည်းက သည်းမခံနိုင်တဲ့ အခြေအနေအထိ သည်းမခံလို့။ ပြန်မချဘူးဆိုရင် သည်းမခံ နိုင်တဲ့အချိန်ထိ သည်းခံတာပဲ။ ဒီအတိုင်းပဲ။ တရားထိုင်တဲ့အချိန်မှာလည်း မပြောင်းနဲ့တဲ့။ သည်းမခံနိုင်တဲ့ထိ သည်းခံပြီး ရှုကြည့်တယ်ဆိုရင် ဒုက္ခသဘောတရား တွေ့မှာပါပဲတဲ့။

ပြီးတော့ သောဝစဿတာ ကောင်းတဲ့စကားနဲ့ပြောရင် လွယ်ကူစွာ နာခံနိုင်ခြင်း၊ အဲဒီ သောဝစဿတာ ဂုဏ်တော်နဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်ဆိုရင် ရှင်သာရိပုတ္တရာကို အရင်ပြရမယ်။ ဒုတိယက ရှင်ရာဟုလာ။ ရှင်ရာဟုလာက အိပ်ယာထပြီဆိုရင် ကျောင်းအောက်ဆင်းပြီးတော့ သဲကို လက်တစ်ဆုပ်, လက်တစ်ဆုပ် မ,မပြီးတော့ သူ့ကို ဆုံးမမယ့်သူတွေ ဒီလောက်များပါစေလို့ ဆုတောင်းတယ်တဲ့။ အခုလူတွေက မင်း ဘာလဲ မင်းကဆရာလား။ မင်းပြောတာ အားလုံး ငါသိပြီးသား။ မင်းပြောစရာမလိုဘူးတဲ့။ ဒါကို ဒေါဝစဿတာ လို့ခေါ်တယ်။ အဲဒီပုဂ္ဂိုလ်တွေဟာ တရားဘယ်တော့မှ မရဘူးတဲ့။ သောဝစဿက

ကောင်းတာနဲ့ပတ်သက်ပြီး ပြောင်းအောင်ပြောရင် နာခံနိုင်တဲ့ပုဂ္ဂိုလ်၊ ရဟန်းတစ်ပါးကို ဥပမာပေးထားတယ်။ အဲဒီရဟန်းတစ်ပါးက ခန္ဓာကို ပင်ပန်းလို့ ဆိုပြီးတော့ ကြာကန်ထဲမှာ ရေဆင်းချိုးတာ။ အဲဒီမှာ ကြာပန်းတွေက အများကြီးဆိုတော့ ကြာနံ့တွေ ထွက်လာတာပေ့ါ။ သူက ကြာနံ့ကို အာရုံစိုက်ပြီး ရှူမိတယ်တဲ့။ ရှူတယ်ဆိုတာ တရားရှူတာမဟုတ်ဘူး။ ကြာကန်ထဲမှာရှိတဲ့နတ်က သိပါလေရော။ အဲဒါနဲ့ နတ်ကပြောတာပေ့ါ။ အရှင် ဘုရားက သူခိုး။ ဟာ ငါက ဘာလုပ်လို့လဲ။ ပန်းတွေရဲ့အနံ့ကို ခိုးရှူတာ။ ဟောဟိုမှာ ပန်းခူးတဲ့သူ ကြာတွေကိုခူးတဲ့သူကျတော့ မင်းမပြောဘူးလား။ အဲဒါ ပြောစရာ မလိုဘူးတဲ့။ အဲဒီလူတွေကလူဆိုးတွေတဲ့။ လူဆိုးကို အပြစ်ပြောစရာ မလိုဘူးတဲ့လူကောင်းက အပြစ်နဲနဲဖြစ်ရင် အပြစ်က ထင်ရှားလွန်းလို့ အပြစ်ပြောရတာတဲ့။ ကျေးဇူးတင်လိုက်တာတဲ့။ ဒါ မှန်တာပေ့ါတဲ့။ ဒါ ကြာပန်းရဲ့အနံ့လေးရှူရုံနဲ့ ဘာဖြစ်မှာလဲ။ ဒါပေမယ့် အပြစ်လို့ပြောရင် လက်ခံတယ်။ ဒါနဲ့ နတ်သားကို အပြစ်ရှိတိုင်း ငါ့ကို ဆုံးမပေးပါတဲ့။ နတ်သားကလည်း ပြန်ပြောတယ်။ မဆုံးမနိုင်ဘူးတဲ့။ ဘာလို့လဲဆိုတော့ လူတွေက ဆုံးမမယ့်သူရှိတယ်ဆိုရင် ခပ်ပေ့ါပေ့ါနေတယ်တဲ့။ ငါ့ကိုပြောမယ့်သူ ရှိတယ်ပေ့ါ။

ပြီးတော့ သာမဏာနဥ္စ ဒဿနံ။ သာမဏ ဒဿနရဟန်းများကို တွေ့မြင်ရခြင်း။ ကိလေသာငြိမ်းကင်းအောင် ကြိုးစားနေတဲ့ပုဂ္ဂိုလ်ကို မျက်စိနဲ့မြင်တဲ့အခါ မုဒိတာပွားတာနဲ့ သဒ္ဓါပွားတာနဲ့ အဲဒီပုဂ္ဂိုလ်ရဲ့မျက်စိက အရမ်းကြည်တယ်။ ဘုရားရှင်မျက်လုံးမှာ ဂုဏ်တစ်ခုရှိတယ်။ မဲနက်နေတာတဲ့။ မျက်ဆံလေး မဲနက်တာက အဝေးကြီးကို မြင်နိုင်စွမ်း ရှိတယ်တဲ့။ ပြီးတော့ သူ့ရဲ့မျက်လုံးက မွေးကာစ နွားရဲ့မျက်လုံးလေးလိုပဲ ဝိုင်း‚ဝိုင်းလေး။ အဲဒါ ဘာကြောင့်ရတာလဲဆိုရင် ဒဿနမြင်တဲ့နေရာမှာ သတ္တဝါတွေကို ဘယ်သူ့ကိုဖြစ်ဖြစ် ချစ်တဲ့မျက်လုံးနဲ့ပဲ ကြည့်တာတဲ့။ မုန်းတဲ့မျက်လုံးနဲ့ တစ်ခါမှ မကြည့်ဖူးဘူးတဲ့။ အဲဒါ သာမဏဒဿန မဟုတ်သေးဘူးနော်။ ရိုးရိုးပုဂ္ဂိုလ်ကို မေတ္တာမျက်လုံးနဲ့

ကြည့်တာနဲ့ပဲ မျက်စိရဲ့အကျိုး တစ်ချက်ရတယ်။ မျက်လုံးအရမ်းလှပြီး မျက်လုံးအရမ်းကောင်းတယ်တဲ့။ အဲဒါ ဘုရားမှာပါတယ်။ အဲဒါ ဂုဏ်တစ်ခု။

ပြီးတော့ ဒီနေ့ဆိုရင် တရားအားထုတ်ကြပါတယ်။ အဲဒီပုဂ္ဂိုလ်တွေကိုကြည့်တဲ့အချိန်မှာ အရမ်းကို အေးချမ်းပါတယ်။ ကျေနပ်စိတ်ပေါ်ပြီဆိုရင် အဲဒီပုဂ္ဂိုလ်ဟာ သဒ္ဓါအလိုလိုပွားတဲ့အတွက် မျက်စိက အလိုလိုကြည်တယ်တဲ့။ အဲဒါ ဘာကြောင့်လဲဆိုရင် သဒ္ဓါကြောင့်။ အဲဒီလို သဒ္ဓါတရားရှိပြီး ကြည်လာတဲ့အချိန်မှာ တရားအားထုတ်မယ်ဆိုရင် တရားရဖို့ သိပ်ကိုလွယ်ကူတယ်တဲ့။ ပြီးတော့ ဟောတဲ့တရားတွေက လောကီသံသရာလည်ကြောင်းတရား မဟုတ်ဘဲနဲ့ လောကမှလွတ်ပြီးတော့ လောကုတ္တရာကို ရောက်ကြောင်း တရားဖြစ်မယ်ဆိုရင် ပိုမိုပြီးတော့ ကျေးဇူးများတာပေါ့။ ဒါကြောင့်မို့ အဲဒီလိုမျိုးပုဂ္ဂိုလ်တွေကို အမြဲတမ်း ရှာဖွေပြီးတော့ ကြည်ညိုနေမယ်၊ ဖူးမြင်နေမယ်ဆိုရင် မင်္ဂလာတစ်ပါးပါပဲတဲ့။ ရှင်းရှင်းပြောမယ်ဆိုရင် အကုသိုလ်မဖြစ်ဘူးပေါ့။ မြင်လိုက်တိုင်း အကုသိုလ် ဖြစ်မယ်ဆိုရင် မမြင်တတ်သေးလို့ဘဲ။ ကိုယ့်ရဲ့ခန္ဓာထဲမှာ အကုသိုလ် ရှိပြီးသားမို့လို့ သီးသန့်ထုတ်ပြီး ကြွားနေစရာ မလိုတော့တာ။ ဒါပေမယ့် နဲနဲလေး ပြန်ပြောလိုက်ရမှ။ သည်းမခံဘူးလေ။ တွေ့လား။ ငါပြောလိုက်လို့ ဖြုံသွားပြီ။ အဲဒီကောင်ကတော့ ခေါင်းတောင် မထောင်နိုင်တော့ဘူးတဲ့။ ဂုဏ်ကြီး တစ်ယူယူနဲ့ လုပ်တတ်တယ်။ သူ့ရဲ့အမြင်ထဲမှာ မရှင်းဘူးဆိုရင် ပြောလိုက်ရမှ။ အသိထဲမှာ မရှင်းဘူးဆိုရင် ပြောလိုက်ရမှ။ အဲဒါမျိုး ခန္တီအားလည်း မရှိဘူး။ ကောင်းတဲ့စကားလည်း မကြားခဲ့ဘူး။ ကောင်းတဲ့ ပုဂ္ဂိုလ်လည်း မမြင်တတ်ခဲ့ဘူးဆိုရင် အဲဒီပုဂ္ဂိုလ်ရဲ့ ဘဝသွားရာလမ်းက အောက်ဆင်းဖို့ ဖြောင့်နေတယ်တဲ့။

ဒါကြောင့် သည်းမခံတဲ့ပုဂ္ဂိုလ်တစ်ယောက် နံပါတ်(၁)ရမယ့်အကျိုးက လူမုန်းများတယ်တဲ့။ နံပါတ်(၂) ရန်သူများတယ်တဲ့။ နံပါတ် (၃) အပြစ်များတယ်တဲ့။ နံပါတ်(၄) တွေဝေပြီးသေတယ်တဲ့။ နံပါတ်(၅) ငရဲရောက်မယ်။

ဆတ်ဆတ်ထိ မခံတဲ့ပုဂ္ဂိုလ် ဘယ်သူမှမထိရဘူး။ လူမုန်းများပြီဆိုရင် ရန်သူများတာပဲ။ ရန်သူများပြီဆိုရင်။ ကိုယ့်မှာ အမြဲတမ်းအပြစ်ရှိနေတယ်။ ဒီလူတွေအားလုံးဟာ ကိုယ်ကမကြည်ဘူးဆိုရင် ဒေါသ ဋ္ဌာသာ မစ္ဆရိယ အမြဲတမ်းဖြစ်နေတာ။ အဲဒါဆိုရင် သေရင်တော့ ငရဲရောက်မယ်။ ဒါကြောင့်မို့ အဲဒီအဖြစ်မျိုး မရောက်ရအောင် ကာလေန ဓမ္မသာကစ္ဆာ သင့်တော်တဲ့ အချိန်မှာ တရားဆွေးနွေးပါတဲ့ ။ ပြောခဲ့ပြီးတာက ကာလေန ဓမ္မဿဝနံ သည်းခံနိုင်အောင် သူတော်ကောင်းစကားကို ကြားနိုင်အောင်ကြိုးစားဖို့ပါ တရားနာကြားခြင်း၊ တရားဆွေးနွေးခြင်း ဆိုပြီး ဘဝအတွက်အရေးကြီးတာ နှစ်မျိုးပေါ့။

သူများပြောတာကို လက်မခံတဲ့ပုဂ္ဂိုလ်နဲ့ တွေ့တဲ့အချိန်မှာ ဓမ္မသာကစ္ဆာလုပ်မိရင် အထောင်းခံရတတ်တယ်။ ဘုရားလောင်း အထောင်းခံရဘူးတယ်။ ဘုရားလောင်းဟာ နဲနဲနောနောမဟုတ်ဘူး ထိုးကြိတ်ခံရတာ။ ဘဝတစ်ခုမှာ ဘုရားလောင်းဟာ ဘုရင်ကိုးကွယ်ခံရတဲ့ ရသေ့ဖြစ်တယ်။ ဒါပေမယ့် တရားစကားပြောတာ ကာလေနမဟုတ်တဲ့အတွက် ထောင်းခံလိုက်ရတာ။ဘယ်လို ထောင်းခံရလဲဆိုတော့ လူတွေ ကူးတို့ကူးတာ။ အဲဒီမှာ အဝိရိယပိတာဆိုတဲ့ ကူးတို့သမားတစ်ယောက်ရှိတယ်။ သူက ပိုက်ဆံကို ကူးတို့ဆင်းခါနီးမှ တောင်းလေ့ရှိတာ။ တကယ်က တက်ပြီဆိုရင်တောင်း။ လှေပေါ်ကဆင်းမှ တောင်းတယ်ဆိုရင် ပေးချင်သလိုလို၊ မပေးချင်သလိုလို လုပ်တတ်တာကိုး။ အဲဒီမှာ ရသေ့ကလည်းပဲ သူ့မှာပိုက်ဆံမပါဘူး။ သူထင်တာက တရားစကား ပြောရင်တော့ ဒီလူလက်ခံမယ်။ ပြီးတော့ အကျင့်လည်း ပြောင်းသွားလိမ့်မယ်ပေ့ါ။ ဒါနဲ့ လှေသမားက လှေခတောင်းတော့ ပေးရတာပေ့ါ။ ဒါပေမယ့် ဟိုပြော ဒီပြော ပြောပြီးမှ လှေခပေးတာ။ ဒါနဲ့ ကူးတို့လည်းရောက်ရော ရသေ့က တရားဟောတာပေ့ါ။ မင်းဒီလိုလုပ်တာ မသင့်တော်ဘူး။ လူရဲ့စိတ်ဆိုတာ ထူးဆန်းတယ်ကွ။ မရခင်က တစ်မျိုး၊ ရပြီးတော့ တစ်မျိုး။ ဒါကြောင့်မို့ ကိုယ်က မရောက်ခင်ကတည်းက ပိုက်ဆံကိုတောင်းထားမယ်ဆိုရင် အဲဒီလူတွေက အသာတကြည်ပေးတယ်။ အခုလိုမျိုး

ကမ်းကိုရောက်မှတောင်းတော့ မင်းအဆဲခံရတာပေါ့။ ဒါဆိုရင် ခင်ဗျားရော ပိုက်ဆံပေးမှာလားဆိုတော့ ရသေ့က ငါ့မှာ ပေးစရာ မရှိဘူးတဲ့။ ဒါပေမယ့် ငါပေးတာက လောကီ လောကုတ်အကျိုးရှိတဲ့ တရားလေလို့ပြောတော့ လှေသမားက ဘုရားလောင်းကို ထောင်းပစ်တာ။

အဲဒီတရားကို ဘုရင်ကိုဟောတုန်းက ၁-သိန်းတန်တဲ့ရွာကြီး ဆုချခံရတယ်တဲ့။ အခုဘာဖြစ်လဲ။ ထောင်းခံရတယ်။ အဲဒါကြောင့် ဘုရားရှင်က သူ့ရဲ့အတွေ့အကြုံနဲ့တူပါရဲ့။ အခု ဘုရားဖြစ်ပြီး ဟောတဲ့အချိန်မှာ ပြန်ဟောတာ။ လူအကြောင်းကိုမသိဘဲနဲ့ လူကို တရားဟောလို့ မရနိုင်ဘူး။ ဆဲခံရမှာပေါ့။ တချို့က ပြောမှာပေါ့ ဘုရားဖြစ်တာတောင် ဆဲခံရတယ်လို့။ ဒါက ဝဋ်ကြွေး။ ဆဲတဲ့သူနဲ့ ဆဲခံရတဲ့သူကွာတယ်။ ဆဲတဲ့သူက ကံအသစ် ပြုလုပ်နေတာ။ အဆဲခံရတဲ့သူက ပြန်ဆပ်နေတာ။ ဒါကြောင့်မို့ တရားကို ဆွေးနွေးတဲ့အခါမှာ နားမထောင်တဲ့ ပုဂ္ဂိုလ်၊ လှေသမားနဲ့တူတဲ့ပုဂ္ဂိုလ်တွေကို သွားပြောရင် အနည်းဆုံး အဆဲခံရမယ်။ အခြေအနေကြည့်ပြီးတော့ တရားစကား ပြောပေးပေါ့။ သားသမီးဆုံးလို့ ပင်ပန်းပြီး ငိုနေတဲ့သူတွေ ရှိတာပေါ့။ အဲဒီအချိန်မှာ တရားစကားပြောလို့ကတော့ အထောင်းခံရမှာပဲ။ ဘာနဲ့ထောင်းမှာလဲဆိုရင် စကားနဲ့ ထောင်းမှာပေါ့။ ဒါကြောင့်မို့ တရားကို ပြောတဲ့နေရာမှာ သတိထားပြီး ပြောပါတဲ့။ သောဝစဿတာ လွယ်လွယ်ကူကူ နားထောင်နိုင်တဲ့ ပုဂ္ဂိုလ်ဆိုရင်တော့ ကာလေန အဆင်သင့်တဲ့နေရာမှာ ပြောပေးတဲ့။ အပြောမခံတဲ့ပုဂ္ဂိုလ်တွေဆိုရင် ဘယ်တော့မှ မပြောပါနဲ့တဲ့။ အဲဒါ မင်္ဂလာဖြစ်အောင်လို့။ မင်္ဂလာပျက်ပြီဆိုရင်ကိုယ်ကိုယ်တိုင်လည်း အကုသိုလ်ဖြစ်၊ သူလည်း အကုသိုလ်ဖြစ်တာမို့လို့ပါ။

ခန္တီစ သည်းခံခြင်း။ သောဝစဿတာ သူတော်ကောင်းတွေ ပြောတဲ့ စကားကို နာခံနိုင်ခြင်း၊ သာမဏာနဥ္စ ဒဿနံ၊ ကိလေသာ ကင်းအောင် ကြိုးစားနေတဲ့ ပုဂ္ဂိုလ်တွေကို မြင်ရခြင်း၊ မြင်ရရုံနဲ့တင် မင်္ဂလာဖြစ်ပြီ။ ပြီးတော့

မြင်တဲ့သူက ဘာအကျိုးရမလဲဆိုရင် မျက်စိကြည်ခြင်းအကျိုးနဲ့ မျက်စိကြည့်ခြင်း အကျိုးရတာ။ ဘုရားရှင်ရဲ့ လက္ခဏာတွေကိုကြည့်ရင် သိနိုင်တယ်။ ဘာကြောင့် ဘုရားရှင်က ဒီဂုဏ်တွေရတာလဲဆိုတာကို ရှင်းပြထားတာ။ ဘုရားရှင်က ဘယ်သတ္တဝါကိုကြည့်လိုက်ကြည့်လိုက် ချစ်ခင်တဲ့မျက်လုံးနဲ့ ကြည့်တယ်တဲ့။ သာမဏာနဉ္စ ဒဿနံဆိုတဲ့အတိုင်း သူတော်ကောင်းတရားတွေ ကျင့်ပြီးတော့ လွတ်မြောက်မှုအတွက် လုပ်နေတဲ့ပုဂ္ဂိုလ်တွေကို မေတ္တာပွားတယ်၊ ကြည့်တတ်အောင်လဲ ကြိုးစားရမယ်။ ဒါဆိုရင် ဒီပုဂ္ဂိုလ်တွေပဲ မေတ္တာပွားပြီး ကြည့်မှာလားဆိုတော့ ဘုရားရှင်နည်းအတိုင်း တွေ့တဲ့ပုဂ္ဂိုလ်အားလုံးကို မေတ္တာနဲ့ ကြည့်တဲ့။ အဲဒါက ဒဿန အမြင်မှန်ခြင်း၊ ပြီးတော့ ကာလေန ဓမ္မသာကစ္ဆာ အဆင်သင့်တဲ့ အချိန်မှာ အခွင့်သင့်အခါသင့်တဲ့အချိန်မှာ တရားဆွေးနွေး၊ တရားစကားပြောပါ။ ဒါပေမယ့် အခြေအနေတော့ ကြည့်ပြော။ တွေ့ရာလူသွားပြောရင် အဆဲခံရမှာ၊ ညီလည်း မရဘူး၊ အစ်ကိုလည်း မရဘူး၊ အမေလည်း မရဘူး၊ အဖေလည်း မရဘူး။ အဲဒါကြောင့် ငါက သိစေချင်လို့ပြောတာဆိုရင် လှေသမား ဘုရားလောင်းကို ထောင်းရသလိုမျိုး အထောင်းခံရမယ်။ ကိုယ်ကပြောင်းလည်း ပြောင်းစေချင်တယ်၊ ကောင်းလည်းကောင်းစေချင်တယ်ဆိုရင်တော့ သူတို့ ရနိုင်တဲ့အခြေအနေကို ကြည့်ပြီးမှပြောရင် အထောင်းမခံရဘူးပေါ့။

ဒါဆိုရင် ဒီနေ့သင်သွားတာက ၂-ပုဒ်။ ၂-ပုဒ်မှာ ဂါရဝ ဒါ လူတွေ ကျင့်ကိုကျင့်ရမယ့်တရား၊ အသိပြည့်စုံလာလေလေ ဂါရဝရှိဖို့ လိုလေလေပဲ။ ဒါနဥ္စ၊ လှူနိုင်လေလေ ဓမ္မစရိယ သုစရိုက်လုပ်လေလေ။ ဉာတကာနဉ္စ သင်္ဂဟ သူများတွေကို ကိုယ်က ချီးမြှောက်လေလေ။ ပြီးတော့ အနဝဇ္ဇကမ္မ၊ ပရဟိတ လုပ်လေလေ။ ပြီးတော့ မကောင်းတာတွေကို ရှောင်တယ် အာရတီ ဝိရတီ ပြီးတော့ မဇ္ဇပါနာစ သံယမော၊ အရက်လည်း မသောက်ဘူး။ အပ္ပမာဒေါစ ဓမ္မေသု။ ဒါပေမယ့် အဲဒီပုဂ္ဂိုလ်က ဘာဖြစ်တတ်လဲဆိုရင် ငါကလုပ်နေတယ် ဆိုတဲ့ စိတ်ဝင်လာရင် ဂါရဝပျောက်တယ်။ နိဝါတ မရှိဘူး။ အဲဒါကြောင့်

လူတစ်ယောက် တဖြည်းဖြည်းနဲ့ပြည့်စုံအောင်ဆိုပြီးတော့ သူများအကျိုးကို လုပ်နေတဲ့ပုဂ္ဂိုလ်ဆိုရင် ဘာရှိရမလဲ။ ဂါရဝ နိဝါတ။ ပြီးတော့ သန္တုဋ္ဌိ ရောင့်ရဲ လွယ်ရမယ်။ ကိုယ်က အများအကျိုးကို ဆောင်သလို၊ သူများက ကိုယ့်အကျိုးကို ဆောင်စေချင်ရင် ကတညုတ ကျေးဇူးသိတတ်ရမယ်။ ပြီးတော့ ကာလေန ဓမ္မဿဝနံ သင့်တော်တဲ့အခါမှ တရားကိုနာကြားပါ။

မင်္ဂလာတရားတွေဟာ တဖြည်းဖြည်းနဲ့ လူတစ်ယောက်ကို ပိုပိုပြီး ပြည့်စုံလာစေတယ်။ ပြီးတော့ သမဏာနဉ္စဒဿနံ၊ တရားပြည့်တဲ့ပုဂ္ဂိုလ် တစ်ယောက်ကို အကောင်းပဲမြင်တာ၊ အကောင်းမြင်ရုံနဲ့ ရပြီလားဆိုတော့ မရဘူး။ ကာလေန ဓမ္မသာကစ္ဆာ၊ တရားကို ဟောနိုင်အောင်လုပ်၊ ဘယ်ကနေ လာလဲ၊ ကာလေန ဓမ္မ သာဝနံ၊ နာထားလို့ ဟောနိုင်တာ၊ မနာထားရင် မဟောနိုင်ဘူး။ မင်္ဂလာတရားက တဖြည်းဖြည်းနဲ့ လူတစ်ယောက်ရဲ့ဘဝကို မြင့်တက်လာစေတယ်။ စည်းစိမ်ဥစ္စာလည်း ပြည့်စေတယ်။ လူကြားထဲမှာလည်း အကောင်းဆုံးနေ ခွင့်ပေးတယ်။ ပြီးတော့ ကိုယ့်တစ်ယောက်တည်းနေတဲ့နေရာ၊ သံသရာကို ဖြတ်သန်းတဲ့နေရာမှာလည်း အကောင်းဆုံးဖြစ်အောင် ထောက်ပံ့ သွားတာပေါ့။

မင်္ဂလာတရား တစ်ခုစီကြည့်လိုက်မယ်ဆိုရင် လွဲသွားတာ မရှိဘူး။ တကယ့်ကို ပြည့်စုံလာစေတာပဲ။ ကာလေန ဓမ္မ သာကစ္ဆာ တရားကိုပြောတယ် ဆိုတာ ကျင့်ထားမှ ပြောလို့ရတာ။ နောက်တစ်ပတ်ဆိုရင် မင်္ဂလသုတ် ပြီးလောက်ပါပြီ။ ဒါဆိုရင် တရားချစ်ခင် သူတော်စင်များလည်းပဲ မိမိတို့ဘဝကို

ဖြတ်သန်းတဲ့အခါမှာ ဒါန လှူဒါန်းပေးကမ်းနေရပါမယ်။ ပြီးတော့ ဉာတကာနဥ္စ သင်္ဂဟ ဆိုတဲ့အတိုင်း ဆွေမျိုးတွေနဲ့ အကောင်းဆုံးဖြစ်အောင် ကြိုးစားနေရပါမယ်။ အပြစ်ကင်းတဲ့အလုပ်လည်း လုပ်တယ်၊ ပရဟိတလည်း လုပ်တယ်။ အာရတီ ဝိရတီ ပါပါ မကောင်းမှုများကိုလည်း ရှောင်ကြဉ်ပြီးတော့ ငါဆိုတဲ့ မာနကို မထားဘဲ ဂါရဝ နိဝါတမင်္ဂလာတရားများနဲ့ ပြည့်စုံကြပါစေ။ ပြီးတော့ ဂါရဝ နိဝါတမင်္ဂလာ ပြည့်စုံပြီးတာတောင်မှ တခါတလေ လောဘ တက်လာပြီဆိုရင် အဲဒီလောဘများ မဖြစ်ရလေအောင် သန္တုဋ္ဌိ၊ ရောင့်ရဲလွယ်တဲ့ပုဂ္ဂိုလ်များ ဖြစ်ကြပါစေ။ ကတညုတဆိုတဲ့အတိုင်း ကိုယ့်ပေါ်မှာ ကျေးဇူးရှိထားတဲ့ပုဂ္ဂိုလ်တွေကို မမေ့မလျော့ဘဲနဲ့ ကျေးဇူးဆပ် နိုင်အောင် ကြိုးစားနိုင်ကြပါစေ။ ကာလေန ဓမ္မဿဝနံဆိုတဲ့အတိုင်း တရားကို ဒီလောက် နာရုံနဲ့ မကျေနပ်ဘဲ နိဗ္ဗာန်ထိရောက်စေတဲ့တရားကိုလည်း နာကြား နိုင်ကြပါစေ။ ခန္တီစဆိုတဲ့အတိုင်း လူအချင်းချင်း သည်းခံရုံမက တရားထိုင်တဲ့ အခါမှာလည်း ဝေဒနာရဲ့ဒဏ်ကို သည်းခံနိုင်ကြပါစေ။ သောဝစဿတာ ဆိုတဲ့အတိုင်း သူတော်ကောင်းများ ပြောလာတဲ့စကားတွေကို ထိပ်ပေါ်မှာတင်ပြီး နာခံနိုင်သူများဖြစ်ကြပါစေ။ သာမဏာနဥ္စ ဒဿနံဆိုတဲ့ မင်္ဂလာအတိုင်း ကောင်းတဲ့အကျင့်ကို ကျင့်တဲ့ ပုဂ္ဂိုလ်သာမက မကောင်းတဲ့ပုဂ္ဂိုလ်များကိုတွေ့တဲ့ အခါမှာလည်း မေတ္တာယှဉ်တဲ့မျက်လုံးနဲ့ ကြည့်တတ်ပါစေ။ ကာလေန ဓမ္မသာ ကစ္ဆာဆိုတဲ့ မင်္ဂလာအတိုင်း ကိုယ်သိ ကိုယ်တတ်ထားတဲ့ အသိများကို သူတစ်ပါး လွတ်အောင် ကျွတ်အောင် လုပ်နိုင်အောင် အချိန်အခါကြည့်ပြီး လုပ်နိုင် ဟောနိုင်သူများ ဖြစ်ကြပါစေ။

သာဓု . . . သာဓု . . . သာဓုပါဘုရား။

အခု စမှာက

**တပေါ စ ဗြဟ္မစရိယဉ္စ၊ အရိယ သစ္စာန ဒဿနံ၊**
**နိဗ္ဗာန သစ္ဆိကိရိယာ စ၊ ဧတံ မင်္ဂလ မုတ္တမံ။**

တပေါစဆိုတာ အကျင့်တစ်မျိုး၊ ဗြဟ္မစရိယဉ္စဆိုတာ မြတ်တဲ့အကျင့်၊ တပထက် ပိုမြင့်တာပေါ့။ အရိယ သစ္စာန ဒဿနံ ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာများ သိတဲ့အသိမျိုးကိုသိခြင်း၊ နိဗ္ဗာန သစ္ဆိ ကိရိယာ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း၊ အားလုံး၄-ချက်၊ အဲဒီ၄-ချက်သည် ဥတ္တမံ မြင့်မြတ်တဲ့မင်္ဂလာတစ်ပါးပါတဲ့။ တပေါစလဲ အကျင့်၊ ဗြဟ္မစရိယဉ္စလဲ အကျင့်ပဲ။ ဒါပေမယ့် မတူဘူး။ တပေါစ က သီလ၊ ဒါနဉ္စနဲ့ ပတ်သက်ပြီး ပြောခဲ့ပေမယ့် သီလအနေနဲ့ သီးသန့်မပြော သေးဘူး။ အခု တပ ဆိုတာက သီလ၊ အဲဒီသီလက ၅-ပါးသီလ ရှိမယ်။ ၅-ပါး ထက် အမြဲတမ်း ဆောက်တည်ထားလို့ရတာက ၃-ပါး သီလ။ ၃-ပါး သီလ ဆိုတာက သရဏဂုံ၃-ပါးကိုပြောတာ။ သရဏဂုံကလည်း သီလပဲ။ သီလဆိုတာ အလေ့အကျင့် ပြောတာ။ ၅-ပါးသီလ၊ ၈-ပါးသီလ၊ ၁၀-ပါးသီလတို့ဟာ အလေ့အကျင့်ပဲ။ အဲဒီမှာ အမြဲတမ်း ဆောင်ထားသင့်တာက ၃-ပါးသီလ။ အဲဒါက သရဏဂုံသီလ၊ ပြီးရင် ၅-ပါး သီလလည်း တပပဲ။ ဘာကြောင့် သူတို့က မင်္ဂလာထိုက်တာလဲ။ သိသင့်တာပေါ့။ ၃-ပါးသီလ ကိုကြည့်လိုက်မယ်ဆိုရင် ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။ အဲဒီ သီလထဲကို သဒ္ဓါသာထည့်လိုက်၊ ယုံကြည်မှုနဲ့ ဘုရား၊ တရား၊ သံဃာ ရတနာ၃-ပါးကို ကိုးကွယ်ဆည်းကပ်နေတဲ့ပုဂ္ဂိုလ် တစ်ယောက် နိဗ္ဗာန်မရောက်ရင်နေဦး၊ သေချာတာ က အပါယ်မကျဘူး။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိမှာ ဗုဒ္ဓဆိုတဲ့ဂုဏ်တစ်ခုကို ကြည့်လိုက်တာနဲ့ သိတယ်၊ ဗုဒ္ဓဆိုတာ သစ္စာ၄-ပါး မြတ်တရားကိုသိသူ။ သစ္စာကိုသိတာ လောဘ၊ ဒေါသ၊ မောဟနဲ့ သိလို့မရဘူး။ ဒါကြောင့်မို့ လောဘ ဒေါသ မောဟ ကင်းတယ်။ ကင်းတယ်ပဲ ပြောတာ၊ သေတယ်လို့ မပြောဘူး။ အဲဒါကြောင့် အပါယ်ပိတ်

တယ်။ ပြီးတော့ ခမ္မ် သရဏံ ဂစ္ဆာမိလည်း ဒီအတိုင်းပဲ။ တရားဂုဏ်၆-ပါး၊ တရားဂုဏ်၆-ပါးစလုံးက အပါယ်ကျစေနိုင်တဲ့ အကြောင်းတစ်ခုမှ မရှိဘူး။ ပြီးရင် သံဃံ သရဏံ ဂစ္ဆာမိ၊ သံဃာ့ဂုဏ်တော် ၉-ပါး။ သုပ္ပဋိ ပန္နော၊ ဥဇုပ္ပဋိပန္နော၊ ဉာယပ္ပဋိပန္နော စသည်ဖြင့် အများကြီးပဲ။

သုပ္ပဋိပန္နောဆိုတာ ကောင်းကောင်းကျင့်တယ်၊ သစ္စာ ၄-ပါးကို ရအောင် ကောင်းကောင်းမွန်မွန်ကျင့်နေတာ။ အဲဒါ ယုံကြည်မှု၁-ခုပဲ။ ကိုယ်လိုက်လုပ်ပေးစရာမလိုဘဲနဲ့ ယုံကြည်ရုံနဲ့ အပါယ်လွတ်စေတဲ့ သီလ။ ကိုယ်က ယုံကြည်ပြီး အမြဲတမ်းပွားနေရုံနဲ့ အပါယ်လွတ်တယ်။ အဲဒါကို တပလို့ ခေါ်တယ်။ ပြီးတော့ ဗြဟ္မစရိယဥ္စ ရှေ့ကသီလသွားပြီဆိုရင် နောက်က သမာဓိကျန်တာပေ့ါ၊ ပညာကျန်တာပေ့ါ။ ဗြဟ္မစရိယ မြတ်တဲ့ အကျင့်တစ်ခု ဆိုတာကို ကြည့်လိုက်မယ်ဆိုရင် မဟဂ္ဂုတ် ကုသိုလ်စိတ်ကို ပေါ်စေတဲ့ ရူပကုသိုလ် ၅-ပါး၊ အရူပကုသိုလ်၄-ပါး၊ ရစေတယ်။ ဘာကြောင့် လဲဆိုရင် သမထတရား အားထုတ်လို့ပဲ။ အဲဒါက မြင့်မြတ်စေတယ်တဲ့။

ဒါနဲ့ လုံလောက်လားဆိုတော့ မဟုတ်သေးဘူး။ နောက်ထပ် ဝိပဿနာ ပညာ၊ အဲဒါက ဘာကိုပြောမှာလဲဆိုရင် အရိယသစ္စာန ဒဿနံကိုပြောမှာ။ ဒါကြောင့် ဗြဟ္မစရိယမှာ ၂-ခုစလုံးကိုယူတာ သင့်တော်တယ်။ ရှေ့မှာက သီလ။ ဗုဒ္ဓရဲ့တရားတော်အရဆိုရင် သီလ သမာဓိ ပညာ ၃-ခုရှိတဲ့အထဲမှာ သမာဓိ မပါလို့ မရဘူး။ ဗြဟ္မစရိယမှာ သမာဓိ တစ်ခုတည်း ယူမယ်ဆိုရင် ပညာက ပျောက်နေတယ်။ အရိယသစ္စာန ဒဿနံ၊ သစ္စာသိဖို့ဆိုရင် ဝိပဿနာဉာဏ် မရှိဘဲနဲ့ မသိနိုင်ဘူး။ ဒါကြောင့် ဗြဟ္မစရိယမှာ သမထနဲ့ ဝိပဿနာ ၂-ခုယူရမယ်။ ဝိပဿနာက မဂ်မဟုတ်သေးဘူးနော်။ ဝိပဿနာက ကာမကုသိုလ်နဲ့ ကာမကြိယာရဲ့ နာမည်ပဲ ရှိသေးတာ။ လောကုတ္တရာရဲ့နာမည် မဟုတ်သေးဘူး။ ဒါပေမယ့် သူတို့ရဲ့စွမ်းအားက သမထကို အားထုတ်တဲ့ပုဂ္ဂိုလ်ဆိုရင်လည်းပဲ အပါယ်မကျဘူး။ ဒီဘဝမှာ၊ ဒါပေမယ့် သံသရာသွားတဲ့အချိန်တွင်းမှာတော့

ဈာန်အရှိန်ကုန်သွားရင် ကျနိုင်တယ်။ ဈာန်တွေဟာ မြင့်တင်လိုက်တဲ့ ခဲလုံးနဲ့ အတူတူပဲတဲ့။ ခဲကိုပစ်တင် လိုက်မယ်ဆိုရင် တက်သွားတာပဲ။ ပစ်အား ကောင်းရင် ကောင်းသလောက် တက်သွားတာ။ ဘယ်လောက်ပဲအား ကောင်းကောင်း အရှိန်ကုန်ရင် ပြန်ကျကို ကျတယ်။

ဒါကြောင့်မို့ ဗြဟ္မစရိယမှာ သမထအားထုတ်ရုံနဲ့ မလုံလောက်ဘူးတဲ့။ ဝိပဿနာကိုပါ အားထုတ်ဖို့လိုသေးတယ်။ ဝိပဿနာဆိုတာက သူက မဂ်ရဲ့ ရှေ့ပြေးတဲ့။ အဲဒါ သူ့ရဲ့အားသာချက်တစ်ခု။ ဒါကြောင့်မို့ ဗြဟ္မစရိယမှာ ဝိပဿနာကို ရုပ်နာမ်ပေါ်အောင် အားထုတ်နေတဲ့ ပုဂ္ဂိုလ်တစ်ယောက် အနည်းဆုံး အပါယ်မကျဘူး။ ပြီးတော့ အများဆုံး နိဗ္ဗာန်ရမယ်။ သူဟာ တွန်းကန်အားတစ်ခု၊ အပါယ်နဲ့ဝေးတဲ့နေရာကို တွန်းပေးတယ်။ ဘယ်နဲ့နီးတဲ့ နေရာကို ရောက်တာလဲဆိုရင် နိဗ္ဗာန်နဲ့နီးတဲ့နေရာကို ရောက်စေတယ်။ ဒါပေမယ့် သမထက အဲလိုမဟုတ်ဘူးနော်။ ဝေးအောင် သူမတွန်းဘူး၊ ဝေးဝေး သွားနေတာပဲရှိတာ။ သမထမှာ တွန်းကန်အား မရှိဘူး။ ဘာကြောင့် သမထ အားထုတ်တဲ့ ပုဂ္ဂိုလ် တစ်ယောက် အပါယ်မကျတာလဲဆိုရင် သူ့ရဲ့စိတ်ထဲမှာ လောဘ၊ ဒေါသစတဲ့ နီဝရဏမပေါ်လို့။ မပေါ်လို့ ဝေးတယ်ထင်ရတာ၊ တကယ်ဝေးတာလားဆိုတော့ မဟုတ်ဘူး။ ဝိပဿနာက ဝေးသထက်ဝေးတဲ့ နေရာကို တွန်းပို့ပေးတယ်။ ဘာနဲ့ နီးစေတာလည်းဆိုရင် နိဗ္ဗာန်နဲ့ နီးစေတာတဲ့။ သူ့ရဲ့အစွမ်းတစ်ခု။

ဒါကြောင့်မို့ တရားအားထုတ်တဲ့နေရာမှာ ဗြဟ္မစရိယဖြစ်ဖို့တော့ လိုတယ်။ ဘယ်လို ဗြဟ္မာစရိယဖြစ်မလဲဆိုရင် မဂ္ဂဗြဟ္မစရိယ။ မဂ်ဖိုလ်ကိုရစေမယ့် ဝိပဿနာသည်သာ အပါယ်နဲ့ဝေးမှာ၊ ဒါဟာ သူ့မှာ တွန်းကန်အား တစ်ခုရှိလို့နော်။ သံသရာမှာ နောက်ပြန်ဆုတ်တယ်ဆိုတာ မရှိဘူးတဲ့။ ဝိပဿနာကိုသာ အားထုတ်ပါ။ ဘာကြောင့်လဲဆိုတော့ ဝိပဿနာ အားထုတ်သူမှာ တရားမရပေမယ့်လို့ သူ့မှာဒေါသ မဖြစ်ဘူး။ သမထအားထုတ်သူသာ

ဖြစ်တတ်တာ။ ဟာ ငါ ဒီတစ်ခါတရားထိုင်တာ သမာဓိမရဘူးကွာလို့ ဖြစ်တတ်တာ။ ဒီလိုဖြစ်တာဟာ ဝိပဿနာကြောင့် မဟုတ်ဘူး။ ဝိပဿနာက သမာဓိရဖို့ မဟုတ်ဘူး၊ အမှန်သိဖို့။ ခန္ဓာမှာပြနေတဲ့ ရုပ်၊ နာမ်ရဲ့သဘာဝကို သိဖို့က ဝိပဿနာရဲ့အလုပ်။ ဒါသိရင်ကော သူ့မှာ ပျော်စရာရှိလား။ ပိုပြီးတောင် ခန္ဓာကို ငြီးငွေ့လာတယ်။ အဲဒါကွာခြားချက်ပဲ။ သမထက ခန္ဓာကို မငြီးငွေ့ဘူး။ ဒါပေမယ့် ပိုပြီးထိုင်ချင်တယ်။

သမထထိုင်တဲ့ပုဂ္ဂိုလ်တစ်ယောက် ထိုင်အားကောင်းလာလေလေ ထိုင်ချင်စိတ်ပိုပေါက်လေလေပဲ။ ဘာကြောင့်လဲဆိုတော့ ငြိမ်းလို့။ ပြီးတော့ ငြိမ်လို့။ သိလို့လားဆိုတော့ မဟုတ်ဘူး။ ဒါပေမယ့် ဝိပဿနာနဲ့စာရင် သူသည် သိတယ်။ ဘယ်လိုသိတာလဲဆိုရင် နီဝရဏငြိမ်းတယ်ဆိုတာ သူသိတယ်။ ကိလေသာ ကင်းစေတယ်လို့ သူမသိဘူး။ နီဝရဏငြိမ်းရုံနဲ့ ကိလေသာ မကင်းဘူး။ အဲဒါ ကိလေသာမကင်းရင် အပါယ်ကို ပြန်လာရတယ်။ ဒါက သမထရဲ့ အားနည်းချက်တစ်ခုပဲ။

ဒါဆိုရင် ဗြဟ္မစရိယမှာ ၂-မျိုး။ သမထနဲ့ ဝိပဿနာ။ သမထကို ပြောရင် သီလပါသွားတယ်။ သီလရှိရင် သမာဓိပြည့်မှာပဲ။ ဘာကြောင့်လဲ၊ ဆိုတော့ ဗြဟ္မစရိယကိုကြည့်မယ်ဆိုရင် သမထ အနည်းဆုံး သူသည် ငြိမ်းရမယ်။ ပြီးတော့ ဝိပဿနာ။ အနည်းဆုံး သူသည် သိရမယ်။ ငြိမ်လည်း မငြိမ်ဘူး၊ သိလည်းမသိဘူး ဆိုရင် တပ = သီလ မပြည့်သေးလို့ဘဲ။ တဆင့်ပြီးတဆင့် ကျင့်ရတာဖြစ်လို့ ကျော်ဖို့တော့ စိတ်မကူးကြနဲ့။ သီလပြည့်စုံရင် သမာဓိက လာမှာပဲ။ အဲဒါကြောင့် သီလမှာ (၁) သရဏဂုံသီလတော့ ရှိဖို့တော့လိုအပ်တယ်။ သရဏဂုံကို ယုံတဲ့ပုဂ္ဂိုလ်က ၅-ပါးမြဲတယ်။ သရဏဂုံမယုံရင် ၅-ပါး မမြဲဘူး။ (၅) မြဲတယ်ဆိုတာ (၃)ကိုစွဲလို့။ (၃)မစွဲရင် (၅)မမြဲဘူး။ သေချာတယ်၊ ဘာကြောင့်လဲ ဘုရား တရား သံဃာကို တကယ် မယုံသေးရင် ကံ၅-ပါးကို ကျူးလွန်ဦးမှာပဲ။ ဘယ်လောက်ပဲ သူယုံတယ်ပြောပြော တကယ်ယုံတာလား။

အဲဒါကြောင့် အရိယာတွေက ဘုရား တရား သံဃာ ယုံပြီဆိုတာနဲ့ ဝိရတီ ၃-လုံး အမြဲယှဉ်တယ်။ သူတို့ ဒုစရိုက် မလုပ်တော့ဘူး။ အဲဒါ (၃)စွဲလို့ (၅)မြဲတယ်။ ပုထုဇဉ်ဆိုတာ (၃)စွဲလား၊ ပစ္စည်းကိုသာ သုံးစွဲတာလေ။ တကယ့် တကယ် သရဏဂုံကို သုံးစွဲတာလား။ (၃)စွဲမှ (၅)က မြဲတယ်။ အဲဒါ ဘဝပဲ။ ဒါဆို အဲဒီပုဂ္ဂိုလ်တစ်ယောက် ဗြဟ္မစရိယ မြတ်တဲ့အကျင့်ကို ကျင့်ဖို့ ဝန်မလေးဘူး။ အခု လူတွေအတော်များများက ၅-ပါးသီလ စောင့်တယ်။ သီလကို ယူပေမယ့် ဗြဟ္မစရိယတရား အားထုတ်ဖို့တော့ ဝန်လေးနေတယ်။ အဲဒါ တပ အစစ်မဟုတ်လို့ တပ အစစ်ဆိုရင် ဗြဟ္မစရိယက အဆင့်တက်လာတယ်။ အနိမ့်ဆုံး သမထရှိရမယ်။ အမြင့်ဆုံး ဝိပဿနာရှိရမယ်။ ဒါမှ နောက်ထပ် မင်္ဂလာတစ်ပါးတိုးတယ်။ အရိယ သစ္စာန ဒဿနံ။ အရိယ ဆိုတာက ဘုရား၊ ပစ္စေကဗုဒ္ဓါနဲ့ အရိယသံဃာများ။ သစ္စာဆိုတာက မှန်ကန်တာ။ ဘာလဲဆိုတော့ သစ္စာ၄-ပါး၊ မဂ္ဂင်၈-ပါး၊ အဲဒီတရားတွေကို ဒဿန မြင်သွားတာ။ မြင်တယ် ဆိုတော့ အနည်းဆုံး အဆင့်အနိမ့်ဆုံးကြည့်မယ်ဆိုရင် သောတာပတ္တိမဂ်။ အမြင့်ဆုံးက အရဟတ္တမဂ်။ ဒါဆိုရင် အရိယ သစ္စာန ဒဿနံ မင်္ဂ ၄-ပါး ပိုင်ဆိုင်ခြင်းဟာလည်း မင်္ဂလာတစ်ပါးပဲ။

အဆင့်က တက်လာပြီနော်။ တဖြည်းဖြည်းနဲ့ မင်္ဂလာတွေက အောက်က နေပြီးတော့ တက်သွားတာ။ ကလေးတစ်ယောက်မွေးသလိုပဲ။ အသိဉာဏ်ကို တဖြည်းဖြည်းနဲ့ မွေးယူတာ။ အခု သီလ၊ သမာဓိ၊ ပညာ ပြည့်စုံလို့ မင်္ဂရသွားပြီ။ တပ ဗြဟ္မစရိယ ၂-ချက်ကို ကြည့်လိုက်တာနဲ့ သီလ သမာဓိ ပညာ ပြည့်စုံသွားရင် အရိယသစ္စာန ဒဿနံ တရားရတော့တာပဲ။ အဲဒါတရားက လုပ်တာ။ တရားအလုပ်ကို ကိုယ်လုပ်ရင် ဘယ်တော့မှမရဘူး။ ဒါကြောင့် ယောဂီတစ်ယောက် အနေနဲ့ တရားအားထုတ်ပြီဆိုရင် ယောဂီက ယောဂီအလုပ်ကို လုပ်ပါတဲ့။ တရားက တရားအလုပ်ကို လုပ်သွားပါလိမ့်မယ်တဲ့။ ပြီးတော့ ဆရာက တရား အလုပ်ကို မလုပ်ရဘူးတဲ့။ ယောဂီကတော့ ဘယ်အဆင့် စသည်ဖြင့် ဆုံးဖြတ်

ပေးတာက တရားရဲ့အလုပ်။ အဲဒါကြောင့် ကိုယ့် အလုပ်ကို ကိုယ်လုပ်ရင် မဂ်လာပေါ်တယ်။ ဝိပဿနာကြောင့် အရိယသစ္စန ဒဿနံ = မဂ်ပေါ်တယ်။ ဘာကြောင့်။ သီလရယ်၊ သမာဓိရယ်၊ ပညာရယ် ၃-လုံး ပြည့်ရင် အရိယသစ္စန ဒဿနံ။ အနည်းဆုံး သောတာပတ္တိမဂ်ကို ရပြီ။ အမြင့်ဆုံးက အရဟတ္တမဂ်။

ဒါကြောင့်မို့ ဒဿနမှာ ၂-ချက်ဖွင့်ထားတယ်။ အနုဗောဓ အသိရယ်၊ ပဋိဝေဓ အသိရယ် ဆိုပြီးတော့ အသိက ၂-မျိုးရှိပါတယ်တဲ့။ ဘာလဲဆိုတော့ သင်ကြားလို့သိတဲ့အသိရယ်၊ ကျင့်လို့ ပေါ်လာတဲ့အသိရယ်ဆိုပြီးတော့ ၂-မျိုး။ ဒါဆိုရင် ဉာဏ်လဲ သုတမယဉာဏ်နဲ့ စိန္တာမယဉာဏ် ဆိုပြီး ၂-မျိုးရှိတယ်။ အဲဒါကို အနုဗောဓလို့ခေါ်တယ်။ အနုဆိုတာ အထပ်ထပ် အခါခါ၊ ဗောဓ ဆိုတာ သိနေရတာ။ ဒါဆို အသိကမဆုံးသေးဘူး။ သုတမယ ဉာဏ်ရယ်၊ စိန္တာမယဉာဏ်ရယ် အဲဒီဉာဏ်၂-ခုဟာ အဆုံးမရှိဘူး၊ အဲဒါကို သာသနာအပြောနဲ့ ပြောမယ်ဆိုရင် ပရိယတ်နဲ့ ပဋိပတ်ပဲ။ ပြီးတော့ ပဋိဝေဓ။ ပဋိဝေဓဆိုရင် အဆင့်မြင့် ဆုံးဖြစ်သွားပြီ။ နောက်ထပ်ကျင့်စရာမလိုဘူး။ မဂ်ရပြီးသား ပုဂ္ဂိုလ် တစ်ယောက် အဲဒီမဂ်ကို ထပ်ကျင့်ရတယ်ဆိုတာ မရှိဘူး။ သောတာပတ္တိမဂ်ရရင် သောတာပတ္တိမဂ်အတွက် ကျင့်စရာမလိုဘူး။ အရဟတ္တမဂ်ရရင် အရဟတ္တမဂ် အတွက် ကျင့်စရာမလိုဘူး။ အဲဒါကို ပဋိဝေဓ အသိလို့ခေါ်တယ်။ ဒါဆိုရင် အရိယသစ္စာန ဒဿနံမှာ မှန်ကန်တဲ့အသိဆိုတာ ပဋိဝေဓ အသိပေါ့။

အဲ့ဒါမှ သာသနာ ၃-ရပ်ပြည့်တယ်။ ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓ။ သာသနာဆိုတာ ဗုဒ္ဓရဲ့အဆုံးအမတဲ့ ။ ဘုရားဆုံးမထားတာ ၃-ခု။ လူတွေ ၃-ခု ပြည့်အောင် ဖြည့်ဖို့လိုတယ်။ ဒါပေမဲ့ ၁-လုံးကတော့ ဖြည့်ဖို့မလိုဘူး။ သိအောင် လုပ်၊ မြဲအောင်ကျင့်။ အဲ့ဒါဆိုရင် ထိုးထွင်းပြီးသိမှာပဲ။ အဲဒီလို သိတဲ့အတွက် နိဗ္ဗာန သစ္ဆိ ကိရိယာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်မယ်။ အရိယသစ္စန ဒဿနံက သောတာပတ္တိမဂ်ဆိုရင် နိဗ္ဗာန သစ္ဆိကိရိယာက သောတပတ္တိဖိုလ်ပေါ့။ အရိယ သစ္စာန ဒဿနက အရဟတ္တမဂ်ဆိုရင် နိဗ္ဗာန သစ္ဆိကိရိယာက အရဟတ္တဖိုလ်ပေါ့။

ဗြဟ္မစရိယမှာ တချက်ပြောစရာရှိတယ်။ အတုမြင်တာ ရှိတယ်။ မဂ်ရဲ့ ရှေ့ပြေးဖြစ်တဲ့ ဝိပဿနာသည် နိဗ္ဗာန်အတုကိုမြင်ပါတယ်။ နိဗ္ဗာန် အစစ်ကိုတော့ မမြင်ဘူး။ နိဗ္ဗာန်အစစ်ကို စမြင်တာက ဂေါတြဘူကစတယ်။ ဂေါတြဘူပြီး ရင်မဂ်။ စိတ်တလုံးပဲခြားတာ။ အဲ့ဒါဆို ဝိပဿနာကို အားထုတ်နေတဲ့ ယောဂီ တစ်ယောက်ကို ကြည့်လိုက်မယ်ဆိုရင် သူတို့သည် နိဗ္ဗာန သစ္ဆိကိရိယာပဲ။ နိဗ္ဗာန်ကို မျက်မှောက်ပြုတယ်။ အစစ်လားဆိုတော့ မဟုတ်ဘူး။ အရိယ သစ္စာန ဒဿနံမရှိရင် အစစ်ကိုမရသေးဘူး။ ဒါပေမဲ့ အတုကို ရချင်တယ်ဆိုရင် ဝိပဿနာကို အနည်းဆုံးအားထုတ်ရတယ်။ ဝိပဿနာအားထုတ်တဲ့ ပုဂ္ဂိုလ်က ရုပ်နဲ့နာမ်ရဲ့ ဖြစ်ပျက်ကို ဉာဏ်နဲ့သိပြီဆိုရင် ရုပ်နာမ်တွေဟာ ဒီလို ဖြစ်ပြီး ဒီလိုပျက်တာရှိရင် နိဗ္ဗာန်ဟာ ဒီလိုအဖြစ်လည်း မရှိဘူး။ ဒီလို အပျက် လည်းမရှိဘူး ဆိုတာကို နားလည်သွားတယ်။ ဒါဟာ နိဗ္ဗာန သစ္ဆိကရိယာပဲ။ နိဗ္ဗာန်ဆိုတာ ဘာလဲဆိုတာကို အနုမာန မှန်းပြီးသိသွားတယ်တဲ့။ ခန္ဓာရဲ့ဒုက္ခကို နားလည်သွားလို့၊ ခန္ဓာမရှိခြင်းရဲ့ သုခကိုသိသွားလို့၊ အစစ်တော့ မဟုတ်သေး ဘူး။ အဲ့ဒါကြောင့် ဝိပဿနာ အားထုတ်တဲ့ ပုဂ္ဂိုလ်ဟာ နိဗ္ဗာန်မြင်လို့ အပါယ်နဲ့ဝေးတယ်။

ဒါကြောင့် မင်္ဂလာ ဘယ်နှစ်ပါးလဲဆိုတော့၄-ပါး။ အဲဒါ အကျင့်ပိုင်း ဆိုင်ရာ ရောက်သွားပြီ။ သီလက ဒီတိုင်းထားလို့ မရဘူး။ သီလကိုမြင့်အောင် မြတ်အောင်ဆိုရင် ဗြဟ္မစရိယ၊ အဆင့်အနိမ့်ဆုံး သမထအားထုတ်ရတယ်။ ဒီထက် ပိုမြင့်ချင်ရင် ဝိပဿနာအားထုတ်ပေါ့။ အဲဒါက မင်္ဂလာ၄-ပါး။ ဒါက အကျင့်နဲ့ ဆိုင်တယ်။ မင်္ဂလာတရား ၃၈-ပါးပြည့်ပြီဆိုရင် အားလုံးပြန်ပြီး ပြောပေးမယ်။ လူတွေပြောလေ့ရှိတယ်။ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး ဆိုပြီးတော့။ ဆိုတဲ့စကား အဲ့ဒီ၃-ခုလုံးနဲ့ သုံးသပ်ရမယ်။ ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓဆိုတဲ့ စကားနဲ့လည်း ခြုံငုံကြည့်ရမယ်။

အခုဆက်သွားမှာက

**ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံယဿ နကမ္ပတိ။**

**အသောကံ ဝိရဇံခေမံ၊ ဧတံမင်္ဂလမုတ္တမံ။**

ယဿက စပြီးတော့ ပြောတယ်။ ယဿဆိုတာပုဂ္ဂိုလ်၊ အဲ့ဒီပုဂ္ဂိုလ်ဟာ ဖုဋ္ဌဿ တွေ့ထိပေမဲ့၊ လောက ဓမ္မေဟိ လောကဓံတရားတွေနဲ့ တွေ့ထိရတာ တောင်မှ၊ စိတ္တံ သူ့ရဲ့စိတ်ဟာ၊ နကမ္ပတိ မလှုပ်ပါဘူး။ အသောကံ စိုးရိမ်တယ် ဆိုတာလဲ မရှိပါဘူးတဲ့။ ဝိရဇံ ရန်ဆို မြူလည်းမရှိပါဘူးတဲ့။ ခေမံ အေးချမ်း နေပါတယ်တဲ့။ အဲဒါဟာ မြင့်မြတ်တဲ့ မင်္ဂလာပဲ။ ဒီ ဖုဋ္ဌဿ လောက ဓမ္မေဟိ ကိုလိုချင်ရင် ဝိပဿနာတရား အားထုတ်ဖို့ပဲ။ ဘယ်သူမှ မရနိုင်တဲ့အရာ ရချင် တယ်ဆိုရင် ဘယ်သူမှ မလုပ်တဲ့ အလုပ်ကိုလုပ်ရတယ်။ ဒါန သီလ သမထ တရားများနဲ့ မရနိုင်ဘူး။ ဘာ့ကြောင့်လည်းဆိုတော့ နိဗ္ဗာန်ကို မျက်မှောက်ပြုတဲ့ ပုဂ္ဂိုလ်တွေထဲမှာ အဆင့်မြင့်ဆုံးဖြစ်တဲ့ အရဟတ္တဖိုလ်ကို ရပြီးသားပုဂ္ဂိုလ်တွေသာ လောကဓံ တရားနဲ့ တွေ့ကြုံတဲ့အခါ တုန်လှုပ်မှုမရှိတာကြောင့်ပါ။ ဒါဆိုရင် ယဿက ဆိုတာ ရဟန္တာပေါ့။

ဒါဆိုရင် လောကဓံဆိုတာ လာဘော အလာဘော၊ လိုချင်တာရတာ လည်း ရှိမယ်၊ မရတာလည်း ရှိမယ်။ ပြီးတော့ ယသော အယသော၊ ယသက အခြွေအရံပေါတာလည်း ဖြစ်ကောင်းဖြစ်မယ်။ သို့မဟုတ် အထီးကျန် တစ်ယောက်တည်း နေရတာ ဖြစ်ကောင်းဖြစ်မယ်။ ပြီးတော့ နိန္ဒာ ပသံသံ ကဲ့ရဲ့ ခံရတာ ဖြစ်ကောင်းဖြစ်မယ်၊ ချီးမွမ်းခံရတာ ဖြစ်ကောင်းဖြစ်မယ်။ ပြီးတော့ သုခံ ဒုက္ခံ၊ ချမ်းသာတာလည်း တွေ့နိုင်တယ်။ ဆင်းရဲတာလည်း တွေ့နိုင်တယ်။ အဲဒီတရားတွေနဲ့ တွေ့ကြုံရပေမယ့် မတုန်လှုပ်ဘူးတဲ့။ အဲဒါနဲ့ ပတ်သက်ပြီးတော့ အတုလဥပသကာဆိုတဲ့ လူတစ်ယောက်ပေါ့ တအားအပြစ်မြင်တတ်တာ။

သူက ဘုရားရှင်ဆီကို ရောက်လာတယ်။ အဲဒါနဲ့ ဒကာကြီး တရားနာ ပြီးပြီလားဆိုတော့ သူ အရှင်ရေဝတဆီ ရောက်ပါတယ်တဲ့။ ရှင်ရေဝတ က

စကားတစ်ခွန်းမှ မပြောဘူးတဲ့။ ပြီးတော့ ရှင်သာရိပုတ္တရာဆီကို ရောက်တယ်။ သူကျတော့ အဘိဓမ္မာတရားတော်တွေကိုဟောတာ တပည့်တော်တစ်လုံးမှ နားမလည်ဘူးတဲ့။ ဒါနဲ့ မထူးဘူးဆိုပြီးတော့ ရှင်အာနန္ဒာဆီ သွားတယ်တဲ့။ အရှင်အာနန္ဒာကျတော့ တရားကို နဲနဲလေး ဟောတာတဲ့။ ဒါကြောင့် အရှင်ဘုရားဆီကို တပည့်တော် လာတာတဲ့လေ။ ဘယ်သူ့ကို အကောင်းပြောသေးတုန်း။ အကုန်လုံးက ရဟန္တာပဲမဟုတ်လား။ ရဟန္တာနဲ့တွေ့တာတောင်မှ ယူတတ်တဲ့ ပုဂ္ဂိုလ်မှရတာ။ သာသနာနဲ့ ဘယ်လောက်ပဲ တွေ့နေတွေ့နေ သာသနာ မကောင်းကြောင်း ပြောပြီးတော့ နေတဲ့ပုဂ္ဂိုလ်က ရစရာမရှိဘူး။ ဒါနဲ့ ဘုရားရှင်က ပြောတယ်။ မင်းက အဲဒီလိုပြောမယ်ဆိုရင် ဘာမှရမှာ မဟုတ်ဘူးတဲ့။ တခြားလူမပြောနဲ့။ ငါ့ကိုကြည့်တဲ့။ ငါက ဘာဖြစ်လဲ။ လူ နတ်တွေ ချီးမွမ်းပေမယ့် တချို့လူတွေက ငါ့ကိုကဲ့ရဲ့နေတုန်း။ စိဉ္စာမာဏ စွပ်စွဲမှုက ဘုရားအတွက် ထိလွန်းတယ်။ အခုခေတ်စကားနဲ့ဆိုရင် ကမ္ဘာကျော် အရှက်ခွဲ မှုကြီးပေါ့။ သာမာန်လူတစ်ယောက်ဆိုရင် အဲဒီနားမှာ လဲသေလောက်အောင်ကို အရှက်ကွဲပြီး ဘဝကို အဆုံးသတ်သွားမှာ။ ကဲ့ရဲ့မှုကို မခံနိုင်လွန်းလေ။

ဒါကြောင့် စကားပြောတဲ့သူဆိုရင် စကားပြောလို့ မပြောတဲ့သူ ဆိုရင်လည်း မပြောဘူး စသည်ဖြင့် လူတွေက ပြောနေကြမှာပဲ။ ဒါကြောင့် ကဲ့ရဲ့ခံလွတ်တဲ့သူဆိုတာ လောကမှာ မရှိဘူး။ ဒါဟာ ဟိုရှေးရှေးကတည်းက လောကရဲ့ သဘာဝတစ်ခုတဲ့။ ဘုရားရှင်က အဲဒီလို တရားဟောလိုက်တဲ့အခါ သူက အာရုံစိုက်ပြီး တရားနာလိုက်တဲ့အခါမှာ သူက တရားရသွားတာပေါ့။ လောကမှာ ကြုံနေတာ လောကရဲ့ သဘာဝနော်။ ဒါကို လောကခံလို့ခေါ်တယ်။ လောကကပေးတဲ့ဒဏ် မဟုတ်ဘူး။ ရတာလည်း ရှိချင်ရှိမယ်။ မရတာလည်း ရှိချင်ရှိမယ်။ ရတဲ့အခါ အပျော်မလွန်ဖို့ လိုအပ်သလို။ မရတဲ့အခါမှာလည်း ဝမ်းနည်းမှုမများဖို့လိုအပ်ပါတယ်။ တောင်မြို့ မဟာဂန္ဓာရုံ ဆရာတော်ကတော့ ဆုံးမပါတယ်။

လူဟုဆိုလျှင်၊ လူလိုပင်သာ၊ လူတွင်တွေ့ရှိ၊ ကြောင်းအကျိုးနှင့်၊

ကောင်းဆိုးနှစ်တန်၊ လောကဓံကို၊ အမှန်တွေ့မြဲ၊ စိတ်ဝယ်စွဲ၍၊ ဝမ်းနည်းဝမ်းသာ၊ မများပါတဲ့။

ဘာနဲ့ဘာပဲရှိ။ အကြောင်းနဲ့အကျိုးပဲရှိ။ ကောင်းတဲ့အကြောင်းကို လုပ်ခဲ့မယ်ဆိုရင် ကောင်းတဲ့အကျိုးကို ကြုံမှာပေါ့။ အဲဒါ လောကရဲ့သဘာဝလေ။ မကောင်းတဲ့အကြောင်းကို လုပ်ခဲ့မယ်ဆိုရင် မကောင်းတဲ့အကျိုးကို ကြုံရမှာပေါ့။ ဆင်းရဲခြင်း၊ ချမ်းသာခြင်း၊ မိတ်ဆွေပေါခြင်း၊ မိတ်ဆွေမရှိခြင်း၊ ကဲ့ရဲ့ခံရခြင်း၊ ချီးမွမ်းခံရခြင်း၊ လိုတာရခြင်း၊ လိုတာမရခြင်းဆိုတာ အကြောင်းနဲ့အကျိုးကြောင့်ပေါ်လာတာ။ ငါ့ကြောင့် ဖြစ်တာမဟုတ်ဘူး။ ငါ မရှိတဲ့သူတွေသာ မတုန်လှုပ်ဘူး။ ငါရှိ ငါခံရတယ် ငါ တုန်လှုပ်တယ်။ ပြီးတော့ အသောကံ ဘယ်တော့မှ သောက မဖြစ်ဘူး။ လှုပ်တဲ့ပုဂ္ဂိုလ်က သောကဖြစ်မှာပေါ့။ မလှုပ်တဲ့ပုဂ္ဂိုလ်က သောက မဖြစ်ဘူး။ ဝိရဇံ လောဘ ဒေါသ မောဟဆိုတဲ့ မြူလည်း မရှိဘူး။ ဘာဖြစ်လို့လဲဆိုတော့ တုန်လှုပ်သူမဟုတ်လို့၊ တုန်လှုပ်ရင်တော့ မြူရှိမှာပေါ့။ လောဘမြူ ဒေါသမြူ မောဟမြူ ရှိနေမှာပေါ့။ ခေမ အေးချမ်းတယ်ဆိုတာ နကမ္ပတိ မလှုပ်လို့အေးတာ။ လှုပ်နေရင် ဘဝက မအေးဘူး။

ဒါကြောင့် ဘဝကိုပိုင်ဆိုင်ရတဲ့ ပုဂ္ဂိုလ်တွေက စီးပွားရေး၊ သားရေးသမီးရေးနဲ့ပဲ လှုပ်နေပြီဆိုရင်တော့ သောက ရလာမှာပေါ့။ သောကက သူဟာသူ သူလာတာ မဟုတ်ဘူး။ လှုပ်နေလို့ လာတာ။ မလှုပ်ရင် မလာဘူးရယ်။ ငါမှ ဆင်းရဲတယ်၊ ငါမှ ကြုံရတယ်ဆိုတာ ငါရှိနေလို့။ သောကကြုံရတဲ့သူ တွေချည်းပဲ စုနေပြီဆိုရင် အဲဒီလူတွေအားလုံးက သတ်သေကြမလားမသိဘူး။ တကယ်တော့ လောကမှာ သောကများသူတွေချည်းပါပဲ။ ကိုယ်ချင်းစာတရား ပေါ်လာရင် ငါ့ရဲ့သောက,က သူများသောကနဲ့စာရင် တော်ပါသေးလား ဆိုတာကို နားလည်သွားလိမ့်မယ်။ ဒါပေမယ့် ကိုယ့်တစ်ယောက်တည်း နေမယ့်အချိန်မှာတော့ အမလေး ဒီသောကက ငါပဲ များတယ်၊ ငါပဲ ဒုက္ခရောက်တယ် ဆိုတာမျိုးတွေး

နေရင် လောကဓံနဲ့ နပမ်းလုံးနေတာ။ တကယ်တော့ လောကဓံကို နပမ်းသွား လုံးလို့မရဘူး။ လောကကို အန်တုဖို့ မကြိုးစားနဲ့၊ လောကကို နားလည်အောင် ကြိုးစားရမှာ။ အဲဒါ အရိယသစ္စာ ဒဿနပဲ။ သစ္စာဆိုတာ အမှန်ကိုတွေ့ရှိခြင်း၊ ဘာကိုတွေ့လဲဆိုတော့ ဒုက္ခသစ္စာကို သိသွားတာ။ ပြီးတော့ သမုဒယသစ္စာနဲ့ ဒုက္ခကို ပယ်ဖို့ကြိုးစားတာ။ ဘုရားရှင်က လောကဓံကို တွန်းလှန်ဖို့ကြိုးစားခဲ့တာ မဟုတ်ဘူး။ လောကရဲ့သဘာဝကို နားလည်အောင်ကြိုးစားလို့ မတုန် မလှုပ်တော့တာ။

လူတွေက ပြောင်းပြန်၊ လောကဓံကို ကျော်နိုင်အောင်ဆိုပြီးတော့ နင်လားဟဲ့ လောကဓံဆိုတာမျိုး သွားလုပ်တတ်တယ်။ ဒါမျိုးတော့ သွားမစမ်းနဲ့ နော်။ ဒီလောကဓံတရားတွေနဲ့ ပတ်သက်ပြီးတော့ အရိယာတွေသာ နကမ္ပတိ လားဆိုတော့ မဟုတ်ဘူးတဲ့။ မင်္ဂလာတရားတွေဟာ သုံးတတ်ရင် တကယ့်ကို မင်္ဂလာရှိတယ်။ ခန္တီ သည်းခံနိုင်စွမ်းရှိတဲ့ပုဂ္ဂိုလ်တွေ။ သူတို့ကလဲ ပြောဆို ဆုံးမတာကို နာခံတဲ့လို့ ခန္တီ အားကောင်းလာတယ်။ သည်းခံအား ကောင်းလာ တာကလည်း ကောင်းရာ ကောင်းကြောင်း လမ်းကြောင်းတည့်ပေးမယ့် ပုဂ္ဂိုလ်နဲ့ သွားတွေ့လို့ အဲဒီပုဂ္ဂိုလ်နဲ့ သွားတွေ့တဲ့ အချိန်မှာ သူ့ရဲ့ စကားကို နားထောင် နိုင်လို့ပါ။ ခန္တီဖြစ်ဖို့ဆိုရင်လဲ တရားမျိုးနဲ့ပတ်သက်ပြီးတော့ ကျင့်နိုင်အောင် အမြဲကြိုးစားနေရတယ်။ အဲဒီ အချက်က လူတစ်ယောက် ကို တုန်လှုပ်မှု၊ စိုးရိမ်မှု ကင်းစေတယ်တဲ့။ ဥပမာပေးရမယ်ဆိုရင် မလ္လိကာပေါ့။

မလ္လိကာက ပုထုဇဉ်စစ်စစ်နော်။ သူက သောတပန်မဟုတ်ဘူး။ဘဝ တစ်ခုမှာ သောကကင်းကင်းနဲ့ နိဗ္ဗာန်ကို ရရပါလို၏လို့ဘဲ ဆုတောင်းထား တာ။ ဘာကြောင့် သူက ဒီလောက်ထိ ခံနိုင်အားရှိတာလည်းဆိုတာ တရားကျင့်သူ တရားပြည့်သူတွေကို ကိုးကွယ်နေလို့။ သူနေတာက သာဝတ္ထိ၊ သာဝတ္ထိမှာ ကျောင်းကြီး၂-ကျောင်းရှိတယ်။ ပုဗ္ဗါရုံ ကျောင်းနဲ့ ဇေတဝန်ကျောင်း။ အဲဒီကျောင်းမှာ အကျင့်ပြည့်တဲ့ သံဃာတွေနဲ့ လေ။ ပြီးတော့ သောဝစဿတာ

ဘုရားဟော သံဃာဟောတဲ့ တရားတွေကို နာတဲ့အပြင် နှလုံးသားထဲအထိ ထည့်ထားတယ်။ အဲဒီလို တရားတွေ နှလုံးသားထဲ ထည့်ထားတဲ့အတွက် သည်းခံနိုင်စွမ်းရှိလာရင် မတုန်လှုပ်တော့ဘူး။ ဒါကြောင့် ရဟန္တာမှ မတုန်လှုပ်တာ မဟုတ်ပါဘူး။ အဲဒါက မင်္ဂလာ ၃၈-ပါး။

**ဧတေဒိသာနိ ကတွာန**၊ ဧတောဒိသာနိ ဆိုတာက တကယ်လို့ ၃၈-ပါး သော မင်္ဂလာတရားတော်များကို ကတွာန ဖြည့်ကျင့်ရတဲ့အတွက်တဲ့ **သဗ္ဗတ္ထ မပရာဇိတာ** ဘယ်ရန်သူမှ သူ့ကို နိုင်လို့မရတော့ဘူးတဲ့။ ရန်သူအားလုံးကို သူနိုင်တယ်။ လောကမှာ ရန်သူတွေအမျိုးမျိုးရှိတယ်။ ဘုရားစကားနဲ့ ပြောမယ် ဆိုရင် ဒေဝပုတ္တရန်။ သူက အပြင် မာရ်နတ်ရဲ့ရန်ပေါ့။ ဒီအတိုင်းပဲ။ လူတွေရဲ့ ရန်ဟာ ဒေဝပုတ္တပဲ။ ပြီးတော့ တခြားကိလေသာရန်ဆိုတာ ရှိသေးတယ်။ ကိလေသာ ရန်ဆိုတာ ရှိသေးတယ်။ ကိလေသာရန်ဆို တာက ကြောက်စရာအကောင်းဆုံး။ ၃၈-ပါး စလုံးနဲ့ပြည့်စုံမှ ရန်အားလုံးကို နိုင်မှာနော်။ တစ်ပါးပြည့်ရုံနဲ့ မရဘူး။ ဧတောဒိသာနိ ကတွာန စကားကို ကြည့်မယ်ဆိုရင် သဗ္ဗတ္ထ ရန်သူအားလုံးကို မပရာဇိတာ နိုင်သွားပြီ။ ဘယ်ထိ အောင်နိုင်သွားပြီလဲဆိုရင် သေမင်းကိုတောင် နိုင်တာ။ ဒါကိုကျတော့ မစ္စုမာရ် ခေါ်တယ်။ မာရ်က ဘုရားရှင်အောင်မြင်တာကို ကြည့်မယ်ဆိုရင် ခန္ဓမာရ်ဆိုတာရှိတယ်။ ခန္ဓာ နောက်ထပ်မရတော့ဘူး။ ကိလေသမာရ်ဆိုတာ ရှိတယ်။ သူ့ခန္ဓာ ကိုယ်ကိုမှီပြီး တည်ဆောက်ပေးနေတဲ့ ကိလေသာတရား။

ကိလေသာရှိ၊ ခန္ဓာရှိနေရင် မစ္စုသေရဦးမှာ။ အဲဒီ သေခြင်းတရား ကိုလည်း သူအနိုင်ယူသွားပြီ။ ဘာကြောင့်လဲဆိုတော့ ကိလေသာတွေကိုနိုင်လို့၊ ပြီးတော့ သေခြင်းတရား မရနိုင်တော့က အဘိသင်္ခါရမာရ်ဆိုတဲ့ ခန္ဓာမှာ ဖြစ်ပျက်သဘောတရားကို နားလည်သွားလို့၊ ဒါဟာ အရိယသစ္စာ ဒဿနပဲ။ အဲဒါကို ရဖို့အတွက် ဘာကိုနိုင်ရမလဲ။ ခန္တီနဲ့ ဒေဝပုတ္တ။ အပြင်ရန်ကို အရင် အနိုင်ယူတာက ခန္တီ၊ အတွင်းရန်ကို အနိုင်ယူတာလဲ ခန္တီပဲ။ အဲဒါကို သဗ္ဗတ္ထ

အပရာဇိတာ ရန်သူအားလုံးကို နိုင်သွားပြီ။ ရန်သူဘယ်နှစ်ယောက်။ ၅-ယောက်။ ခန္ဓမာရ်ဆိုတာ ခန္ဓာကိုယ်။ အဲဒီခန္ဓာကိုယ်က ကိုယ့်ရဲ့ရန်သူ၊ အဲ့ဒီခန္ဓာကိုယ်နဲ့ အိုရဲလား၊ သေရဲလား။ ဒါပေမယ့် ရန်သူကို မလုပ်ပါနဲ့ မလုပ်ပါနဲ့ ပြောလို့မရဘူး။ ရန်သူလေ၊ သူလုပ်မှာပဲ။ အဲဒါ အရှုံးပေးရတယ်ခေါ်တာ။ ဒါပေမယ့် မင်္ဂလာပြည့်သွားရင် မင်းသဘော။ မင်းကြိုက်သလိုလုပ်။ ငါ့ဂရုမစိုက်ဘူးပြောရင် ရန်သူက ဘာမှလုပ်လို့မရတော့ဘူး။

ပြီးတော့ ကိလေသမာရ်။ ဘယ်လောက်ထိ ကိုယ့်ကိုယ်ကို ခြောက်သလဲ ကြည့်။ မင်းမစားရင် မင်းသေမှာပေါ့။ မင်း ဒီလိုမှ ပြန်မပြောရင် မင်းသိက္ခာ ကျမှာပေါ့။ ကိုယ့်ကိုအနိုင်ယူနေတာ ကိုယ်အမြဲအရှုံးပေးနေရတာချည်းပဲ။ ဘယ်တုန်းက အနိုင်ယူဘူးလဲ။ မနိုင်ခဲ့ဖူးဘူး။ ညောင်းနေပြီး မင်းနားတော့ မနားရင် မင်းသေသွားမှာပေါ့။ ကျိုးသွားမှာပေါ့ စသည်ဖြင့် ရန်သူက ကိုယ့်ကို ခြိမ်းခြောက်တယ်။ ကိုယ်တိုင်က မနိုင်ဘူး။ အဲဒါ ကိလေသမာရ်ပဲ။ ပြီးတော့ မစ္စုမာရ် သေတာလည်း ရန်သူ။ ရန်သူကို တားလို့ မရဘူး။ သတ်မှာပဲ။ ဒါပေမယ့် မင်္ဂလာပြည့်စုံသွားတဲ့ပြီဆိုရင် မင်းသတ်ချင် သတ်လေဖြစ်သွားတာ။ မကြောက်တော့ဘူး။ ဘုရားရှင်ဟာ ပရိနိဗ္ဗာန်စံခါနီးမှာ ဝမ်းနည်းပူဆွေးနေလား။ သူသေမယ်ဆိုတာ တရားဝင်၁၀-လ ကြိုပြောထားပြီးသား။ အခုမင်းသေ တော့မှာလို့ ၁၀-ရက်လောက် ကြိုပြောကြည့်။ ကြောက်ကြမှာပဲ။ ဒါဆိုရှုံးပြီလေ။

ဘုရားရှင်က ၁၀-လကြိုပြီးတော့ ငါ ပရိနိဗ္ဗာန်စံတော့မယ်လို့ ထုတ်ပြောထားတာ။ အခုလူတွေကို ခင်ဗျား ၆-လပဲ နေရတော့မယ်လို့ ဆရာဝန်ကပြောကြည့်။ ကြားရတဲ့ လူနာ လန့်နေပြီ။ ဒါဟာ မင်္ဂလာ မရှိတာလို့။ ဒါကြောင့် ကိုယ်က ရန်ကိုနိုင်ချင်ရင် ရန်ကိုနိုင်စေတဲ့ ဉာဏ်ထည့်ထားရတယ်။ ဒါဟာ မင်္ဂလာတစ်ပါးပဲ။ ပြီးတော့ ကိလေသာကင်းနေတဲ့သူက သေမှာ မကြောက်တော့ဘူး။ အဘိသင်္ခါရ မာရ်ကို ဝိပဿနာကျင့်မှ မာန်အားလုံး နိုင်ချင်ရင် အဘိသင်္ခါရမာရ်ကို ရအောင်လုပ်။ ရဆိုတာက ခန္ဓာမှာ ဖြစ်ပျက်နဲ့

လှုပ်ရှားနေတဲ့ အရာအားလုံးကို ဉာဏ်နဲ့ မြင့်အောင်ရှု။ ဖြစ်ပျက် မမြင်သေး သရွေ့ ခန္ဓာကကိုယ့်ကိုပြောနေမယ်။ မင်းညောင်းနေပြီနော်။ မင်းကြာကြာရပ်လို့ မရဘူးနော်။ မင်းဗိုက်ဆာနေပြီနော်။ မင်းမျက်စိက မြင်ချင် နေပြီနော်။ ဘယ်သူက ခေါ်နေပြီနော်။ ဘယ်အချိန်ကျပြီနော်လို့လေ။ ဒါမျိုးတွေကို ဉာဏ်နဲ့ အနိုင်ယူရတယ်။

ရန်သူ ၅-ယောက်။ မစ္စုမာရ်၊ ခန္ဓမာရ်၊ ကိလေသမာရ်၊ ဒေဝပုတ္တမာရ်၊ အဘိသင်္ခါရမာရ်။ ဒေဝပုတ္တမာရ် ဆိုတာက ဘုရားတွေအတွက် ပြောတာ။ ဦးဇင်းတို့အတွက်ဆိုရင် မိတ်ဆွေလည်း ရန်သူပဲ။ သားသမီးလည်း ရန်သူပဲ။ ကိုယ် သေခါနီးမှာ လာငိုနေရင် ရှုံးပြီ။ အဖေရေ အဖေရေလို့ လာငိုပြရင် သား၊သမီးလည်း ရန်သူပဲ။ အဲဒါ ဒေဝပုတ္တမာရ်ပဲ။ ကိုယ့်ကို မာရ်နတ် လာမဖျက်ဘူး။ ကိုယ့်အနီးအနား ပတ်ဝန်းကျင်က ကိုယ့်ကိုဖျက်ဆီးမှာ။ အနီးဆုံးက သားသမီး ရှိတယ်။ ဆွေမျိုးရှိတယ်။ ပြီးတော့ ရပ်ကွက်ရှိတယ်။ အဲဒါ ဒေဝပုတ္တမာရ်နဲ့ အတူတူပေါ့။

ပြီးတော့ **သဗ္ဗတ္ထသောတ္ထိ ဂစ္ဆန္တိ**။ သဗ္ဗတ္ထ ဘယ်နေရာမှာ ဖြစ်ဖြစ် သောတ္ထိ ဂစ္ဆန္တိ အေးအေးချမ်းချမ်း နေသွားရတာတဲ့။ သူ့မှာ နေစရာမရှိဘူး ဆိုတာ မရှိဘူးတဲ့။ သစ်တစ်ပင်အောက်မှာလည်း နေလို့ရတယ်။ ဝါးတစ်ပင် အောက်မှာလည်း နေလို့ရတယ်။ နေရိပ်တဲ့နေရာမှာလည်း နေလို့ရတယ်။ နေပူတဲ့နေရာမှာလည်း နေလို့ရတယ်။ ဒါဆိုရင် လှုပ်တဲ့ပုဂ္ဂိုလ်တွေ အဲဒီလို နေလို့ရလား။ ပူရင် အအေးကိုရှာတယ်။ အေးရင် အပူကိုရှာတယ်။ အကုန်လုံး လိုက်ရွေးနေတာ။ ဒါကြောင့် တရားပြည့်တဲ့ ပုဂ္ဂိုလ်တစ်ယောက် နေစရာ မရှားဘူး။ တရားမရှိတဲ့ ပုဂ္ဂိုလ်တစ်ယောက် နေရာမရှိဘူးတဲ့။ အဲဒါ သဗ္ဗတ္ထသောတ္ထိ ဂစ္ဆန္တိပဲ။ ဘယ်နေရာပဲဖြစ်ဖြစ် သောတ္ထိ ချမ်းသာစွာ၊ ဂစ္ဆန္တိ သွားရတယ်။ သူနေလို့ မရတဲ့ နေရာမရှိဘူးတဲ့။ တရားမရှိရင် ငါနေလို့ရတဲ့ နေရာမရှိဘူးတဲ့။ ရန်သူတွေ ဝိုင်းနေလို့ ဝိုင်းနေလို့လေ။

# မင်္ဂလာတရားတော်အကျဉ်းချုပ်

ဒါဆို ၃၈-ပါးမင်္ဂလာပြည့်စုံတဲ့ပုဂ္ဂိုလ်တစ်ယောက် ရနိုင်တဲ့ အကျိုးတွေက ရန်သူကင်းခြင်း၊ နိဗ္ဗာန်ရောက်ခြင်းပဲ။ အဲဒါဆိုရင် အားလုံး ပြန်ခြုံကြည့်မယ်။ အစကနေ ပြန်ကြည့်မယ်။ အသေဝနာစ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ ပူဇာစ ပူဇနေယျာ နံ၊ ဧတံ မင်္ဂလ မုတ္တမံ။ ဒါက စီးပွားရေး နဲ့ ပတ်သက်ပြီး တွေ့ရမယ် အလုပ်တစ်ခုဖြစ်လာပြီ။ စီးပွားရေးမှာဆိုရင် လူမိုက်ကို ပေါင်းနေတဲ့ ပုဂ္ဂိုလ်ကို ကြည့်မယ်ဆိုရင် ပစ္စုပ္ပန်အကျိုးလည်း ယုတ်စေတယ်။ ပြီးတော့ အနာဂတ်အကျိုးလည်း ယုတ်စေတယ်။ အဲဒီ ပုဂ္ဂိုလ်မျိုးကို ပေါင်းရင် စီးပွားရေးလည်း မတိုးတက်သလို၊ ကြီးပွားရေးလည်း မရှိနိုင်ဘူး။ ဘယ်သူ့ကို ပေါင်းသင့်သလဲဆိုရင် ပဏ္ဍိတ။ သူ့ဆီက တစ်ခုခု ရပြီးရင်လည်း ကိုယ်က ပြန်ပေးဖို့စဉ်းစား။ အဲဒါ ပူဇာစ ပူဇ နေယျာနံ။ ကိုယ်က ပူဇာစ ပူဇနေယျာနံ အစစ်အမှန်ဆိုရင် သူ့ဆီက ပညာအားလုံးရလာလိမ့်မယ်။ တပည့်တွေတော် လွန်းလို့ ခိုကပ်မှုမရှိဘဲနဲ့ ဆရာကို ပူဇော်လွန်းလို့ သမီးနဲ့ ပေးစားတာတွေ ဇာတ်တော်တွေမှာ တွေ့ရတယ်။ ဒါကြောင့် မကောင်းတဲ့ ပုဂ္ဂိုလ်ကို ရှောင်နိုင်ရမယ်။ ကောင်းတဲ့ပုဂ္ဂိုလ်ကို ပေါင်းရမယ်။ ပေါင်းတဲ့ နေရာမှာ ပေးပေါင်း။ ယူပေါင်း မဟုတ်ဘူး။

အဲဒီပုဂ္ဂိုလ်အတွက် ဒီနေရာက မသင့်တော်ဘူးဆိုရင် သင့်တော်တဲ့ နေရာပြောင်းရမယ်။ ပြီးတော့ ပုဗ္ဗေစ ကတ ပုညတာ အတိတ်က ကုသိုလ်ကံ ရှိနေသေးမယ် ဆိုရင် အတ္တ သမ္မာ မဏိဓိ ကိုယ်ရော စိတ်ပါ ကောင်းစွာထား နိုင်ဦးမယ်ဆိုရင် ကြီးပွားဖို့ရာ အကြောင်းတရားဖြစ်လာတယ်။ အဲဒီပုဂ္ဂိုလ် မျိုးဟာ ဗဟုသုတ ရှိအောင်လုပ်ထားဖို့လိုအပ်သလို၊ သိပ္ပ=တတ်အောင်လည်းကြိုးစား။ ဝိနယောစ သုသိက္ခိတောတတ်တဲ့ အတိုင်းကျင့်နိုင်အောင်လုပ်ပြီး။ သုဘာသိတာစ ယာဝါစာ စကားကို အချိုသာဆုံးပြောရမယ်။ အဲဒါတွေက အောင်မြင်ရေး

လမ်းကြောင်းတွေပဲလေ။ ဒေးလ်ကာနက်ဂျီ ရေးထားတဲ့ စာအုပ်မှာတော့ အပြောကောင်းဖို့ လိုတယ်တဲ့။

အပြောကောင်းရုံသက်သက်မဟုတ်ဘဲနဲ့ အကျင့်လည်းကောင်း အပြောလည်းကောင်းဖို့ ကြိုးစားရမယ်။ ဒီလို ပြောင်းလဲလာရင် မလိုချင်တဲ့သူ မရှိဘူး။ ဒီလိုသာပြည့်စုံနေမယ်ဆိုရင် မကြီးပွားစရာမရှိတော့ဘူးတဲ့။ အသက်၂၀-လောက်ထိ အဲ့ဒီပုံစံနဲ့ လူတိုင်းသွားရမှာ။ ပြီးတော့ အသက်၂၀-ကျော်တဲ့အခါ ကိုယ်ပိုင်စီးပွားတွေလုပ်ပြီ ကိုယ့်မှာ ပညာပြည့်လာပြီ၊ ချမ်းသာလာပြီလေဆိုတော့ မိဘကိုလုပ်ကျွေးရမယ်၊ မိဘလုပ်ကျွေးနေတဲ့ သူမှာ ပတ်ဝန်းကျင်တော့ရှိမှာပဲ။ ယောကျ်ားဆိုရင် မိန်းမရမယ်။ မိန်းမဆိုရင် ယောကျ်ားရမယ်။ ဒါဆိုရင် ပုတ္တဒါရဿ သင်္ဂဟောပဲ။ အပေါင်းအသင်းများလာပြီဆိုရင် အနာကုလာစ ကမ္မန္တာ ပျင်းလို့ မရတော့ဘူး။ အနာကုလာစ ကမ္မန္တာမှာ လူတစ်ယောက်ကြီးပွားဖို့ဆိုရင် ၅-ချက် လောကီအရေး၊ လောကအရေး ပြည့်လာပြီဆိုရင် ဒီတိုင်းမနေနဲ့ဦး။ သားကျွန်၊ သမီးကျွန်၊ မယားကျွန်၊ ယောကျ်ားကျွန်၊ မိဘကျွန်ပဲ ခံပြီးရပ်သွားရင် မင်္ဂလာက အဲဒီနားတင် ဘဝက ရပ်သွားတတ်တာ။ မပြည့်သေးလို့ ထပ်ဖြည့်ရတယ်။

ဒါကြောင့် ဒါနဉ္စ ရလာတဲ့ပစ္စည်းဥစ္စာကို အလောဘနဲ့ လှူဒါန်းပေးကမ်း။ ဓမ္မစရိယ သုစရိုက်ကိုကျင့်ရဦးမယ်။ ဉာတကာနဉ္စ သင်္ဂဟော ဉာတကဆိုတာ သက်ရှိသတ္တဝါထဲမှာ မျိုးတူ သတ္တဝါကိုယူ။ လူသားဆိုတော့ လူသားအများကိုကြည့်။ မာတာပိတု ဥပဋ္ဌာနံ၊ ပုတ္တဒါရဿ သင်္ဂဟောက လူအနဲစုကိုကြည့်တာ။ ပြီးတော့ ပရဟိတလည်းလုပ်ရမယ်။

ပြီးတော့ အာရတီ ဝိရတိပါပါ၊ မဇ္ဇပါနာစ သံယမော၊ အပ္ပမာ ဒေါစ ဓမ္မေသု ပရဟိတလုပ်တဲ့ပုဂ္ဂိုလ်တစ်ယောက် မကောင်းမှုကို ရှောင်ရမှာ။ မကောင်းမှုကိုရှောင်၊ ကောင်းမှုကို ဆောင်ပြီးတော့ အရက်သေစာကို ခေတ်မီတယ်ဆိုပြီး မလုပ်လိုက်နဲ့။ မဇ္ဇ ပါနာစ သံယမော မူးမူး ရူးရူးနဲ့ ဆုံးဖြတ်ချက်မှားရင်

အသက်ပေါင်းများစွာ သေတတ်တယ်။ အဲဒါမျိုး မလုပ်ရဘူး။ ပြီးတော့ လူနဲ့ပေါင်းလာရင် ဂါရဝေါစ နိဝါတောစ သူတပါးကို လေးစားရမယ်။ ချမ်းသာကြီးပွားပြီးတော့ ကောင်းတာကို နဲနဲလေး လုပ်လာပြီဆိုရင် လူတွေကို အထင်မကြီးတတ်ဘူး။ အရိုအသေ မပေးချင်တော့ဘူး။ ငါမှတတ်၊ ငါမှသိ၊ ငါကျွေးလို့ လူဖြစ်ဆိုတဲ့စကား ပြောလာတာဟာ ဂါရဝ နိဝါတ မရှိတော့တာ။ ဒါကြောင့် မင်္ဂလာတရားက လူတွေကို အရင် ပြည့်စုံစေတယ် ပြီးမှ ယဉ်ကျေးစေပြန်တာ။

သန္တုဋ္ဌီစ ကတ ညုတာ ကာလေနဓမ္မဿဝနံတဲ့ ယဉ်ကျေးရုံနဲ့ မရတော့ဘူး။ ပိုပြီး သိမ်မွေ့လာအောင် ကာလေန ဓမ္မဿဝနံ တရားကို နာယူရမယ်။ သိမ်မွေ့ရုံနဲ့ အဲဒီပုဂ္ဂိုလ်တစ်ယောက် ပြည့်စုံဖို့ရာ မဖြစ်နိုင်ဘူး။ လောကဓံကြုံရဦးမှာမို့ အဲဒီလောကဓံကို တွန်းလှန်ချင်တယ်ဆိုရင် ခန္တီစ သောဝ စဿတာ၊ သာမဏာနဥ္စ ဒဿနံ၊ ကာလေန ဓမ္မ သာကစ္ဆာတဲ့။ သူများပြောတာ ခံနိုင်ပါစေ။ အဲဒီလို သည်းခံနိုင်အောင် သိတဲ့ပုဂ္ဂိုလ်များများရှာဖွေ။ တရားများများ ဆွေးနွေး။ ဆွေးနွေးတဲ့အဆင့်ကိုကျော်ပြီး တပေါစ ဗြဟ္မစရိယဥ္စ၊ ကျင့်တဲ့အဆင့်ကို ရောက်လာပြီဆိုရင် ခံနိုင်ရည်ရှိသွားပြီ။

စီးပွားရေးကနေပြီး လူမှုရေး၊ လူမှုရေးကနေပြီး ဘာသာရေးကို ကူးလာပြီ။ နောက်တဆင့် ပြောမယ်ဆိုရင် ပရိယတ်၊ ပဋိပတ်မှသည် ပဋိဝေဓ ကူးတော့မယ်။ တပေါစ ဗြဟ္မစရိယဥ္စ အရိယသစ္စာန ဒဿနံ၊ နိဗ္ဗာန သစ္ဆိကရိယာစ။ လူဟာ လူ့လောကမှာလည်း အောင်မြင်၊ လူတွေကိုလည်း အကျိုးပြု ရိုသေလေးစားတတ်ပြီးတော့ သည်းခံအားနဲ့ပြည့်စုံပြီး ကိုယ်ကျင့်တရားနဲ့ တရားကျင့်ခဲ့မယ်ဆိုရင် ကျင့်ခဲ့တဲ့တရားဟာ သမထဆိုရင်တော့ လောကဓံ မခံနိုင်သေးပေမယ့် ဝိပဿနာဆိုရင်တော့ ဖုဋ္ဌဿ လောကဓမ္မေဟိ စိတ္တံ ယဿ နကမ္ပတိ အသောကံ ဝိရဇံ ခေမံတဲ့။ အဲဒီ ပုဂ္ဂိုလ်ဟာ လောကဓံဘယ်လောက်ကြုံကြုံ ဒုက္ခမရောက်တော့ဘူး။

ဒါဆိုရင် အဆင့်၃-ဆင့်ပေါ့။ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး။ ဘာသာရေးနောက်မှာ ပြထားပေမယ့် ဘာသာရေးအသိကိုတော့ အမြဲပါနေအောင် ကြိုးစားရမယ်။ ပထမ အရွယ်မှာ ပညာရှာ၊ ဒုတိယအရွယ်မှာ ဥစ္စာရှာ၊ တတိယအရွယ်မှာ တရားရှာဆိုပြီး စကားပုံအတိုင်း လုပ်နေလို့မဖြစ်ဘူး။ ပထမ၊ ဒုတိယအရွယ်မှာ သေသွားရင်ဆုံးရှုံးမှုများလိမ့်မယ်။ ခန္တီစ ကနေပြီးတော့ ဖုဋ္ဌသ လောကစမ္မေဟိ အထိက လူမှုရေး၊ ဘာသာရေးရော စီးပွားရေးမှာပါ လိုအပ်တယ်။ စီးပွားရေးမှာ သည်းမခံနိုင်ရင် အောင်မြင်ဖို့မလွယ်ဘူး။

ဒါဆိုရင် ခန္တီစ သောဝစဿတာ၊ သာမဏာနဉ္စ ဒဿန၊ တပေါစ ဗြဟ္မစရိယာစ ဆိုတဲ့ မင်္ဂလာတရားတွေက အရွယ်၃-ပါးလုံးနဲ့ သက်ဆိုင်နေတယ်။ လူကအောင်မြင်လာရင် ဂါရဝ နိဝါတတွေ မရှိတတ်တော့ဘူး။ ပြီးတော့ သန္တုဋ္ဌိ ရောင့်ရဲတယ်ဆိုတာလဲ မရှိတော့ဘူး။ နောက်ဆုံးပေါ် ဖုန်းရောက်လာတာနဲ့ ဟောင်းတာ မဟုတ်သေးဘူး။ နောက်တစ်လုံးဝယ်သုံးလို့ရနေတာနဲ့ သန္တုဋ္ဌိ မရှိတော့ဘူး ရှိတာနဲ့သုံးဖို့ပြောတာ။ သုံးလို့ရနေတာရင် ရအောင်သုံး။ အဲဒါ သန္တုဋ္ဌိပဲ။ သန္တုဋ္ဌိမရှိရင် ခန္တီ သည်းမခံနိုင်တော့ဘူး။ အသစ်ကိုပဲ လိုချင်နေတာ။ ဒါကြောင့် မင်္ဂလာတရားဆိုတာက ကမ္ဘာလောကကြီးမှာ ပြန့်နှံ့ နေတာပါ။ ယူတတ်တဲ့သူမှ ရတာ။

သာမဏာ ဒဿန ကိုယ့်ရဲ့ လွတ်မြောက်မှုအတွက် ပြောပြဟောပြနိုင်တဲ့ ပုဂ္ဂိုလ်ကို ရှာဖွေရမယ်။ အဲဒီပုဂ္ဂိုလ်က ဆုံးမတယ်ဆိုရင် သောဝစဿတာတဲ့၊ နားထောင်နိုင် စွမ်းရှိလဲရှိရမယ်။ ခန္တီ သည်းခံဖို့အတွက်။ ပညာရှာတဲ့နေရာမှာလဲ သည်းခံရင် ပညာတတ်လွယ်တယ်။ စီးပွားရေးမှာ သည်းခံရင် စီးပွားတက်လွယ်တယ်။ တရားအားထုတ်တဲ့နေရာမှာ သည်းခံရင် နိဗ္ဗာန်ရောက်လွယ်တယ်။

လောကရဲ့ လွတ်မြောက်ရာဖြစ်တဲ့ နိဗ္ဗာန်ကို လိုချင်တယ်ဆိုရင်တော့ ဒါန၊ သီလ၊ သမာထ သက်သက်နဲ့ ပျော်မနေဘဲနဲ့ ဝိပဿနာနဲ့ကိုလဲ ကျင့်ရမယ်ဆိုတဲ့စကားကို ကြားရရင် နာခံလွယ်တဲ့သူက လောကဓံကို ခံနိုင်ရည်ရှိပြီး ခန္ဓာရဲ့

ဒဏ်ကိုပါ ခံနိုင်သွားရင် အရိယ သစ္စာနဲ့ ဒဿနံ မင်္ဂလာတရားကိုပါရမယ်။ မင်္ဂလာရ ပြီဆိုရင် နိဗ္ဗာန သစ္ဆိ ကိရိယာ နိဗ္ဗာန်ကို မြင်မှာပဲ။

ဒါကြောင့် ၃၈ဖြာမင်္ဂလာတရားဟာ အရွယ်နဲ့ကြည့်မယ်ဆိုရင်တော့ ပထမအရွယ်၊ ဒုတိယအရွယ်၊ တတိယအရွယ်လို့ ပြောရပေမယ့် တတိယ အရွယ်မှာ ကျင့်ရမယ့်အရာကို ပထမအရွယ်မှာရော ဒုတိယအရွယ်မှာပါ ကျင့်ရမယ်။ အသက်ရလာပြီဆိုရင်တော့ ပိုကျင့်ရမှာပေါ့။ ရှေ့မှာပြောခဲ့တဲ့ အနာကုလာစ ကမ္မန္တာ ဆိုတဲ့အတိုင်း အရွယ်ရှိတုန်းမှာ ကြိုးစားခဲ့တဲ့ ပုဂ္ဂိုလ် တစ်ယောက် လှူလည်းလှူနိုင်တယ်။ သုစရိုက်လည်း ကျင့်နိုင်တယ်။ မာတာပိတု ဉပဋ္ဌာနံ ဆိုတဲ့အတိုင်း မိဘကို လုပ်ကျွေးတဲ့အတွက် သူ့ကိုလည်း ပြန်စောင့်ရှောက် မှာပဲ။ သူကိုယ်တိုင် စောင့်ရှောက်ခဲ့တဲ့နေရာမှာ အရှိအသိ၂-မျိုးနဲ့ စောင့်ရှောက် ခဲ့မယ်ဆိုရင် သားသမီးကလည်း အရှိအသိ၂-မျိုးနဲ့ စောင့် ရှောက်လိမ့်မယ်။ ကိုယ်က တစ်မျိုးနဲ့ပဲစောင့်ရှောက်ခဲ့မယ် ကိုယ့်ကိုလဲ တစ်မျိုးနဲ့ပဲ ပြန်စောင့်ရှောက် လိမ့်မယ်။ ဒါဆို တပေါစ ဗြဟ္မစရိယဥ္စ လုပ်နိုင်ပါဦးမလား။ အဲဒါကြောင့် မင်္ဂလာတရားမှာ သူ့နေရာနဲ့သူ ပြည့်အောင် အရင်ဖြည့်ထားရတယ်။

လုပ်သင့်တာကို မလုပ်ခဲ့ဘူး၊ ကျင့်သင့်တာကို မကျင့်ခဲ့ဘူးဆိုရင် ခန္ဓာကြမ်းကိုရထားတဲ့ပုဂ္ဂိုလ်ဟာ ဝေဒနာနဲ့ကြုံတဲ့အခါ ဝေဒနာကြမ်းကို မခံ နိုင်တော့ဘူး။ သေဖို့ ဝေဒနာကြုံလေလေ သေရမှာ ကြောက်လေလေ။ ဒါဆိုရင် ရန်သူအားလုံးကို အရှုံးပေးရလိမ့်မယ်။ ရန်သူအားလုံးကို အနိုင်ယူချင်တယ် ဆိုရင် ၃၈-ပါးစလုံးကို ဖြည့်ကျင့်နေ။ ဘယ်က နေစမှာလဲ။ တပေါစ ဗြဟ္မစရိယဥ္စ စလိုက်မယ်ဆိုရင် ပြည့်စုံတာပါပဲ။ ဒါဆို စီးပွားရေးနဲ့ပတ်သက်ပြီး ကျင့်မယ်ဆိုရင် အသေဝနာစ ဗာလာနံ ကနေပြီး အနာကုလာစ ကမ္မန္တာ ထိဆိုရင် အဲဒီပုဂ္ဂိုလ်က ကြီးပွားမယ်ဆိုရင် တကယ့်ကို ထိပ်တန်းအထိရောက်နိုင်တယ်။ ကြီးပွားလာပြီ ဆိုရင် ခန္တီအားရှိဖို့တော့လိုတယ်။

ဒါကြောင့်မို့ ၃၈-ဖြာမင်္ဂလာကို ကြိုက်တဲ့ပုံစံနဲ့ သုံးလို့ရတယ်။ နိဗ္ဗာန်သွားမလား၊ လောကမှာနေမလား။ (သို့မဟုတ်) သူများအကျိုးကို ကိုယ်က ဆောင်ရွက်မလား။ ဒါပေမယ့် သူများအကျိုးကို ဆောင်ရွက်တာပဲ ဖြစ်ဖြစ်၊ ဘယ်လိုအခြေအနေပဲဖြစ်ဖြစ် သဗ္ဗတ္ထ အပရာဇိတာ အားလုံးကို အနိုင်ယူသူ တစ်ယောက် မဖြစ်နိုင်သေးဘူး။ ကိုယ့်အကျိုးကို ကိုယ်ဆောင်ပြီးတော့ နိဗ္ဗာန်ကို ရောက်အောင် ကြိုးစားမှ သဗ္ဗတ္ထ အပရာဇိတာ အရာရာအောင်နိုင်သူ ဖြစ်မယ်။ ရန်သူအားလုံးကို အနိုင်ယူတဲ့သူ ဖြစ်ရင် သဗ္ဗတ္ထသောတ္ထိံ ဂစ္ဆန္တိ ဘယ်နေရာမှာ နေနေ အေးအေးချမ်းချမ်းနဲ့ ချမ်းသာစွာနေပြီးတော့ ထာဝရငြိမ်းအေးရာဖြစ်တဲ့ နိဗ္ဗာန်ရောက်မှာပဲ။ ဒါကြောင့်မို့ ဗုဒ္ဓဘာသာကို ကိုးကွယ်တဲ့ပုဂ္ဂိုလ်တွေဟာ ပြဟ္မစရိယဥ္စမှာ အမြင့်ဆုံးဖြစ်တဲ့ ဝိပဿနာ ဉာဏ်ကိုရအောင်တော့ ကြိုးစား ရလိမ့်မယ်။ အဲဒါမှ အရိယသစ္စာန ဒဿန မင်္ဂလာ ပြည့်စုံမယ်။ ဒါက ဘုရားရှင်အပေးချင်ဆုံး မင်္ဂလာတစ်ပါးပါပဲ။ အဲဒါမှ နိဗ္ဗာန သစ္စိ ကရိယာ နိဗ္ဗာန်ကို လှမ်းမြင်မယ်တဲ့။

အဲဒါကြောင့် တရားချစ်ခင် သူတော်စင်များအနေနဲ့ မိမိတို့ဘဝမှာ ဖြတ်သန်းတဲ့ကာလအတွင်းမှာ ခန္တီ သည်းခံနိုင်အောင် ကြိုးစားပါ။ သည်းခံအား ကောင်းဖို့ဆိုရင်တော့ ဆရာဆရာ့ (သို့) ဘုရား တရား သံဃာပြောတဲ့စကားကို နားထောင်ပါ။ အဲဒါ သောဝစဿတာမင်္ဂလာ။ ဘုရား၊ တရား၊ သံဃာ အမြဲ တမ်းရှိနေအောင် ကိုယ့်ရဲ့နှလုံးသားထဲမှာ ထည့်ထားပါ။ အဲဒါမှ သာမဏာနဥ္စ ဒဿနမင်္ဂလာ။ အဲဒီမင်္ဂလာ၃-ပါး ပြည့်စုံနေမယ်ဆိုရင် တပ သီလလည်း ပြည့်စုံပါမယ်။ ပြဟ္မစရိယ သမထလည်း ဖြစ်လိမ့်မယ်။ ဝိပဿနာလည်း ကျင့် လိမ့်မယ်။ ဝိပဿနာ ကျင့်တာများပြီဆိုရင် အရိယသစ္စန ဒဿနံ မင်္ဂရပြီးတော့ နိဗ္ဗာန သစ္စိ ကိရိယာဖိုလ်ကိုရမယ်။ မင်္ဂဖိုလ်ရတဲ့ပုဂ္ဂိုလ်တစ်ယောက်က ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ နကမ္ပတိ ဆိုတဲ့အတိုင်း လောကဓံတရား၈-ပါး

နဲ့ တွေ့ကြုံလာတဲ့အချိန်မှာ စိတ်တွေမတုန်လှုပ်၊ သောကတွေမဖြစ်၊ ရန်တွေ ကင်းပြီးတော့ အေးချမ်းစွာနေနိုင်ဖို့အတွက် တဖြည်းဖြည်းနဲ့ နေထိုင်ကျင့်ကြံ ကျိုးကုတ်အားထုတ်ကာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

သာဓု . . . သာဓု . . . သာဓုပါဘုရား။